The Commerce Journal

http://www.commercejournal.com.mm

စီးပွားရေးသတင်းဂျာနယ်

စီးပွားရေးအောင်မြင်ရန်သတင်းအချက်အလက်ကိုအခြေခံ

VOL .16, NO . 17 | တနင်္လာနေ့တိုင်းထုတ်ဝေသည် | May 16 , 2016

## Green Channel ဖြင့် ကွန်တိန်နာ ထုတ်ယူမှုအား မေ ၁၁ ရက်မှစ၍ နံနက်ပိုင်း ထုတ်ပေးသည့်စနစ်ကို ကျင့်သုံးလျက်ရှိ

|စာမျက်နှာ- ၃|

## ပေ ၂၀ ကွန်တိန်နာတစ်လုံးလျှင် တစ်ရက် ကျပ်ငါးထောင်နှင့် ပေ ၄၀ ကွန်တိန်နာတစ်လုံးလျှင် တစ်ရက် ကျပ် တစ်သောင်းအဖြစ် ရက်လွန်ကြေး ပေးသွင်းရန် သတ်မှတ်

|စာမျက်နှာ- ၃|

## ရန်ကုန်အပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းများတွင် ဧပြီလ ၃၀ ရက်အထိ လာရောက် ထုတ်ယူခြင်း မရှိသည့် ယာဉ်ယန္တရားအစီးရေပေါင်း တစ်သောင်းကျော်ရှိ

|စာမျက်နှာ- ၁၁|

# အဆိပ်ဖုံးလွှမ်းနေသည့်စားသောက်ကုန်ပစ္စည်းများနှင့် စားသုံးသူပြည်သူများ



ကျွန်တော်တို့ မြန်မာလူမျိုးများ တစ်ယောက်နဲ့ တစ်ယောက် တွေ့ ဆုံတဲ့ အခါ 'ထမင်းစား ပြီးပြီလား--' လို့ မေး တတ်ကြပါတယ်။ ဒါဟာကျွန်တော်တို့ရဲ့ ချစ်စရာယဉ်ကျေးမှုတစ်ခုပါ။ တကယ် လို့ 'ထမင်း' နေရာမှာ 'အဆိပ်' အစား ထိုးပြီး 'အဆိပ်စားပြီးပြီလား'လို့ မေး မယ်ဆိုရင် အမေးခံရတဲ့လူက အတော် စိတ်ဆိုးမှာ ရာနှုန်းပြည့် ပဲဖြစ်ပါတယ်။ တကယ့်လက်တွေ့မှာ လူအတော်များ များဟာ အဆိပ်တွေစားနေကြရပါတယ်။ သိတဲ့လူကသိကြပြီးတော့ မသိတဲ့ လူက တော့အများစုပဲ ဖြစ်ပါလိမ့်မယ်။

(၂)

ကျွန်တော်တို့နိုင်ငံဟာ စိုက်ပျိုး ရေးကို အဓိကစီးပွားရေး လုပ်ငန်း အဖြစ် လုပ်ကိုင်ခဲ့တာ ယနေ့ထက်တိုင် ဖြစ်ပါတယ်။ စိုက်ပျိုး ရေးနည်းစနစ်နဲ့ အထောက်အကူပြုပစ္စည်းများရဲ့ စွမ်း ဆောင်ရည်ကလည်း အပြိုင်တိုးတက်လာ

|စာမျက်နှာ- ၁၀|

## မြန်မာ့သရက်သီးများကို တိုးမြှင့်တင်ပို့ခြင်းဖြင့် ပို့ကုန်တိုးမြှင့်ရေးကို အထောက်အကူပြုမည်



မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေး ဇုန်တွင်ရှိသော သစ်သီးပွဲရုံများသို့ ဧပြီလဆန်းမှစ၍ မြန်မာပြည်အနယ် နယ်အရပ်ရပ်မှ သရက်သီးမှည့်များ စတင်ဝင်ရောက်လာကာ တစ်ဖက် တရုတ်နိုင်ငံသို့ ဧပြီလဆန်း ပထမ တစ်ပတ်အတွင်း ကားကြီး နှစ်စီး၊ သုံးစီးဖြင့် စတင်၍ တင်ပို့နိုင်ခဲ့သည်။

|စာမျက်နှာ- ၂၃|

## မဲခေါင်ဒေသဖွံ့ဖြိုးတိုးတက်ရေး အတွက် ဂျပန်နိုင်ငံမှ ယန်း ဘီလီယံ ၇၀၀ ကျော်သုံးစွဲသွားမည်

|စာမျက်နှာ- ၈|

## မြန်မာ့အလှကုန်ဈေးကွက်ကို မြှင့်တင်နိုင်ဖို့ ကိုရီးယားအလှကုန်ဈေးကွက်ကို အတုယူစို့

အာဆီယံ SMEs လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အာဆီယံ-ကိုရီးယားစင်တာမှ ကြီးမှူး၍ အာဆီယံ ကိုရီးယားနည်းပညာ ပူးပေါင်း ဆောင်ရွက်ရေး အလုပ်ရုံဆွေးနွေးပွဲ (အလှကုန်ပစ္စည်းကဏ္ဍ) ကို တောင်ကိုရီးယား နိုင်ငံ ဆိုးလ်မြို့တွင် ဧပြီ ၂၅ ရက်မှ ၂၉ ရက်အထိ ကျင်းပပြုလုပ်ရာ အာဆီယံ နိုင်ငံများမှ အလှကုန်ပစ္စည်း လုပ်ငန်းရှင် တစ်ဦးနှင့် အစိုးရဘက်မှ တစ်ဦးစီ တက်ရောက်ခဲ့ကြပါတယ်။ ဒီအလုပ်ရုံ ဆွေးနွေးပွဲရဲ့ ရည်ရွယ်ချက်ကတော့ အလှကုန် ပစ္စည်းထုတ်လုပ်မှု၊ ဈေးကွက် ထိုးဖောက်နိုင်မှုနှင့် ထုပ်ပိုးမှုနည်းပညာ



များကို မျှဝေဖလှယ်နိုင်စေရန်နှင့် အာဆီယံနှင့် ကိုရီးယားနိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်တည် ဆောက်နိုင်စေရန်ဖြစ် ပါတယ်။

တောင်ကိုရီးယားနိုင်ငံအနေနဲ့ ဒီနှစ်မှာ အဓိကကဏ္ဍအဖြစ် အလှကုန် ကဏ္ဍကို ရွေးချယ်ထားကြောင်း၊ AEC

|စာမျက်နှာ- ၁၂|


PYI PHYO TUN INTERNATIONAL COMPANY LIMITED.
AMP AUNG MYAT PHYO INTERNATIONAL COMPANY LIMITED.
PYI PHYO TUN INTERNATIONAL CO.LTD. 1000 Tons Cold Storage
No.15,11st Street,Lanmadaw Township,Yangon.Myanmar.
Tel-951-1-2300460,951-2300480 E-mail:manageppt@yangon.net.mm
Fax:951-1-2300475,2300481


BL
BRIGHT LIGHT CO.,LTD.
Address :F/44 , Sein Pan Street, BayintNaungPwaeYone,
Mayangone Township, Yangon , Myanmar
Hand Ph : 95-9-5009577 , 95-9-73185577
Line Ph : 95-1-682246 , 686131
Fax : 95-1-682630
Email : brightlight.co.ltd@gmail.com
Website : www.brightlightgroup.com.mm

# စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ယူနန်ပြည်နယ်ပါတီကော်မတီ၊ အမြဲတမ်းကော်မတီဝင် ဒုတိယပြည်နယ်အုပ်ချုပ်ရေးမှူး မဒမ်လီကျန်းဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အားလက်ခံတွေ့ဆုံ



စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်သည် မေ ၁၃ ရက်က တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ယူနန်ပြည်နယ်ပါတီကော်မတီ၊ အမြဲတမ်းကော်မတီဝင်၊ ဒုတိယပြည်နယ်အုပ်ချုပ်ရေးမှူး မဒမ်လီကျန်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့ လက်ခံတွေ့ဆုံရာတွင် တရုတ်နိုင်ငံ၊ ကူမင်းမြို့တွင် ဇွန်လအတွင်း ကျင်းပပြုလုပ်မည့် လေးကြိမ်မြောက် တရုတ်-တောင်အာရှကုန်စည်ပြပွဲနှင့် (၂၄) ကြိမ်မြောက် တရုတ်(ကူမင်း) ပို့ကုန်/ သွင်းကုန် ကုန်စည်ပြပွဲများသို့ မြန်မာနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များ ပါဝင်ပြသရန် ကိစ္စရပ်များ၊ နှစ်နိုင်ငံ နယ်စပ်ကုန်သွယ်ရေးကုန်စည်ပြပွဲနှင့် နှစ်နိုင်ငံ ကုန်သွယ်မှုပူးပေါင်းညှိနှိုင်းရေးကော်မတီ အစည်းအဝေးများအား အလှည့်ကျအောင်မြင်စွာ ဆက်လက်ကျင်းပနိုင်ရေး၊ နှစ်နိုင်ငံနယ်စပ်ကုန်သွယ်မှုတွင် အဓိကအရေးပါသည့် မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်အဆင့်မြှင့်တင်ရေး၊ မြန်မာနိုင်ငံမှ လယ်ယာကဏ္ဍနှင့် အသေးစားနှင့် အလတ်စားစက်မှုလက်မှု လုပ်ငန်းများမှ ထွက်ကုန်များအား အရည်အသွေးပြည့်မီသော တန်ဖိုးမြှင့်ထုတ်ကုန်များအဖြစ် တိုးမြှင့်ထုတ်လုပ်နိုင်ရေးအတွက် နည်းပညာအကူအညီရရှိရေး၊ နယ်စပ်မှ တင်သွင်းသည့် စားသောက်ကုန်ပစ္စည်းများ ဘေးကင်းလုံခြုံစိတ်ချမှုရှိစေရေးအတွက် ပူးပေါင်းဆောင်ရွက်ရေး၊ တရားမဝင်ကုန်သွယ်မှု တားဆီးဆောင်ရွက်နိုင်ရေး၊ နယ်စပ်ကုန်သွယ်ရေး ဂိတ်များမှ လုပ်ငန်းသုံးယာဉ်ယန္တရားများ ပြန်လည်ခွင့်ပြုနေမှု အခြေအနေများအား နှစ်ဦးနှစ်ဖက် ရင်းနှီးပွင့်လင်းစွာ အပြန်အလှန် ဆွေးနွေးခဲ့ကြပါသည်။

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲသို့ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

## Green Channel ဖြင့် ကွန်တိန်နာ ထုတ်ယူမှုအား မေ ၁၁ ရက်မှစ၍ နံနက်ပိုင်း ထုတ်ပေးသည့်စနစ်ကို ကျင့်သုံးလျက်ရှိ

ရန်ကုန်မြို့ရှိ ဆိပ်ကမ်းအသီးသီး တွင် ရောက်ရှိနေသည့်ကွန်တိန်နာများအား အကောက်ခွန်ရှင်းလင်းရေးလုပ် ငန်းစဉ်ပါ Green Channel ဖြင့် ကွန်တိန်နာထုတ်ယူမှုအား မေ ၁၁ ရက်မှစတင်၍ နံနက်ပိုင်းထုတ်ပေးသည့်စနစ်ကို စတင်ကျင့်သုံးလျက်ရှိကြောင်း သိရသည်။ ယခင်က Green Channel ဖြင့် ကွန်တိန်နာထုတ်ယူမှုများအား နေ့စဉ် နေ့လယ်ပိုင်းတွင် ထုတ်ပေးခဲ့ခြင်းဖြစ်သည်။ ယင်းကဲ့သို့ Green Channel များအား နံနက်ပိုင်းထုတ်ပေးသည့်စနစ်ကို ကျင့်သုံးခြင်းအားဖြင့် ဆိပ်ကမ်းများတွင် ကွန်တိန်နာများစုပုံနေခြင်းအား တစ်ဖက်တစ်လမ်းမှ ရှင်းလင်းပေးရာရောက်နိုင်ကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် ကွန်တိန်နာသယ်ဆောင်နိုင်သည့် ယာဉ်အစီးရေ ၁၈၀၀ ကျော်ရှိကြောင်းသိရသည်။ သို့သော်ဆိပ်ကမ်းတွင်းသို့ သွင်းကုန်ပစ္စည်းများ ဝင်ရောက်မှုများပြားလျက်ရှိသဖြင့် ဆိပ်ကမ်းများတွင် ထားစရာမရှိအောင် ကျပ်တည်းနေခြင်းများနှင့်ကြုံတွေ့နေရပြီး ယာဉ်များ အဝင်အထွက်ပြုလုပ်၍ မရတော့ဘဲပိတ်ဆို့နေကြောင်း သိရသည်။

ယင်းကဲ့သို့သောအခြေအနေများကြောင့် Green Channel ဖြင့်ထုတ်ယူခွင့်ရရှိသည့်ကွန်တိန်နာများအား နံနက်ပိုင်းမှစတင်၍ ထုတ်ယူခွင့်ပြုခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ပြီးခဲ့သည့်သင်္ကြန်ရုံးပိတ်ရက်ကာလများမှစတင်ကာ ရန်ကုန်အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းများသို့ တင်သွင်းရောက် ရှိလာသည့် ပြည်ပအဝင်သင်္ဘောကြီးများသည် ရန်ကုန်မြစ်ဝတွင် ၇ ရက်မှ ၁၀ ရက်ခန့်စောင့်ဆိုင်းနေရသကဲ့သို့ သက်ဆိုင်ရာဆိပ်ကမ်းများသို့ ရောက်ရှိသည့်အခါတွင်လည်း ဆိပ်ကမ်းများတွင် ကွန်တိန်နာများ စုပုံနေသဖြင့် ထုတ်ယူရန် အခက်အခဲများဖြစ်ပေါ်လျက်ရှိနေကြောင်း သိရသည်။

**မယ်သီတာ**

## ပေ ၂၀ ကွန်တိန်နာတစ်လုံးလျှင် တစ်ရက် ကျပ်ငါးထောင်နှင့် ပေ ၄၀ ကွန်တိန်နာတစ်လုံးလျှင် တစ်ရက် ကျပ် တစ်သောင်းအဖြစ် ရက်လွန်ကြေးပေးသွင်းရန် သတ်မှတ်

ရန်ကုန်မြို့ရှိ အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းများတွင်ရောက်ရှိနေပြီး ထုတ်ယူရန်ရက်လွန်နေသည့်ကွန်တိန်နာများအား ရက်လွန်ကြေးအဖြစ် ပေ ၂၀ ကွန်တိန်နာ တစ်လုံးလျှင် ကျပ်ငါးထောင်နှင့် ပေ ၄၀ ကွန်တိန်နာတစ်လုံးလျှင် ကျပ်တစ်သောင်းပေးသွင်းရန် သတ်မှတ်ခဲ့ကြောင်း သိရသည်။

ရန်ကုန်အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းများသို့ တင်သွင်းရန် ရောက်ရှိလာသည့် ပြည်ပမှသင်္ဘောကြီးများသည် သက်ဆိုင်ရာဆိပ်ကမ်းများသို့ ဆိုက်ကပ်ရန်အတွက် ရန်ကုန်မြစ်ဝတွင် ၇ ရက်မှ ၁၀ ကြာစောင့်ဆိုင်းနေရသည့်အတွက် ကြန့်ကြာမှုများဖြစ်နေရကြောင်း၊ ထိုကဲ့သို့ ကြန့်ကြာနေမှုများအတွက် သင်္ဘောကုမ္ပဏီများအနေဖြင့် တစ်ရက်လျှင် ဒေါ်လာတစ်သောင်းခန့်ပေးချေနေရသဖြင့် အပိုကုန်ကျမှုများဖြစ်ပေါ်လျက်ရှိကြောင်း သိရသည်။

ထို့ပြင် ဆိပ်ကမ်းတွင်ချထားပြီးသော ကွန်တိန်နာများမှာလည်း နှစ်ပတ်အတွင်း ပြီးပြတ်အောင် ထုတ်ယူခြင်းမရှိမှုများကြောင့် ရန်ကုန်မြို့ရှိဆိပ်ကမ်းရှစ်ခုအနက် မြန်မာစက်မှုဆိပ်ကမ်းနှင့် အေးရှားဝေါလ်ဆိပ်ကမ်းတို့တွင် ကွန်တိန်နာပြည့်ကျပ်နေကာ အခက်အခဲများ ဖြစ်ပေါ်လျက်ရှိကြောင်း သိရသည်။

ဆိပ်ကမ်းများတွင်စုပုံနေသည့် ကွန်တိန်နာများအား အမြန်ဆုံးလာရောက်ထုတ်ယူနိုင်ရေးနှင့် ကွန်တိန်နာရက်လွန်ကြေးများအား နှုန်းထားအမျိုးမျိုးဖြင့် ကောက်ခံနေမှုများအား တားဆီးနိုင်ရန်ရည်ရွယ်၍ ယခုကဲ့သို့ ရက်လွန်ကြေးကို ကျပ်ငါးထောင်နှင့်ကျပ်တစ်သောင်းဟူ၍ သတ်မှတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**မယ်သီတာ**

Commerce
JOURNAL

**အတိုင်ပင်ခံစာတည်း**
ဒေါက်တာမောင်အောင်
အောင်စိုး(MPM)၊ သန်းအောင်ကျော်
ကျော်စိုးလင်း
မြတ်ထွန်းကျော်
ဝင်းမြင့်

**စာတည်းမှူးချုပ်**
ဉာဏ်တင်

**တာဝန်ခံစာတည်း**
ခင်သီတာအေး

**အုပ်ချုပ်ရေးမှူး**
ဒေါ်မြင့်မြင့်ထွန်း

**စာတည်းအဖွဲ့**
မောင်ရွှေ၊ ကြည်ကြည်ချယ်ရီမောင်၊ နီလာသိန်း၊
ခင်မောင်မောင်အုန်း၊ ချိုသက်မှူ

**လက်ထောက်စာတည်း**
ချောစုမာ၊ နင်းပန်းဖြူ
ယဉ်ယဉ်အေး၊ ခင်ခင်သော်

**သတင်းထောက်များ**
ထွန်းလှိုင်(မုံရွာ)၊ ရီလင်းထွင်(မုံရွာ)၊
မင်းမင်းဦး(ပုသိမ်)၊ ကြည်နိုင်ဦး(အင်းတော်)
မင်းဇော်မွန်(ဖျာပုံ)၊ မြင့်ဦး(ပခုက္ကူ)
ခင်ဆွေဝင်း(ပြည်)၊ ဝေဝေမင်း(ပြည်)၊ နီနီဝင်း(ပြည်)
ဝင်းဝင်းခိုင်(ပြည်)၊ ဇေခိုင်(တောင်ကြီး)၊
မင်းအောင်(တောင်ကြီး)၊ သန်းသန်းတင်(မုံရွာ)
စိုးအောင်(မန္တလေး)၊ မောင်မောင်အေး(မကွေး)

**Proof & Layout Design ကြီးကြပ်**
ခင်စုစုလှိုင်

**ကြော်ငြာတာဝန်ခံ**
မြင့်ဇင်ညွန့်(ဖုန်း-၀၉-၇၃၀၅၃၅၃၁)
ထွန်းထွန်းဝင်း(ဖုန်း-၀၉-၄၂၃၇၃၇၅၆၃)

**ထုတ်ဝေသူ**
ဦးမြတ်ထွန်းကျော်(၀၁၀၅၅)
အမှတ်၃၈၊ လမ်း၃၀၊ ပန်းဘဲတန်းမြို့နယ်။
ဖုန်း-၂၅၂၀၁၇၊ ၃၇၁၀၂၃

**ဖြန့်ချိရေးတာဝန်ခံ**
သန်းစိုး

**ဖြန့်ချိရေး**
တင်တင်အေး၊ ခင်မြတ်မွန်၊
အုန်းခင်

**ကွန်ပျူတာ**
မြင့်မြင့်ကြည်၊ အေးအေးနွဲ့၊ တင်နီလာကျော်
သီရိဝင်း၊ မြတ်ဆုလှိုင်၊ သင်းသီရိအောင်

**Layout Design & Graphic Design**
CJ Design Group

**ပုံနှိပ်သူ**
ကောမတ်စ်ဂျာနယ်ပုံနှိပ်တိုက်(၀၀၉၇၇)
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

**Email Address**
commercejournal.editor@gmail.com

# ဆန်ချောဈေးမာပြီး အရောင်းအဝယ်ပုံမှန်ရှိကာ နွေဆန်ဒိုင်အဝင်များပြီးဈေးဆက်ကျနေ

ရန်ကုန်မြို့ ဆန်စပါးကုန်စည်ဒိုင် (ဝါးတန်း)ရဲ့ မေ ၁၃ ရက်နေ့ လက်ကားဆန်ဈေးနှုန်းများမှာ ဖျာပုံပေါ်ဆန်းဆန် ထိပ်စ တစ်အိတ် ၃၆၀၀၀ကျပ်၊ အလတ်စ ဆန်တစ်အိတ် ၃၄၅၀၀ ကျပ်ဖြစ်လို့ ယခင်တစ်ပတ်နဲ့ဈေးနှုန်းနှိုင်းယှဉ်ကြည့်ပါက ထိပ်စ၊ လတ်စဆန်တစ်အိတ်ကို ၅၀၀ ကျပ်ခန့် ဈေးမြင့်လာပါတယ်။ မြောင်းမြ၊ ပုသိမ်ပေါ်ဆန်းဆန်ထိပ်စ တစ်အိတ် ၃၇၅၀၀ ကျပ်၊ လတ်စ တစ်အိတ် ၃၆၅၀၀ ကျပ်ဖြစ်လို့ ယခင်တစ်ပတ်ထက် ထိပ်စတစ်အိတ် ၁၅၀၀ ကျပ်၊ လတ်စတစ်အိတ် ၁၀၀၀ ကျပ်ခန့် ဈေးတက်လာတာ တွေ့ရပါတယ်။

နယ်စုံ ပေါ်ဆန်းဆန်များကတော့ ထိပ်စတစ်အိတ် ၃၅၀၀၀ ကျပ်၊ လတ်စ တစ်အိတ် ၃၃၅၀၀ ကျပ်ဖြစ်လို့ ထိပ်စတစ်အိတ် ၁၅၀၀ ကျပ်၊ လတ်စ တစ်အိတ် ၁၀၀၀ ကျပ်ခန့် ဈေးမြင့်လာကြောင်း ဝါးတန်းကုန်စည်ဒိုင် ဈေးနှုန်းများအရ စိစစ်တွေ့ရှိရပါတယ်။ ပေါ်ဆန်းဆန်ချောများ ကုန်စည်ဒိုင်သို့ အဝင်နည်းလျက်ရှိတာကြောင့် ဆန်ချောများ ဈေးမြင့်လာရခြင်းဖြစ်ပြီး အရောင်းအဝယ်မှာ ပုံမှန်ရှိကြောင်း ကုန်စည်ဒိုင်ဈေးကွက်မှ စုံစမ်းသိရှိရပါတယ်။

ဆန်ကြမ်းဖြစ်တဲ့ ဧည့်မထဆန် ထိပ်စတစ်အိတ် ၂၃၅၀၀ ကျပ်၊ လတ်စဆန် တစ်အိတ် ၂၂၀၀၀ ကျပ်၊ မနောသုခရှယ် ဆန်တစ်အိတ် ၂၃၅၀၀ ကျပ်မှ ၂၄၀၀၀ ကျပ်နဲ့ ဈေးနှုန်းမပြောင်းဘဲ ယခင်တစ်ပတ်အတိုင်း ဈေးငြိမ်နေပါတယ်။ နွေသီးထပ် (ရှယ်) ဆန် တစ်အိတ် ၁၇၈၀၀ ကျပ်မှ ၁၉၂၀၀ ကျပ်ဖြစ်လို့ တစ်အိတ် ၂၀၀ ကျပ် -၆၀၀ ကျပ်ခန့် ဈေးကျလာကြောင်း၊ နွေဆန် ရက် ၉၀ ဆန်ဈေးနှုန်း တစ်အိတ် ၂၀၀၀၀ ကျပ်မှ ၂၁၀၀၀ ကျပ်ဖြစ်ကြောင်း၊ ကုန်စည်ဒိုင်ဈေးနှုန်းများအရ စိစစ်တွေ့ရှိရပါတယ်။ ဆန်ကြမ်းဖြစ်တဲ့ ဧည့်မထဆန်များ ကုန်စည်ဒိုင်သို့ အဝင် အားကောင်းလျက်ရှိတာကြောင့် ဈေးအနည်းငယ်ကျလာပြီး အရောင်းအဝယ်မှာ ဝယ်လိုအားနည်းနေကြောင်း ကုန်စည်ဒိုင်ဈေးကွက်မှ စုံစမ်းသိရှိရပါတယ်။

မူဆယ်ဆန်ဈေးကွက်ရဲ့ ဧပြီလ ၁၃ ရက် ဈေးနှုန်းများအရ ဧည့်မထ ၅ မှတ်၊ မော်ဘီနဲ့ စူပါ တစ်အိတ်ကို ၁၄၈-၁၅၁ ယွမ်၊ ဧည့်မထ ၁၀ မှတ် မော်ဘီနဲ့ စူပါ တစ်အိတ်ကို ၁၄၅-၁၄၇ ယွမ်၊ ဧည့်မထ ၂၅ မှတ် စူပါတစ်အိတ် ၁၃၇-၁၃၉ ယွမ်၊ ငစိန် ၅ မှတ် တစ်အိတ် ၁၄၄-၁၄၆ ယွမ်၊ ငစိန် ၂၅ မှတ်တစ်အိတ် ၁၃၇-၁၄၀ ယွမ် အသီးသီးဖြစ်ကြောင်း သိရပါတယ်။

တရုတ်လိုင်း မူဆယ်ရဲ့ ဆန်ဈေးကွက်အခြေအနေမှာ သယ်ယူပို့ဆောင်မှု အခက်အခဲကြောင့် အရောင်းအဝယ် မသွက်ဘဲဖြစ်နေကြောင်း ကုန်တင်ကားများကလည်း ဆန်တစ်အိတ် ၅ ကျပ်၊ ၆ ကျပ်ရတာထက် သကြားတစ်အိတ် ၈ ကျပ်-၉ ကျပ်ရတဲ့အတွက် ကုန်တင်ခပို ရသော ကုန်ပစ္စည်းကိုသာ အဓိကတင်ပို့နေကြောင်း မူဆယ်ဆန်ဈေးကွက်မှ စုံစမ်းသိရှိရပါတယ်။ မေ ၁၃ ရက်နေ့ ငွေလဲနှုန်းမှာ တစ်ယွမ်ကို ၁၇၇ ဒသမ ၆၂ ကျပ် ဖြစ်ကြောင်း၊ ပြည်တွင်းနယ်စုံမှ မူဆယ်သို့ နေ့စဉ် ဆန်တန်ချိန် တစ်ရက်ပျမ်းမျှ ၁၃၁၄ ဒသမ ၄ တန်ခန့် ဝင်ရောက်ခဲ့ပြီး ယခုတစ်ပတ်အတွင်း စုစုပေါင်းဆန် တန်ချိန် ၆၅၇၂ တန်ခန့် ဝင်ရောက်ခဲ့တယ်လို့ သိရပါတယ်။

မြန်မာ့ဆန်နဲ့ ဆန်ကွဲပြည်ပတင်ပို့မှုမှာ ယခုဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ မေ ၆ ရက်အထိတင်ပို့မှုမှာ တန်ချိန် ၄၃၇၅၃ ကျော်၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၁၅ သန်းကျော်ဖိုးတင်ပို့နိုင်ခဲ့ပါတယ်။ ဆန်တင်ပို့မှုအနေနဲ့ တန်ချိန် ၃၂၇၆၂ကျော်၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၁၁ သန်းကျော်ရှိပြီး ယခင်ဘဏ္ဍာနှစ် ကာလတူထက် တန်ချိန် ၇၁၆၁၅ ကျော်၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၂၅ သန်းကျော်ဖိုး လျော့နည်းတင်ပို့ခဲ့ပါတယ်။

ဆန်ကွဲပြည်ပတင်ပို့မှုမှာ တန်ချိန် ၁၀၉၉၀ ကျော်၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၃ သန်းကျော်ရှိနေပြီး ယခင်ဘဏ္ဍာနှစ် ကာလတူထက် တန်ချိန် ၃၆၈၇၈ ကျော်တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၁၁ သန်းကျော်ဖိုး လျော့နည်းတင်ပို့ခဲ့ကြောင်း သိရပါတယ်။ **MIRT-YGN**

**၉-၅-၂၀၁၆ မှ ၁၃-၅-၂၀၁၆ ထိ CO Form များ ထုတ်ပေးမှုစာရင်း**
**ရန်ကုန်တိုင်းဒေသကြီးရုံး**

| Sr.No. | Forms | Copies | Total Value (US$) |
|---|---|---|---|
| 1 | Form A | 202 | 6,944,258.200 |
| 2 | Form D | 56 | 5,264,791.000 |
| 3 | Form E | 67 | 1,630,071.960 |
| 4 | Korea GSP | - | - |
| 5 | Form AK | 35 | 1,187,251.983 |
| 6 | Form AJ | 4 | 144,991.700 |
| 7 | Form AI | 26 | 1,002,630.820 |
| 8 | Form AANZ | 1 | 74,147.000 |
| 9 | Form DFTP | - | - |
| **Grand Total** | | **391** | **16,248,142.663** |

## အာရှနိုင်ငံတွေက FOB ဆန်ဈေးနှုန်းများ

၁၂-၅-၂၀၁၆ ဒေါ်လာ/တန်

| | ထိုင်း | | | ဗီယက်နမ် | | | အိန္ဒိယ | | | ပါကစ္စတန် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၁၀၀% | ၄၀၀ | ၄၁၅ | △ | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၅% | - | - | - | ၃၆၅ | ၃၇၀ | △ | ၃၇၅ | ၃၇၅ | □ | ၃၇၅ | ၃၈၅ | △ |
| ဆန်ဖြူ ၁၀% | - | - | - | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၁၅% | - | - | - | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၂၅% | ၃၈၀ | ၃၈၀ | □ | ၃၅၅ | ၃၅၅ | □ | ၃၅၀ | ၃၅၀ | □ | ၃၃၀ | ၃၃၅ | △ |
| ပေါင်းဆန် | ၄၀၅ | ၄၂၀ | △ | - | - | - | ၃၅၀ | ၃၆၀ | △ | - | - | - |

*Source: oryza.com*

## အမေရိကနိုင်ငံတွေက FOB ဆန်ဈေးနှုန်းများ

၁၂-၅-၂၀၁၆ ဒေါ်လာ/တန်

| | ယူအက်စ် | | | ဥရုဂွေး | | | အာဂျင်တီးနား | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၄%-၇% | ၄၃၅ | ၄၃၅ | □ | ၄၂၅ | ၄၂၅ | □ | ၄၁၅ | ၄၁၅ | □ |
| ဆန်ဖြူ ၁၀% | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၁၅% | ၄၅၀ | ၄၅၀ | □ | - | - | - | - | - | - |

*Source: oryza.com*

## ပြည်တွင်းမြို့ကြီးများ၏ (၁၃-၅-၂၀၁၆) ရက်နေ့ ဆန်၊ စပါးဈေးနှုန်းများ

ရေတွက်ပုံ-ကျပ်/စပါး(တင်း)၊ ဆန်(တစ်အိတ်)

| မြို့ | ဧည့်မထအုပ်စု | | | | ပေါ်ဆန်းအုပ်စု | | | |
|---|---|---|---|---|---|---|---|---|
| | စပါး | | ဆန် | | စပါး | | ဆန် | |
| | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် |
| **ဆန်ပိုဒေသများ** | | | | | | | | |
| ပြည် | ၅၇၀၀ | △ | ၂၂၀၀၀ | △ | ၈၄၆၀ | □ | ၃၃၀၀၀ | □ |
| ပုသိမ် | ၅၉၈၀ | □ | ၂၃၀၀၀ | □ | ၇၆၂၂ | △ | ၃၃၀၀၀ | △ |
| ပဲခူး | ၅၃၀၀ | □ | ၂၀၀၀၀ | □ | ၇၀၀၀ | □ | ၃၀၀၀၀ | △ |
| ရွှေဘို | ၇၀၀၀ | □ | ၃၀၀၀၀ | □ | ၁၁၇၀၀ | □ | ၃၇၀၀၀ | □ |
| စစ်တွေ | ၅၄၀၀ | □ | ၂၃၀၀၀ | □ | ၈၀၀၀ | □ | ၃၂၀၀၀ | □ |
| **ဆန်လိုဒေသများ** | | | | | | | | |
| နေပြည်တော် | ၆၈၀၀ | □ | ၂၇၀၀၀ | □ | - | - | ၃၇၀၀၀ | □ |
| ရန်ကုန်(ဝါးတန်း) | ၅၂၅၀ | △ | ၂၂၀၀၀ | □ | - | - | ၃၃၅၀၀ | △ |
| မန္တလေး | ၇၄၀၀ | □ | ၂၆၅၀၀ | □ | - | - | ၃၆၀၀၀ | △ |
| မကွေး | ၈၅၀၀ | □ | ၂၆၀၀၀ | □ | - | - | ၃၅၀၀၀ | □ |
| မော်လမြိုင် | ၅၉၅၀ | □ | ၂၂၀၀၀ | □ | ၇၃၀၀ | □ | ၂၇၅၀၀ | □ |
| လားရှိုး | ၆၃၈၀ | □ | ၂၆၀၀၀ | □ | - | - | ၄၃၀၀၀ | □ |
| မြိတ် | ၅၀၀၀ | □ | ၂၄၀၀၀ | □ | - | - | ၃၆၀၀၀ | □ |
| ဘားအံ | ၅၉၀၀ | □ | ၂၃၀၀၀ | □ | - | - | ၂၇၀၀၀ | □ |
| တောင်ကြီး | - | - | ၂၃၅၀၀ | □ | - | - | ၃၈၀၀၀ | □ |

မှတ်ချက်။ ။ ပေါ်ဆန်းအုပ်စုတွင် ပဲခူး၊ မော်လမြိုင်၊ မုံရွာ၊ ဘားအံတို့မှာဒေသထွက်ဆန်ဖြစ်ပြီး၊ ပြည်ဆန်ဈေးမှာ နတ္တလင်းဆန်ဈေးဖြစ်ပါသည်။ ဧည့်မထအုပ်စုတွင် နေပြည်တော်၊ မန္တလေး၊ မကွေး၊လားရှိုးတို့မှာ မနောသုခဆန်၊ ရွှေဘိုမှာအသွယ်စအမျိုးအစားဖြစ်ပါသည်။ စပါးသစ်လတ်စ ဆန်သစ်ဈေးများ ဖြစ်ပါသည်။

# ယခုတစ်ပတ် ဆန်တင်ပို့မှု လျော့ကျ

မေလပထမပတ်အတွင်း ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ ကန်ဒေါ်လာ ၁ ဒသမ ၀၉၆ သန်းတန်ဖိုးရှိ ဆန်ဖြူနဲ့ ပေါင်းဆန် ၃၀၇၂ တန်တင်ပို့ခဲ့ပါတယ်။

နိုင်ငံအလိုက်တင်ပို့မှုများမှာ တရုတ်နိုင်ငံသို့ ငစိန်ဆန် တန် ၅၀၊ ဧည့်မထဆန် ၂၂၄၆ တန်၊ အီးယူနိုင်ငံများသို့ ဧည့်မထဆန် ၂၁၆ တန်၊ ငစိန်ဆန် ၄၈၅ တန်နဲ့ ပေါင်းဆန် ၇၅ တန်တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်တင်ပို့မှုထက် ၂၂၇၉ တန်ပိုမိုတင်ပို့ခဲ့ပါတယ်။ အီးယူနိုင်ငံများသို့ ဆန်အပြင် ကန်ဒေါ်လာ သုည ဒသမ ၂၈၉ သန်းတန်ဖိုးရှိ ဆန်ကွဲ၁၀၅၀ တန်တင်ပို့ခဲ့ပါတယ်။ ဆန်တင်ပို့မှု ပိုမိုသော် လည်းယခုတစ်ပတ်မှာ ဆန်ကွဲတင်ပို့မှု တန် ၁၅၀၀ ခန့်လျော့ကျခဲ့ပါတယ်။

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်ကုန်သွယ်ရေးဇုန်မှ မေလပထမပတ်မှာ ကန်ဒေါ်လာ ၂ ဒသမ ၀၄၄ သန်း တန်ဖိုးရှိ ငစိန်ဆန် ၄၅၁၉ တန်ကျော်နဲ့ ဧည့်မထဆန် ၁၀၅၁ တန်တင်ပို့ပြီး၊ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ ကန်ဒေါ်လာ သုည ဒသမ ၉၉၄ သန်းတန်ဖိုးရှိ ငစိန်ဆန် ၂၇၂၃ တန်ကျော်တင်ပို့ခဲ့ပါတယ်။ စခန်းနှစ်ခုတင်ပို့မှုမှာ ယခင်တစ်ပတ်ထက် ၂၃၆၇ တန်လျော့နည်းခဲ့ပါတယ်။ ယခုတစ်ပတ်မှာ ဆန်သာမက ဆန်ကွဲလည်း တင်ပို့မှုလျော့ ကျခဲ့ပါတယ်။ ကန်ဒေါ်လာ သုည ဒသမ ၅၈၅ သန်း တန်ဖိုးရှိ ဆန်ကွဲ ၁၈၀၁ တန်ကို မူဆယ်မှ ၁၇၃၆ တန်နဲ့ လွယ်ဂျယ်မှ ၆၅ တန်တင်ပို့ခဲ့ပြီး ယခင်တစ်ပတ်တင်ပို့မှုထက် ၇၇၉ တန်လျော့နည်းခဲ့ပါတယ်။

ယခုတစ်ပတ် ဆန်တင်ပို့မှုမှာ ပင်လယ်ရေကြောင်းမှ ရောနယ်စပ်မှပါ လျော့ကျခဲ့ပါတယ်။ **ယဉ်ယဉ်အေး**

## ပြည်တွင်းစျေးကွက်များမှ ပဲမျိုးစုံစျေးနှုန်းအပြောင်းအလဲ

၁၃-၅-၂၀၁၆ ကျပ်/ပိဿာ

| | ပဲအမျိုးအမည် | ရန်ကုန် | | | မန္တလေး | | | မုံရွာ | | | မကွေး | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ၆/၅ | ၁၃/၅ | ပြောင်းလဲမှု | ၆/၅ | ၁၃/၅ | ပြောင်းလဲမှု | ၆/၅ | ၁၃/၅ | ပြောင်းလဲမှု | ၆/၅ | ၁၃/၅ | ပြောင်းလဲမှု |
| ၁ | မတ်ပဲ | ၂၈၂၅ | ၂၈၃၃ | ▲ | ၂၆၆၇ | - | - | ၂၆၇၅ | ၂၇၀၀ | ▲ | ၂၆၆၅ | ၂၇၀၀ | ▲ |
| ၂ | ပဲစင်းငုံ | ၂၅၁၅ | ၂၅၂၃ | ▲ | - | - | - | ၂၄၄၀ | - | - | ၂၄၂၅ | ၂၄၃၅ | ▲ |
| ၃ | ပဲတီစိမ်း | ၁၄၆၅ | ၁၄၃၀ | ▼ | - | - | - | ၁၇၈၉ | ၁၇၃၇ | ▼ | ၁၆၃၀ | ၁၆၃၀ | ■ |
| ၄ | ကုလားပဲရိုးရိုး | ၂၆၅၀ | ၂၆၀၀ | ▼ | - | - | - | - | - | - | ၂၀၀၀ | ၁၉၇၅ | ▼ |
| ၅ | ပဲလွန်းဖြူ | ၉၅၅ | ၉၅၀ | ▼ | - | ၁၀၀၀ | - | - | - | - | ၁၀၅၀ | ၁၀၅၀ | ■ |
| ၆ | ထောပတ်ပဲ | ၆၉၅ | ၆၉၅ | ■ | ၈၈၉ | - | - | - | ၅၂၆ | - | ၅၈၀ | ၅၅၀ | ▼ |

* မှတ်ချက်။ ဖော်ပြပါစျေးနှုန်းများမှာ အနိမ့်စျေးများသာဖြစ်ပါသည်။

## ရန်ကုန် FOB နဲ့ အိန္ဒိယစျေးကွက် ပဲမျိုးစုံစျေးနှုန်း အပြောင်းအလဲ

၁၃-၅-၂၀၁၆ ဒေါ်လာ/တန်

| | ပဲအမျိုးအမည် | ရန်ကုန် FOB | | | အိန္ဒိယ | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| | | | | | မွမ်ဘိုင်း | | | ဒေလီ | | |
| | | ၅/၅ | ၁၂/၅ | ပြောင်းလဲမှု | ၅/၅ | ၁၂/၅ | ပြောင်းလဲမှု | ၅/၅ | ၁၂/၅ | ပြောင်းလဲမှု |
| ၁ | မတ်ပဲ | ၁၄၉၀ | ၁၅၁၀ | ▲ | ၁၆၉၉ | ၁၇၇၂ | ▲ | ၁၆၅၄ | ၁၆၅၂ | ▼ |
| ၂ | ပဲစင်းငုံ | ၁၃၂၀ | ၁၃၇၀ | ▲ | ၁၃၀၈ | ၁၃၃၇ | ▲ | ၁၃၂၃ | ၁၃၆၇ | ▲ |
| ၃ | ပဲတီစိမ်း | ၈၂၅ | ၈၂၅ | ■ | ၉၄၇ | ၉၄၆ | ▼ | ၉၉၂ | ၉၉၁ | ▼ |
| ၄ | ကုလားပဲဖြူလုံးကြီး | ၈၀၀ | ၈၀၀ | ■ | ၈၅၃ | ၈၈၆ | ▲ | ၈၂၃ | ၈၇၉ | ▲ |

* မှတ်ချက်။ ရန်ကုန် FOB စျေးနှုန်းများမှာ အနိမ့်စျေးများသာဖြစ်ပါသည်။
ဒေလီစျေးကွက်မှ စျေးနှုန်းများမှာ အိန္ဒိယပြည်တွင်းပဲတီစိမ်းနှင့် မြန်မာမတ်ပဲ SQ ပေါက်စျေးများဖြစ်ပါသည်။

## အပတ်စဉ် ပဲမျိုးစုံတင်ပို့မှု FOB အရောင်းအဝယ်ဖြစ်မှု အခြေအနေ

ရေတွက်ပုံ-တန်ချိန်

| ပဲအမျိုးအစား | ပြည်ပတင်ပို့မှု | | ပြည်ပတင်ပို့မှု |
|---|---|---|---|
| | ယခင်တစ်ပတ် | ယခုတစ်ပတ် | (၁-၁-၁၆) မှ |
| | (၃၀-၄-၁၆)ထိ | (၇-၅-၁၆)ထိ | (၇-၅-၁၆) ထိ |
| မတ်ပဲ | ၃၀၆၃၀ | ၂၇၈၉၈ | ၁၆၄၅၂၅ |
| ပဲတီစိမ်း | ၆၃၉၀ | ၁၀၇၉၁ | ၉၁၆၄၂ |
| ပဲစင်းငုံ | ၆၀၈၃ | ၆၉၁၇ | ၁၁၆၀၀၈ |
| ကုလားပဲ | ၁၄၁၉ | ၈၈၄ | ၁၁၃၀၄ |
| ပဲလွန်းဖြူ | ၈၆၄ | ၅၃၁ | ၈၈၄၇ |
| မြေထောက်ပဲ | ၁၆၈ | ၁၀၈၉ | ၃၈၂၁ |



## ပခုက္ကူစျေးကွက်မှာ ကုလားပဲစျေးမြင့်

ပဲမျိုးစုံထွက်ရာဖြစ်သော မကွေးတိုင်းဒေသကြီး ဧရာအနောက်မြို့တော်ဖြစ်တဲ့ ပခုက္ကူစျေးကွက်အတွင်းတွင် ကုလားပဲများတက်စျေးနဲ့ အရောင်းအဝယ်သွက်လျက်ရှိနေတာကို လေ့လာတွေ့ရှိရပါတယ်။ ပခုက္ကူစျေးကွက်အတွင်းသို့ ကုလားပဲထွက်ရာဒေသများဒေသများဖြစ်တဲ့ မြိုင်၊ ပေါက်၊ ရေစကြိုမြို့နယ်များမှ သာမက စစ်ကိုင်းတိုင်းဒေသကြီး ပုလဲ၊ မင်းတိုင်းပင်မြို့နယ် ရင်မောင်နိုင်ကျေးရွာများမှလည်း တစ်နေ့လျှင် အိတ်ရေ ၃၀၀ ခန့် ဝင်ရောက်လျက်ရှိပြီး အဝင်ပဲများအား ဒေသတွင်းပဲခွဲစက်များနဲ့ ရန်ကုန်ဝယ်လက်ကြောင့်ဝင်လာသမျှ အရောင်းအဝယ်သွက်လျက်ရှိပြီး ယခုအခါ ကုလားပဲစျေးနှုန်းမှာ တစ်တင်းလျှင် ကုလားပဲဝါ (HL) မှာ ကျပ် ၃၉၁၀၀၊ ကုလားပဲဖြူ (V2) မှာ ကျပ် ၄၀၀၀၀ စျေးနဲ့ ကုလားပဲဖြူလုံးကြီး (929) မှာ ကျပ် ၃၇၅၀၀ စျေးများဖြင့် အသီးသီးရှိနေတာတွေ့ရပါတယ်။

သင်္ကြန်အပြီး ဧပြီလကုန်နှင့် မေလဆန်းများတွင်မှ ကုလားပဲစျေးမှာသိသိသာသာတက်လာခဲ့ပြီး သင်္ကြန်မတိုင်ခင် ဧပြီလဆန်းတွင် ဖြစ်ပေါ်ခဲ့တဲ့ ကုလားပဲစျေးမှာ တစ်တင်းလျှင် ကုလားပဲဝါ (HL) ကျပ် ၃၃၅၀၀၊ ကုလားပဲဖြူ (V2) မှာ ကျပ် ၃၃၄၀၀ နှင့် ကုလားပဲဖြူလုံးကြီး (929) မှာ ကျပ် ၃၁၃၀၀ စျေးသာရှိခဲ့ရာမှ သင်္ကြန်အပြီးတွင် ကုလားပဲတစ်တင်းလျှင် ပျမ်းမျှ ကျပ် ၅၀၀၀ ခန့်တက်၍လာရာ ကုလားပဲသိုလှောင်သူကုန်သည်များနှင့် ကုလားပဲစိုက်တောင်သူများမှာ အကျိုးအမြတ်များစွာ ဖြစ်ထွန်းလျက်ရှိသည်ဟု သိရပါတယ်။

**ချယ်ရီမြင့် (ပခုက္ကူ)**

# ပြည်ပဲမျိုးစုံစျေးကွက်မှာ မေလဒုတိယပတ်အတွင်း မတ်ပဲနှင့် ပဲစင်းငုံစျေး ပြန်လည်မြင့်တက်

ပဲခူးတိုင်းဒေသကြီး၊ ပြည်ပဲမျိုးစုံစျေးကွက်မှာ မေလ ဒုတိယပတ်အတွင်း ပဲအချို့ စျေးမြင့်တက်လာသလို အချို့ပဲများကတော့ စျေးငြိမ်အရောင်းအဝယ်ဖြစ်ခဲ့တာကို တွေ့ရပါတယ်။ လဆန်းရက်မှာ မတ်ပဲနဲ့ ပဲစင်းငုံစျေးလျော့သွားပြီး ယခုတစ်ပတ်မှာတော့ စျေးပြန်တက်လာခဲ့ပါတယ်။ မတ်ပဲသီးနှံမှာ ပန်းတောင်း၊ပေါင်းတလည်၊ ပေါက်ခေါင်း၊ ရွှေတောင်၊ ကျီးသဲဖက်မှ အိတ် ၃၀၀ မှ ၄၀၀ ကျော်အထိ ဝင်ရောက်ခဲ့ကာ လက်ကျန်ပဲလည်း ရှိတဲ့အတွက် နေ့စဉ်အိတ် ၄၀၀ ကျော်အထိ ဝင်ရောက်ခဲ့ကာ လက်ကျန်ပဲလည်းရှိတဲ့အတွက် နေ့စဉ်အိတ် ၄၀၀ ကျော် အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ရန်ကုန်ဝယ်လက်က အဓိကထား ဝယ်ယူခဲ့ကာ ပဲစျေးနှုန်းကတော့ တစ်တင်း ၅၄၃၀၀ ကျပ်ဖြင့် ယခင်တစ်ပတ်စျေးထက် စျေးပိုရခဲ့ပါတယ်။ ယခင်တစ်ပတ်က တစ်တင်း ၅၃၅၀၀ ကျပ်နဲ့ ရန်ကုန်ဝယ်လက်တွေက ဝယ်ယူခဲ့ကြောင်း သိရပါတယ်။

ယခုရက်ပိုင်းအတွင်း ပဲစျေးနှုန်း အတက်အကျ သိပ်မမှန်တဲ့အတွက် ပဲလှောင်ထားသူအချို့နဲ့ တောင်သူအချို့က အနည်းသာ ထုတ်ရောင်းပြီး တက်စျေး မျှော်နေတယ်လို့လည်း သိရပါတယ်။ ယခင်နှစ်က ပဲသစ်ပေါ်ချိန်မှာ တစ်တင်း ကျပ်သုံးသောင်းအောက်ရရှိခဲ့ပြီး သင်္ကြန်ပြီးချိန်ကာလမှစ၍ ပဲစျေးများ တဖြည်းဖြည်း မြင့်တက်လာခဲ့လို့ ဇွန်လတွင် တစ်တင်း ကျပ်လေးသောင်းကျော်ရရှိလာခဲ့ပါတယ်။ ယခုနှစ်မှာတော့ မတ်ပဲစျေးဟာ ပဲသစ်ပေါ်စချိန်မှာ တစ်တင်း ကျပ်ငါးသောင်းကျပ်ရရှိခဲ့သလို ယခုနောက်ပိုင်းကာလမှာလည်း စျေးသိသိသာသာ ပိုရလာတာမျိုး မဟုတ်ဘဲ ကျပ်ငါးသောင်းတစ်ပတ်လည်သာ အရောင်းအဝယ်ဖြစ်လျက်ရှိနေတာကို တွေ့ရပါတယ်။



ပဲစင်းငုံသီးနှံမှာ ယခုချိန်တွင် ပဲဝင်ရောက်မှုမရှိဘဲ လက်ကျန်ပဲသာရှိတဲ့အတွက် အရောင်းအဝယ်မှာလည်း မတ်ပဲကဲ့သို့ နေ့စဉ်အဝယ်မရှိဘဲ ရက်ခြားသာ အရောင်းအဝယ်ဖြစ်ကြောင်း သိရပါတယ်။ ရန်ကုန်ဝယ်လက်အဝယ်ရှိလို့ အရောင်းအဝယ် ဖြစ်သည့်ရက်မှာ အိတ် ၄၀၀ ကျော် ၅၀၀ ခန့် အဝယ်လိုက်ခဲ့ပါတယ်။ ပဲစျေးမှာ တစ်တင်းကို ၅၀၀၀၀ ကျပ်နဲ့ စျေးကောင်းရလျက်ရှိပြီး ပဲစျေးကွက်မှာ မတ်ပဲသီးနှံပြီးလျှင် ပဲစင်းငုံသီးနှံက ဒုတိယစျေးအများဆုံးဖြစ်ခဲ့တာကို တွေ့ရပါတယ်။

ကုလားပဲသီးနှံမှာ ပဲအဝင်နည်းသွားပြီဖြစ်လို့ အိတ် ၂၀၀ ကျော် ၃၀၀ ခန့်ဝင်ရောက်ခဲ့ပြီး ခွဲစက်သမား နေ့စဉ်အဝယ်ရှိခဲ့ပါတယ်။ ကုလားပဲသီးနှံစျေးမှာ ယခုနှစ်အတွင်း စျေးကောင်းခဲ့တဲ့အတွက် တစ်တင်း ၄၀၀၀၀ ကျပ်နဲ့ ယခုမေလဒုတိယပတ်အထိ ၎င်းစျေးအတိုင်း စျေးအမြင့်နဲ့ ဆက်လက်အရောင်းအဝယ်ဖြစ်ခဲ့ကြပါတယ်။ ယခင်နှစ်က ကုလားပဲသီးနှံရဲ့ ပဲဟောင်းစျေးမှာလည်း ပဲသစ်မပေါ်ခင်ချိန်အထိ စျေးကောင်းခဲ့ကာ တစ်တင်းလေးသောင်းကျပ်ရရှိခဲ့ပြီး ပဲသစ်များစျေးကွက်သို့ စဝင်လာချိန် ဖေဖော်ဝါရီလမှာ တစ်တင်း ကျပ်သုံးသောင်းပတ်ဝန်းကျင်သာ ရရှိခဲ့လို့ ပဲသစ်စျေးထက်ပဲဟောင်းစျေးကပိုကောင်းခဲ့တာကို တွေ့ရပါတယ်။

ယခုအချိန်မှာတော့ ပဲစျေးနှုန်းက တဖြည်းဖြည်း စျေးမြင့်တက်ခဲ့လို့ ပဲဟောင်းစျေးကို ပြန်မီလာတာကို တွေ့ရပါတယ်။ ပြည်တွင်းပဲစျေးကွက်မှာလည်း ပဲကြီး၊ ပဲပုတ်စတဲ့သီးနှံတွေနဲ့ ယှဉ်လျှင်စျေးကောင်းရနေတဲ့ပဲဖြစ်ခဲ့ပါတယ်။

ပဲကြီးသီးနှံကတော့ ရွှေတောင်၊ ပေါက်ခေါင်း၊ ပန်းတောင်းနှင့် ကံမမြို့နယ်များမှ တစ်ရက် အိတ် ၂၀၀ ကျော် နေ့စဉ် အဝင်ရှိခဲ့ပြီး ပဲကြော်ဖိုလုပ်ငန်းသမားများ နေ့စဉ်ဝယ်ယူခဲ့ကြပါတယ်။ ပဲကြီးစျေးနှုန်းမှာ (ရွှေကျွန်း) တစ်တင်း ၂၈၀၀၀ ကျပ်၊ (ကမ်းနား) တစ်တင်း ၂၅၅၀၀ ကျပ်ဖြင့် ယခင်တစ်ပတ်ထက် စျေးအနည်းငယ် လျော့ကျခဲ့ပါတယ်။ ပဲကြီးသီးနှံကလည်း ပဲသစ်ပေါ်ချိန်မှာ တစ်တင်း ၂၈၅၀၀ ကျပ်ရရှိပြီး ပဲအထွက်လှိုင်လာချိန်မှာ ပဲစျေးလျော့ကျခဲ့ပါတယ်။ တစ်တင်းကို ကျပ်သုံးထောင်ခန့်စီ လျော့နည်းသွားကာ တစ်တင်း ၂၅၀၀၀ ကျပ်ခန့်သာ ရရှိခဲ့ကြပါတယ်။ သင်္ကြန်ပြီးချိန်မှစ၍ ပဲစျေးပြန်မြင့်တက်ခဲ့လို့ ယခုအချိန်မှာ ပဲသစ်အဖွင့်စျေးကို ပြန်မီလာခဲ့ပြီဖြစ်ပါ တယ်။

လက်လီသမားများနဲ့ အရောင်းအဝယ်ဖြစ်လျက်ရှိခဲ့တဲ့ ပဲလွန်းဖြူ၊ ပဲပုပ်စတဲ့ ပဲများကတော့ တစ်ရက်ကို ၁၀ အိတ်ကျော်ခန့်သာ အရောင်းအဝယ်ဖြစ်ခဲ့ပြီး ပဲစျေးမှာလည်း တစ်တင်း ကျပ်နှစ်သောင်းခန့်သာရလို့ ပဲလွန်းဖြူတစ်တင်း ၂၀၀၀၀ ကျပ်၊ ပဲပုပ်တစ်တင်း ၂၁၀၀၀ ကျပ်နဲ့ စျေးငြိမ်ပြီး အရောင်းအဝယ်အေးခဲ့တဲ့ ပဲများဖြစ်ခဲ့ကြပါတယ်။

**ခင်ဆွေဝင်း-ပြည်**

## မုံရွာကုန်စည်ဒိုင်မေလ ဒုတိယပတ်ပဲစျေးကွက် ငုံနီနဲ့စိမ်းကြီး အရောင်းအဝယ်သွက်

မုံရွာကုန်စည်ဒိုင် မေလဒုတိယပတ်ပဲစျေးကွက်မှာ ဝယ်လက်ပုံမှန်ရှိပြီး ကုန်သည်ထံပဲလက်ကျန်လျော့လာတဲ့ ပဲစဉ်းငုံနီဟာ ယခုတစ်ပတ်အတွင်း တစ်တင်း ၄၉၈၀၀ ကျပ် အမြင့်ဆုံးပေါက်စျေးဖြစ်ပေါ်ခဲ့ကာ တစ်ရက် အိတ် ၂၀၀၀ မှ ၂၅၀၀ အကြား အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ ဆိုပါတယ်။ မြို့ပေါ်ကုန်သည်တွေထံ ပဲစဉ်းငုံနီလက်ကျန်လျော့လာပေမယ့် နယ်တောင်သူတွေဆီမှာ ပဲလက်ကျန်ရှိသေးတယ်လို့ စျေးကွက်ကသိရပါတယ်။

မုံရွာကုန်သည်တွေဆီမှာ ပဲဟောင်းလက်ကျန်မရှိတော့ဘဲ ပဲတီစိမ်းကြီးမှာ ယခုတစ်ပတ်အတွင်း ဒေသအနီးတစ်ဝိုက်က ရေသွင်းစိုက်ခဲ့ကြတာ ပဲအထွက်အနည်းငယ်လှိုင်ခဲ့သလို ရေဦးဘက်က စိမ်းကြီးတွေပါ ဒိုင်ကို အဝင်ရှိတဲ့အတွက် မန်းလက်ကဝင်သလောက် ဆွဲခဲ့လို့ တစ်ရက် အိတ် ၅၀၀ မှ ၆၀၀ အကြား ပုံမှန်အရောင်းအဝယ်ဖြစ်နေပြီး ပေါက်စျေးအားဖြင့် တစ်တင်း ၃၃၅၀၀ကျပ်အထိ အမြင့်ဆုံးဖြစ်ခဲ့တယ်လို့ စျေးကွက်ကဆိုပါတယ်။

ပို့ကုန်ဝယ်လိုအားရှိဆဲ မတ်ပဲစျေးကွက်မှာလည်း ယခုတစ်ပတ်အတွင်းတစ်တင်း ၅၄၀၀၀ ကျပ်အထိ အမြင့်ဆုံးပေါက်စျေးဖြစ်ခဲ့ကာ ဒိုင်လက်ကျန်မရှိဘဲ နယ်ကဝင်လာသမျှ ရောင်းရတဲ့အတွက် တစ်ရက်အိတ် ၅၀၀ မှ ၆၀၀ ကြားပုံမှန်အရောင်းအဝယ်ဖြစ်နေတယ်လို့ သိရပါတယ်။

ဒေသသုံးပဲတွေအနက် - စွန်တာနီ၊ ပဲနီလုံးကြား၊ ပဲကြီး၊ ထောပတ်ပဲ၊ ပဲယင်းဝါ၊ ပဲလွန်းပြာနဲ့ ပဲပုတ်စေ့ စျေးကွက်တွေက ပဲလက်လီသာသာအရောင်းအဝယ်ဖြစ်ခဲ့ပြီး ပေါက်စျေးအေးခဲ့ရာ စွန်တာနီ တစ်တင်း ၁၄၀၀၀ ကျပ်၊ ပဲနီလုံးကြားတစ်တင်း ၁၄၇၀၀ကျပ်၊ ထောပတ်ပဲ တစ်တင်း ၁၀၀၀၀ကျပ်၊ ပဲကြီးတစ်တင်း ၂၆၀၀၀ကျပ်၊ ပဲယင်းဝါတစ်တင်း ၁၄၅၀၀ ကျပ်၊ ပဲလွန်းပြာတစ်တင်း ၂၀၅၀၀ နဲ့ မြေထောက်ပဲတစ်တင်း ၁၈၀၀၀ ကျပ်သာ အသီးသီးအမြင့်စျေးပေါက်ခဲ့ပြီး ဒေသတွင်းလုပ်ငန်းသုံးနဲ့ ပဲလက်လီအဝယ်ပုံမှန်ရှိခဲ့တယ်လို့ ဒိုင်ရပ်ကွက်ကဆိုပါတယ်။

**ထွန်းလှိုင်/မုံရွာ**

# မြစ်သားကြက်သွန်နီ တက်စျေးမျှော်

ကြက်သွန်နီသည် မြန်မာနိုင်ငံအလယ်ပိုင်း မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးတို့တွင်စိုက်ပျိုးထွက်ရှိပြီး မြန်မာ့မီးဖိုချောင်သုံးအိမ်ရှင်မများအတွက် မရှိမဖြစ်သော စီးပွားရေးစျေးကွက်ဝင်သီးနှံဖြစ်ပါသည်။ မကွေးတိုင်းဒေသကြီး ဆိပ်ဖြူ၊ ဆင်ဖြူကျွန်း၊ စလင်း၊ ပခုက္ကူ၊ ရေစကြိုနှင့် ယောနယ်တစ်ဝိုက်တွင်လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာ၊ ချောင်းဦး၊ မြင်းမူ နယ်တစ်ဝိုက်တွင်လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး မြင်းခြံ၊ မြစ်သား၊ ကျောက်ဆည်နယ်တစ်ဝိုက် တွင်လည်းကောင်း အများဆုံးစိုက်ပျိုးကြပါသည်။ ကြက်သွန်နီကို စီးပွားရေးစျေးကွက်အဖြစ် တရုတ်၊ ထိုင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံများသို့ အများဆုံးတင်ပို့ရောင်းချပါသည်။

ကြက်သွန်နီစျေးမှာ ၂၀၁၅ ခုနှစ် အစောပိုင်းက တစ်ပိဿာ ကျပ် ၇၀၊ ၈၀ ထိ စျေးနှုန်း ထိုးကျသွားခဲ့ပါသည်။ ကြက်သွန်စိုက် တောင်သူများလာတာကြောင့် လည်းကောင်း၊ အထွက်နှုန်း တိုးလာတာကြောင့်လည်းကောင်း၊ နိုင်ငံခြားဝယ်လက်မရှိတာကြောင့်လည်းကောင်း စျေးနှုန်းကျ၍ တောင်သူများအရှုံးပေါ်ကာ ကြက်သွန်မွှန်လို့မျက်ရည်များ ပင်လယ်ဝေခဲ့ရပါသည်။ ထို့ကြောင့် တောင်သူများစိုက်ပျိုးမှု နည်းပါးလာချိန်တွင် ရာသီဥတုဖောက်ပြန်၍ မကွေးတိုင်းဒေသကြီးမှ ကြက်သွန်နီထွက်ရှိရာ ဆိပ်ဖြူ၊ ဆင်ဖြူကျွန်း၊ စလင်း၊ ပခုက္ကူ၊ ရေစကြိုနှင့် ယောနယ်တစ်ဝိုက်တွင် ရေကြီးရေလျှံမှုများဖြစ်ပေါ်ကာ ကြက်သွန်ခင်းများ၊ ကြက်သွန်ဂိုဒေါင်များ ရေဝင်နစ်မြုပ်၍ ပျက်စီးခဲ့ရပြန်ပါသည်။ ထို့ပြင် ကြက်သွန်စျေးကွက်ရှိရာ ထိုင်း၊ တရုတ်၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံများသို့ ကြက်သွန်များတင်ပို့ရောင်းချသဖြင့် ကြက်သွန်နီ တစ်ပိဿာ ကျပ် ၄၀၀၀ နှုန်းစျေးအထိ မြင့်တက်ခဲ့ပြီး မြန်မာနိုင်ငံတွင် ကြက်သွန်နီ ရှားပါးသွားသောကြောင့် တရုတ်နိုင်ငံမှတစ်ဆင့် ပြန်လည်ဝယ်ယူတင်သွင်းခဲ့ရမှုများ ရှိခဲ့ပါသည်။

ကြက်သွန်နီကို မြန်မာတစ်ပြည်လုံးတွင် စိုက်ပျိုးပြီး မြစ်ချောင်း၊ သဲသောင်ခုံများပေါ်တွင် ရေဖျန်း၍လည်းကောင်း၊ လယ်ယာမြေများတွင် ရေသွင်း၍တစ်ဖုံ၊ နည်းမျိုးစုံတို့ဖြင့် စိုက်ပျိုးကြသည်။ အများအားဖြင့် ဆိပ်ဖြူ၊ ဆင်ဖြူကျွန်း၊ စလင်း၊ ပခုက္ကူ၊ ရေစကြို၊ မြင်းခြံ၊ ချောင်းဦး၊ မြင်းမူ၊ မုံရွာနယ်တစ်ဝိုက်တွင်သဲသောင်ခုံများပေါ်၌ ရေဖျန်း၍လည်းကောင်း၊ မြစ်သား၊ ကျောက်ဆည်နယ်တစ်ဝိုက်ယာမြေများပေါ်တွင် ရေသွင်း၍လည်းကောင်း စိုက်ပျိုးကြသည်။ မြစ်သား၊ ကျောက်ဆည်ထွက် ကြက်သွန်များသည် အခြား နယ်ထွက်ကြက်သွန်များထက်ကျစ်လျစ်ခြင်း၊ အလုံးလှခြင်း၊ အခွံပါးခြင်း၊ အပုပ်နည်း၍ အထားခံခြင်းတို့ကြောင့် မြစ်သား၊ ကျောက်ဆည်ထွက် (ရွှေဖလား) ကြက်သွန်အမျိုးအစားသည် နာမည်ရ၍ စျေးကောင်းရပါသည်။

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ်သည် ကြက်သွန်ကိုအဓိကထားစိုက်ပျိုးသော နယ်မြေဖြစ်ပြီး အထွက်နှုန်းကောင်းသောကြောင့် တစ်ဧကအထွက်နှုန်း ပိဿာ ၂၅၀၀ မှ ၂၈၀၀ ခန့် အထိထွက်ရှိပါသည်။ မြစ်သားမြို့နယ်တွင် ၂၀၁၅-၂၀၁၆ ခုနှစ် ဆောင်းသီးနှံအဖြစ် (ရွှေဖလား) အမျိုးအစား ကြက်သွန်ဧက ၇၅၀၀ ခန့်စိုက်ရန် လျာထားခဲ့သော်လည်း အမှန်တကယ် ဧက ၁၀၀၀၀ ကျော်ခန့်အထိ စိုက်ပျိုးနိုင်ခဲ့သည်။ ကြက်သွန်ပေါ်စ ဇန်နဝါရီလက တစ်ပိဿာ ကျပ် ၂၅၀၀ နှုန်းဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ပါသော်လည်း တစ်ဧကအထွက်နှုန်း များလာသောကြောင့် လည်းကောင်း၊ တစ်နိုင်ငံလုံး တစ်ပြိုင်နက်ထွက်ရှိလာသောကြောင့် လည်းကောင်း၊ ယခုအခါတွင်ကြက်သွန်နီတစ်ပိဿာ ၄၀၀ ကျပ်ခန့်သာရှိတော့သည်။

မြစ်သားမြို့နယ် ကွဲဆွဲကျေးရွာမှ ကြက်သွန်စိုက်တောင်သူတစ်ဦးက ၂၀၁၅ခုနှစ်တွင် စံချိန်တင် စျေးနှုန်းတက်ခဲ့တဲ့ ကြက်သွန်တစ်ပိဿာ ကျပ် ၄၀၀၀ စျေးနှုန်းက ယခုအခါ ပြည်တွင်းစျေးကွက်တွင် တစ်ပိဿာ ၄၀၀ ကျပ် စျေးနှုန်းဖြင့် အရောင်းအဝယ်ဖြစ်နေသောကြောင့် တောင်သူများအနေဖြင့် အမြတ် နည်းပါးကြောင်း၊ မှန်းချက်နဲ့ နှမ်းထွက်မကိုက်ကြောင်း၊ မိမိတို့အနေဖြင့် ကျောက်ဆည်၊ ကူမဲ၊ မြစ်သား၊ သာလွန် ကြက်သွန်ဒိုင်များသို့ သွားရောက်ရောင်းချရကြောင်း၊ ၎င်းဒိုင်များမှ ၁၂ ဘီးကား၊ ၁၀ ဘီးကားများဖြင့် နေ့စဉ်တရုတ်နိုင်ငံသို့ ကားစီးရေ ၄ ၊ ၅ စီး ခန့် တင်ပို့နေရသောကြောင့် တက်စျေးကို မျှော်နေရကြောင်း ပြောကြားပါသည်။

**အောင်မြိုင်(DOT- MDY)**



## ပြည်မြို့သို့ ကြက်သွန်ဖြူ အဝင်နည်း၍ စျေးအတက်အကျများနေ

ပြည်စျေးကြီး (မြို့မစည်ပင်စျေး) ပွဲရုံများတွင် စားဖိုဆောင်သီးနှံ ကြက်သွန်ဖြူစျေးနှုန်းများ ယခင်နှစ်ထက်မတူဘဲ တောက်လိုက်၊ ပြန်ကျလိုက်နဲ့ စျေးနှုန်းမငြိမ်မသက် ဖြစ်နေခဲ့ပါတယ်။ ကြက်သွန်ဖြူသီးနှံဟာ အခြားတိုင်း/ပြည်နယ်များမှ မှာယူတင်သွင်းရတဲ့ ကုန်ပစ္စည်းဖြစ်လို့ ယခုကဲ့သို့ စျေးမငြိမ်မသက်ဖြစ်နေ ရခြင်းဖြစ်ပါတယ်။

ယခုမေလ (ဒုတိယပတ်) ရဲ့ ကြက်သွန်ဖြူပွဲရုံများရဲ့ တစ်ပိဿာစျေးမှာ (ရှမ်းစ) ၃၀၀၀ ကျပ်မှ ၃၄၀၀ ကျပ်အထိဖြစ်ပြီး ဒေသတွင်းအရောင်းအဝယ်မှာ တစ်ပိဿာလျှင် ၃၀၀၀ ကျပ်မှ ၄၀၀၀ ကျပ်စျေးအထိ ရောင်းဝယ်ပါတယ်။ မေလ (ပထမ ပတ်) ထက်ပွဲရုံစျေး တစ်ပိဿာလျှင် ၃၀၀ ကျပ်မှ ၄၀၀ ကျပ် မြင့်တက်လျက်ရှိပါတယ်။ မေလအတွင်း စျေးမငြိမ်သက်ရခြင်းမှာ ပဲခူးတိုင်းဒေသကြီး(ပြည်မြို့) ဘက်သို့ အဝင်နည်းနေပြီး တာချီလိတ်နှင့်ကျိုင်းတုံတို့ဘက်သို့ စီးဆင်းပြီး အဝင်လိုက်နေတာကြောင့်ဖြစ်တယ်လို့ သိရပါတယ်။

**နီနီဝင်း**

## ပြည်မြေပဲဆန်စျေးကွက်မှာ စျေးငြိမ်နေသော်လည်း အရောင်းအဝယ်ပုံမှန်ဖြစ်

မြေပဲဆန်စျေးမှာ ယခင်တစ်ပတ်ကအတိုင်း ငြိမ်နေပေမယ့် အဝင်အထွက်မှန်နေတာ တွေ့ရပါတယ်။ မင်းတုန်း၊ ကံမ၊ ပေါက်ခေါင်းနဲ့ ရခိုင်ပြည်နယ်ဘက်မှ မြေပဲဆန်များတင်ပို့နေတာတွေ့ရပါတယ်။ ပြည်စျေးကွက်သို့ တစ်နေ့လျှင် အိတ် ၁၀၀၀ ခန့် ဝင်ရောက်လာပြီး ရန်ကုန်နဲ့ မကွေးမှဝယ်လက်များကလည်း တစ်နေ့လျှင် အိတ် ၈၀၀ ခန့် ပုံမှန်အဝယ်ရှိနေတာ တွေ့ရပါတယ်။ မြို့တွင်းဆီစက်သမားများကအဝယ်ရှိနေသော်လည်း မြေပဲဆီစျေးမှာ တစ်ပိဿာလျှင် ၂၁၀၀ ကျပ်၊ လုံးဆန်အနီ တစ်ပိဿာလျှင် ၂၃၀၀ ကျပ်နဲ့ လုံးဆန် အဖြူ တစ်ပိဿာလျှင် ၂၅၀၀ ကျပ်စျေးဖြင့် ယခင်တစ်ပတ်ကအတိုင်း စျေးငြိမ်နေတာ တွေ့ရပါတယ်။ မြေပဲဆန်စျေးငြိမ်နေသလို မြေပဲဆီစျေးမှာလည်း တစ်ပိဿာလျှင် ၄၈၀၀ ကျပ်နဲ့ စျေးငြိမ်နေတာတွေ့ရပါတယ်။

**ဝေဝေမင်း**

## လက်လီပဲစျေးကွက်မှာ ပြည်စားတော်ပဲ စျေးအမြင့်ဆုံးရနေ

ပြည်ပဲစျေးကွက်မှာ ဒေသတွင်းသာ အရောင်းအဝယ်ဖြစ်ပေမယ့် စျေးကောင်းရနေတဲ့ ပဲအမျိုးအစားကတော့ စားတော်ပဲသီးနှံဖြစ်ခဲ့တာကို တွေ့ရပါတယ်။ စားတော်ပဲသီးနှံစျေးဟာ တစ်တင်းလျှင် ၄၀၀၀၀ ကျပ်ခန့်ရရှိခဲ့လို့ ပြည်ပဝယ်လက်ပဲများဖြစ်တဲ့ မတ်ပဲ၊ ပဲစင်းငုံကဲ့သို့ အခြားပဲများထက် စျေးကောင်းရခဲ့ပါတယ်။ ယခင်နှစ်များကလည်း လက်လီပဲစျေးကွက်မှာ စျေးအမြင့်နဲ့ နှစ်စဉ်အရောင်းအဝယ်ဖြစ်ခဲ့ကြပါတယ်။ ပြည်ခရိုင်အတွင်း စားတော်ပဲစိုက်ပျိုးထွက်ရှိမှုနည်းလို့ ပဲဝင်ရောက်မှုမှာလည်း အနည်းငယ်သာ ဝင်ရောက်ခဲ့ကာ ယခုအချိန်တွင် လက်ကျန်ပဲများနဲ့သာ တစ်ရက် ၁၀ အိတ်၊ ၁၅ အိတ်ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

**ခင်ဆွေဝင်း-ပြည်**

## ပြည်ထောပတ်ပဲယခင်နှစ်စျေး အတိုင်းသာရရှိခဲ့

ပြည်ခရိုင်အတွင်း အခြားဆောင်းပဲသီးနှံဖြစ်တဲ့ မတ်ပဲ၊ ပဲစင်းငုံ၊ ပဲတီစိမ်းစသည့်သီးနှံများ စိုက်ပျိုးထွက်ရှိမှုများပေမယ့် ထောပတ်ပဲသီးနှံကတော့ ယခုနှစ်အတွင်း စိုက်ဧက လေးထောင်ကျော်သာ စိုက်ပျိုးခဲ့ပြီး ရွှေတောင်မြို့နယ်တွင် အများဆုံးစိုက်ပျိုးတာကို တွေ့ရပါတယ်။ ဒါကြောင့်လည်း ပဲထွက်ပေါ်ချိန်တွင်သာ စျေးကွက်သို့ နေ့စဉ်ဝင်ရောက်ခဲ့ပြီး ကျန်အချိန်များတွင် လက်ကျန်ပဲအချို့နဲ့သာ အရောင်းအဝယ်ဖြစ်ခဲ့ကြပါတယ်။ ယခုတစ်ပတ် ထောပတ်ပဲသီးနှံစျေးနှုန်းဟာ တစ်တင်း ၁၅၀၀၀ ကျပ်ခန့်သာ ရရှိခဲ့လို့ အခြားပဲများထက်လည်း စျေးလျော့နည်းနေခဲ့တာကို တွေ့ရပါတယ်။ အခြားပဲများ ယခုနှစ်အတွင်း စျေးကောင်းခဲ့သော်လည်း ထောပတ်ပဲသီးနှံစျေးနှုန်းကတော့ ယခင်နှစ်နှင့် ယခုနှစ်စျေးနှုန်း တူညီနေခဲ့တယ်လို့ သိရပါတယ်။

**ခင်ဆွေဝင်း-ပြည်**

## ပဲသစ်ပေါ်ချိန်ကထက် ပြည်ပဲနီပြားစျေးလျော့နည်းခဲ့

ပြည်ပဲစျေးကွက်မှာမေလဒုတိယပတ်အတွင်း လက်လီအရောင်းအဝယ်ဖြစ်သော ပဲအချို့စျေးငြိမ်ငြိမ်နဲ့ ဆက်လက်အရောင်းအဝယ်ဖြစ်လျက်ရှိခဲ့ပါတယ်။ ပဲနီပြားသီးနှံကလည်း တစ်တင်း ၂၄၅၀၀ ကျပ်ရရှိနေပြီး ပဲအဝင်ပါးလာပြီဖြစ်လို့ တစ်ရက် အိတ် ၃၀၊ ၄၀ ကျော် လက်ကျန်ပဲများနဲ့ အရောင်းအဝယ်ဖြစ်ခဲ့ကြပါတယ်။ ပဲနီပြားသီးနှံရဲ့ ယခုနှစ်စျေးနှုန်းများအရ ပဲသစ်ပေါ်ချိန်တွင် တစ်တင်း ၃၄၀၀၀ ကျပ်ရရှိပြီး စျေးကောင်းရခဲ့ပေမယ့် ပဲအထွက်လှိုင်လာချိန်မှစ၍ ပဲစျေးမှာ တဖြည်းဖြည်းလျော့နည်းသွားကာ လက်ကျန်ပဲများရှိသော်လည်း အရည်အသွေး အနည်းငယ်ကွာခြားလာတဲ့အတွက် စျေးနှုန်းများကလည်း လျော့နည်းသွားခဲ့ကာ နေ့စဉ်လက်လီအဝယ်ရှိခဲ့ကြတာကို တွေ့ရပါတယ်။

**ခင်ဆွေဝင်း-ပြည်**

## ပြည်ဘိုကိတ်ပဲ စျေးငြိမ်အရောင်းအဝယ်ဖြစ်

ပြည်ပဲစျေးကွက်မှာ ဘိုကိတ်ပဲသီးနှံဟာလည်း ယခုကာလများတွင် လက်လီသမားလောက်သာ အဝယ်ရှိခဲ့ပါတယ်။ ပဲသစ်ပေါ်ချိန်ကာလနဲ့ အထွက်လှိုင်ချိန်များမှာ လက်လီရောလက်ကားပါ အရောင်းအဝယ်ဖြစ်ခဲ့ ပါတယ်။ ယခုနှစ်ဆန်းပိုင်းမှာ တစ်တင်းကို ၃၅၀၀၀ ကျပ်ခန့် ရရှိခဲ့တဲ့အတွက် စျေးကောင်းခဲ့ကာ ဖေဖော်ဝါရီလလယ် ပဲသစ်ပေါ်ချိန်မှာတော့ တစ်တင်း ၂၃၀၀၀ ကျပ်နဲ့သာ အရောင်းအဝယ်ဖြစ်ခဲ့တာကို တွေ့ရပါတယ်။ ယခုချိန်အထိ တစ်တင်းလျှင် ကျပ်နှစ်သောင်း တစ်ပတ်လည်နဲ့ စျေးအတက်အကျ သိပ်မဖြစ်ဘဲ စျေးငြိမ်နေခဲ့ကာ တစ်ရက် အိတ် ၃၀ ကျော် အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။

**ခင်ဆွေဝင်း-ပြည်**

## ချင်း

### အောင်ပန်းဈေးကွက်မှာ မျိုးချင်းများ ပိုမိုအရောင်းသွက်

ယခင်လက အရောင်းအဝယ် ခပ်အေးအေးသာဖြစ်ခဲ့တဲ့ သီးနှံဈေးကွက်က ဒီတစ်လမှာပြန်ပြီး အရောင်းအဝယ်ဖြစ်လာပါတယ်။ ဈေးကွက်မှာ ချင်း၊ နနွင်း အပြင် အခြားသီးနှံတွေပါ အဝင်ပုံမှန်ရှိလာတယ်လို့သိရပါတယ်။ အောင်ပန်းဈေးကွက်မှာတော့ ဒီတစ်ပတ် ချင်းအရောင်းအဝယ်က စားချင်းထက်မျိုးချင်းက ပိုပြီး အရောင်းသွက်နေတယ်လို့ သိရပါတယ်။ ချင်းပြန်စိုက်ရမယ့် အချိန်ဖြစ်တာ ကြောင့် တောင်သူတွေက မျိုးအတွက်ပြန်ပြီး ဝယ်ယူနေတာ ရယ်၊ ဈေးပတ်သမားတွေ ဝယ်နေတာကြောင့် တစ်ပတ်အတွင်း ချင်းစိုက ပိဿာချိန်ပေါင်း ခြောက်သောင်းခန့် အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့လည်း သိရပါတယ်။ ပြန်စိုက်ဖို့အတွက် အခက်ကြီးလှတွေကို ဝယ်ယူကြသလို၊ စားချင်းအနေနဲ့ လတ်စနဲ့ညှံ့စတွေကို အဝယ်များနေတယ်လို့သိရပါတယ်။ အောင်ပန်းဈေးကွက်မှာ ဒီတစ်ပတ်ချင်း ဈေးကွက်က ချင်း(စို)မှာ မျိုးချင်းဆိုရင် တစ်ပိဿာကျပ် ၄၀၀ မှကျပ် ၆၂၅ အထိ ဈေးရှိပြီး စားချင်းကတော့ တစ်ပိဿာ ကျပ် ၂၀၀ မှကျပ် ၅၀၀ ဈေးရှိတယ်လို့ သိရပါတယ်။ ချင်းခြောက်ကတော့ တစ်ပိဿာကျပ် ၁၅၀၀ မှ ကျပ် ၂၀၀၀ ဈေးရှိပါတယ်။ ချင်းခြောက်ကိုတော့ ပါကစ္စတန်က အဆွဲနည်းနည်းရှိနေတယ်လို့လည်း သိရပါတယ်။

ဟိုပုံးဈေးကွက်မှာတော့ ချင်း(စို)က အဝင်မရှိတော့ သလို၊ အရောင်းလည်းမရှိတော့ပါဘူး။ ချင်းခြောက်ကတော့ မူဆယ်ဝယ်လက်တွေက ရံဖန်ရံခါ အဝယ်ရှိနေလို့ အရောင်းအဝယ်ရှိပေမယ့် ခပ်အေးအေးသာဖြစ်တယ်လို့လည်း သိရပါတယ်။ ချင်းခြောက် တစ်ပိဿာကို ကျပ် ၂၀၀၀ မှကျပ် ၂၁၀၀ ဈေးရှိတယ်လို့ သိရပါတယ်။

**ဇေခိုင် (တောင်ကြီး)**

### ပြည်ချင်းဈေးကွက် အရောင်းအဝယ်အေး၊ အဝင်အေး

ပြည်ချင်းဈေးကွက်သို့ ယခုတစ်ပတ်အတွင်း အောင်ပန်း၊ တောင်ကြီး ဘက်မှ ချင်းများပိဿာ ၃၀ ဝင်အိတ် ၃၀ခန့်အဝင်ရှိပြီး၊ အခြားတိုင်းဖြစ်တဲ့ ဧရာဝတီတိုင်းဒေသကြီးနဲ့ ရခိုင်ပြည်နယ်ဘက်သို့ ပိဿာချိန် ၅၀ ခန့်ကို ဈေးကွက်မှတစ်ဆင့် နေ့စဉ်ပုံမှန်တင်ပို့ခဲ့ကြောင်း သိရပါတယ်။

ပြည်ချင်းဈေးကွက်ပွဲရုံများမှာ နယ်ဝယ်လက်များကို နေ့စဉ်ပိဿာချိန် ၂၀၀ ခန့်နဲ့ အရောင်းအဝယ် ပြုလုပ်လျက်ရှိပါတယ်။ ဈေးနှုန်းမှာ တစ်ပိဿာကို ချင်း(ရှယ်) ၁၂၀၀ ကျပ်၊ ၁၃၀၀ ကျပ် (ဂွန်) ၈၀၀ ကျပ်၊ ၉၀၀ ကျပ်တို့နဲ့ အသီးသီးရောင်းဝယ်လျက်ရှိပါတယ်။

**ဝင်းဝင်းခိုင်**



## နနွင်း

### အောင်ပန်းရော၊ ဟိုပုံးမှာပါ နနွင်း အရောင်းအဝယ်ပုံမှန်ရှိနေ

ဒီတစ်ပတ်တော့ အောင်ပန်းဈေးကွက်မှာ နနွင်းက ပုံမှန်အဝင်ရှိနေပါတယ်။ ဒီနှစ်က နနွင်းအထွက်နည်းပြီး ရာသီဥတုကြောင့် အထွက်နှုန်းနည်းတယ်လို့ သိရပါတယ်။ အရောင်းအဝယ်ကလည်း ပြည်တွင်းဝယ်လက်သာရှိပြီး၊ ပြည်ပဝယ်လက်သိပ်မရှိသေးပါဘူး။ ရန်ကုန်ဝယ်လက်တွေကသာ အဓိကဝယ်ယူပြီး ပြည်တွင်းသုံးဈေးပတ်သမားနဲ့ လက်လီသမားတွေသာ ဝယ်ယူမှုရှိနေပြီး ပုံမှန်အရောင်းအဝယ်ဖြစ်နေတယ်လို့ သိရပါတယ်။တစ်ပတ်အတွင်းမှာ ပိဿာချိန် ငါးသောင်းခွဲခန့်တော့ ဖြစ်နေတယ်လို့ ဈေးကွက် ကသိရပါတယ်။ အထွက်နှုန်းနည်းပေမယ့် လှောင်လက်တွေလက်ထဲမှာ ပစ္စည်းရှိတာကြောင့် လှောင်လက်တွေက ထုတ်ရောင်းနေကြတယ်လို့ ဆိုပါတယ်။ ဒီနှစ်က ဆင်တောင်၊ နနွင်းတောင် အစိုက်နည်းသွားတယ်လို့ သိရပါတယ်။ အောင်ပန်းဈေးကွက်မှာ နနွင်းပေါက်ဈေးက တစ်ပိဿာကို အနိမ့်ဆုံး ကျပ် ၁၀၀၀ မှ အမြင့်ဆုံးကျပ် ၂၀၀၀ ဈေးရှိပါတယ်။

ဟိုပုံးဈေးကွက်မှာလည်း အရောင်းအဝယ် ပုံမှန်ရှိနေပြီး၊ အောင်ပန်းဈေးကွက်ထက်တော့ ပစ္စည်းအဝင်ပိုရှိနေပါတယ်။ရန်ကုန်နဲ့စစ်တွေ ဝယ်လက်တွေ ဝယ်ယူနေလို့ တစ်ပတ်ကို နှစ်သောင်းခန့်တော့ ရောင်းနေရတယ်လို့လည်း ဆိုပါတယ်။ ဒီတစ်ပတ် ဟိုပုံးဈေးကွက်မှာ နနွင်းတစ်ပိဿာ ပေါက်ဈေးကို ကျပ် ၁၇၅၀ မှ ကျပ် ၁၈၅၀ ဈေးရှိတယ်လို့ သိရပါတယ်။

**ဇေခိုင် (တောင်ကြီး)**

### မူဆယ်ကုန်သွယ်ရေးဇုန်မှ နနွင်းတက် တန်နှစ်ရာကျော်တင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ ဧပြီ ၃၀ ရက်မှ မေ ၆ ရက်ကာလအတွင်း ကန်ဒေါ်လာ ၁၃၇၁ ဒသမ ၁၉၈ သန်းတန်ဖိုးရှိ နနွင်းတက် ၂၅၆ တန်ကျော်တင်ပို့ခဲ့ပါတယ်။ မူဆယ်မှာ နနွင်းတက် တစ်တန်ရဲ့ မိမိဘက်ပေါက်ဈေးက (ငွေလဲနှုန်းအရ) ကျပ် ၈၈၉၂၀၀ ဈေးရှိပါတယ်။

နနွင်းဥများကို စိုက်ပျိုးရာတွင် လယ်ယာမြေအနီးတွင်လည်းကောင်း၊ ကျွန်းမြေနှင့် မူးမြစ်ကမ်းဘေးများရဲ့ နေရာများ၌ မိုးရာသီမှာ စိုက်ပျိုးကြပြီး နိုဝင်ဘာ၊ ဒီဇင်ဘာလများတွင် တူးဖော်၍ နနွင်းဥများကိုပြန်လည်စိုက်ပျိုးမည့် နေရာများကို သယ်ကာကျန်နနွင်းဥများကို နနွင်းမှုန့်ပြုလုပ်ကြောင်း သိရှိရပါတယ်။

**မြင့်မြင့်မာ**

### စင်ကာပူသို့ နနွင်းတန်ချိန် ၉၀ ကျော်တင်ပို့

မေ ၁ ရက်မှ ၇ ရက်သီတင်းပတ်အတွင်း နနွင်း ၉၆ဒသမ၅ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ စင်ကာပူနိုင်ငံသို့ တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်က တင်ပို့ခဲ့တဲ့ တန်ချိန် ၂၁၀ ကျော်နဲ့နှိုင်းယှဉ်ရင် တန်ချိန်၁၂၀ ကျော်တင်ပို့မှုလျော့ခဲ့တယ်လို့ သိရပါတယ်။

ကာလတူကာလဖြစ်တဲ့ ၂၀၁၅ မေ ၁ ရက်မှ ၇ ရက်အတွင်းမှာ နနွင်းတန်ချိန် ၃၃၀ ကျော်အထိ တင်ပို့နိုင်ခဲ့တာကြောင့် ဒီနှစ်မှာ တန်ချိန်၂၃၀ ကျော်တင်ပို့မှု လျော့ခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ်နနွင်းတင်ပို့မှုမှ ကန်ဒေါ်လာ ၇၄၆၁၀ ဝင်ငွေရရှိခဲ့ပါတယ်။

**သီတာဝင်း(DOT)**

## မန်ကျည်း



### ပြည်မန်ကျည်းမှည့်ကို ရခိုင်မှတစ်ဆင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ပုံမှန်တင်ပို့

မေဒုတိယပတ်ရဲ့ ပြည်မန်ကျည်းမှည့်ပွဲရုံများတွင် ရခိုင်ဒေသမှ ပုံမှန်အဝယ်ရှိနေပြီး ဘင်္ဂလားဒေ့ရှ်သို့ တင်ပို့လျက်ရှိနေကြောင်း သိရပါတယ်။ မန်ကျည်းမှည့်ဈေးနှုန်းကတော့ ယခင်နှစ်စဉ်နှစ်တိုင်း မန်ကျည်းပေါ်ချိန် ဈေးကွက်ပေါက်ဈေးထက် ဈေးမြင့်ခဲ့တာကြောင့် ၂၀၁၆ ပြည် မန်ကျည်းမှည့် ပွဲရုံဈေးဟာ တစ်ပိဿာ ၁၆၀၀ ဈေးနဲ့ငြိမ်ပြီး ရောင်းဝယ်လျက်ရှိပါတယ်။ ယခုတစ်ပတ်မှာလည်း ပွဲရုံဈေးမှာ အတက်အကျမရှိ ဈေးငြိမ်နေပါတယ်။ ဒေသတွင်း လက်လီဈေးကတော့ အရောင်းအဝယ်လည်းသင့်တင့်ပြီး ဈေးအနည်းငယ်ကျလာတာ တွေ့ရပါတယ်။ မန်ကျည်းမှည့်တစ်ပိဿာဈေး ၁၈၀၀ ကျပ်ဖြစ်ပြီး ၂၀၀ ကျပ် ကျလာပါတယ်။ ဟသ်ာတ၊ မြန်အောင်၊ ကြံခင်း၊ ထုံးဘိုတို့မှဝင်ရောက်ပြီး တစ်ရက်လျှင် မန်ကျည်း ပိဿာချိန်၈၀၀ -၉၀၀ အရောင်းအဝယ်ဖြစ်ကြောင်းလည်း သိရပါတယ်။ နွေရာသီဖြစ်လို့ ဖျော်ရည်၊ အအေးဆိုင်များကြောင့် အရောင်းအဝယ်ဖြစ်နေကြောင်းလည်း သိရပါတယ်။

**နီနီဝင်း**

### ဒီတစ်ပတ် ပင်လယ်ရေကြောင်းမှ မန်ကျည်းတင်ပို့မှုလျော့

ဧပြီ ၁ ရက်မှ ၇ရက် သီတင်းပတ်အတွင်း မန်ကျည်း ၃၂၅ တန် ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့ပါတယ်။ ဒီတစ်ပတ်မှာ မလေးရှားနိုင်ငံသို့ တန်ချိန် ၅၀၊ ပါကစ္စတန်သို့ တန်ချိန် ၂၀၀၊ စင်ကာပူသို့ တန်ချိန် ၅၀ နဲ့ ဗီယက်နမ်သို့ ၂၅ တန် တင်ပို့ခဲ့တယ်လို့ သိရပါတယ်။

ယခင်သီတင်းပတ်မှာ တန်ချိန် ၇၄၀ ကျော် တင်ပို့နိုင်ခဲ့တာကြောင့် ဒီတစ်ပတ်တင်ပို့မှုနဲ့ယှဉ်ရင် တန်ချိန် ၄၁၀ ကျော် တင်ပို့မှု လျော့ခဲ့တယ်လို့ သိရပါတယ်။ မန်ကျည်းတင်ပို့မှုမှ ကန်ဒေါ်လာ၁၁၂၅၀၀ ဝင်ငွေရရှိခဲ့တယ်လို့ သိရပါတယ်။

**သီတာဝင်း (DOT)**

## ကြက်သွန်

### ပြည်ကြက်သွန်နီ အဝင်နည်း

ယခုတစ်ပတ်တွင် ပြည်ပတရုတ်ဝယ်လက်များက အောင်လံမြို့နယ် တောင်သူများထံ တိုက်ရိုက်ကွင်းဆင်းပြီး ကြက်သွန်နီများကို တစ်ပိဿာ ၄၅၀ ကျပ်နှုန်းနဲ့ ဝယ်ယူလျက်ရှိကြောင်း သိရပါတယ်။ ဝင်ရောက်မှုအနေနဲ့ အောင်လံစများသာ အဝင်ရှိနေပြီး တစ်ရက်ခြားလျှင် အိတ် ၅၀၀ ဆံ့ ကုန်ကားစီးရေ လေး၊ ငါးစီးခန့်သာဝင်ရောက်လျက်ရှိရာ သင်္ကြန်မတိုင်ခင်က ဝင်ရောက်မှုနဲ့ယှဉ်လျှင် အဝင်နည်းသွားကြောင်း သိရပါတယ်။

အရောင်းအဝယ်အားဖြင့် ဒေသတွင်း လက်လီအိတ်ဆွဲသမားများနဲ့သာ နေ့စဉ်ပိဿာ ၃၀ ဝင် အိတ် ၃၀၀ ခန့် ပုံမှန်ရောင်းဝယ်မှုရှိနေပါတယ်။ ဈေးနှုန်းမှာ လက်ကားတစ်ပိဿာလျှင် (ကြီး) ၅၅၀ ကျပ်၊ (လတ်) ၅၀၀ ကျပ်၊ (သေး) ၄၅၀ ကျပ်တို့ရှိပြီး မြို့နယ်အတွင်း လက်လီ ဈေးများတွင် (ကြီး) ၆၅၀ ကျပ်၊ (လတ်) ၆၀၀ ကျပ်၊ (သေး) ၅၀၀ ကျပ်တို့ဖြင့် ရောင်းဝယ်နေကြောင်း သိရပါတယ်။ ပြည်ဈေးကွက်လက်ကျန်အနေနဲ့ ပိဿာ ၃၀ ဝင်အိတ်တစ်သောင်းကျော် ကျန်ရှိကြောင်းလည်း သိရပါတယ်။

ပြည်ဒေသစိုက် ကြက်သွန်နီများအနေနဲ့ ပစ္စည်းရှားပါးချိန်သြဂုတ်၊ စက်တင်ဘာလများတွင် ဈေးမြင့်လေ့ရှိသဖြင့် တစ်ချို့တောင်သူများမှာ ဈေးကောင်းစောင့်လျက်ရှိပြီး တချို့မှာလည်း တစ်ပိဿာလျှင် ကြီးလတ်(ဂွန်) ၅၅၀ ကျပ်နဲ့ စားသုံးသူဆီ တိုက်ရိုက်ရောင်းချမှုများ ဆက်လက်ရှိနေကြောင်း သိရပါတယ်။



**ဝင်းလဲ့ဝါ (ပြည်)**

# မဲခေါင်ဒေသဖွံ့ဖြိုးတိုးတက်ရေး အတွက် ဂျပန်နိုင်ငံမှ ယန်း ဘီလီယံ ၇၀၀ ကျော်သုံးစွဲသွားမည်

0ifyyol(jr0wD



ဂျပန်နိုင်ငံခြားရေးဝန်ကြီး ဖူမီယိုကီရှီဒါ သည် ၎င်း၏ခရီးစဉ်အတွင်း အရှေ့တောင်အာရှ၏ မဲခေါင်ဒေသဖွံ့ဖြိုးတိုးတက်ရေးကို မြှင့်တင်ရာတွင် ပဏာမခြေလှမ်းအဖြစ် ယန်းဘီလီယံပေါင်းများစွာအား အသုံးပြုသွားမည်ဖြစ်ပြီး၊ ၎င်းအစီအစဉ်သည် ဗီယက်နမ်၊ လာအိုနှင့် ထိုင်းနိုင်ငံတို့၏ ဖွံ့ဖြိုးတိုးတက်မှုကိုပါ အထောက်အပံ့ပေးသွားမည်ဖြစ်ကြောင်း ဧပြီလအတွင်းက အသိပေးပြောကြားခဲ့သည်။

အရှေ့တောင်အာရှ၏ စီးပွားရေးကြွယ်ဝချမ်းသာမှုမှာ ဂျပန်နိုင်ငံအတွက်လည်း အရေးကြီးကြောင်းနှင့် နောက်ထပ် သုံးနှစ်အတွင်း ငွေကြေးထောက်ပံ့မှုအနေဖြင့် ဂျပန်ယန်း ၇၅၀ ဘီလီယံသုံးစွဲသွားမည်ကိုလည်း ထိုင်းနိုင်ငံ၊ ချူလာလောင်ကွန်းတက္ကသိုလ်၌ ထပ်လောင်းပြောဆိုခဲ့သည်။

အဆိုပါခြေလှမ်းစတင်မှုသည် အရှေ့တောင်အာရှနှင့် ဂျပန်နိုင်ငံတို့အကြား ငွေကြေးထောက်ပံ့မှုမှတစ်ဆင့် လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်မှုနှင့် အခြေခံအဆောက်အဦတည်ဆောက်ရေးတို့တွင် ဆက်သွယ်ချိတ်ဆက်မှုကို အထောက်အကူပြုသွားလိမ့်မည်ဖြစ်ကြောင်း၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန် လမ်း၊ တံတားများ တည်ဆောက်ခြင်းဖြင့် လူမှုဖွံ့ဖြိုးရေးနှင့် ကုန်ပစ္စည်းစီးဆင်းမှုတို့အပေါ် အထောက်အကူပြုနိုင်မည်ဖြစ်ပြီး၊ ဂျပန်နိုင်ငံအနေဖြင့်လည်း အခြေခံအဆောက်အဦ တည်ဆောက်ရေးတွင်သာမက ကျန်ကဏ္ဍများတွင်လည်း ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထည့်သွင်းပြောကြားခဲ့ပါသည်။ ထိုင်းနိုင်ငံသည် တိုယိုတာနှင့် ဟွန်ဒါတို့အတွက် အဓိကကုန်ထုတ်လုပ်ပေးသူနှင့် ကုန်တင်ပို့သူလည်း ဖြစ်လာခဲ့ပေသည်။ ထို့အပြင် မဲခေါင်ဒေသတွင်းနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်ရေးအတွက် ဂျပန်ယန်း ၇၅၀ ဘီလီယံကိုလာမည့် သုံးနှစ်အတွင်း သုံးစွဲသွားမည်မှာ သေချာကြောင်း၊ အသေးစိတ်အစီအစဉ်အား မကြေညာထားသေးသော်လည်း မဲခေါင်ဒေသတွင်းနိုင်ငံများနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်မှုအစီအစဉ်များ အပါအဝင် အသေးစိတ်ပြင်ဆင်မှုများအတွက် မူဘောင်တစ်ခု အား အတူတကွရေးဆွဲဖန်တီးသွားမည်ဖြစ်ကြောင်း၊ တရုတ်၊ ဗီယက်နမ်၊ ဖိလစ်ပိုင်နှင့် အခြားသောနယ်မြေပိုင်နက် အငြင်းပွားနေသော နိုင်ငံများပါဝင်သည့် တောင်တရုတ်ပင်လယ်ပိုင်နက် အငြင်းပွားမှု အေးချမ်းတည်ငြိမ်ခဲ့ပါက ကြွယ်ဝချမ်းသာမှု အလား အလာကောင်းများ ရရှိနိုင်ကြောင်းကိုလည်း ၎င်းက ပြောဆိုခဲ့ပါ သည်။

ထိုဒေသအနေဖြင့် အကြမ်းဖက်မှုများ၊ အစွန်းရောက်မှုများ၊ ပင်လယ်ရေကြောင်းသွားလာမှုနှင့် ပတ်သက်ပြီး၊ လုံခြုံစိတ်ချ သေချာစေရန်လိုအပ်ကြောင်း၊ အာဆီယံမိတ်ဖက်နိုင်ငံများ အနေဖြင့် ထိုကဲ့သို့သော အကြောင်းကိစ္စရပ်များကို ရင်ဆိုင်နေရပြီး၊ အတူတကွရင်ဆိုင်သွားရန်နှင့် ရေရှည်တည်ငြိမ်အေးချမ်းရေးကိုလည်း ထိန်းသိမ်းသွားရန်လိုအပ်ကြောင်းနှင့် ထိုကဲ့သို့ အကောင် အထည်ဖော်ရာတွင် အခြေခံကျသည့်ဥပဒေကိစ္စရပ်များနှင့် အပြန်အလှန် နားလည်မှုဆိုင်ရာအကြောင်းအချက်များကို ထည့်သွင်းစဉ်းစားသွားရန် လိုအပ်ကြောင်း ပြောကြားခဲ့သည်။

# ဝါးလုံးခေါင်းထဲမှာပဲ သာနေတော့မှာလား

|zef;armif;armif



ယနေ့ စီးပွားရေးလုပ်ငန်းလုပ်ကြရာမှာ ကုန်ထုတ်လုပ်ငန်းရော၊ ဝန်ဆောင်မှုလုပ်ငန်းရော အမျိုးမျိုးလုပ်ကိုင် နေကြပါတယ်။ ထုတ်လုပ်လိုက်တဲ့ ကုန်ချောပစ္စည်းတွေကလည်း တီထွင်ဆန်းသစ်တာက နည်းနည်း။ အားလုံးလိုလိုက မဲပြာပုဆိုး၊ အရင်အတိုင်း မိရိုးဖလာတွေထဲကနေ မဆန်းသစ်နိုင်၊ မဖန်တီးနိုင်ကြတာ တွေ့ရပါတယ်။

ဝန်ဆောင်မှုအပိုင်းတွေမှာလည်း ဒီလိုပါပဲ။ ကြော်ငြာတွေ၊ ရုပ်ပြတွေမှာ ကောင်းသလောက်၊ တကယ်တမ်းတော့ အပြည့်အဝ မဖြည့်ဆည်းနိုင်ကြပါဘူး။ မြန်မာလူမျိုးအများစုကလည်း “ကဲပါလေ . . ကိစ္စမရှိပါဘူး၊ ရပါတယ်။ သူလည်းစီးပွားရှာနေတာပဲ” ဆိုတဲ့သဘောထားနဲ့ ထွက်ပေါက်ပေးရင်းနဲ့ဝန်ဆောင်မှုအရည်အသွေးတွေ တက်မလာတော့ပါဘူး။

ဒါပေမဲ့ အခုတော့ ဒီလိုအနေအထားတွေအတိုင်း ဆက်ပြီး ပျော်မွေ့နေမယ်။ အိပ်ပျော်နေမယ်။ သာယာ နေမယ်ဆိုရင်တော့ နိုင်ငံတကာမှာ ကျွန်တော်တို့နိုင်ငံကို ရှေးဟောင်းပြတိုက်အဖြစ်ပဲ စိတ်ဝင်စားပြီး လာကြည့်ကြ ပါလိမ့်မယ်။

အခုဆိုရင် ခေတ်မီလာပါပြီ။ ICT လောကမှာ ဝင်ဆံ့လာပြီ။ ဒါဟာလည်း တိုးတက်မှုရဲ့ အသီးအပွင့်ပါပဲ။ ဒါပေမယ့် အဲဒီအသီးအပွင့်ကို စနစ်တကျအသုံးမပြုကြဘဲ လူမှုကွန်ရက်ကလေး သုံးရုံလောက်၊ ဖုန်းကလေး ထိုင်ပြော ရုံလောက်၊ Chatting လေး ထိုင်ပြောရုံလောက်နဲ့ ကျေနပ်မနေသင့်ပါဘူး။လောဘကြီး ကြစေလိုပါတယ်။

ကိုယ်ဘာလုပ်ငန်းလုပ်သလဲ၊ ဘယ်လိုဘယ်လောက်ထုတ်လုပ်နေသလဲ၊ ဘယ်လောက်ငွေကြေးပမာဏ ဝင်သလဲ၊ အရည်အသွေးအဆင့်အတန်းက ဘယ်လိုလဲဆိုတာ ကိုယ်ပဲအသိဆုံးပါ။ ဒါဆိုရင် လက်ကိုင်ဖုန်းထဲက အင်တာနက်မှာ မြန်မာရော၊ ကမ္ဘာမှာပါ နာမည်ရနေတဲ့ အမျိုးတူစီးပွားရေးလုပ်ငန်းတွေ ရှာကြည့်လိုက်ပါ။ ကိုယ်တို့ ဆီမှာ ဘာတွေလိုအပ်နေသလဲ။ အခြေအနေတွေ၊ အနေအထားတွေ နှိုင်းယှဉ်လိုက်ရင် အဖြေထွက်လာမှာပါ။

လိုအပ်ချက်တွေ၊ ခြားနားချက်တွေ တပုံတခေါင်းကြီးတွေ့ရမှာပါ။ ဒါတွေကိုခြုံငုံကြည့်ရင် ပမာဏများတယ်လို့ ထင်ရပေမယ့် တစ်ခုချင်း အချိန်ယူ ခွဲခြမ်းစိတ်ဖြာဖြေရှင်းကြည့်လိုက်ရင် နည်းလမ်းတွေထွက်လာပြီး အချိန်အတိုင်း အတာတစ်ခုမှာ ဖြေရှင်းပြီးဖြစ်သွားတတ်ပါတယ်။

အခုဆိုရင် အရင်က နိုင်ငံတကာမှာသွားရောက်နေထိုင် လုပ်ကိုင်သက်မွေးနေကြတဲ့ ပညာရှင်တော်တော်များများဟာ ပြည်တွင်းကိုပြန်လာနေကြပါပြီ။ သူတို့မှာ ပြည်ပအတွေ့အကြုံတွေပါလာကြပါတယ်။ ဟောပြောကြတဲ့ လူတွေလည်း ဟောပြောကြပါတယ်။ ဝေမျှကြပါတယ်။ သူတို့ဆီက တစ်သက်တာ အတွေ့အကြုံကို နေ့တစ်ပိုင်းလောက် ထိုင်နားထောင်လေ့လာရုံနဲ့ ယူတတ်တဲ့သူဆိုရင် သူဘာဆက်လုပ်ရမယ်ဆိုတာ တခါတည်းတန်းပြီး နားလည်သွားပါတယ်။

ကိုယ်တိုင်က ကိုယ်ပိုင်ရည်မှန်းချက် ပထမရှိဖို့ လိုပါတယ်။ ကိုယ့်ပစ္စည်း၊ ကိုယ့်ထုတ်ကုန်ဟာ နိုင်ငံတကာဈေးကွက်မှာ ရှိတဲ့ပစ္စည်းနဲ့နှိုင်းစာရင် မယှဉ်နိုင်ဘူးဆိုတာ ရှင်းရှင်းလင်းလင်းခံယူထားရပါမယ်။ ဒါမှလည်း သူတို့လိုဖြစ်အောင်၊ သူတို့ထက်ကောင်းအောင်၊ ဘယ်နေရာမှာ ဘာတွေထပ်ဖြည့်ရမယ်။ သုတေသနတွေ ထပ်လုပ်ရမယ်။ ဘာတွေလိုအပ်နေသေးတယ်ဆိုတာတွေကို ပေါ့ပေါ့ပါးပါး တွေ့လာမှာဖြစ်ပါတယ်။

ဒါကြောင့် လ ဟာသာမယ်ဆိုရင် တစ်လောကလုံးအတွက် သာစေမယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ သာသင့်ပါတယ်။ ဝါးလုံးခေါင်းထဲမှာ ဆိုရင်တော့ ကိုယ့်ပတ်ဝန်းကျင်လောက်ပဲ မဆိုစလောက်လင်းတဲ့ ပိုးစုန်းကြူးသာသာပဲ ဖြစ်မှာပါ။

စီးပွားရေးလုပ်ငန်းရှင်ကြီး၊ငယ်၊ ရွယ်၊ လတ်၊ သေး၊ မွှားတွေကို တိုက်တွန်းချင်တာက ဘာပဲထုတ်ထုတ်၊ ပြည်ပဈေးကွက်ဝင်သည်အထိ မျှော်မှန်းပြီး ထုတ်လုပ်ကြစေလိုပါတယ်။

ဘာလဲ၊ ကိုယ့်ပမာဏ၊ ကုန်ကြမ်း၊ ငွေကြေးအတွက် အားငယ်ပြီး နှမ်းတစ်စေ့နဲ့ဆီမဖြစ်ဘူးလို့ပြောချင်တာလား၊ ခင်ဗျားပတ်ဝန်းကျင်မှာ မျိုးနွယ်တူနှမ်းစေ့တွေအများကြီးရှိနေတာပဲ၊ ပေါင်းစပ် လိုက်ကြစမ်းပါ။ ဆီတွေထွက်လာပါလိမ့်မယ်။ စည်းလုံးခြင်းသည် အင်အားပေ့ါ။

ယခုလည်း နိုင်ငံတကာမှာ ဈေးကွက်ဝင်အဆင့်အတန်းမြင့်မားတဲ့ ထုတ်ကုန်တွေ ထုတ်လုပ်တင်ပို့ နေကြတာတွေ့နေရပါတယ်။ သူတို့ဘာတွေအားသာကြလို့လဲ။ ကုန်ကြမ်း၊ အရည်အသွေး၊ ပမာဏလား၊ ငွေကြေး အရင်းအနှီးလား၊ နည်းပညာလား၊ အဆက်အသွယ်လား၊ ဈေးကွက်လား၊ သူတို့တစ်ဦးတစ်ယောက်ကတောင် လုပ်နိုင်ရင် ငါတို့အသင်းအဖွဲ့အနေနဲ့ ဘာလို့မလုပ်နိုင်ရမှာလဲ။ ဒါဟာ ကောင်းသော ယှဉ်ပြိုင်ခြင်းလို့ ဆိုချင်ပါတယ်။

ဘဝခရီးလမ်းပန်းမှာ တက်စရာတောင်တွေ အရွယ်မျိုးစုံ၊ ပုံစံမျိုးစုံ ကြုံတွေ့ကြရမှာပါ။ တောင်ထိပ်ကို ကြည့်ပြီး စိတ်ပျက်အားငယ်ဖို့ မဟုတ်ပါဘူး။ ခြေလှမ်းစိပ်စိပ် ဇွဲရှိရှိနဲ့ကြိတ်ပြီးတက်ကြရမှာပါ။ အဆင်းမှာလည်း သတိရှိကြ ရမှာဖြစ်ပါတယ်။

ဒါကြောင့် ယနေ့စီးပွားရေး ဈေးကွက်မှာ ပြည်တွင်းမှာ နေရာတစ်နေရာရဖို့အတွက်ကို ရည်ရွယ်ရုံမျှမက၊ နိုင်ငံတကာဈေးကွက်မှာ Made in Myanmar ဆိုပြီး ဝင်ဆံ့နိုင်အောင် ဝိုင်းဝန်းကြိုးပမ်းကြပါစို့လို့ . . . ။

# ဓာတ်ဆီ/ဒီဇယ်

## ဒီတစ်ပတ် ဓာတ်ဆီ၊ ဒီဇယ် ၅၀ တန်ကျော်သာဝင်

မေ ၁ ရက်မှ ၇ ရက် သီတင်းပတ်အတွင်း ပင်လယ်ရေကြောင်းလမ်းမှ ကန်ဒေါ်လာ ၉၅၃၈၃၇ တန်ဖိုးရှိ ဒီဇယ် ၄၀ဒသမ ၈၇၅ တန်နဲ့ ကန်ဒေါ်လာ ၇၇၆၃၈၀ တန်ဖိုးရှိ ဓာတ်ဆီ ၁၇ ဒသမ ၉၁၃ တန်တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ် ဒီဇယ်၊ ဓာတ်ဆီအဝင် မရှိခဲ့ဘဲဒီတစ်ပတ်မှ ပြန်လည် တင်သွင်းခဲ့တာ ဖြစ်ပါတယ်။

ပြည်တွင်းပုဂ္ဂလိက စက်သုံးဆီဆိုင်များမှာ ရောင်းချနေတဲ့ဓာတ်ဆီ၊ ဒီဇယ်ဈေးများက တောင်ကြီးနဲ့ မော်လမြိုင်၊ ရန်ကုန်မှာ ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပြင်ပမှာ လက်လီရောင်းချနေတဲ့ဒီဇယ်၊ ဓာတ်ဆီပီပါဈေးများမှာလည်း ယခင်တစ်ပတ်ဈေးနှင့်နှိုင်းယှဉ်ကြည့်ရင် ရန်ကုန်မှာ ဓာတ်ဆီဈေးငြိမ်နေပြီး၊ ဒီဇယ်ဝယ်ဈေး အနည်းငယ်မြင့်လာတယ်လို့သိရပါတယ်။

**ရန်ကုန်ဈေးကွက်မှာ** ပုဂ္ဂလိက စက်သုံးဆီဆိုင်များမှာ ရောင်းချနေတဲ့ အောက်တိန်း(92)၊အောက်တိန်း (95)၊ ဒီဇယ်နဲ့ အဆင့်မြင့်ဒီဇယ်မှာဈေးအနည်းငယ်မြင့်နေတယ်လို့သိရပါတယ်။ ဒီတစ်ပတ် ပုဂ္ဂလိကစက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ဈေးမှာဒီဇယ်၅၀၀ ကျပ်၊အောက်တိန်း (92) ၅၅၀ ကျပ်၊ အောက်တိန်း (95) ၆၅၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် ၅၄၀ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ မေ ၉ ရက် ဒီဇယ်ဝယ်ဈေး ၉၅၀၀၀ ကျပ်၊ရောင်းဈေး၉၈၀၀၀ကျပ်ဈေးရှိခဲ့ပြီး ၁၀ ရက်တွင် ရောင်းဈေး၁၀၀၀ ကျပ်ဈေးမြင့်လာခဲ့ပါတယ်။ မေ ၁၂ ရက်တွင်းရောင်းဈေးငြိမ်နေသော်လည်း ဝယ်ဈေး ၂၀၀၀ ကျပ်ဈေးမြင့်ပြီး အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ဓာတ်ဆီပီပါဈေးမှာ မေ ၉ ရက်တွင် ဝယ်ဈေး ၁၃၇၀၀၀ ကျပ်၊ ရောင်းဈေး ၁၄၀၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ တစ်ပတ်လုံး ဒီဈေးနဲ့ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ တစ်ဂါလန်ဈေးမှာ ဒီဇယ်ရော ဓာတ်ဆီပါ တစ်ဂါလန် ၃၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**မန္တလေးဈေးကွက်မှာ** ဓာတ်ဆီ၊ ဒီဇယ်က ပုံမှန်အရောင်းအဝယ်ရှိနေတယ်။ ပုဂ္ဂလိကဆိုင်များတွင် ရောင်းချနေတဲ့ဈေးမှာ ဓာတ်ဆီ၊ ဒီဇယ်၊ အဆင့်မြင့်ဒီဇယ်နဲ့ အောက်တိန်းမှာ ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ပုဂ္ဂလိကစက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ဈေးမှာ ဓာတ်ဆီတစ်လီတာ ၆၇၀ကျပ်၊ ဒီဇယ် ၅၂၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် ၅၆၀ ကျပ်၊ အောက်တိန်း (92) ၆၀၀ ကျပ်နဲ့ ရောင်းချနေပါတယ်။ပြင်ပလက်လီဆိုင်များမှာအရောင်းအဝယ် ဖြစ်နေတဲ့ ပီပါဈေးများမှာ မေလ ၉ ရက် ဒီဇယ် ဝယ်ဈေး ၉၉၀၀၀ ကျပ်၊ ရောင်းဈေး ၁၀၁၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ ၁၀ ရက်မှာ ဝယ်ဈေး၊ ရောင်းဈေး ၃၀၀၀ ကျပ် ဈေးကျလာတယ်လို့ သိရပါတယ်။ ဓာတ်ဆီဈေးမှာ မေ ၁၂ ရက်တွင် ဝယ်ဈေး ၉၈၀၀၀ ကျပ်၊ ရောင်းဈေး ၁၀၀၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များတွင် တစ်ဂါလန်ဈေးမှာ ဒီဇယ် ၂၁၀၀ကျပ်၊ ဓာတ်ဆီ ၂၆၀၀ ကျပ်နဲ့အရောင်းအဝယ်ဖြစ်တယ်လို့သိရပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** ပုဂ္ဂလိကစက်သုံးဆီဆိုင်ရဲ့ ဓာတ်ဆီ ၊အောက်တိန်း ဒီဇယ်မှာ ဈေးငြိမ်နေတယ်လို့သိရပါတယ်။ဒီတစ်ပတ် ပုဂ္ဂလိကဆိုင်မှာ ရောင်းချနေတဲ့ ဈေးများ က ဓာတ်ဆီတစ်ဂါလန် ၃၀၀၀ ကျပ်၊ ဒီဇယ်တစ်ဂါလန် ၂၃၄၀ကျပ်၊ အောက်တိန်း ၂၆၁၀ ကျပ်နဲ့ ရောင်းချတယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ ဓာတ်ဆီတစ်ဂါလန် ၃၁၀၀ကျပ်၊ ဒီဇယ် တစ်ဂါလန် ၂၅၀၀ ကျပ်၊ အောက်တိန်းတစ်ဂါလန် ၂၇၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်နေတယ်လို့ သိရှိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** ဓာတ်ဆီ၊ ဒီဇယ်ကပုံမှန် အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ စက်သုံးဆီဈေးများမှာလည်း ဆက်လက်ဈေးငြိမ်နေခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ်ပုဂ္ဂလိက ဆိုင်မှာ ရောင်းချနေတဲ့ဈေးများက ဓာတ်ဆီ တစ်ဂါလန် ၂၅၀၀ကျပ်၊ ဒီဇယ်တစ်ဂါလန် ၂၃၀၀ကျပ်နဲ့ အရောင်း အဝယ်ဖြစ် တယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ ဓာတ်ဆီတစ်ဂါလန် ၂၆၀၀ ကျပ်၊ ဒီဇယ် တစ်ဂါလန် ၂၃၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**MIRT-DOT**



### Energy NYMEX 13-5-2016

| | Price | Change | Change % |
|---|---|---|---|
| WTI Crude Future (USD/bbl.) | 46.33 | -0.37 | -0.79 |
| Brent Crude Futr (USD/bbl) | 47.81 | -0.27 | -0.56 |
| Gasoline Rbob Fut (Cent/gal) | 157.48 | -0.85 | -0.54 |
| Natural Gas Futr (USD/MMBtu) | 2.11 | -0.04 | -1.90 |
| Heating Oil Futr (Cent/gal) | 138.79 | -0.61 | -0.44 |



## ပြည်တွင်းငွေလဲနှုန်းများ တည်ငြိမ်လျက်ရှိ

ယခုတစ်ပတ်အတွင်း ပြည်တွင်းငွေလဲနှုန်းများသည် တည်ငြိမ်လျက်ရှိကြောင်း ဈေးကွက်အတွင်းမှ သိရှိရသည်။ ယခုတစ်ပတ် ဈေးစဖွင့်သည့်နေ့ မေ ၉ရက်တွင် အကျဈေးဖြင့် ဈေးဖွင့်ခဲ့သည်။ နောက်ရက် မေ ၁၀ ရက်တွင် ဈေးမြင့်တက်ခဲ့သော်လည်း နောက်ပိုင်းတွင် ဈေးအတက်အကျ အနည်းငယ်ဖြင့်သာ အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း ဈေးကွက်အတွင်းမှ သိ ရှိရသည်။

“ဒီတစ်ပတ် ငွေလဲနှုန်းက ဈေးစဖွင့်တဲ့ရက်တုန်းက ဈေးအကျနဲ့ ဈေးဖွင့်ခဲ့သလို အဲဒီနေ့က ဈေးပြန်ပိတ်တော့လည်း ဈေးအကျနဲ့ပဲ ပြန်ပိတ်တာ။ ဒါပေမယ့် နောက်နေ့ မေ ၁၀ ရက်မှာတော့ ဈေးပြန်တက်လာတယ်။ ဈေးပြန်တက်လာတော့ ဈေးကွက်ထဲမှာ အရောင်းအဝယ်ပြန်ဖြစ်လာတယ်။ စတော့ရှယ်ယာဈေးတွေကျလာတော့ ငွေလဲနှုန်းက ပြန်ပြီးမြင့်တက်လာတယ်။ အခု အစိုးရက မြန်မာငွေတန်ဖိုး ခိုင်မာအောင်လုပ်မယ်လို့ ပြောထားတော့ ဈေးကွက်ထဲမှာ ဈေးကစားတဲ့သူတွေ သိပ်ပြီးဈေးမကစားရဲဘူးဖြစ်နေတယ်။ ဒီတစ်ပတ်ဖြစ်ပေါ်နေတဲ့ဈေးက ကုန်သည်တွေအတွက်ရော ပြည်သူတွေအတွက်ပါ မျှတမယ့်ဈေးလို့ ထင်ပါတယ်။ အားလုံးအတွက် လုပ်သာကိုင်သာရှိတဲ့ ဈေးနှုန်းတစ်ရပ်ပါ။ ဒါကို ထိန်းထားနိုင်ရင်တော့ မြန်မာငွေတန်ဖိုးကျဆင်းမှုကို အနည်းနဲ့အများ ထိန်းထားနိုင်မှာပါ”ဟု ကုန်သည်တစ်ဦးက ပြောကြားခဲ့သည်။

ပြည်တွင်းငွေလဲနှုန်းများသည် မေ ၉ ရက်က ရောင်းဈေး ၁၁၆၉ ကျပ်၊ ဝယ်ဈေး ၁၁၆၄ ကျပ်ရှိခဲ့ပြီး မေ ၁၀ ရက်က ရောင်းဈေး ၁၁၇၃ ကျပ်၊ ဝယ်ဈေး ၁၁၆၈ ကျပ်သို့မြင့်တက်ခဲ့သည်။ မေ ၁၃ ရက်တွင် ရောင်းဈေး ၁၁၇၃ ကျပ်၊ ဝယ်ဈေး ၁၁၆၉ ကျပ်ဖြင့် ရောင်းဝယ်ခဲ့သည်။ **မယ်သီတာ**

## မြန်မာ့ရွှေဈေး ဈေးအမြင့်တွင်သာ ဆက်လက်ရှိနေ

ယခုတစ်ပတ်တွင် ပြည်တွင်း၌ ရွှေဈေးရောင်းဝယ်မှုများမှာ ဈေးအမြင့်ဖြင့်သာ အရောင်းအဝယ်ပြုလုပ်နေကြောင်း သိရသည်။

ပြည်တွင်းရွှေဈေးသည် အတက်အကျအနည်းငယ်သာရှိနေပြီး ကျပ် ၇၉၀၀၀၀ တွင်သာ တန့်နေကြောင်း၊ ကမ္ဘာ့ရွှေဈေးမှာမူ အတက်အကျများရှိနေကြောင်း၊ သို့သော် ပြည်တွင်းတွင် ရှယ်ယာဈေးများ ကျဆင်းနေမှုကြောင့် ရွှေဈေးကွက်တွင် ဈေးနှုန်းများတန့်နေရခြင်းဖြစ်ကြောင်းရွှေဈေးကွက်အတွင်းမှ သိရှိရသည်။

“ဒီတစ်ပတ်ကတော့ ရွှေဈေးကွက်ထဲမှာ အရောင်းအဝယ်က သိပ်မဖြစ်ဘူး။ အထည်ပိုင်းလောက်ပဲ နည်းနည်းပါးပါးဖြစ်တယ်။ ဈေးက အတက်အကျနည်းနည်းလောက်ပဲ ရှိတာဆိုတော့ ဈေးကွက်ထဲမှာ အရောင်းအဝယ်သိပ်မဖြစ်ဘူး။ ငွေလဲနှုန်းကလည်း တော်တော်လေးကို ငြိမ်နေတယ်။ ဒီတစ်ပတ်က အက်ဖ်အမ်အိုင်ရဲ့ စတော့ရှယ်ယာဈေးက ကျသွားတော့ ရွှေဈေးကွက်ကို အဲဒီဂယက်က နည်းနည်းရိုက်ခတ်မှုရှိခဲ့တယ်။ ဒါကြောင့်လည်း ရွှေဈေးကွက်မှာ ဈေးတွေ ငြိမ်နေရတာပါ။ ဈေးငြိမ်သလိုအရောင်းအဝယ်လည်း တော်တော်လေးကို ငြိမ်ပါတယ်”ဟု ရွှေကုန်သည် ဦးစံမြင့်က ဆိုသည်။

ပြည်တွင်းရွှေဈေးသည် မေ ၉ ရက်က ကျပ် ၇၉၂၅၀၀ ရှိခဲ့ပြီး မေ ၁၁ ရက်တွင် ကျပ် ၇၉၀၀၀၀ သို့ အနည်းငယ်ကျဆင်းခဲ့သည်။မေ ၁၃ ရက်တွင် ကျပ် ၇၉၁၀၀၀ သို့ အနည်းငယ်ပြန်လည်မြင့်တက်ခဲ့သည်။

ကမ္ဘာ့ရွှေဈေးသည် မေ ၉ရက်တွင် ၁၂၇၉ ဒေါ်လာရှိခဲ့ပြီး မေ ၁၁ ရက်တွင် ၁၂၆၉ ဒေါ်လာသို့ကျဆင်းခဲ့သည်။ မေ ၁၂ ရက်တွင် ၁၂၇၆ ဒေါ်လာသို့ ပြန်လည်မြင့်တက်ခဲ့သော်လည်း မေ ၁၃ ရက်တွင် ၁၂၆၇ ဒေါ်လာသို့ ပြန်လည်ကျဆင်းခဲ့သည်။

**မယ်သီတာ**

### Currency Exchange Rate

May 13, 2016
Base Currency is United States Dollar - USD

| Currency Unit | | Units per USD |
|---|---|---|
| AUD | Australia Dollars | 1.37 |
| BDT | Bangladesh Taka | 78.11 |
| CAD | Canada Dollars | 1.29 |
| CNY | China Yuan Renminbi | 6.52 |
| EUR | Euro | 0.88 |
| H KD | Hong Kong Dollars | 7.76 |
| I NR | India Rupees | 66.76 |
| I DR | Indonesia Rupiahs | 13326.26 |
| JPY | Japan Yen | 108.60 |
| MYR | Malaysia | 4.03 |
| PKR | Pakistan Rupees | 104.65 |
| PHP | Philippines Pesos | 46.59 |
| RUB | Russia Rubles | 65.21 |
| SGD | Singapore Dollars | 1.37 |
| KRW | South Korea Won | 1172.03 |
| LKR | Sri Lanka Rupe | 145.67 |
| THB | Thailand Baht | 35.41 |
| GBP | United Kingdom Pounds | 0.69 |
| VND | VietnamDon | 22316.45 |

*Source : xe.com*

### World Gold Price

May, 2016 (USD/OZ)

| Date | NY | London | Zurich |
|---|---|---|---|
| 9 | 1276 | 1280 | 1277 |
| 10 | 1262 | 1264 | 1265 |
| 11 | 1270 | 1271 | 1271 |
| 12 | 1270 | 1271 | 1271 |
| 13 | 1271 | 1272 | 1271 |

### Domestic Gold Price

Kyats(Thousand)

| Date | Yangon | Mandalay |
|---|---|---|
| 9-5- 2016 | 792.00 | 792.00 |
| 10-5- 2016 | 789.00 | 788.80 |
| 11-5- 2016 | 790.00 | 790.90 |
| 12-5- 2016 | 792.50 | 792.40 |
| 13 -5- 2016 | 792.00 | 791.00 |

### နယ်စပ်ငွေလဲလှယ်နှုန်း

မေလ ၂၀၁၆ (1US$)

| ရက် | တရုတ် (ယွမ်) | ထိုင်း (ဘတ်) | ဘင်္ဂလားဒေ့ရှ် (တာကာ) | အိန္ဒိယ (ရူပီး) |
|---|---|---|---|---|
| 9 | 6 .51 | 35.13 | 78.35 | 66.49 |
| 10 | 6. 52 | 35.24 | 78.39 | 66.71 |
| 11 | 6 51 | 35.21 | 78.34 | 66.69 |
| 12 | 6 .51 | 35.27 | 78.30 | 66.69 |
| 13 | 6.52 | 35.41 | 78.11 | 66.76 |

### World Metal Price (US$)

| Date | Silver/Oz | Zinc/Ton | Aluminium/Ton | Copper/Ton | Platinum/Oz |
|---|---|---|---|---|---|
| 9 - May | 17.32 | 1863.90 | 1596.45 | 4812.19 | 1067.00 |
| 10 -May | 16.97 | 1870.40 | 1587.26 | 4809.73 | 1042.00 |
| 11- May | 17.30 | 1893.25 | 1581.44 | 4809.50 | 1061.00 |
| 12 -May | 17.29 | 1943.65 | 1571.14 | 4829.89 | 1058.00 |
| 13 -May | 17.09 | 1909.15 | 1561.73 | 4740.74 | 1053.00 |

Source:kitco.com

## ဘိလပ်မြေ

### တရုတ်၊ အိန္ဒိယနဲ့ထိုင်းမှ ဘိလပ်မြေတန်ချိန်သုံးသောင်းကျော်ဝင်

မေ ၁ ရက်မှ ၇ ရက် သီတင်းပတ်အတွင်း ကန်ဒေါ်လာ ၂၉၃၀၅၀၆တန်ဖိုးရှိ ဘိလပ်မြေ ၃၅၉၂၄ ဒသမ ၇၄၆ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ်မှာ အိန္ဒိယ မှ ၁၇၀၀ ဒသမ ၀၂၆ တန်၊ တရုတ်နိုင်ငံမှ ၁၆၈တန်နဲ့ ထိုင်းနိုင်ငံမှ ၃၄၀၅၆ ဒသမ ၇၂ တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ်မှာ ထိုင်းနိုင်ငံနဲ့ အိန္ဒိယမှ အများဆုံး တင်သွင်းခဲ့ပါတယ်။ ယခင်သီတင်းပတ် ဘိလပ်မြေအဝင်မှာ တန်ချိန် တစ်သိန်းကျော် ရှိခဲ့တာကြောင့် ဒီတစ်ပတ်အဝင်နဲ့ယှဉ်ရင်တန်ချိန် ၆၈၃၀၀ကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။

### ဘိလပ်မြေဈေးကွက် ပုံမှန် အရောင်းအဝယ်ဖြစ်

မေ ၁ ရက်မှ ၇ ရက် သီတင်းပတ်မှာ ပြည်တွင်းကို ရေလမ်းမှ ဘိလပ်မြေအဝင်မှာ ၃၅၉၂၄ တန်ကျော်ရှိခဲ့တယ်လို့ သိရပါတယ်။ ယခင်တစ်ပတ် ဘိလပ်မြေအဝင်မှာ ၁၀၄၂၄၃ တန်ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၆၈၃၀၀ ကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။ နယ်စပ်လမ်းမှ ဘိလပ်မြေအဝင်မှာ တန်ချိန် ၂၇၅၄၈ ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ်အဝင်မှာ တန်ချိန် ၃၀၇၂၉ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာတန်၃၁၈၀ ကျော်အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ရေလမ်းမှရောနယ်စပ်လမ်းမှပါ ဘိလပ်မြေ အဝင်လျော့ခဲ့ပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** ဘိလပ်မြေက အရောင်းအဝယ်ကောင်းပေမယ့် ဈေးနှုန်းအပြောင်းအလဲ မရှိဘူးလို့ အိမ်ဆောက်ပစ္စည်း ရောင်းဝယ်ရေးဆိုင်မှ တာဝန်ရှိသူတစ်ဦးက ဆိုပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ် နေတဲ့ ဈေးမှာ ဆင်(ထိုင်း) ၅၃၅၀ ကျပ်၊ ကြံ့(မြိုင်ကလေး) ၄၈၅၀ ကျပ်၊ စိန် (ထိုင်း) ၅၁၇၅ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်း ရောင်းဝယ်ရေးဆိုင်မှ သိရှိရပါတယ်။

**မန္တလေးဘိလပ်မြေဈေးကွက်မှာ** အရောင်းအဝယ် ပုံမှန်ရှိတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်မှာ စိန်(ထိုင်း)၊ဆင်(ထိုင်း)နဲ့ မြန်မာဆင်က ဈေးအနည်းငယ်မြင့်လာပြီး ကျန်ဘိလပ်မြေများက ယခင်ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ဒီတစ်ပတ် အရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာ အေသုံးလုံး ၅၀၀၀ ကျပ်၊ မြန်မာဆင် ၄၆၀၀ ကျပ်၊ဆင်မင်း(ကျောက်ဆည်)၄၅၀၀ ကျပ်၊ကျားခေါင်း၄၅၀၀ ကျပ်၊မြင်းခေါင်း ၄၅၀၀ ကျပ်၊ ဆင်(ထိုင်း)၇၃၀၀ ကျပ်၊ စိန်(ထိုင်း) ၇၂၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့သိရပါတယ်။

**ရန်ကုန်ဈေးကွက်မှာ** ဘိလပ်မြေက ပွင့်လင်းရာသီကြောင့် ဒီတစ်ပတ်မှာ အရောင်းအဝယ်ပုံမှန်ရှိနေပြီး ဈေးက ငြိမ်နေတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာ ဆင် (ထိုင်း) ၆၂၀၀ကျပ်၊ စိန် ၆၁၀၀ ကျပ်၊ ကြံ့နှစ်ကောင်(နီ) ၅၇၀၀ကျပ်၊ ကြံ့နှစ်ကောင် (စိမ်း) ၅၅၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဘိလပ်မြေ အရောင်းဆိုင်မှ စုံစမ်းသိရှိခဲ့ပါတယ်။



သီတာဝင်း (DOT) စုစည်းသည်

## ဓာတ်မြေသြဇာ

### ယခင်တစ်ပတ်ထက် ရေကြောင်းမှ ဓာတ်မြေသြဇာ တန်ချိန် ၂၉၀၀ကျော် အဝင်နည်း

မေ ၁ ရက်မှ ၇ ရက် သီတင်းပတ်အတွင်း ကန်ဒေါ်လာ၁၀၆၂၆၉၈တန်ဖိုးရှိ မြေသြဇာ ၅၀၁၄ ဒသမ ၁၁၄ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ်မှာ တရုတ်နိုင်ငံမှ ၃၃၂၂ တန်၊ ဂျပန်နိုင်ငံမှ ၁၉ တန်၊ မလေးရှားနိုင်ငံမှ ၄၃ ဒသမ ၂၀ တန်၊ စင်ကာပူမှ ၇၃၀ ဒသမ ၄၁၄ တန်၊ထိုင်းနိုင်ငံမှ ၈၇၂ ဒသမ ၅၀ တန်နဲ့ ဗီယက်နမ်နိုင်ငံမှ ၂၇ တန်တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ တင်သွင်းခဲ့တဲ့ အမျိုးအစားများမှာ ရွှေနဂါးမြေသြဇာ၊ တော့ဖ်ဝမ်းမြေသြဇာ၊ နိုက်တြိုဂျင်၊ ကွန်ပေါင်း၊ ရွှေတောင်သူ၊ Foliar Liquid. Bulk Blent နဲ့ Lotus Globe တို့ တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်မြေသြဇာ အဝင်မှာတန်ချိန် ၇၉၀၀ကျော်ရှိခဲ့တာကြောင့် တန်ချိန် ၂၉၀၀ကျော်တင်သွင်းမှုလျော့ခဲ့တယ်လို့ သိရပါတယ်။

### မြေသြဇာဈေးကွက် အရောင်းအေးနေ

မေ ၁ ရက်မှ ၇ ရက် သီတင်းပတ်အတွင်း ပြည်တွင်းကို ရေလမ်းမှ မြေသြဇာ တန်ချိန် ၅၀၁၄ တန်အဝင်ရှိခဲ့ပြီး ယခင်တစ်ပတ်မှာ ၇၉၉၄တန်ဝင်ခဲ့တာကြောင့်ဒီတစ်ပတ်မှာ တန်ချိန် ၂၉၀၀ ကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။ နယ်စပ်လမ်းမှ ယခုတစ်ပတ် မြေသြဇာအဝင်မှာ ၁၆၇၃၃ တန် ကျော်ရှိခဲ့ပြီး၊ ယခင်တစ်ပတ်အဝင်မှာ ၁၈၂၁၆ တန်ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၁၄၈၀ ကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့်ဒီတစ်ပတ်မှာ ရေလမ်းရော နယ်စပ်လမ်းမှပါ မြေသြဇာအဝင်လျော့ခဲ့ပါတယ်။

ပြည်တွင်းဈေးကွက်များဖြစ်တဲ့ မန္တလေး၊ မော်လမြိုင်၊ မကွေးမှာ ဈေးငြိမ်ပြီး တောင်ကြီးမှာ မြေဆီဈေးနည်းနည်းကျလာတယ်လို့သိရပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** မြေသြဇာက ဒီတစ်ပတ် ရောင်းအားတက်တယ်လို့ သိရပါတယ်။ဒီတစ်ပတ်မှာ ပုလဲ-အသေး ၄၆%(ရွှေတုံး၊ ရွှေပျား၊ ရွှေတောင်) က ၄၀၀ ကျပ်၊ ကွန်ပေါင်း ၁၅ ပတ်လည်(ပန်းရောင်)က ၁၀၀၀ ကျပ်ဈေးမြင့်လာတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ပုလဲအသေး ၄၆% (ရွှေတုံး၊ ရွှေပျား၊ ရွှေတောင်) (တရုတ်) ၂၁၆၀၀ ကျပ်၊ ကွန်ပေါင်း (အစိမ်း) ၁၅ ပတ်လည် (ထိုင်း) ၃၆၅၀၀ ကျပ်၊ ကွန်ပေါင်း (ပန်းရောင်) ၁၅ပတ် လည် (ထိုင်း) ၃၁၀၀၀ ကျပ်၊ကွန်ပေါင်း ၁၆း၁၆း၈ (မြင်းပျံ-ထိုင်း)၂၉၀၀၀ ကျပ်၊တီစူပါ ၄၆%(သံကွင်း-တရုတ်) ၂၁၅၀၀ ကျပ်၊ တီစူပါ ၁၆% (မြားကမ္ဘာ-တရုတ်) ၁၂၅၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ စုံစမ်းရရှိခဲ့ပါတယ်။

**မန္တလေးဈေးကွက်မှာ** မြေသြဇာများက အရောင်းအဝယ်အေးတယ်လို့ သိရပါတယ်။ စိုက်ပျိုးမှုနည်းနေတာကြောင့် ဝယ်အားလည်းနည်းနေတယ်လို့ စိုက်ပျိုးရေးအရောင်းဆိုင်မှ တာဝန်ရှိသူတစ်ဦးက ပြောပါတယ်။ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ယူရီးယား(ရွှေတောင်-တရုတ်)၂၀၀၀၀ ကျပ်၊ ယူရီးယား (ပန်းဖူး-တရုတ်)၂၁၈၀၀ ကျပ်၊ တီစူပါ (GTSP ၄၆%-တရုတ်)၂၀၉၀၀ ကျပ်၊ ကွန်ပေါင်း ၁၀း၁၀း၅ ၁၅၅၀၀ ကျပ်ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဈေးကွက်အတွင်းမှ စုံစမ်းသိရပါတယ်။

**မကွေးဈေးကွက်မှာ** မြေသြဇာ အရောင်းအေးသလို ဈေးလည်းငြိမ်နေတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေ တဲ့ဈေးမှာ မြားကမ္ဘာ-တရုတ် ၁၂း၁၃ (အပြာ) ၁၆၀၀၀ ကျပ်၊ မြားကမ္ဘာ-တရုတ် ၁၂း၁၃ (အစိမ်း) ၁၆၆၀၀ ကျပ်၊ ဆင် ၁၀း၁၀း၅ ၁၆၀၀၀ ကျပ်၊ အာမို ၁၀း၁၀း၅ ၁၄၅၀၀ကျပ်၊ အာမို ၁၅း၁၅း၁၅ ၃၈၅၀၀ ကျပ်၊ အာမို ၁၆း၁၆း၈ ၃၅၀၀၀ ကျပ်၊ ယူရီးယား-ပုလဲ (ပန်းဖူး-တရုတ်)၂၃၅၀၀ ကျပ်၊ ယူရီးယား -ပုလဲ (ရွှေတောင်-တရုတ်) ၂၁၅၀၀ ကျပ်၊ ယူရီးယား ၁၈၀၀၀ ကျပ်၊ အောင်ကမ္ဘာ ၁၀း၁၀း၅ ၁၇၅၀၀ ကျပ်၊ တီစူပါ ၂၁၀၀၀ ကျပ်၊ တောင်သူမ ၁၆၀၀၀ ကျပ်ဈေးရှိတယ်လို့ မြေသြဇာအရောင်းဆိုင်မှ စုံစမ်းသိရှိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** မြေသြဇာက ဒီတစ်ပတ်မှာ အရောင်းအေးသလို ဈေးလည်း ငြိမ်နေတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ယူ ရီးယား (ကမ္ဘာလုံး-တရုတ်) ၂၀၅၀၀ ကျပ်၊ ယူရီးယား (ပန်းဖူး-တရုတ်) ၂၄၀၀၀ ကျပ်၊ တီစူပါ ၁၂% (တရုတ်) ၁၃၀၀၀ ကျပ်၊ တီစူပါ ၁၆% (တရုတ်) ၁၂၀၀၀ ကျပ်၊ တီစူပါ ၁၅း၁၅း၁၅ (တရုတ်) ၃၈၀၀၀ကျပ်၊ တီစူပါ ၁၀း၁၀း၅ (တရုတ်)၁၇၀၀၀ ကျပ်၊ဓာတ်ဆား (တရုတ်) ၁၇၅၀၀ ကျပ်၊ ပိုတက် (တရုတ်) ၂၄၅၀၀ကျပ်၊ ယူရီးယား(ယူအေအီး) ၁၉၈၀၀ကျပ်၊ မြားကမ္ဘာ၁၇၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဈေးကွက်အတွင်းမှ စုံစမ်းသိရှိရပါတယ်။

## နို့ဆီ/နို့မှုန့်

### နို့ဆီတန်ချိန်၄၄၀ ကျော်နဲ့ နို့မှုန့် တန်ချိန် ၁၄၀ ကျော်ဝင်

မေ၁ ရက်မှ ၇ ရက် သီတင်းပတ်အတွင်း နို့ဆီ ၄၄၈ဒသမ ၂၄၂ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ်မှာ ဒွန်းနို့ဆီနဲ့ ကောင်းနို့ဆီတို့ ဝင်လာခဲ့ပါတယ်။ ယခင်သီတင်းပတ် နို့ဆီအဝင်မှာ တန်ချိန် ၃၁၀ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်တင်ပို့မှုနဲ့ယှဉ်ရင် တန်ချိန် ၁၃၀ ကျော် ပိုမိုတင်သွင်းနိုင်ခဲ့တယ်လို့ သိရပါတယ်။

နို့မှုန့်က နယူးဇီလန်မှ ၉၉ဒသမ ၉၇၅ တန်၊စင်ကာပူမှ ၁၂ ဒသမ၀၀၅ တန်၊အမေရိကန်မှ ၁၉ ဒသမ ၉၇၅ တန်နဲ့ ဗီယက်နမ်မှ ၁၀ဒသမ၄၆၆ တန် တင်သွင်းခဲ့တယ်လို့သိရပါတယ်။ ယခင်သီတင်းပတ် နို့မှုန့်အဝင်မှာ တန်ချိန် ၅၆၀ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်တင်ပို့မှုနှင့်ယှဉ်ရင်တန်ချိန်၄၂၀ကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဘိလပ်မြေတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၃၀/၄ မှ ၆/၅ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၂၃/၄ မှ ၂၉/၄ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၁၅၉၈၇.၉၅ | ၁၂၈၃.၇၃ | (+) | ၃၁၅.၂၂ |
| ၂။ | လွယ်ဂျယ် | ၈၂၀.၀၀ | ၁၇၁၅.၀၀ | (-) | ၉၀၅.၀၀ |
| ၃။ | ချင်းရွှေဟော် | - | - | | - |
| ၄။ | ကန်ပိုက်တီး | ၃၂၅၀.၀၀ | ၄၆၄၉.၀၀ | (-) | ၁၃၉၉.၀၀ |
| ၅။ | တာချီလိတ် | ၉၀၀၀.၀၀ | ၁၁၀၀၀.၀၀ | (-) | ၂၀၀၀.၀၀ |
| ၆။ | မြဝတီ | ၁၃၃၉.၇၀ | ၂၃၉၄.၈၀ | (-) | ၁၀၅၅.၁၀ |
| ၇။ | ကော့သောင်း | ၈၂၅၀.၀၀ | ၉၃၅၂.၀၀ | (-) | ၁၁၀၂.၀၀ |
| ၈။ | မြိတ် | ၃၃၀၀.၀၀ | ၃၃၅.၀၀ | (-) | ၂၉၆၅.၀၀ |
| ၉။ | မောင်တော | - | - | | - |
| | စုစုပေါင်း | ၂၇၅၄၈.၆၅ | ၃၀၇၂၉.၅၃ | (-) | ၃၁၈၀.၈၈ |

မြင့်မြင့်မာ

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဓာတ်မြေသြဇာတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၃၀/၄ မှ ၆/၅ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၂၃/၄ မှ ၂၉/၄ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၁၅၈၈၇.၉၅၀ | ၁၂၈၆၃.၇၀၀ | (+) | ၃၀၂၄.၂၅၀ |
| ၂။ | လွယ်ဂျယ် | ၃၆၄.၂၅၀ | ၆၇၆.၀၀၀ | (-) | ၃၁၁.၇၅၀ |
| ၃။ | ချင်းရွှေဟော် | - | ၂၅၅၀.၀၀၀ | (-) | ၂၅၅၀.၀၀၀ |
| ၄။ | တာချီလိတ် | - | - | | - |
| ၅။ | မြဝတီ | ၄၄၁.၆၄၀ | ၈၀၆.၄၉၄ | (-) | ၃၆၄.၈၁၄ |
| ၆။ | ကော့သောင်း | | ၁၂၀.၀၀၀ | (-) | ၁၂၀.၀၀၀ |
| ၇။ | မြိတ် | ၄၀.၀၀၀ | ၂၀၀.၀၀၀ | (-) | ၂၀၀.၀၀၀ |
| ၈။ | ရိဒ် | | ၁၀၀၀.၀၀၀ | (-) | ၉၆၀.၀၀၀ |
| | စုစုပေါင်း | ၁၆၇၃၃.၈၄၀ | ၁၈၂၁၆.၁၉၄ | (-) | ၁၄၈၂.၃၅၄ |

တင်တင်ထွန်း

## နှမ်း

### မူဆယ် ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်မှ နှမ်းဖြူ (အခွံချွတ်)နဲ့ နှမ်းလှော်များတင်ပို့

ဧပြီ ၃၀ ရက်မှ မေ ၆ ရက်အထိရက်သတ္တတစ်ပတ်အတွင်း မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်မှ စုစုပေါင်း တန်ဖိုး ကန်ဒေါ်လာ သုည ဒသမ ၀၂၂ သန်းဖိုးရှိ နှမ်းဖြူ (အခွံချွတ်) ၁၃ တန်ခွဲနဲ့ နှမ်းလှော် ၂တန်ခွဲ တင်ပို့နိုင်ခဲ့ပါတယ်။ ယခင်သီတင်းပတ်က တင်ပို့မှုမရှိဘဲ ယခုသီတင်းပတ်မှသာ တင်ပို့နိုင်ခဲ့တာဖြစ်ပါတယ်။ မူဆယ်ကုန်စည်ဒိုင်ရဲ့ ယခုတစ်ပတ် နှမ်းတစ်တန်ဈေးနှုန်းမှာ ၁၄၁၉၉၁၁ ကျပ်ဖြစ်ပြီး ယခင်တစ်ပတ်ထက် ဈေးအနည်းငယ်မြင့်တက်သွားတယ်လို့ သတင်းရရှိပါတယ်။

**မြင့်မြင့်မာ**

### ပြည်ဈေးကွက်မှာ နှမ်းနီနဲ့ နှမ်းနက် ဈေးငြိမ်ပြီး စမုံနက်နှမ်းဈေးကျ

ယခုတစ်ပတ် ပြည်ဈေးကွက်တွင် ပြည်ပတင်ပို့ရန် ဝယ်လက်များ အဝယ်သိပ် မရှိသဖြင့် စမုံနက်နှမ်းဈေးကျပြီး၊ နှမ်းနီနဲ့ နှမ်းနက်ဈေးမှာ ယခင်အတိုင်း ဈေးငြိမ် နေတာတွေ့ရပါတယ်။ နှမ်းနီကို ဆီစက်များက ပုံမှန်အဝယ်ရှိနေသော်လည်း ဈေးကျမသွားဘဲ ငြိမ်နေတာတွေ့ရပါတယ်။ ယခုတစ်ပတ်တွင် နှမ်းနီတစ်တင်း ၂၃၀၀ ကျပ်နဲ့ နှမ်းနက်တစ်တင်း ၃၃၀၀၀ ကျပ်ဈေးနဲ့ ယခင်တစ်ပတ်ကအတိုင်း ဈေးငြိမ် နေပြီး စမုံနက်နှမ်း တစ်တင်းလျှင် ၅၀၀၀၀ ကျပ်နဲ့ ရောင်းဝယ်နေတာကြောင့် ယခင်တစ်ပတ်နဲ့ နှိုင်းယှဉ်ပါက တစ်တင်းကို ၁၂၀၀၀ ကျပ် ဈေးကျလာတာ တွေ့ရပါတယ်။

**ဝေဝေမင်း**

## စားအုန်းဆီ

### စားအုန်းဆီဝယ်လိုအား မြင့်တက်မှုနဲ့ ပဲပုပ်ဈေးမြင့်တက်မှုကြောင့် စားအုန်းဆီဈေးနှုန်းများ ရက်သတ္တပတ် သုံးပတ်အတွင်း အမြင့်ဆုံးကိုရောက်ရှိ

စားအုန်းဆီဝယ်လိုအားက ခြောက်ရက်အနက် လေးရက်မြင့်တက်ခဲ့ခြင်းကြောင့်လည်းကောင်း၊ ပဲပုပ်ဆီဈေးများကလည်း ပြန်လည်မြင့်တက်လာခြင်းကြောင့်လည်းကောင်း မလေးရှားစားအုန်းဆီဈေးက မေ ၁၁ ရက်မှာ သုည ဒသမ ၇ ရာခိုင်နှုန်းမြင့်တက်ခဲ့ကြောင်း ဘီရီကော်ဒါသတင်းမှာ ဖော်ပြခဲ့ပါတယ်။

ဘာဆာမလေးရှား ကုန်စည်ဒိုင် (Bursa Malaysia Derivatives Exchange) မှာ ဇူလိုင်အတွက် ကြိုတင် စာချုပ်ချုပ်တဲ့ မလေးရှားစားအုန်းဆီဈေးနှုန်းက မေ ၁၁ ရက် ညနေဈေးပိတ်ချိန်မှာ သုည ဒသမ ၇ ရာခိုင်နှုန်းမြင့်တက်ပြီး တစ်တန်ကို ၂၆၈၀ ရင်းဂစ် (အမေရိကန်ဒေါ်လာ ၆၆၅) နှုန်းအထိ ရောက်ရှိခဲ့ပါတယ်။ တစ်နေ့အတွင်း အမြင့်ဆုံးနှုန်းက တစ်တန်ကို ၂၇၁၇ ရင်းဂစ်နှုန်းမြင့်တက်ခဲ့ရာ ဧပြီ ၂၂ ရက် နောက်ပိုင်းအမြင့်ဆုံးနှုန်း ဖြစ်ခဲ့ပါတယ်။ အရောင်းအဝယ်ဖြစ်တဲ့ ပမာဏက ညနေပိုင်းမှာ ၂၅ တန်ရှိအတွဲပေါင်း ၆၃၄၉၆ တွဲ ရှိခဲ့ပါတယ်။

"စားအုန်းဆီတင်ပို့မှုအခြေ အနေကအတော်ကောင်းနေတဲ့အတွက် မလေးရှားနိုင်ငံရဲ့ သိုလှောင် လက်ကျန်လည်း ထပ်မံကျဆင်းလိမ့်မယ်လို့ ခန့်မှန်းပါတယ်။ အာဂျင်တီနားနိုင်ငံမှာလည်း ရာသီဥတုပြဿနာတွေ ရှိနေတဲ့အတွက် ပဲပုပ်ဖြန့်ဖြူးမှုကလည်း ကျဆင်းနိုင်ပါတယ်"လို့ ကွာလာလမ်ပူ အခြေစိုက်ကုန်သည်တစ်ဦးက ပြောပါတယ်။

ထုတ်လုပ်မှုတိုးတက်နှုန်းက ခန့်မှန်းထားတာထက် ကျဆင်းတဲ့အတွက် ဧပြီလမှာ မလေးရှားပြည်တွင်း သိုလှောင်လက်ကျန်က ၄ ဒသမ ၅ ရာခိုင်နှုန်း ကျဆင်းကြောင်း မေ ၁၀ ရက်က ထုတ်ပြန်တဲ့ ကိန်းဂဏန်းများအရ သိရပါတယ်။

ထုတ်လုပ်မှုကိုနှိုင်းယှဉ်ကြည့်ရင် ယခင်နှစ်ကာလတူက ၁၃ ဒသမ ၂ ရာခိုင်နှုန်းမြင့်တက်ပြီး တန်ချိန် ၁ ဒသမ ၆၉ သန်းရှိရာမှ ယခုနှစ်ဧပြီမှာ မတ်လနဲ့ နှိုင်းယှဉ်ရင် ၆ ဒသမ ၇ ရာခိုင်နှုန်း တိုးတက်ပြီး တန် ၁ ဒသမ ၃၀ သန်းရှိ ခဲ့ပါတယ်။ တချိန်တည်းမှာ ပို့ကုန်တွေကလည်း ဆက်လက်မြင့်တက်ခဲ့ပါတယ်။

မေ ၁ ရက်မှ ၁၀ ရက်အထိ စားအုန်းဆီတင်ပို့မှုက ယခင်ကာလတူနဲ့ နှိုင်းယှဉ်ရင် ၂၁ ဒသမ ၉ ရာခိုင်နှုန်း မြင့်တက်ပြီး ၃၉၁၂၂၂ တန်ရှိခဲ့ကြောင်း ကုန်စည်စစ်တမ်းကောက်ယူရေး အေဂျင်စီ Intertek Testing Services က မေ ၁၀ ရက်က ထုတ်ပြန်ခဲ့ပါတယ်။ စစ်တမ်းကောက်ယူရေးအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ Societe Generalede Survie llance ရဲ့ ထုတ်ပြန်ချက်အရ ကာလတူအတွင်း တင်ပို့မှုက ၃၂ ဒသမ ၃ သန်း မြင့်တက်ခဲ့ပါတယ်။

အခြားဟင်းရွက်ဆီတစ်မျိုးဖြစ်တဲ့ ပဲပုပ်ဆီဈေးကို ကြည့်ပါက တရုတ်နိုင်ငံ ဒါလီယံကုန်စည်ဒိုင် (Dalian Commodity Exchange) မှ စက်တင်ဘာအတွက်ချုပ်ဆိုတဲ့ ပဲပုပ်ဆီဈေးက ၃ ဒသမ ၃ ကျဆင်းပြီး အမေရိကန်နိုင်ငံ ချီကာဂိုကုန်သွယ်ရေးဘုတ်အဖွဲ့မှာ ဇူလိုင်အတွက်ချုပ်ဆိုတဲ့ စာချုပ်ဈေးက သုည ဒသမ ၀၃ ရာခိုင်နှုန်းကျဆင်းပါတယ်။

**ဉာဏ်တင်**

### ရန်ကုန်အပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းများတွင် ဧပြီလ ၃၀ ရက်အထိ လာရောက်ထုတ်ယူခြင်းမရှိသည့် ယာဉ်ယန္တရားအစီးရေပေါင်း တစ်သောင်းကျော်ရှိ

ရန်ကုန်မြို့ရှိ အပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းများဖြစ်သည့် ထီးတန်းဆိပ်ကမ်း၊ အေးရှားဝေါလ်ဆိပ်ကမ်း၊ အလုံအပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်း၊ မြန်မာစက်မှုဆိပ်ကမ်း၊ ဆူးလေဆိပ်ကမ်း၊ ဗိုလ်အောင်ကျော်ဆိပ်ကမ်း၊ Myanmar Intergated Port Ltd. နှင့် မြန်မာအပြည်ပြည်ဆိုင်ရာသီလဝါဆိပ်ကမ်းတို့တွင် ဧပြီ ၃၀ ရက်အထိ လာရောက်ထုတ်ယူခြင်းမရှိသည့် ယာဉ်၊ယန္တရားပေါင်းမှာ စီးရေ တစ်သောင်းကျော်ရှိကြောင်း မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ရုံးမှ သိရသည်။

ဆိပ်ကမ်းအလိုက် လာရောက်ထုတ်ယူခြင်းမရှိသည့် ယာဉ်ယန္တရားများမှာ ထီးတန်းဆိပ်ကမ်းတွင် လေးစီး၊ အေးရှားဝေါလ်ဆိပ်ကမ်းတွင် တစ်စီး၊ အလုံအပြည်ပြည်ဆိုင်ရာဆိပ်ကမ်းတွင် ကိုးစီး၊ မြန်မာစက်မှုဆိပ်ကမ်းတွင် ၁၉၇ စီး၊ ဆူးလေဆိပ်ကမ်းတွင် ၁၉၅ စီး၊ ဗိုလ်အောင်ကျော်ဆိပ်ကမ်းတွင် သုံးစီး၊ Myanmar Integrated Port Ltd. တွင် ၂၄၉၄ စီး၊ မြန်မာအပြည်ပြည်ဆိုင်ရာ သီလဝါဆိပ်ကမ်းတွင် ၉၅၁၅ စီး၊ စုစုပေါင်း ယာဉ်ယန္တရားစီးရေ ၁၂၄၁၈ စီး ရှိကြောင်း သိရသည်။

**မယ်သီတာ**

### ပြည်တွင်းဆီဈေးနှုန်းများ (၁၃-၅-၂၀၁၆)

ကျပ်/ပိဿာ

| မြို့အမည် | ပဲဆီ | | | နှမ်းဆီ | | | စားအုန်းဆီ | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| နေပြည်တော် (ပျဉ်းမနား) | ၄၂၀၀ | ၄၂၀၀ | □ | ၄၀၀၀ | ၄၀၀၀ | □ | ၁၇၅၀ | ၁၇၅၀ | □ |
| ရန်ကုန် | ၄၅၀၀ | ၄၅၀၀ | □ | ၄၆၀၀ | ၄၆၀၀ | □ | ၁၅၆၅ | ၁၅၉၅ | △ |
| မန္တလေး | ၄၀၀၀ | ၄၀၀၀ | □ | ၃၂၀၀ | ၃၄၀၀ | □ | ၁၆၇၀ | ၁၇၃၀ | □ |
| ပဲခူး | ၄၀၀၀ | ၄၀၀၀ | □ | ၅၀၀၀ | ၅၀၀၀ | □ | ၁၆၅၀ | ၁၆၅၀ | □ |
| မကွေး | ၄၀၀၀ | ၄၀၀၀ | □ | ၃၇၀၀ | ၃၇၀၀ | △ | ၁၉၀၀ | ၁၉၀၀ | □ |
| မုံရွာ | ၄၄၀၀ | ၄၄၀၀ | □ | ၃၆၀၀ | ၃၆၀၀ | □ | ၁၇၂၀ | ၁၇၂၀ | □ |
| စစ်တွေ | ၄၀၀၀ | ၄၀၀၀ | □ | ၄၀၀၀ | ၄၀၀၀ | □ | ၂၁၀၀ | ၂၁၀၀ | □ |

*Source: mirt*




### မလေးရှားစားအုန်းဆီ အပတ်စဉ်ပျမ်းမျှ (FOB) ဈေးနှုန်း

၁၃-၅-၂၀၁၆ US$/Ton

| အမျိုးအစား | မေလပထမပတ် | မေလဒုတိယပတ် | နှိုင်းယှဉ်ချက် |
|---|---|---|---|
| RBD P.Oil | ၆၉၃.၀၀ | ၆၈၃.၅၀ | ▽ |
| RBD P.Olein | ၇၀၃.၀၀ | ၆၉၄.၀၀ | ▽ |
| RBD P.Strarin | ၆၂၅.၀၀ | ၆၁၆.၀၀ | ▽ |

*Source: econ.mpob*

### ပြည်ပမှတင်သွင်းလာသော စားအုန်းဆီများ ရန်ကုန်ဆိပ်ကမ်းအရောက် တစ်ပိဿာအရင်းဈေးတွက်ချက်ပုံ (၁၃- ၅ -၂၀၁၆ )နေ့

| အကြောင်းအရာ | တွက်ချက်နှုန်း | တစ်ပိဿာကုန်ကျစရိတ် (ကျပ်) Cloud Point 8˚CMax |
|---|---|---|
| CIF ဈေး | (CIFx USD)/ 612 | ၁၄၃၁.၃၇ |
| FDA ထောက်ခံစာ | 58 .20/ 612 | ၀.၁၀ |
| သွင်းကုန်လိုင်စင်ကြေး | 50/ 612 | ၀.၀၈ |
| L/C စရိတ် | (1500 x 0.25% x USD)/612 | ၃.၅၈ |
| Bill စရိတ် | (CIF x 0.50% x USD )/612 | ၇.၁၆ |
| စားအုန်းဆီအလျော့ | 0.5% x လက်ကားဈေး | ၇.၉၈ |
| ဆီကန်သိုလှောင်ထိန်းသိမ်းခ | 5/ -1% | ၄.၉၅ |
| ကုန်သွယ်လုပ်ငန်းခွန် | (FOB x USD x 1.2 x 5%) 612 | ၆၉.၁၈ |
| ဆိပ်ကမ်းခွန် | (50000/ 1000) 612 | ၀.၀၈ |
| MITS စစ်ဆေးခ (FDA အပါအဝင်) | | ၀.၆၀ |
| အခွန်လျာထား | (CIF x 35/-)/ 612 | ၄၂.၇၉ |
| ဆိပ်ကမ်းကပ်ခ | (3x USD )/ 612 | ၅.၇၃ |
| | ရန်ကုန်ဆိပ်ကမ်းအရောက် အရင်းဈေး | ၁၅၇၃.၆၉ |

မှတ်ချက်။

၁။ အထက်ပါတွက်ချက်မှုမှာ ၁၃-၅-၂၀၁၆ နေ့ (CIF ဈေး Cloud Point 8 ˚C Max ၇၅၀ ဒေါ်လာ၊ FOB ၇၂၅ ဒေါ်လာနှင့် USD ဈေး ၁၁၆၈ ကျပ်) ဖြင့်တွက်ချက်ထားခြင်း ဖြစ်ပါသည်။

၂။ ၁၃-၅-၂၀၁၆)နေ့ ဝယ်ယူပြီးနောက် ၁၀ ရက်ခန့်အကြာ ရန်ကုန်ဆိပ်ကမ်းရောက်ရှိမည့် ဈေးဖြစ်ပါသည်။

၃။ တင်သွင်းလာသော ကုမ္ပဏီ၏ အမြတ်၊ ဆိပ်ကမ်းမှ ဖြန့်ဖြူးမည့် ဈေးကွက်အရောက် သယ်ယူစရိတ်၊ လုပ်သားခ၊ လက်လီဆိုင်များ၏အမြတ်များ မပါဝင်သေးပါ။

၄။ ငွေလဲနှုန်း တစ်ဒေါ်လာကို ဒေါ်လာဈေး ၁၁၆၈ ကျပ်ဖြင့် တွက်ချက်ထားပါသည်။

၅။ ကုန်သွယ်လုပ်ငန်းခွန်မှာ ယခင် သုညရာခိုင်နှုန်းဖြစ်ပြီး ယခု ၅ ရာခိုင်နှုန်း ဖြစ်ပါသည်။

၆။ ဆိပ်ကမ်းကပ်ခမှာ ယခင်ကောက်ခံခြင်းမရှိပါ။ ယခုတစ်တန်လျှင် အမေရိကန် ၃ ဒေါ်လာနှုန်း ကောက်ခံပါသဖြင့် ထည့်သွင်းတွက်ချက်ပါသည်။

၇။ နိုင်ငံခြားစားအုန်းဆီ FOB နှင့် CIF ဈေးနှုန်းများ အပါအဝင် ဖော်ပြပါဈေးနှုန်းများသည် အချိန်နှင့်အမျှ အတက်အကျ အပြောင်းအလဲ ရှိနိုင်ပါသည်။

# မြန်မာ့အလှကုန်ဈေးကွက်ကို မြှင့်တင်နိုင်ဖို့ ကိုရီးယားအလှကုန်ဈေးကွက်ကို အတုယူစို့









( ရီလင်းထွဋ် ) မုံရွာ

အာဆီယံ SMEs လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အာဆီယံ-ကိုရီးယားစင်တာမှ ကြီးမှူး၍ အာဆီယံ ကိုရီးယားနည်းပညာ ပူးပေါင်းဆောင်ရွက်ရေး အလုပ်ရုံဆွေးနွေးပွဲ(အလှကုန်ပစ္စည်းကဏ္ဍ) ကို တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့တွင် မေ ၂၅ ရက်မှ ၂၉ ရက်အထိ ကျင်းပပြုလုပ်ရာ အာဆီယံနိုင်ငံများမှ အလှကုန်ပစ္စည်းလုပ်ငန်းရှင်တစ်ဦးနှင့် အစိုးရဘက်မှ တစ်ဦးစီတက်ရောက်ခဲ့ကြပါတယ်။ ဒီအလုပ်ရုံ ဆွေးနွေးပွဲရဲ့ ရည်ရွယ်ချက်ကတော့ အလှကုန်ပစ္စည်းထုတ်လုပ်မှု၊ ဈေးကွက်ထိုးဖောက်နိုင်မှုနှင့် ထုပ်ပိုးမှုနည်းပညာများကို မျှဝေဖလှယ်နိုင်စေရန်နှင့် အာဆီယံနှင့် ကိုရီးယားနိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်တည်ဆောက်နိုင်စေရန်ဖြစ်ပါတယ်။ တောင်ကိုရီးယားနိုင်ငံအနေနဲ့ ဒီနှစ်မှာ အဓိကကဏ္ဍအဖြစ်အလှကုန်ကဏ္ဍကို ရွေးချယ်ထားကြောင်း၊ AEC ကို စတင်အကောင်အထည်ဖော်နေပြီဖြစ်ရာ အာဆီယံစီးပွားရေးအသိုက်အဝန်းရဲ့ ထုတ်လုပ်မှုကိုအခြေခံတဲ့ တစ်ခုတည်းသော ဈေးကွက်မှတစ်ဆင့် အခြားကမ္ဘာ့ဈေးကွက်ကြီးများသို့ ထိုးဖောက်နိုင်အောင် ပူးပေါင်းဆောင်ရွက်သွားမှာဖြစ်ကြောင်း သိရပါတယ်။

အာဆီယံ-ကိုရီးယားစင်တာဟာ အာဆီယံနဲ့ ကိုရီးယားနိုင်ငံအချင်းချင်းကုန်သွယ်မှုနှင့် ရင်းနှီး မြှုပ်နှံမှု တိုးမြှင့်စေရန်၊ ခရီးသွားလုပ်ငန်းနဲ့ ယဉ်ကျေးမှုများ ကူးသန်းဆက်ဆံရေးတိုးမြှင့်စေရန် ရည်ရွယ်ဆောင်ရွက်လျက်ရှိပါတယ်။ ဒီခရီးစဉ်မှာ ဆွေးနွေးပွဲ၊ ကုန်စည်ပြပွဲတက်ရောက်ခြင်းနဲ့ သက်ဆိုင်ရာ လုပ်ငန်းများသို့ လေ့လာရေးသွားရောက်ခြင်းတို့ ပါဝင်ပါတယ်။ ဆွေးနွေးပွဲမှာ ကိုရီးယား ပညာရှင်နဲ့ လုပ်ငန်းရှင်များက သူတို့ရဲ့အတွေ့အကြုံ အလှကုန်နှင့် ပတ်သက်သည့်သမိုင်းကြောင်း၊ အရေးပါမှု အခြေအနေများကို ရှင်းလင်းပြောကြားပြီး တက်ရောက်လာသည့်အာဆီယံအဖွဲ့ဝင်နိုင်ငံ အသီးသီးကလည်း မိမိတို့နိုင်ငံရဲ့ အလှကုန်ပစ္စည်းထုတ်လုပ်ရောင်းဝယ်မှု လုပ်ငန်းဆိုင်ရာနှင့် မိမိထုတ်ကုန်ရဲ့ ယှဉ်ပြိုင်နိုင်မှုစွမ်းအားတွေကို မျှဝေရှင်းလင်းဆွေးနွေးခဲ့ကြပါတယ်။

ကိုရီးယားလူမျိုးများက အလှအပနှင့် ပတ်သက်ပြီး စိတ်ဓာတ်ပြင်းထန်သူများဖြစ်သဖြင့် ရုပ်ရှင်ဂီတမှ တစ်ဆင့် Korea Wave ကို ကမ္ဘာတစ်ဝန်း နာမည်ကျော်ကြားအောင် ကြိုးပမ်းလိုကြောင်း၊ အာရှရဲ့ အလှဖန်တီးရှင်များဖြစ်လိုကြောင်း၊ လူကြီးလူငယ် ကျား၊မ ခွဲခြားကာ အရွယ်အလိုက်ကြိုက်နှစ်သက်တဲ့ အမျိုးအစားများကို လေ့လာခွဲခြားထုတ်လုပ်ကြောင်း၊ ဖြန့်ဖြူးရမည့် ဈေးကွက်နိုင်ငံရဲ့အကြိုက်ကိုလည်း စနစ်တကျလေ့လာ၍ ဖြန့်ဖြူးတင်ပို့ကြကြောင်း၊ ထုတ်လုပ်ရာတွင် သုံးစွဲသည့်ပါဝင်ပစ္စည်းများကိုလည်း သဘာဝအပင်ပစ္စည်း၊ အဆင့်မြင့် ဓာတုပစ္စည်း၊ တိရစ္ဆာန်နှင့် အစားအသောက်အခြေခံပစ္စည်းများကို သုတေသနပြုလုပ်၍ ကုန်ကြမ်းအဖြစ်သုံးစွဲကြောင်း၊ လိမ်းခြယ်ရန်အလှပြင်ပစ္စည်းကိရိယာများကိုလည်း အသစ်အဆန်းများတီထွင်ထုတ်လုပ်ကြောင်း အလှအပရေးရာ ပါမောက္ခတစ်ဦးက K Beauty နဲ့ ပတ်သက်ပြီး ပြောကြားပါတယ်။

> ကိုရီးယားအလှကုန်ပစ္စည်းထုတ်လုပ်ခြင်းရဲ့ အားသာချက်များကတော့ အခြေခံ အဆောက်အအုံများကောင်းမွန်ခြင်း၊ နည်းပညာများရှိခြင်းနဲ့ ကမ္ဘာ့ဈေးကွက်ကို ဝင်ရောက်နိုင်ခြင်းတို့ ဖြစ်ပါတယ်။

ယနေ့ခေတ်မှာ Brand Market Competitionတွေအရမ်းများလာပြီဖြစ်တာကြောင့် ကိုယ်လုပ်မယ့် လုပ်ငန်းဟာလည်း ဈေးကွက်ထိုးဖောက်ယှဉ်ပြိုင်နိုင်ဖို့အတွက် နာမည်ကြီး အမှတ်တံဆိပ်ဖြစ်ဖို့လိုအပ်လာပါတယ်။ ကိုရီးယားရဲ့ Branding Strategies အကြောင်းရှင်းပြ ရာမှာ အမှတ်တံဆိပ်တစ်ခုအောင်မြင်ဖို့ ဖြန့်ချိရေးနည်းလမ်း၊ ဈေးနှုန်း၊ ယုံကြည်မှုအပေါ် မူတည်ပြီး ရာသီအလိုက် နွေရာသီအတွက် တစ်မျိုး ဆောင်းရာသီအတွက် တစ်မျိုးထုတ်လုပ်ခြင်း၊ တစ်ခုတည်းနဲ့ အမျိုးမျိုးအဖုံဖုံအသုံးပြုနိုင်အောင် ထုတ်လုပ်ခြင်းတို့ ဆောင်ရွက်ကြောင်း သိရပါတယ်။

ထုပ်ပိုးမှုနည်းစနစ်ပိုင်းမှာတော့ အဓိကအနေနဲ့ ပစ္စည်းရဲ့ဓာတ်မပျက်အောင်ကာကွယ်ဖို့ရယ်၊ အသုံးပြုကိုင်တွယ်ရတာ လွယ်ကူအောင်ရယ်၊ ဖြန့်ဖြူးရောင်းချရာမှာလည်း အဆင်ပြေတဲ့ပုံစံမျိုးထုတ်လုပ်ကြရတာဖြစ်ကြောင်း၊ နိုင်ငံတကာကို ထိုးဖောက်ဖို့ဆိုရင်တော့ အကုန်အကျခံကာ အဆင့်မြင့်ပြီး ဆွဲဆောင်မှုရှိတဲ့ ထုပ်ပိုးမှုပုံစံမျိုးဖြစ်မှ မိမိပစ္စည်းကို ယုံကြည်မှုရှိပြီး ဈေးကွက်ဝင်ရောက်နိုင်မှာဖြစ်ကြောင်း သိရပါတယ်။

ကိုရီးယားနိုင်ငံ ဆိုးလ်မြို့ မြောင်ဒုံးဈေးရှိ အလှကုန်ပစ္စည်းဈေးကွက်ကိုလေ့လာရာမှာ အမှတ်တံဆိပ်သီးသန့်အမည်နဲ့ ဖွင့်လှစ်ရောင်းချတဲ့ ဆိုင်များကိုတွေ့ရပြီး အလှကုန်ပစ္စည်းအမျိုးမျိုးကို တစ်မျိုးချင်းစီအလိုက် စမ်းသပ်နိုင်ရန် နမူနာတစ်ခုစီဖွင့်ဖောက်ပြသထားလေ့ရှိကာ အရောင်းမြှင့်တင်နိုင်ရန် ဈေးလျှော့ရောင်းချခြင်း၊ နမူနာလက်ဆောင်ပေးခြင်းများကို ဆောင်ရွက်ကြပါတယ်။ ကိုရီးယားနိုင်ငံရဲ့ နာမည်ကြီး အလှကုန်ကုမ္ပဏီများဟာ အမှတ်တံဆိပ်အမည်နာမအမျိုးမျိုးနဲ့ ထုတ်လုပ်တာကိုတွေ့ရှိရပါတယ်။ နာမည်တစ်ခုတည်း နဲ့ ဖောက်ချလုပ်တာထက် အမည်အမျိုးမျိုး ဈေးနှုန်းအမျိုးမျိုးနဲ့ ဈေးကွက်ဝေစုကို ပိုမိုရရှိစေရန် ဆောင်ရွက်တာတွေ့ရပါတယ်။

ဆိုးလ်မြို့ COEX Hallတွင် ဧပြီ ၂၈ ရက်မှ ၃၀ ရက်အထိ ကျင်းပပြုလုပ်တဲ့ Seoul International Cosmetics & Beauty and Health Expo 2016 ကိုသွားရောက်ရာ ကိုရီးယားနိုင်ငံမှာ အလှကုန်ပစ္စည်းထုတ်လုပ်တဲ့ ကုမ္ပဏီများစွာရှိပြီး ပြပွဲမှာ အလှကုန်နှင့် ကျန်းမာရေးပစ္စည်း ပြခန်းပေါင်း ၁၀၀၀ ကျော် ခင်းကျင်း ပြသထားပါတယ်။ရောင်းချခြင်းအပြင် ပြပွဲများ၊ လက်တွေ့ဆောင်ရွက်ပေးခြင်းနဲ့ ဈေးကွက်ချိတ်ဆက်နိုင်ရန် ဆွေးနွေးပွဲများကို ပြခန်းတိုင်းတွင် တွေ့ရှိရပြီး လက်ကမ်းကြော်ငြာများ၊ လိပ်စာကတ်များ အပြန်အလှန်လဲလှယ်ကြတာတွေ့ရပါတယ်။

ကိုရီးယားနိုင်ငံရဲ့ နာမည်ကြီး အလှကုန်ကုမ္ပဏီများဖြစ်တဲ့ AMORE Pacificကုမ္ပဏီ၊ LG ukrÜPDနှင့် Coreana ကုမ္ပဏီများသို့ လေ့လာခဲ့ရပါတယ်။ သင်တန်းပေးသလို နည်းပညာအသေးစိတ်တော့ သင်ကြားပြသပေးခြင်းမျိုးမဟုတ်ပါ။ သူတို့မှာလည်း ပါရဂူဘွဲ့၊ မာစတာဘွဲ့ ပညာရှင်များကို ခန့်ထားရကြောင်း၊ သုတေသနနဲ့နည်းပညာဖွံ့ဖြိုးတိုးတက်မှုတို့ကိုလည်း အဆက်မပြတ်လုပ်နေရကြောင်း သိရပါတယ်။ လေ့လာခဲ့ရတဲ့ ကုမ္ပဏီအားလုံးရဲ့ တူညီတဲ့အချက်တွေကတော့ သူတို့ရဲ့ နောက်ခံသမိုင်းကြောင်းတွေ၊ မှတ်တမ်းမှတ်ရာတွေ၊ စိတ်ခံစားချက်နဲ့ တွန်းအားဖြစ်ပေါ်လာမှုအခြေအနေ၊ ခံယူချက် ဆောင်ပုဒ်လေးတွေ၊ ထုတ်လုပ်ထားတဲ့ပစ္စည်းအဆင့်ဆင့် ပြောင်းလဲလာတဲ့မှတ်တမ်းများ၊ ကုန်ကြမ်းအတွက် ဂျင်ဆင်း၊ ပန်းစိုက်ခင်းများ၊ အောင်မြင်မှုရရှိအောင် ဆောင်ရွက်လာတဲ့ အတွေ့အကြုံများကို ပြခန်းများ ဗီဒီယိုများနဲ့ ရှင်းလင်းပြသပါတယ်။

မြန်မာနိုင်ငံမှဆွေးနွေးတဲ့ ရွှေပြည်နန်းကုမ္ပဏီလုပ်ငန်းရှင်ကလည်း ပုဂံမြို့တွင် သနပ်ခါး Museum & Resort ဖွင့်လှစ်ထားကြောင်း၊ မြန်မာနိုင်ငံမှာ အဓိက သုံးစွဲကြတာ သနပ်ခါးဖြစ်ကြောင်း၊ သနပ်ခါးအခြေခံ အလှကုန်ပစ္စည်းထုတ်လုပ်မှုအခြေအနေ၊ တင်ပို့တဲ့နိုင်ငံများ၊ တင်သွင်းတဲ့နိုင်ငံနဲ့ အလှကုန်ပစ္စည်းများကို ရှင်းလင်းဆွေးနွေးခဲ့ကာ ကိုရီးယားအလှကုန်များကိုလည်း မြန်မာနိုင်ငံမှ ကြိုက်နှစ်သက်ကြကြောင်း ဆွေးနွေးပါတယ်။ ကိုရီးယားနိုင်ငံအနေနဲ့ အလှကုန်အတွက် ပန်းမျိုးစုံ ကုန်ကြမ်းပေါ်များကြောင်း တွေ့ရပြီး မိမိတို့နိုင်ငံမှ သနပ်ခါးကုန်ကြမ်းကို ဝယ်လိုခြင်းမရှိဘဲ အခြားအာဆီယံအဖွဲ့ဝင် နိုင်ငံများကတော့ စိတ်ဝင်စားကြောင်း တွေ့ရပါတယ်။ ယခုလိုဖိတ်ကြားဆောင်ရွက်ခြင်းဖြင့် ကိုရီးယားအလှကုန်ပစ္စည်းများကို အာဆီယံနိုင်ငံများသို့ ကြော်ငြာမိတ်ဆက်ပေးတဲ့ သဘောလည်း ပါဝင်ပါတယ်။ ကိုရီးယားအလှကုန်ပစ္စည်းထုတ်လုပ်ခြင်းရဲ့ အားသာချက်များကတော့ အခြေခံ အဆောက်အအုံများ ကောင်းမွန်ခြင်း၊ နည်းပညာများရှိခြင်းနဲ့ ကမ္ဘာ့ဈေးကွက်ကို ဝင်ရောက်နိုင်ခြင်းတို့ဖြစ်ပါတယ်။ အာဆီယံနိုင်ငံတွေအတွက် ထုတ်လုပ်မှုနဲ့ ယှဉ်ပြိုင်နိုင်မှုစွမ်းအား မြင့်မားလာစေရေးအတွက် သင့်တော်တဲ့ နည်းပညာတွေကို သိရှိနားလည်ရန် အရေးပါနေပါတယ်။

ကိုရီးယားနိုင်ငံအနေနဲ့ သူ့နိုင်ငံရဲ့ အလှကုန်ပစ္စည်းဈေးကွက်ကို ကမ္ဘာအနှံ့ထိုးဖောက်နိုင်အောင် ကြိုးစားနေကြသလို သူတို့ရဲ့ အလှကုန်ပစ္စည်းအမှတ်တံဆိပ်အမျိုးမျိုးကလည်း အရည်အသွေးရှိရှိနဲ့ ဈေးကွက်သို့ ထိုးဖောက်လာတဲ့အတွက် ကမ္ဘာ့အဆင့်တစ်နေရာကို ရောက်ရှိလာတာတွေ့ရပါတယ်။ သဘာဝကုန်ကြမ်းပစ္စည်းတွေကို ခေတ်မီဓာတုကုန်ကြမ်းပစ္စည်းများနဲ့ ပေါင်းစပ်ပြီး အရည်အသွေးပြည့်ဝတဲ့ အလှကုန် ပစ္စည်းဈေးကွက်ဟာ အာဆီယံနိုင်ငံတစ်ဝန်း ထိုးဖောက်ဝင်ရောက်နေပြီဖြစ်ပါတယ်။

ဒါကြောင့် မြန်မာနိုင်ငံက အလှကုန်ပစ္စည်းထုတ်လုပ်သူတွေ အနေနဲ့ မိမိတို့ရဲ့ အလှကုန်ပစ္စည်း ဈေးကွက်ကို အာဆီယံနိုင်ငံများဆီသို့ ဈေးကွက်ထိုးဖောက်ဝင်ရောက်နိုင်ဖို့၊ အမှတ်တံဆိပ်၊ အရည်အသွေးကို အဓိကထားပြီးထုတ်လုပ်တင်ပို့နိုင်အောင် ကြိုးစားကြခြင်းဖြင့် ပို့ကုန်ကို မြှင့်တင်ကြပါစို့လို့ တိုက်တွန်းရေးသားလိုက်ပါတယ်။

**မြန်မာသံရုံးများမှ ပေးပို့သော စီးပွားရေးသတင်းများ**

# သင်္ဘောတင်ပို့မှု မူဝါဒများ ပြန်လည်ပြင်ဆင်မှုကြောင့် ဟောင်ကောင်နှင့်တရုတ်ကြား ရွှေရောင်းဝယ်ကုန်သွယ်မှု မြင့်တက်နိုင်

ဇွန်၁ရက်မှ စတင်အကျိုးသက်ရောက်မည့် ပြည်ပ သင်္ဘောတင်ပို့မှု လုပ်ထုံးလုပ်နည်းများအား ပိုမိုလွယ်ကူရှင်းလင်းစေရန် စည်းမျဉ်းစည်းကမ်းမူဝါဒများ ပြောင်းလဲချမှတ်လိုက်မှုကြောင့် တရုတ်ပြည်မကြီးသို့ ရွှေတင်သွင်းမှု မြင့်တက်လာနိုင်မည်ဖြစ်ပြီး တရုတ်နှင့် ဟောင်ကောင်တို့ ရွှေရောင်းဝယ်တင်သွင်းမှု မြင့်တက်လာနိုင်မည် ဖြစ်ကြောင်း တရုတ်ပြည်သူ့ဘဏ်မှ ပြောကြားခဲ့ပါသည်။

ရွှေနှင့် ရွှေလက်ဝတ်ရတနာ တင်သွင်းမှုနှင့်တင်ပို့မှု မကြာခဏပြုလုပ်သောကုမ္ပဏီများအနေဖြင့် ခေါက်ရေ ၁၂ကြိမ်အထိ အသုံးပြုနိုင်သော တည်ခုတည်းသော ခွင့်ပြုမိန့်ရှိရန် လျှောက်ထားနိုင်ပြီး ဘေကျင်း၊ ရှန်ဟဲ၊ ကွမ်ကျိုး၊ နန်ကျင်း၊ ရှန်ဇင်း၊ Qianhai ဆိပ်ကမ်းများတွင် လျှောက်ထားနိုင်ကြောင်း၊ လက်ရှိတွင် တရုတ်စက်မှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ် အပါအဝင် ရွှေတင်သွင်းခွင့် ရရှိထားသော ကုမ္ပဏီ ၁၅ခုသာရှိသေးပြီး ယင်းကုမ္ပဏီများမှ တစ်ကြိမ်တင်ပို့တိုင်း မှတ်ပုံတင်ရန် လိုအပ်ကြောင်းပြောကြားခဲ့သည်။

ပြန်လည်ပြင်ဆင်သည့် စည်းကမ်းမူဝါဒသည် တရုတ်ပြည်မကြီးမှ ရွှေတင်သွင်းသူများသာမက ၎င်းတို့နှင့် ရောင်းဝယ်နေသော ရွှေရောင်းဝယ်သူများအတွက်ပါ အကျိုးကျေးဇူးရရှိမည်ဖြစ်ကြောင်း ရွှေကုန်သည်များက ပြောကြားခဲ့သည်။ တရုတ်ပြည်မကြီးမှာ ကမ္ဘာတွင် ရွှေထုတ်လုပ်မှုနဲ့ ဝယ်ယူသုံးစွဲမှု အများဆုံးနိုင်ငံဖြစ်သည့်အတွက် ယခုပြင်ဆင်သည့် မူဝါဒမှာ နယ်စပ်ဖြတ်ကျော် ကုန်သွယ်မှုအတွက် အရှိန်အဟုန် မြင့်မားလာမည်ဖြစ်ကြောင်း ရွှေရောင်းဝယ်မှု အကျိုးတော်ဆောင် Gary Cheungမှ ပြောကြားခဲ့သည်။

ရွှေတင်သွင်းမှုမှာ ဟောင်ကောင်သို့ ပြည်ပနိုင်ငံများမှ တင်သွင်းကြပြီး ဟောင်ကောင်မှတစ်ဆင့် တရုတ်ပြည်မကြီးသို့ ပြန်လည်တင်ပို့သည့်အတွက် ကုန်သည်များအနေဖြင့် မူဝါဒပြောင်းလဲမှုကြောင့် အကျိုးအမြတ်ရရှိမည်ဖြစ်ကြောင်း၊ တရုတ်နိုင်ငံမှာ ရွှေကုန်သွယ်မှုတိုးမြှင့်ရန် စိတ်အားထက်သန်ကြကြောင်းနဲ့ တရုတ်နိုင်ငံမှာ ရွှေသုံးစွဲမှု အများဆုံးနိုင်ငံဖြစ်ပြီး ပြည်သူများမှာလည်း ချမ်းသာလာသည်နှင့်အမျှ ရွှေလက်ဝတ်ရတနာနဲ့ ရွှေတုံးများဝယ်ယူ ရင်းနှီးမြှုပ်နှံကြကြောင်း၊ ပြည်ပနိုင်ငံများနှင့်ရွှေရောင်းဝယ် ကုန်သွယ်မှုပြုလုပ်ခြင်းဖြင့် ယွမ်ငွေကြေးကို ကမ္ဘာသုံးငွေကြေးဖြစ်လာစေရန်လည်း ကူညီပေးနိုင်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဟောင်ကောင်မှာ နိုင်ငံတကာ ရွှေလုပ်ငန်းများ၏ အပြည်ပြည်ဆိုင်ရာ ဘဏ္ဍာရေးစင်တာတစ်ခုဖြစ်ခဲ့သည်။ ဟောင်ကောင်ရွှေအိတ်ချိန်းမှာ တရုတ်စက်မှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်နှင့် အသင်းဖွဲ့ထားခဲ့ပြီး ဟောင်ကောင်ရွှေငွေလက်ဝတ်ရတနာ ထုတ်လုပ်သူများအတွက် Qianhai ကို ဟောင်ကောင်၏ ရွှေသိုလှောင်ထိန်းသိမ်းရာဌာနအဖြစ် အသုံးပြုရန်ဖြစ်ကြောင်း သိရှိရပါသည်။

**ဖြူဖြူလှိုင်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ဟောင်ကောင်မြို့**

# တရုတ်၌ လုပ်ငန်းသုံးစက်ရုပ်ထုတ်လုပ်မှု သုံးဆ မြှင့်တင်ရန် ရည်မှန်း

တရုတ်တွင် လုပ်သားအခြေပြု စက်ရုံများ၌ တီထွင်ဆန်းသစ်မှုနည်းပညာဖြင့် အထောက်အပံ့ဖြစ်စေရန် အတွက် လုပ်ငန်းသုံးစက်ရုပ် ထုတ်လုပ်မှုကို ငါးနှစ်အတွင်း ယခင်ထက် သုံးဆတိုးမြှင့်၍ အရေအတွက် ၁၀၀,၀၀၀ ထုတ်လုပ်မည်ဖြစ်ကြောင်း၊ စက်မှုနှင့် နည်းပညာဝန်ကြီးဌာနမှ ပြောကြားလိုက်ပါသည်။ ထို့ပြင် ၂၀၂၀ ခုနှစ်၌ အမေရိကန်ဒေါ်လာ ၄ ဒသမ ၆ သန်းတန်ဖိုးခန့်အထိ လုပ်ငန်းသုံးစက်ရုပ် ထုတ်လုပ်ရောင်းချနိုင်ရန် မျှော်မှန်းထားကြောင်း၊ (၁၃) ကြိမ်မြောက် ငါးနှစ်စီမံကိန်း(၂၀၁၆ မှ ၂၀၂၀ ပြည့်နှစ်) တွင် တရုတ်၏ နည်းပညာနှင့် အရည်အသွေးကို တိုးမြှင့်ရန်နှင့်စက်ရုပ်ထုတ်လုပ်သည့် လုပ်ငန်းများကိုအားပေးရန် လုပ်ငန်းစဉ်များ ရေးဆွဲပါရှိကြောင်း သိရှိရပါသည်။

၂၀၁၃ ခုနှစ်တွင် တရုတ်သည် ဂျပန်နိုင်ငံကိုကျော်လွန်၍ ကမ္ဘာ့အကြီးဆုံး လုပ်ငန်းသုံးစက်ရုပ်ဈေးကွက်ဖြစ်လာခဲ့ပြီး အနာဂတ်တွင်လည်း လုပ်ငန်းသုံးစက်ရုပ် အမျိုးအစားများစွာ ဝယ်လိုအား တိုးတက်လာမည်ဖြစ်ကြောင်း International Federation of Robotics မှ ဖော်ပြထားပါသည်။ တရုတ်၏ အသက်ကြီး လူဦးရေများအတွက် အထောက်အကူပြု စက်ရုပ်များ လိုအပ်လာခြင်းနှင့် ကုန်ထုတ်လုပ်မှု စက်ရုံများ၌ နည်းပညာတိုးတက်လာခြင်းနှင့်လုပ်အားခဈေးကြီးမြင့်ခြင်းကြောင့် လူအားထက်စက်အားကို ပို၍အစားထိုးသုံးစွဲလာကြကြောင်း ဆက်လက်သုံးသပ်ပြောကြားထားပါသည်။

တရုတ်နိုင်ငံတွင် စက်ရုပ်ထုတ်လုပ်သည့် အကြီးဆုံးကုမ္ပဏီ Siasun Robot& Auto-mation Co.,Ltd မှ ယခုလက်ရှိ အခြေအနေတွင် ၎င်းတို့၏ စက်ရုပ်ထုတ်လုပ်သည့် လုပ်ငန်းသည် အခြားနိုင်ငံများရှိ ကုမ္ပဏီများနှင့် နှိုင်းယှဉ်ပါက ကနဦးအဆင့်၌ပင်ရှိနေပြီး စက်ရုပ်ထုတ်လုပ်သည့် အစိတ်အပိုင်းအများစုကို ပြည်ပမှ တင်သွင်းရကြောင်း၊ အစိုးရမှ စက်ရုပ်ဈေးကွက်တိုးတက်ရန် အားပေးမြှင့်တင်နေပြီး ထုတ်လုပ်မှုနှင့် နည်းပညာမှာ နှစ်စဉ်တိုးတက်လာကြောင်း၊ အလားအလာရှိသည့် စက်ရုပ်ထုတ်လုပ်သည့် ကုမ္ပဏီများမှ ရှယ်ယာများဝယ်ယူခြင်းဖြင့် Merger & Acqu-isition ပြုလုပ်ရန် ညှိနှိုင်းနေကြောင်း ဖော်ပြထားပါသည်။

**သန္တာခိုင်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ပေကျင်းမြို့**

# ကန်ထရိုက်စနစ်ဖြင့်ဆောင်ရွက်သည့် အလုပ်သမားများ၏ အနိမ့်ဆုံးလုပ်ခလစာအား တစ်လလျှင် ရူပီး တစ်သောင်း သတ်မှတ်ရန် အမိန့် ထုတ်ပြန်ဆောင်ရွက်မည်

ကန်ထရိုက်စနစ်ဖြင့် ဆောင်ရွက်သည့် အလုပ်သမားများ၏ အနိမ့်ဆုံးလုပ်ခလစာအား တစ်လလျှင် ရူပီးတစ်သောင်း သတ်မှတ်ရန် ဗဟိုအစိုးရမှ မကြာမီ Executive Order ဖြင့် အမိန့်ထုတ်ပြန် ဆောင်ရွက်မည်ဖြစ်ကြောင်း၊ အလုပ်သမားနှင့် အလုပ်အကိုင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Bandaru Datt-atreya က ဧပြီ ၁၇ ရက်တွင် ပြောကြားထားကြောင်း သိရသည်။

ဗဟိုအစိုးရအနေဖြင့် အလုပ်သမားဥပဒေများကို ပြုပြင်ပြောင်းလဲရန်နှင့် အနိမ့်ဆုံးလုပ်ခလစာအား အားလုံးနဲ့ အကျုံးဝင်သည့် လစာအဖြစ်သို့ တိုးတက်ဆောင်ရွက်နိုင်ရန် ကြိုးပမ်းလျက်ရှိကြောင်း၊ ထိုသို့ ဆောင်ရွက်ရန် လွှတ်တော်အတွင်းရှိ အတိုက်အခံအုပ်စုမှ ပူးပေါင်းခြင်းမရှိသည့်အတွက် လက်ရှိ အာဏာရအစိုးရအနေဖြင့် executive Order ဖြင့် ထုတ်ပြန်ဆောင်ရွက်မည်ဟု Dattatreya က ပြောကြားခဲ့ကြောင်း၊ လွှတ်တော်သည် သင့်တင့်စွာ လုပ်ကိုင်ဆောင်ရွက်ခြင်းမရှိသောကြောင့် ၎င်းတို့အနေဖြင့်မစောင့်မဆိုင်းတော့ဘဲ အလုပ်သမားများ အကျိုးစီးပွားအတွက် exe-cutive Order အချို့ကို ထုတ်ပြန်ဆောင်ရွက်လိုခြင်းဖြစ်ကြောင်း သိရပါသည်။

စာချုပ်ချုပ်ဆိုဆောင်ရွက်မည့် သူအားလုံးသည် အလုပ်သမားဝန်ကြီးဌာနတွင် မှတ်ပုံတင်ရမည်ဖြစ်ကြောင်း၊ တီလန်ဂါနာ ပြည်နယ်နဲ့ အန်ဒရာပရာဒေ့ရှ်ပြည်နယ်တို့တွင် တစ်လလျှင် ရူပီး ၈၅၀၀ သာရရှိနေကြ သည့် သန့်ရှင်းရေး အလုပ်သမား တစ်သိန်းကျော်သည်လည်း အကျိုး ကျေးဇူးရရှိ ခံစားရတော့မည်ဖြစ် ကြောင်း၊ထို့ပြင်ကုမ္ပဏီပေါင်းများစွာ သော အလုပ် သမားများသည်လည်း အနိမ့်ဆုံးလုပ်ခ လစာ၏ အကျိုးကျေးဇူးများကို ရရှိခံစား ရတော့မည်ဖြစ်သည်ဟု အလုပ်သမား ဝန်ကြီးက ပြောကြားထားကြောင်းသိရပါသည်။

**ယဉ်ယဉ်နွယ်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ နယူးဒေလီမြို့**

# လက်ရှိအသုံးပြုနေသည့် ဆိပ်ကမ်း ၁၂ ခုအပြင် အဓိကကျသည့် ဆိပ်ကမ်းရှစ်ခုအား အိန္ဒိယနိုင်ငံ ထပ်မံတိုးချဲ့မည်

ဆိပ်ကမ်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် အတည်ပြုပြီးဖြစ်သည့် စီမံကိန်းများ၏ အစိတ်အပိုင်းတစ်ရပ်အနေဖြင့် အိန္ဒိယအစိုးရသည် လက်ရှိလုပ်ငန်းများ လည်ပတ်ဆောင်ရွက်နေသည့် အဓိကဆိပ်ကမ်း ၁၂ ခုအပြင် ဆိပ်ကမ်းသစ်ရှစ်ခုအား ထပ်တိုးအကောင်အထည်ဖော် သွားမည်ဖြစ်ကြောင်း ပင်လယ်ရေကြောင်းပို့ဆောင်ရေးနှင့် ဆိပ်ကမ်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Nitin Gadkari က ဧပြီလ ၁၃ ရက်တွင် ပြောကြားခဲ့ကြောင်း သိရသည်။

ယခုထပ်မံအကောင်အထည်ဖော်မည့်ဆိပ်ကမ်း ရှစ်ခုအနက် သုံးခုမှာ နေရာသတ်မှတ်ကြေညာပြီးဖြစ်ကြောင်း၊ မဟာရသျှတ္တရာပြည်နယ်တွင် Wadhwan မြို့၊ ဘင်္ဂေါပြည်နယ်တွင် ဆာဂါမြို့နှင့် တမီလ်နာဒူး ပြည်နယ်တွင် Colachel မြို့တို့တွင် ဖြစ်ကြောင်း၊ အဆိုပါဆိပ်ကမ်းသုံးခုအတွက် ကုန်ကျမည့် ပမာဏမှာ ရူပီး ကုဋေ ၂၅၀၀၀ခန့်ဖြစ်ပြီး ယခုနှစ်တွင် စတင်အကောင်အထည်ဖော်လိမ့်မည်ဖြစ်ကြောင်း၊ အခြား ဆိပ်ကမ်းငါးခု အကောင်အထည်ဖော်မည့်နေရာများအား ကြေညာထားခြင်း မရှိသေးကြောင်း သိရပါသည်။

အိန္ဒိယနိုင်ငံတွင် ၁၉၅၀ ပြည့်နှစ်များအတွင်း Kandla ဆိပ်ကမ်းတည်ဆောက်ခဲ့ပြီးနောက် အဓိကကျသည့် အခြားမည်သည့်ဆိပ်ကမ်းကိုမျှ တည်ဆောက်ခဲ့ခြင်းမရှိကြောင်း၊ ယခုအခါ စီးပွားရေးလျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်လျက်ရှိရာ နိုင်ငံအနေဖြင့် သာမန်အဆင့်သာရှိသည့် ပုဂ္ဂလိကဆိပ်ကမ်းများ၏ ဖွံ့ဖြိုးတိုးတက်မှုကို မြင်တွေ့လာခဲ့ရကြောင်း၊ ၂၀၁၅-၁၆ ခုနှစ်တွင် ယခင်ရှိပြီးဖြစ်သည့် အဓိကဆိပ်ကမ်း ၁၂ ခုမှ အမြတ်ပေါင်း ရူပီးကုဋေ ၄၂၀၀ ကို ရရှိခဲ့ကြောင်း၊ ၎င်းတို့၏ တိုးတက်မှုနှုန်းသည် ပုဂ္ဂလိကကဏ္ဍနှင့်ကမ္ဘာ့ဆိပ်ကမ်းများထက် ပိုမိုလျင်မြန်ကြောင်း၊ ထို့မျှသာမက နိုင်ငံပိုင်ကော်ပိုရေးရှင်းများဖြစ်သည့် Shipping Corporation. Dredging Cor-poration နဲ့ Cochin သင်္ဘောကျင်း တည်ဆောက်ရေးဌာနတို့ သည်လည်း အမြတ်ငွေရူပီးကုဋေ ၁၅၀၀ ကိုရရှိခဲ့ကြောင်း၊ သို့ဖြစ်၍ ၎င်း၏ဝန်ကြီးဌာန အောက်ရှိ စီးပွားရေးလုပ်ငန်းများမှ အမြတ်ငွေစုစုပေါင်း ရူပီးကုဋေ ၆၀၀၀ ကျော် ရရှိခဲ့ကြောင်း Gadkari ကပြောကြားခဲ့ပါသည်။

ကာလရှည်အနေဖြင့် အိန္ဒိယအစိုးရသည် ဆိပ်ကမ်းများနှင့် ရေကြောင်းပို့ဆောင်ရေးကဏ္ဍ၌ ရူပီး ၁၂ ထရီလီယံကျော် ရင်းနှီးမြှုပ်နှံမှုပြုရန် လျာထားပြီး ၎င်းမှ အလုပ်အကိုင်သစ် တစ်ကုဋေ ဖန်တီးပေးနိုင်လိမ့်မည်ဟု Gadkari က ထည့်သွင်းပြောကြားထားကြောင်း သိရပါသည်။

**ယဉ်ယဉ်နွယ်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ နယူးဒေလီမြို့**

# ကုန်စည်ဒိုင်အသီးသီး၏ လက်ရှိအရောင်းအဝယ်ဖြစ်နေသော ဈေးနှုန်းများနှင့် ဈေးကွက်အခြေအနေ (၁၆-၅-၂၀၁၆)

ခင်မောင်မောင်အုန်း



## ပဲစင်းငုံနီကို အိန္ဒိယအဆွဲပုံမှန်ရှိ

ဘုရင့်နောင်ဈေးကွက်မှာ ဒီတစ်ပတ် မတ်ပဲ (RC) ကို အိန္ဒိယဝယ်လက်က ပဲရဲ့ အရည်အသွေးပေါ် မူတည်ပြီး ဝယ်လိုအားပုံမှန်ရှိခဲ့သလို ရောင်းသူကုန်သည်များကလည်း အဆိုပါဈေးဖြင့် အရောင်းများခဲ့ကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် တစ်တန်ကို ၁၇၂၅၀၀၀ ကျပ်ဈေးဖြင့်အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း ဈေးကွက်အတွင်းမှ သိရပါတယ်။ ဒါ့အပြင် ပဲစင်းငုံနီ (RC) ကိုလည်း အိန္ဒိယဘက်မှ ဈေးမြှင့်အဝယ်ရှိတာကြောင့် ယခင်တစ်ပတ်နဲ့နှိုင်းယှဉ်ပါက ဈေးအနည်းငယ်မြင့်လာပြီး တစ်တန်ကို ၁၅၄၀၀၀၀ ကျပ်ဈေးဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## ပြည်ဈေးကွက်မှာ ပဲစင်းငုံနီကို ရန်ကုန်ဝယ်အားများ

ပြည်ဈေးကွက်မှာ ဒီတစ်ပတ် ပဲစင်းငုံနီကို Exportအတွက် အဓိကဝယ်ယူနေတဲ့ ရန်ကုန်ဝယ်လက်က ဈေးပေးအဝယ်ရှိသလို ဝယ်လိုအားပါ များတာကြောင့် ဈေးအနည်းငယ်မြင့်လာပြီး တစ်ပိဿာကို ၂၄၇၅ ကျပ် (တစ်တန်ကို ၁၅၁၅၆၆၅ ကျပ်) ဈေးဖြင့် တစ်ရက်ကို အိတ် ၃၀၀ ခန့်အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ မတ်ပဲကိုတော့ ရန်ကုန်ဝယ်လက်က ပြည်ပဈေးကွက်ရဲ့ဝယ်လိုအား အခြေအနေပေါ် မူတည်ပြီး အဝယ်ပုံမှန်ရှိခဲ့ကြောင်း အရောင်းအဝယ်အနေဖြင့် တစ်ပိဿာကို ၂၇၃၅ ကျပ် (တစ်တန်ကို ၁၆၇၄၈၈၆ ကျပ်) ဈေးဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## မကွေးဈေးကွက်မှာ နှမ်းမျိုးစုံ အရောင်းအဝယ်ပါး၊ ကုလားပဲဈေးမြင့်

မကွေးဈေးကွက်မှာ ဒီတစ်ပတ် မန္တလေးဝယ်လက်ဆီစက်များနဲ့ သိုလှောင်မည့်သူများက နှမ်းမျိုးစုံကို ဈေးလျှော့အဝယ်ရှိသလို ဝယ်လိုအားပါ နည်းခဲ့ကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် နှမ်းနီတစ်ပိဿာ ၂၀၇၀ ကျပ်၊ နှမ်းဖြူတစ်ပိဿာ ၂၂၉၀ ကျပ်၊ နှမ်းနက်စမုံတစ်ပိဿာ ၄၁၆၀ ကျပ်၊ နှမ်းညိုတစ်ပိဿာ ၁၇၆၀ ကျပ်ဈေးဖြင့် အရောင်းအဝယ်နည်းခဲ့ကြောင်း သိရပါတယ်။ ကုလားပဲ (ထိုင်ဝမ်) ကို မြို့ခံပဲခွဲစက်များက တစ်ပိဿာကို ၂၀၁၆ ကျပ် (တစ်တန်ကို ၁၂၃၄၅၇၈ ကျပ်) ဈေးဖြင့် ဈေးမြှင့်အဝယ်ရှိခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## ဟင်္သာတဈေးကွက်မှာ မတ်ပဲနဲ့ အစေ့ထုတ်ပြောင်း အရောင်းအဝယ်ဖြစ်

ဟင်္သာတဈေးကွက်မှာ ဒီတစ်ပတ်မတ်ပဲ (Raw) ကို ပြည်ပအတွက်အဓိကဝယ်ယူနေတဲ့ ရန်ကုန်ဝယ်လက်က ဝယ်လိုအားပုံမှန်ရှိပေမယ့် ရောင်းသူကုန်သည်များက တက်ဈေးမျှော်ပြီး အရောင်းနည်းခဲ့ကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် မတ်ပဲတစ်ပိဿာ ၂၇၁၅ ကျပ် (တစ်တန်ကို ၁၆၆၂၆၃၈ ကျပ်) ဈေးဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ဒါ့အပြင် ဒေသထွက်အစေ့ထုတ်ပြောင်းကိုရန်ကုန်ဝယ်လက်ကဈေးလျှော့အဝယ်ရှိပေမယ့်ဝယ်လိုအားများခဲ့ကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် တစ်ပိဿာ ၄၅၀ ကျပ် ဈေးဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း ဈေးကွက်အတွင်းမှ သိရပါတယ်။ ပဲလွန်းနီကို ရန်ကုန်ဝယ်လက်က တစ်ပိဿာကို ၁၂၅၀ ကျပ် (တစ်တန်ကို ၇၆၅၄၈၇ ကျပ်) ဈေးဖြင့်ဈေးဖွင့်အဝယ်ရှိပေမယ့် ရောင်းသူကုန်သည်များက ကြိုက်ဈေးမရလို့ အရောင်းနည်းခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## အောင်လံဈေးကွက်မှာ ကုလားပဲနဲ့ ပဲစင်းငုံနီဈေးစွာ

အောင်လံဈေးကွက်မှာ ဒီတစ်ပတ်ကုလားပဲ (ထိုင်ဝမ်) ကို ပဲခွဲစက်များက ဝယ်လိုအားဆက်တိုက်ရှိတာကြောင့် ယခင်တစ်ပတ်နဲ့ နှိုင်းယှဉ်ပါက ဈေးမြင့်လာပြီး တစ်ပိဿာကို ၂၀၀၀ ကျပ် (တစ်တန်ကို ၁၂၃၀၉၀၀ ကျပ်) ဈေးဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ပဲစင်းငုံနီကိုတော့ ရန်ကုန်ဝယ်လက်က တစ်ပိဿာကို ၂၄၇၅ ကျပ် (တစ်တန်ကို ၁၅၁၅၆၆၅ ကျပ်) ဈေးဖြင့် ဈေးပေးအဝယ်ရှိပေမယ့် ရောင်းသူကုန်သည်များက တက်ဈေးမျှော်ပြီး အရောင်းနည်းခဲ့ကြောင်း ဈေးကွက်အတွင်းမှ သိရပါတယ်။ ဒေသထွက် သိပ္ပံနှမ်းကို မန္တလေးဝယ်လက်က တစ်ပိဿာ ၃၈၈၉ ကျပ်ဈေးဖြင့် နေ့စဉ်အိတ် ၁၅၀ ခန့်ပုံမှန်အဝယ်ရှိပေမယ့် ဈေးတန့်နေကြောင်းသိရပါတယ်။

××××××××××××××××

## ပခုက္ကူဈေးကွက်မှာ ကုလားပဲနဲ့ ပဲစင်းငုံနီ ပုံမှန်အရောင်းအဝယ်ဖြစ်၊ ပဲတီစိမ်း (သစ်) ဆက်လက်ဝင်ရောက်

ပခုက္ကူဈေးကွက်မှာ ဒီတစ်ပတ်နယ်စုံမှ ပဲတီစိမ်း(သစ်) တွေ ဆက်လက်ဝင်ရောက်နေသလို မန္တလေးဝယ်လက်ကလည်း ပဲရဲ့ အရည်အသွေးပေါ် မူတည်ပြီး ပဲတီစိမ်းကြီး (ထိပ်စ) ကို တစ်ပိဿာ ၁၆၆၀ ကျပ် (တစ်တန်ကို ၁၀၁၆၅၆၇ ကျပ်) ဈေးဖြင့် ဈေးဖွင့်အဝယ်ရှိခဲ့ကြောင်း သိရပါတယ်။ ပဲစင်းငုံနီကို ပြည်ပ အတွက် အဓိကဝယ်ယူနေတဲ့ ရန်ကုန်ဝယ်လက်က တစ်ပိဿာကို ၂၄၇၅ ကျပ် (တစ်တန်ကို ၁၅၁၅၆၆၅ ကျပ်) ဈေးဖြင့် ပုံမှန်ဝယ်ယူ ပေမယ့် လှောင်လက်ကုန်သည်များက အရောင်းနည်းခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## မန္တလေးဈေးကွက်မှာ မတ်ပဲပုံမှန်အရောင်းအဝယ်ဖြစ် ပဲတီစိမ်းရွှေဝါကို တရုတ်အဆွဲပုံမှန်ရှိ ကုလားပဲဖြူလုံးကြီးကို ပဲခွဲစက်တွေဝယ်အားနည်း

မန္တလေးဈေးကွက်မှာ ဒီတစ်ပတ် မတ်ပဲကိုရန်ကုန်ဝယ်လက်နဲ့ မြို့ခံပဲခွဲစက်တွေက တစ်ပိဿာကို ၂၇၀၀ ကျပ် (တစ်တန်ကို ၁၆၅၃၄၅၃ ကျပ်) ဈေးဖြင့် ဝယ်လိုအားပုံမှန်ရှိခဲ့ကြောင်း သိရပါတယ်။ ပဲတီစိမ်းရွှေဝါကို တရုတ်ဝယ်လက်က ပဲရဲ့အရည်အသွေးလိုနေတဲ့အပေါ် ဈေးလျှော့ပြီး အဝယ်ရှိတာကြောင့် တစ်ပိဿာကို ၁၇၀၀ ကျပ် (တစ်တန်ကို ၁၀၄၁၀၆၃ ကျပ်) ဈေးဖြင့် အရောင်းအဝယ်ဖြစ်မှုနည်းခဲ့ကြောင်း သိရပါတယ်။ ကုလားပဲဖြူလုံးကြီးကိုတော့ မြို့ခံပဲခွဲစက်တွေက တစ်ပိဿာကို ၂၀၇၉ ကျပ် (တစ်တန်ကို ၁၂၇၃၁၅၈ ကျပ်) ဈေးဖြင့် ဝယ်လိုအားပုံမှန်ရှိပေမယ့် ရောင်းသူဘက်မှ ကြိုက်ဈေးမရလို့ အရောင်းနည်းခဲ့ကြောင်း သိရပါတယ်။ ပဲယင်းကို မြို့ပေါ်တွင် လက်လီပြန်လည်ရောင်းချမည့်သူများကတစ်ပိဿာကို ၇၃၃ ကျပ် (တစ်တန်ကို ၄၄၈၈၈၁ ကျပ်) ဈေးဖြင့် ဝယ်လိုအားပုံမှန်ရှိတာကြောင့် ယခင်တစ်ပတ်ဖြင့် နှိုင်းယှဉ်ပါက ဈေးအနည်းငယ်မြင့်လာကြောင်း သိရပါတယ်။

××××××××××××××××

## ရေစကြိုဈေးကွက်မှာ ကုလားပဲ (ထိုင်ဝမ်) ဈေးတန့်ပြီး အရောင်းအဝယ်ဖြစ်

ရေစကြိုဈေးကွက်မှာ ဒီတစ်ပတ်ကုလားပဲ (ထိုင်ဝမ်) ကို မြို့ခံပဲခွဲစက်များက ဝယ်လိုအားပုံမှန်ရှိပေမယ့် ရောင်းသူကုန်သည်များက ဈေးကွက်မျှော်လင့်ချက်ဖြင့် အရောင်းပါးခဲ့ကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် တစ်ပိဿာကို ၂၀၀၀ ကျပ် (တစ်တန်ကို ၁၂၂၄၇၈၀ ကျပ်) ဈေးဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်းသိရပါတယ်။

××××××××××××××××

## လာရှိုးဈေးကွက်မှာ ပြောင်းအရောင်းအဝယ်အေး

လာရှိုးဈေးကွက်မှာ ဒီတစ်ပတ်ပြောင်းကို တရုတ်ဘက်မှ ဈေးနှိမ်အဝယ်ရှိသလို ရောင်းသူဘက်ကလည်း ဈေးကွက် မျှော်လင့်ချက်ဖြင့် အရောင်းနည်းနေကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် တစ်ပိဿာကို ၄၂၀ ကျပ် ဈေးဖြင့် အရောင်းအဝယ်ဖြစ်မှုပမာဏနည်းခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## မူဆယ်ဈေးကွက်မှာ ပြောင်းအရောင်းအဝယ်နည်း

မူဆယ်ဈေးကွက်မှာ ဒီတစ်ပတ်ပြောင်းသီးနှံ အဝင်က တန်ချိန် ၆၀၀ ခန့်သာဝင်ရောက်ခဲ့သလို အဝင်ပမာဏ သိသိသာသာလျော့ကျလာကြောင်း သိရပါတယ်။ ပြောင်းကို တရုတ်တင်ပို့ဖို့အတွက် အရင်ကပြောင်း ၅၀ ကီလိုတစ်အိတ်ကို သုံးယွမ်ဈေးသာရှိပြီး အခုဆိုရင်တင်ပို့ခက ခြောက်ယွမ်မှ ရှစ်ယွမ်အထိ ဖြစ်လာတာကြောင့် ပြောင်းကုန်သည်တွေ အခက်အခဲဖြစ်နေသလို တရုတ်ဘက်ကလည်းပြောင်းအဝင်ပေါက်တွေကို ပိတ်ဆို့တားဆီးတာကြောင့်ရတဲ့အပေါက်မှ ပြောင်းသီးနှံကို ရောင်းချနေရကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် ၅၀ ကီလိုတစ်အိတ်ကို ၈၆ ယွမ်မှ ၉၀ ယွမ်အကြား အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## မုံရွာဈေးကွက်တွင် ကုလားပဲဖြူလုံးကြီးဈေးငြိမ်၊ ပဲတီစိမ်းဈေးကျ

မုံရွာဈေးကွက်တွင် ဒီတစ်ပတ် ကုလားပဲဖြူလုံးကြီးကို ပဲခွဲစက်များက ပုံမှန်အဝယ်ရှိပေမယ့် ယခင်တစ်ပတ်နဲ့ နှိုင်းယှဉ်ပါက ဈေးငြိမ်နေကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် ကုလားပဲဖြူလုံးကြီး တစ်ပိဿာ ၂၀၅၃ ကျပ် (တစ်တန်ကို ၁၂၅၇၂၃၆ ကျပ်) ဈေးဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ပဲတီစိမ်းကြီးကတော့နယ်စုံမှ ဆက်လက်ဝင်ရောက်နေသလို မန္တလေးဝယ်လက်ကလည်း ပဲရဲ့အရည်အသွေးပေါ် မူတည်ပြီး တစ်ပိဿာကို ၁၆၉၅ ကျပ် (တစ်တန်ကို ၁၀၃၈၀၀၀ ကျပ်) ဈေးဖြင့်နေ့စဉ်အိတ် ၃၀၀ ခန့်အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ပဲစင်းငုံနီကို ပြည်ပအတွက်ဝယ်ယူနေတဲ့ ရန်ကုန်ဝယ်လက်ကတစ်ပိဿာကို ၂၄၇၅ ကျပ် (တစ်တန်ကို ၁၅၁၅၆၆၅ ကျပ်) ဈေးဖြင့် ဈေးဖွင့်အဝယ်ရှိပေမယ့် ရောင်းသူဘက်မှ အရောင်းများတာကြောင့် ကြိုက်ဈေးမရနေကြောင်း မုံရွာဈေးကွက်မှ ကုန်သည်တစ်ဦးက ပြောပါတယ်။

××××××××××××××××

## တောင်ကြီးဈေးကွက်မှာ ပြောင်းကို ရန်ကုန်-မန္တလေး ဝယ်လက်နဲ့ အစာစပ်များ ဝယ်လိုအား ပုံမှန်ရှိ

တောင်ကြီးဈေးကွက်မှာ ဒီတစ်ပတ် ပြောင်းသီးနှံကို ရန်ကုန်-မန္တလေးဝယ်လက်နဲ့ အစာစပ်လုပ်ငန်းရှင်များက ဝယ်လိုအားပုံမှန်ရှိသလို ရောင်းသူဘက်မှလည်း ပုံမှန်အရောင်းရှိခဲ့ကြောင်း အရောင်းအဝယ်အနေဖြင့် တစ်ပိဿာကို ၄၅၀ ကျပ် ဈေးဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

G

**GREEN**

**Customs Authorized Services Agency**

No.10/12,1st ,Floor,Room No 101,
A1,35th Street,Yangon,Myanmar

Ph-01-240088,09 5147080,
09 5161651

E-mail-pptun.greenagency@gmail.com
paingpainghtun09@gmail.com

**Farmer Auto Showroom**

**Grade (A) အဆင့်ရှိ ယုံကြည်စိတ်ချမှုအရှိဆုံး ကားအရောင်းစင်တာ**

ပြခန်း(၁) - အမှတ်(၁၈)၊ အောင်ဇေယျလမ်း၊ ကျောက်ကုန်း၊ (၁၄)ရပ်ကွက်၊
ရန်ကင်းမြို့နယ်၊ ရန်ကုန်။
ဖုန်း - ၀၉-၃၁၅၈၉၆၄၃၊ ၀၉-၈၅၁၆၀၇၈၊ ၀၉-၇၈၃၉၄၅၃၃၇

ပြခန်း(၂) - အမှတ်(၁၉)၊ ပြည်လမ်း၊ (Ocetn Centre ရှေ့) မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။
ဖုန်း - ၀၁-၆၆၁၅၈၈၊ ၀၉-၇၃၂၅၂၄၃၈၊

နေပြည်တော် - အမှတ်(၅၈၇)၊ ရာဇဌာနီလမ်းပေါင်းလောင်း(၃)ရပ်ကွက်၊ပျဉ်းမနား၊ နေပြည်တော်။
ဖုန်း - ၀၉-၇၃၄၉၁၀၂၃

မန္တလေး - အမှတ်(၅၁၆)-က/ခ၊ ရန်ကုန်-မန္တလေးလမ်းမကြီး၊ ကွဲဆည်ကန်ဓါးဗွိုင်အနီး။
ဖုန်း - ၀၂-၅၉၅၉၂ ၀၉-၇၃၁၅၂၄၃၇၊

မကွေး - နတ်မောက်လမ်းနှင့် ဗိုလ်ချုပ်လမ်းထောင့်၊ မကွေးမြို့။
ဖုန်း - ၀၉-၃၁၈၂၄၀၄၇

ပုသိမ် - ဦးပိုင်အမှတ်(၂၇)၊ အမှတ်(၁၆၃-င)၊ စီးပွားရေးဇုန်(လွန်ကန်)၊
ပုသိမ်-ရန်ကုန်လမ်းမကြီး။
ဖုန်း - ၀၉-၈၅၃၇၆၆၇

**ရန်ကုန်နှင့်နယ်လိုင်စင် Taxi များအရစ်ကျရမည်**

M.I.L

**Myanmar Intelligent Logistic Trading Co., Ltd.**

**Your Satisfaction is our future**





**BUSINESS SCOPE**

1. CUSTOM CLEARANCE SERVICES
2. TRUCK TRANSPORTATION
3. TRADING
4. FREIGHT FORWARDING
5. CROSS BORDER

No.16, Ground Floor, Warkhaema Street, Sanchaung Township, Myanmar.

Office: +951 502011, +959 262990524 Mobile : +959 252271277, +959 259639243 Email: wuttyee@myanmarintelligent.com

# တစ်ဦးချင်းကုန်သွယ်မှုလုပ်ငန်းရှင် မှတ်ပုံတင်လက်မှတ် (ITC) ကတ်ဖြင့် လုပ်ငန်းဆောင်ရွက်ခွင့်ပြုသည့် တန်ဖိုးတိုးမြှင့်ခွင့်ပြု

ကုန်သွယ်မှုတိုးတက်ရေး အတွက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေနဲ့ နယ်စပ်ဒေသများမှာ ကုမ္ပဏီထူထောင်ပြီး ကုန်သွယ်မှု မပြုလုပ်နိုင်တဲ့ ဒေသခံပြည်သူတွေ ရိုးရှင်းလွယ်ကူစွာ ကုန်သွယ်မှုဆောင်ရွက်နိုင်ရန်၊ တစ်ပိုင်တစ်နိုင်ကုန်သွယ်မှုပြုနိုင်ကြရန်၊ အလုပ်အကိုင်အခွင့်အလမ်းရရှိစေရန်၊ နယ်စပ် ဒေသစည်ပင်ဖွံ့ဖြိုးခြင်းနဲ့ ဆင်းရဲနွမ်းပါးမှု လျှော့ချနိုင်စေရန် တစ်ဦးချင်း ကုန်သွယ်မှုလုပ်ငန်းရှင်မှတ်ပုံလက်မှတ် Trading Card ( ITC) ကတ်နဲ့ ကုန်သွယ်မှုပြုလုပ်နိုင်အောင် ၂၀၁၂ ခုနှစ် နိုဝင်ဘာလက တမူးကုန်သွယ်ရေးစခန်းမှ စတင်ခွင့်ပြုခဲ့ပြီး ၂၀၁၃ ခုနှစ် ဧပြီ ၂၂ ရက်အထိမှာတော့ ကုန်သွယ်ရေးစခန်း ၁၅ ခုလုံးမှာဆောင်ရွက်ခွင့်ရရှိခဲ့ပြီးဖြစ်ပါတယ်။

စတင်ခွင့်ပြုစဉ်ကာလက ပို့ကုန်သွင်းကုန်ကို တစ်နေ့ကျပ် ၁၀ သိန်းနှုန်းနှင့် ၅ ရက်စာတစ်ကြိမ်တည်း ကျပ်သိန်း ၅၀ အထိ ဆောင်ရွက်ခွင့်ပြုခဲ့တာဖြစ်ပါတယ်။ ဒါ့အပြင် လုပ်ငန်းငယ်များရဲ့ တင်ပြတောင်းဆိုချက်အရ ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီလဆန်းပိုင်းမှာ တစ်ရက်ကျပ်သိန်း ၂၀ နှုန်းနှင့် ၅ ရက်စာ တစ်ကြိမ်တည်းကျပ်သိန်း ၁၀၀ ထိ ဆောင်ရွက်တိုးမြှင့်ပေးထားပြီး ဖြစ်ပါတယ်။ ယခုအခါ ၂၀၁၆ ခုနှစ် မတ်လလည်က သစ်သီးဝလံနှင့် ပန်းမာန် ပြည်ပပို့ကုန်မြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲ ကျင်းပစဉ် သစ်သီးစိုက်တောင်သူများက သစ်သီးဝလံစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချတဲ့ တောင်သူများရဲ့ အကျိုးအတွက်ITC နဲ့ လုပ်ငန်းလုပ်ကိုင်ခွင့်ကျပ် သိန်း ၁၀၀ အထိ ခွင့်ပြုထားခြင်း၊ ITC လျှောက်ထားနိုင်တဲ့ နယ်မြေဒေသကန့်သတ်ထားချက်များ ဖြေလျှော့ပေးရန် တင်ပြလာတဲ့အတွက် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီရဲ့ ဆွေးနွေးသဘောတူညီချက်အရITC နဲ့လုပ်ငန်းရှင်တစ်ဦးလျှင် တစ်ရက် ကျပ်သိန်း ၃၀ နှုန်းနဲ့ ၅ ရက်စာ တစ်ကြိမ်တည်း ကျပ်သိန်း ၁၅၀ ထိ တိုးမြှင့်ဆောင်ရွက်ရန်နဲ့ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) တွင်နေထိုင်သူများအား မန္တလေးပို့ကုန်သွင်းကုန်ရုံးချုပ်နှင့် မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်တို့တွင် လုပ်ထုံးလုပ်နည်းနဲ့အညီ ITC မှတ်ပုံတင်ခြင်း၊ ITC ဖြင့် လိုင်စင်ခွင့်ပြုခြင်းများအား မေ ၁၁ ရက်မှ စပြီး ခွင့်ပြုပေးလိုက်ပြီဖြစ်ပါတယ်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ၂၀၁၅ ခုနှစ် ဧပြီ ၁ ရက်မှ ၂၀၁၆ ခုနှစ် မတ် ၂၅ ရက်အထိ ကုန်သွယ်ရေးစခန်းများမှ ITC နဲ့ ပို့ကုန်ဆောင်ရွက်မှု ကျပ်သန်း ၂၄၆၀ ကျော်၊ သွင်းကုန်ဆောင်ရွက်မှု ကျပ် ၄၀၁၂ သန်းကျော်၊ စုစုပေါင်း ကုန်သွယ်မှု ကျပ် ၆၄၇၃ သန်းကျော် ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ITC နဲ့ စတင်ဆောင်ရွက်ခဲ့တဲ့ ၂၀၁၂ ခုနှစ် နိုဝင်ဘာလမှ ၂၀၁၆ ခုနှစ် မတ် ၂၅ ရက်အထိ ITC ကတ် ၁၀၁၄ ခု၊ ပို့ကုန်ကျပ် ၆၁၉၇ သန်း၊ သွင်းကုန်ကျပ် ၁၇၀၄၂ သန်း။ ကုန်သွယ်မှုပမာဏ ကျပ် ၂၃၂၃၉ သန်းကျော်ဆောင်ရွက်ထားပြီး ဖြစ်ပါတယ်။

**CMK**

## မြဝတီကုန်သွယ်ရေးဇုန်နဲ့ မြိတ်ကုန်သွယ်ရေးစခန်းမှ ရေထွက်ကုန် တန်တစ်ထောင်ကျော် တင်ပို့



မြန်မာ-ထိုင်းနယ်စပ်ရှိမြဝတီကုန်သွယ်ရေးဇုန်နဲ့ မြိတ်ကုန်သွယ်ရေးစခန်းမှ ဧပြီလ ၃၀ ရက်မှ မေ ၆ ရက် အတွင်း ကန်ဒေါ်လာ ၂ ဒသမ ၂၆၀ သန်းတန်ဖိုးရှိရေထွက်ကုန် ၁၆၆၅ တန်ကျော်တင်ပို့နိုင်ခဲ့ပါတယ်။ ယခင် တစ်ပတ်နဲ့နှိုင်းယှဉ်ပါက ရေထွက်ကုန် ၁၅၇၈ တန်ကျော်လျော့နည်းတင်ပို့ခဲ့ပါတယ်။

မြဝတီကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာ သုည ဒသမ ၁၂၉ သန်းတန်ဖိုးရှိ ရေထွက်ကုန်များဖြစ်တဲ့ ငါးမျိုးစုံ ၇၃ တန်ကျော်နဲ့ ဂဏန်း ၂၆ တန်ကျော်တင်ပို့နိုင်တဲ့အတွက် ယခင်တစ်ပတ်နဲ့နှိုင်းယှဉ်ပါက ၁၆ တန်ကျော် လျော့နည်း တင်ပို့ခဲ့ပါတယ်။

မြိတ်ကုန်သွယ်ရေးစခန်းမှလည်း ကန်ဒေါ်လာ ၂ ဒသမ ၁၃၁ သန်းတန်ဖိုးရှိ ငါးမျိုးစုံ တန် ၁၂၂၀ ကျော်၊ အေးခဲပုစွန် ၅၆ တန်ကျော် ဂဏန်းပျော့ (အေးခဲ) ၃၇ တန်ကျော်၊ ငါးမှုန့် တန် ၂၂၀၊ ရေငန်ပုစွန် ၁၅ တန်ကျော်၊ ငါးခြောက် ၁၂ တန်၊ ပုစွန်ခြောက် ၆ တန်၊ ဂဏန်းသေး(အသေ) ၂ တန်ကျော်၊ ကင်းမွန် တစ်တန်ကျော် တင်ပို့နိုင်ခဲ့တဲ့အတွက် ယခင်တစ်ပတ်နဲ့ နှိုင်းယှဉ်ပါက ၁၅၆၂ တန်ကျော်လျော့နည်းတင်ပို့ခဲ့ပါတယ်။

**ခင်မြနွယ်**

## မူဆယ်ကုန်သွယ်ရေးဇုန်မှ ပို့ကုန်ရော သွင်းကုန်ပါ ပိုမိုဆောင်ရွက်

မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်ရဲ့ ဧပြီ ၃၀ ရက်မှ မေ ၆ ရက်အထိ လုပ်ငန်းဆောင်ရွက်ချက်မှာ ပို့ကုန်ကန်ဒေါ်လာ ၁၆၅ ဒသမ ၄၈၈ သန်း၊ သွင်းကုန်ကန်ဒေါ်လာ ၂၉ ဒသမ ၄၇၃ သန်းဖြစ်ပြီး ကုန်သွယ်မှုပမာဏမှာ ကန်ဒေါ်လာ ၁၉၄ ဒသမ ၉၆၁ သန်း ဖြစ်ပါတယ်။ ယခင်တစ်ပတ်နဲ့ နှိုင်းယှဉ်ပါက ပို့ကုန်ကန်ဒေါ်လာ ၁၁၃ ဒသမ ၅၉၅ သန်းနဲ့ သွင်းကုန် ၂ ဒသမ ၉၁၇ သန်းပိုမိုခဲ့တဲ့အတွက် ကုန်သွယ်မှုပမာဏကန်ဒေါ်လာ ၁၁၆ ဒသမ ၅၁၂ သန်း ပိုမိုခဲ့ပါတယ်။

ပို့ကုန်ပိုင်းပိုမိုရခြင်းမှာ သတ္တုတွင်းထွက်၊ တိရစ္ဆာန်ထွက်၊ စက်မှုကုန်ချောနဲ့အခြားအုပ်စုတို့ပါ ပိုမိုခဲ့လို့ဖြစ်ပါတယ်။

လယ်ယာထွက်ကုန် အုပ်စုအနေနဲ့ ပဲမျိုးစုံတင်ပို့မှု ပိုမိုခဲ့ပေမယ့် ဆန်၊ ဆန်ကွဲ၊ ပြောင်းတင်ပို့မှုလျော့ကျခဲ့ပါတယ်။ သတ္တုတွင်းထွက်မှာ ယခင်တစ်ပတ်ထက်တန်ချိန် ၂၀၀ ကျော်လျော့နည်းတင်ပို့ခဲ့ပေမယ့် တန်ဖိုးအားဖြင့်ကန်ဒေါ်လာသုည ဒသမ ၂၁၈ သန်း ပိုမိုရရှိခဲ့ပါတယ်။ တိရစ္ဆာန် ထွက်ကုန်မှာတော့ ပျားရည် ၁၆ တန်ခွဲ၊ တန်ဖိုး သုည ဒသမ ၀၁၂ သန်းတင်ပို့နိုင်ခဲ့ပြီး၊ စက်မှုကုန်ချောမှာ သကြားဖြူ ကြံသကာ၊ ကော်ဖီမစ်မျိုးစုံ၊ ကျောက်မျက်ချောထည်၊ ဒီဇယ်နဲ့ သဘာဝဓာတ်ငွေ့တို့ တင်ပို့နိုင်ခဲ့ပါတယ်။ ပို့ကုန်ပမာဏပိုမိုခဲ့ရခြင်းမှာ ပဲတီစိမ်း၊ ကြက်သွန်နီ၊ သရက်သီး၊ သကြားနဲ့ သဘာဝဓာတ်ငွေ့တို့ ပိုမိုတင်ပို့နိုင်ခဲ့တာကြောင့် ဖြစ်ပါတယ်။

သွင်းကုန်ပိုမိုရခြင်းကတော့ ရင်းနှီးမြှုပ်နှံမှု၊ လုပ်ငန်းသုံးကုန်ကြမ်းနဲ့ လူသုံးကုန်ပစ္စည်းပိုမိုတင်သွင်းနိုင်လို့ ဖြစ်ပါတယ်။ ရင်းနှီးမြှုပ်နှံမှုအနေနဲ့ သံနဲ့သံမဏိဆောက်လုပ်ရေးသုံးပစ္စည်း၊ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးနဲ့ တပ်ဆင်ရေးသုံးပစ္စည်းများ၊ မော်တော်ဆိုင်ကယ်အပိုပစ္စည်း၊ တယ်လီဖုန်းနဲ့ ဆက်သွယ်ရေးပစ္စည်း ကိရိယာ၊ လုပ်ငန်းသုံး အနေနဲ့ ဓာတုဗေဒပစ္စည်း၊ ဓာတ်မြေဩဇာ၊ အခြားစက္ကူများ၊ လူသုံးပစ္စည်းအုပ်စုအနေနဲ့ လျှပ်စစ်မီးသီးနဲ့ မီးချောင်းများ၊ ချည်ထည်များ၊ ချုပ်ပြီးအထည်များ ပိုမိုတင်သွင်းနိုင်ခဲ့လို့ ဖြစ်ပါတယ်။

**MIRT**

## စခန်းစုံမှ ဖရဲသီးတန်ချိန် တစ်သိန်းခြောက်သောင်းကျော်တင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်မှ ဧပြီ ၁ ရက်မှ ၃၀ ရက်အတွင်း ကန်ဒေါ်လာ ၈ ဒသမ ၈၉၅ သန်းတန်ဖိုးရှိ ဖရဲသီး ၈၂၈၀၂ တန်ခွဲ၊ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ ကန်ဒေါ်လာ ၈ ဒသမ ၅၆၇ သန်းတန်ဖိုးရှိ ဖရဲသီး ၈၀၀၇၀ တန်ကျော်၊ ကန်ပိုက်တီးကုန်သွယ်ရေးစခန်းမှ ကန်ဒေါ်လာ သုည ဒသမ ၂၄၄ သန်းတန်ဖိုးရှိ ဖရဲသီး ၂၂၈၆ တန်နဲ့မြန်မာ-အိန္ဒိယနယ်စပ်ရှိတမူးကုန်သွယ်ရေးစခန်းမှ ကန်ဒေါ်လာ သုည ဒသမ ၀၀၃ သန်းတန်ဖိုးရှိ ဖရဲသီး ၃ တန်နဲ့ ရိဒ်ကုန်သွယ်ရေးစခန်းမှ ကန်ဒေါ်လာ သုည ဒသမ ၀၀၈ သန်းတန်ဖိုးရှိ ဖရဲသီး ၂၈ တန်ခွဲကျော် စုစုပေါင်း အမေရိကန်ဒေါ်လာ ၁၇ ဒသမ ၇၁၇ သန်းတန်ဖိုးရှိ ဖရဲသီး ၁၆၅၁၉၀ တန်ကျော် တင်ပို့နိုင်ခဲ့ပါတယ်။ မန္တလေးအနီးဝန်းကျင်ဒေသများမှ ဖရဲသီးထွက်ရှိတာဖြစ်ပြီး တရုတ်ပြည်သို့ တင်ပို့တဲ့ ဖရဲသီးဈေးကွက်မှာ ဖရဲသီးစထွက်သည့် ဒီဇင်ဘာလမှစ၍ တင်ပို့တာဖြစ်တယ်လို့ မူဆယ်ကုန်စည်ဒိုင်မှ သိရပါတယ်။

တမူးစခန်းနဲ့ ရိဒ်စခန်းက တင်ပို့တဲ့ ဖရဲသီးများကတော့ စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ် တစ်ဝိုက်မှ ထွက်ရှိတဲ့ ဖရဲများဖြစ်တယ်လို့ သိရှိရပါတယ်။

**မြင့်မြင့်မာ**

## မောင်တောကုန်သွယ်ရေးစခန်းမှ ဝါးနဲ့ ကြိမ်တင်ပို့

မြန်မာ-ဘင်္ဂလားဒေ့ရှ် နယ်စပ်ရှိ မောင်တောကုန်သွယ်ရေးစခန်းမှ တစ်ဖက်ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ဧပြီ ၃၀ ရက်မှ မေ ၆ ရက်အထိ ကာလအတွင်း သစ်တောထွက်ပစ္စည်းအုပ်စုဖြစ်တဲ့ အမေရိကန်ဒေါ်လာ ၁၀၀၁၂ တန်ဖိုးရှိ ဝါး ၁၂၅၀၀၀ ကီလိုနဲ့ အမေရိကန်ဒေါ်လာ ၆၄၉၇ တန်ဖိုးရှိ ကြိမ် ၉၀၆၂ ကီလို တင်ပို့နိုင်ခဲ့ပါတယ်။ ယခင်တစ်ပတ်က တင်ပို့မှုမရှိခဲ့ပေမယ့် ယခုတစ်ပတ်မှာ တင်ပို့နိုင်တယ်လို့သိရပါတယ်။

ဝါးများကို နှစ်စဉ်ခုတ်ယူပါက ဝါးထွက်ရှိမှု ပိုမိုတိုးတက်လာနိုင်ကြောင်းနဲ့ ဝါးများအား မခုတ်ယူဘဲ နှစ်ကြာ ရှည်စွာထားလိုက်ပါက အသီးများသီးလာပြီး၊ ဝါးများမထွက်တော့ကြောင်း ဝါးလုပ်ငန်းလုပ်ကိုင်နေသူများထံမှသိရှိရပါတယ်။

**မြင့်မြင့်မာ**

## မူဆယ် ကုန်သွယ်ရေးဇုန်မှ ဆီးဆန်၊ ဆီးခွဲခြမ်း၊ ဆီးသီးခြောက် တန် ခြောက်ရာကျော်တင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ ဧပြီ ၃၀ ရက်မှ မေ ၆ ရက် ကာလ အတွင်း သုည ဒသမ ၁၉၆ သန်းတန်ဖိုးရှိ ဆီးဆန် ၃၁ တန်ကျော်၊ ဆီးခွဲခြမ်း ၂ တန်နဲ့ ဆီးသီးခြောက် ၆၄၈ တန်ကျော်ကို တရုတ်နိုင်ငံသို့ တင်ပို့နိုင်ခဲ့ပါတယ်။ ယခင်သီတင်းပတ်ထက် ဆီးဆန် ၇ တန်ကျော်၊ ဆီးခွဲခြမ်း ၂ တန်နဲ့ ဆီးသီးခြောက် ၆၃၀ တန်ခွဲပိုမိုတင်ပို့နိုင်ခဲ့တယ်လို့ သိရပါတယ်။

**မြင့်မြင့်မာ**

# မြန်မာနိုင်ငံနှင့် အကောက်ခွန်ဆိုင်ရာ အခွင့်အရေးပေးမှုစနစ် (Generalized System of Preferences) အခြေအနေ

ရွှေစင်ဦး

(ယခင်တစ်ပတ်မှအဆက်)

အဆိုပါ GSP အခွင့်အရေးရရှိသည့် ကုန်စည် စာရင်းများနှင့် စည်းမျဉ်းများကို အခွင့်အရေး ပေးသည့် နိုင်ငံက နှစ်အလိုက် သို့မဟုတ် မကြာခဏ ပြင်ဆင်လေ့ ရှိပါသည်။ ဥပမာအားဖြင့် ဥရောပ သမဂ္ဂ၊ ဂျပန်နှင့် အမေရိကန်နိုင်ငံတို့၏ GSP အခွင့် အရေးရရှိသော ကုန်ပစ္စည်းစာရင်းများကို တစ်နှစ် တစ်ကြိမ်ပြင်ဆင်ဖြည့်စွက်လေ့ရှိပါသည်။ GSP အစီအစဉ်အရ အကောက်ခွန် သက်သာခွင့် ခံစားနိုင်ရန်အတွက် ထုတ်ပေးသော အသိအမှတ်ပြု လက်မှတ်မှာ GSP Form A ဖြစ်ပါသည်။



**GSP ပင်ရင်းနိုင်ငံစည်းမျဉ်း**

GSP အစီအစဉ်သည် တစ်ဖက်သတ် အခွင့်အရေးပေးသော စနစ်ဖြစ်ရာ အခွင့်အရေးပေးသော နိုင်ငံများမှ ၎င်းတို့စိတ်ကြိုက် စည်းကမ်းချက်များ သတ်မှတ် ဆောင်ရွက်ခွင့်ရှိပါသည်။ GSP အခွင့် အရေးရရှိသော နိုင်ငံများမှတင်ပို့သော ပို့ကုန်ပစ္စည်းသည် တင်သွင်းသောနိုင်ငံက သတ်မှတ်ထားသည့် GSP ပင်ရင်းနိုင်ငံစည်းမျဉ်းနှင့် ကိုက်ညီရမည် ဖြစ်ပါ သည်။ ပင်ရင်းနိုင်ငံစည်းမျဉ်းသည်GSP အစီအစဉ် များ၏ အဓိကအရေးပါသော အစိတ်အပိုင်းတစ်ရပ်ဖြစ်ပြီး အခွင့်အရေးရရှိသည့် နိုင်ငံအတွင်း အပြည့်အဝထုတ်လုပ်ရရှိသော သို့မဟုတ် သိသာထင်ရှားစွာ ပြောင်းလဲမှု ရှိအောင် ပြုပြင် ထုတ်လုပ်ထားသော ကုန်စည်များကို အကောက်ခွန် အခွင့်အရေးပေးရာတွင် သေချာမှု ရှိအောင် သတ်မှတ်ထားခြင်း ဖြစ်ပါသည်။

GSP အစီအစဉ်ရှိပင်ရင်းနိုင်ငံစည်းမျဉ်းများ၏ အဓိက အချက်များတွင် ပင်ရင်းနိုင်ငံမှတ်ကျောက်၊ ကုန်စည်တင်ပို့မှုဆိုင်ရာ စည်းကမ်းချက်များ၊ အထောက်အထားစာရွက်စာတမ်းများ စသည့် အချက်များပါဝင်သည်။

**GSP အစီအစဉ်များတွင် မြန်မာနိုင်ငံ၏ပါဝင်ဆောင်ရွက်မှု အခြေအနေ**

**အီးယူ GSP အစီအစဉ်**

၁၉၉၇ ခုနှစ်မှစ၍ forced labor အသုံးပြုမှုကြောင့် မြန်မာနိုင်ငံအနေဖြင့် GSP အကျိုးခံစားခွင့်မှ ယာယီဖယ်ရှားခံခဲ့ရသော်လည်း ၂၀၁၁ခုနှစ်တွင် သမ္မတဦးသိန်းစိန်အစိုးရတာဝန်ယူပြီးနောက်ပိုင်း မြန်မာနိုင်ငံ၏ နိုင်ငံရေးနှင့် စီးပွားရေးပြုပြင်ပြောင်းလဲမှုများစွာကို ဆက်တိုက်ဆောင်ရွက်လျက်ရှိရာ အီးယူအနေဖြင့် မြန်မာနိုင်ငံအပေါ် ပိတ်ဆို့မှုများကို ဖြေလျှော့ပေးသည့်အနေဖြင့် အခွင့်အရေး ပြန်လည်ပေးအပ်ခဲ့ပါသည်။

ဥရောပသမဂ္ဂ နိုင်ငံများအနေဖြင့် မြန်မာနိုင်ငံအပေါ်တွင် အကောက်ခွန် သက်သာ/ ကင်းလွတ်ခွင့်ကို ၁၉၉၇ ခုနှစ်မှ စတင်ကာ ဆိုင်းငံ့ထားခဲ့ပြီး ၂၀၀၈ ခုနှစ်တွင် ဆက်လက် သက်တမ်းတိုးခဲ့ပါ သည်။ ၂၀၁၃ ခုနှစ်၊ ဇွန် ၂၉ ရက်နေ့တွင် ထုတ်ပြန် သော ဥရောပသမဂ္ဂ၏ တရားဝင်ဂျာနယ်တွင် ဖော်ပြချက်အရ မြန်မာနိုင်ငံအနေဖြင့် အီးယူမှ ပေးအပ်သော GSP အစီအစဉ်ကို EU Regulation (၆၀၇/ ၂၀၁၃) ဖြင့် ၂၀၁၃ ခုနှစ်၊ ဇူလိုင် ၁၉ရက်မှ စတင်၍ လက်နက်ခဲယမ်းမှအပ (Every-thing But Arms-EBA) ကျန်ကုန်စည်အားလုံးကို အကောက်ခွန် ကင်းလွတ်ခွင့်နှင့် အရေအတွက်ကန့်သတ်ခြင်းမှ ကင်းလွတ်ခွင့် (Duty Free and Quota Free)ကို ပြန်လည်ရရှိခံစားလျက်ရှိပါသည်။ ထုတ်ပြန်ကြေညာချက်အရ မြန်မာနိုင်ငံအနေဖြင့် ၂၀၁၂ ခုနှစ်၊ ဇွန် ၁၃ ရက်မှစတင်ကာ တင်ပို့သော ပို့ကုန်များအတွက် နောက်ကြောင်းပြန် အကျိုးခံစားခွင့်ဖြင့် ပြန်လည်ခံစားလျက်ရှိပါသည်။

မြန်မာနိုင်ငံအနေဖြင့် အီးယူဈေးကွက်သို့ ငါး၊ ပုစွန်စသည့် ရေထွက်ကုန်စည်များ၊ ဆန်၊ ပဲစသည့် လယ်ယာထွက်ကုန်စည်များ၊ ကြိမ်ထည်၊ သစ်အချောထည် စသည့် သစ်တောထွက် ပစ္စည်းများ၊ အဝတ်အထည်၊ ဖိနပ်စသည့် စက်မှုထုတ်ကုန်စည်တင်ပို့မှုများအတွက် အကောက်ခွန်ကင်းလွတ်ခွင့်ရရှိ ခံစားလျက်ရှိပါသည်။ ဘဏ္ဍာနှစ်အလိုက်၊ ကုန်စည် အုပ်စုအလိုက် အီးယူနိုင်ငံများသို့ တင်ပို့သော မြန်မာ့ကုန်စည်များ Form A အသုံးပြုမှု အခြေအနေ များကိုဇယားဖြင့် ဖော်ပြထားပါသည်။

➲ ဆက်လက်ဖော်ပြပါမည်။

# စင်ကာပူနိုင်ငံမှာ ကျင့်သုံးနေတဲ့ သွင်းကုန်လိုင်စင်လုပ်ထုံးလုပ်နည်းများ

(ယခင်တစ်ပတ်မှအဆက်)

ယေဘုယျအားဖြင့် သွင်းကုန်လိုင်စင်များကို သင့်တော်ပြီး ပြည့်စုံသည့်ပုံစံများဖြင့် တင်ပြလျှောက်ထားမှုအပေါ် မူတည်၍ ချက်ချင်းထုတ်ပေးနိုင်ကြောင်း၊ လက်နက်၊ခဲယမ်း၊ ရေဒီယိုသတ္တိကြွပစ္စည်းများ တင်သွင်းသူသည် ရောင်းဝယ်ခွင့်လိုင်စင် (Dealer’s license ) ရရှိပြီးသူဖြစ်ပါက သွင်းကုန်လိုင်စင်ကို ချက်ချင်းထုတ် ပေးနိုင်ကြောင်း၊ သွင်းကုန်လုပ်ငန်းလုပ်ကိုင်ခွင့် လိုင်စင်တွင် သတ်မှတ်ထား ခြင်းမရှိသော သွင်းကုန်များအတွက် တင်သွင်းသူသည် သွင်းကုန်လိုင်စင် ကုန်စည်များအတွက် အတည်ပြုချက်ရယူနိုင်ရန် Radiation Protection and Nuclear Science Department သို့ တင်ပြနိုင်ကြောင်း၊ CD, DVD တင်သွင်းမှုနှင့်ပတ်သက်၍ ပထမဦးစွာ ဆက်နွှယ်သည့်သူများသည် (Interested parties) Manufacture of Optical Disc Act အရ EDB တွင် ထုတ်လုပ်မှုအမှတ်ကို လျှောက်ထားပြီးမှသာ တင်သွင်းသူမှ လိုင်စင်ရရှိရန် ဆက်လက်လျှောက်ထားနိုင်မည်ဖြစ်ကြောင်း ဖော်ပြထားပါသည်။

လိုင်စင်လျှောက်ထားမှုအတွက် တင်သွင်းသူများတွင်ရှိသင့်သည့် အရည်အချင်းများ သတ်မှတ်ထားမှုနှင့်ပတ်သက်၍ ယေဘုယျအားဖြင့် မှတ်ပုံတင်ထားသည့်ကုမ္ပဏီများနှင့် အဖွဲ့အစည်း များသည် မှတ်ပုံတင်ကြေးမလိုအပ်ဘဲ လိုင်စင်လျှောက်ထားနိုင်ကြောင်း၊ သို့သော်လည်း အချို့သော ကုန်စည်များ တင်သွင်းခြင်းအတွက် အရည်အချင်းများကို အောက်ပါ အတိုင်း သတ်မှတ်ထားကြောင်း ဖော်ပြထားပါသည်-

(က) လက်နက်၊ ခဲယမ်းတင်သွင်းရန် သို့မဟုတ် ရောင်းချရန် လိုင်စင်တစ်ခုအတွက် လျှောက်ထားသူသည် ပြစ်မှုမှတ်တမ်းမရှိသူ သို့မဟုတ် လုံခြုံရေးကို ထိခိုက်စေခြင်းမရှိသူဖြစ်ပြီး အသက် ၂၁ နှစ်အထက် လက်နက်ခဲယမ်းကိုင်တွယ်မှုနှင့်ပတ်သက်သည့် အခြေခံဗဟုသုတရှိသူဖြစ်ရမည်။

(ခ) အန္တရာယ်ရှိပစ္စည်း တင်သွင်းရန်လိုင်စင်အတွက် တင်သွင်းသူသည် ယင်းပစ္စည်းများကို ဘေးကင်းစွာ ကိုင်တွယ်မည့်လိုအပ်သောအသိပညာရှိသည့် ကျွမ်းကျင်သူ သို့မဟုတ် ဝါရင့်စီမံခန့်ခွဲသူ ဝန်ထမ်းဖြစ်ရန် လိုကြောင်း၊ အသက်မွေးဝမ်းကျောင်းအလုပ်ဆိုင်ရာ ရောဂါကာကွယ်ရေး နှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး အတွက် WSQ Specialist diploma အရ Manage Hazardous Substances ဆိုင်ရာ မော်ကျူးစာမေးပွဲ အောင်မြင်သူဖြစ်ရမည်။

(ဂ) ထိန်းချုပ်ထားသည့် ဆက်သွယ်ရေးပစ္စည်းများ ရောင်းချရန်လိုင်စင်အတွက် လျှောက်ထားသူသည် ၎င်းတို့ကုန်ပစ္စည်းနှင့်ပတ်သက်သည့် အသိပညာ၊ သုံးစွဲသူကို အကြံပြု လမ်းညွှန်ပေးနိုင်ရန်လိုအပ်သော IDA’s equipment မှတ်ပုံတင်ခြင်းစသည့် အသိရှိသူဖြစ်ရမည်ဖြစ်ပြီး လျှောက်ထားသူသည် စင်ကာပူကုမ္ပဏီအက်အရ ဖွဲ့စည်းထားသည့် ကုမ္ပဏီတစ်ခုဖြစ်ရမည်။

(ဃ) အဆိပ်လိုင်စင်ပုံစံ A အတွက် လျှောက်ထားသူသည် ဆေးဖော်ရောင်းသည့် မှတ်ပုံတင်ကဲ့သို့သော အရည်အချင်းမီသည့် ပုဂ္ဂိုလ်များဖြစ်ရန် လိုအပ်သည်။

(င) အချို့သော တိရစ္ဆာန်ရုံ၊ ပြတိုက်များနှင့် သုတေသနအဖွဲ့အစည်းများသာလျှင် CITES အန္တရာယ်ရှိမျိုးစိတ်များတင်သွင်းရန်အတွက် လိုင်စင်လျှောက်ထားနိုင်သည်။

(စ) ဆက်စပ်အရည်အသွေးနှင့်အတွေ့အကြုံရှိသည့် လိုင်စင်ရပုဂ္ဂိုလ်သာလျှင် တိရစ္ဆာန်ဆေးကုဆိုင်ရာ ပစ္စည်းများ တင်သွင်းနိုင်သည်။

(ဆ) စင်ကာပူတွင် မှတ်ပုံတင်ထားသည့် ကုမ္ပဏီများသာ

|cS/d uf|

လျှင် Ozone Depleting Ssbstances (ODS) တင်သွင်းရန် လိုင်စင်လျှောက်ထားနိုင်သည်။

(ဇ) ရောဂါဖြစ်ပွားစေသောပစ္စည်း သို့မဟုတ် အဏုဇီဝဗေဒဆိုင်ရာ အဆိပ်အတောက် တင်သွင်းရန် ပါမစ်အတွက်လျှောက်ထားသူသည် Biological Agents and toxins Act တွင်ပြဋ္ဌာန်းချက်များနှင့် ပြည့်မီသူဖြစ်ရမည်။

(ည) ရေဒီယိုသတ္တိကြွပစ္စည်းများအသုံးပြုရန် ရည်ရွယ်တင်သွင်းသူများအတွက် တင်သွင်းသူ (နောက်ဆုံးအသုံးပြုသူတစ်ဦးချင်း) သည် The Radiation Protection and Nuclear Science Department မှ စီမံခန့်ခွဲသော ကျွမ်းကျင်မှုစစ်ဆေးချက်ကို အောင်မြင်သည့်အရည်အချင်းကို ပြသရန်လိုအပ်သည်။

လိုင်စင်လျှောက်ထားရန်အတွက် အထောက်အထားများနှင့် အခြားလိုအပ်ချက်များအနေဖြင့် သွင်းကုန်လိုင်စင် လျှောက်ထားသူသည် တင်သွင်းသူ၏ အချက်အလက်များ၊ စင်ကာပူကုမ္ပဏီများနှင့် လုပ်ငန်းရှင်များမှတ်ပုံတင်ဌာနမှ ထုတ် ပြန်ထားသော ကုမ္ပဏီမှတ်ပုံတင်လက်မှတ်၊ ထုတ်ကုန်ဖော်ပြချက်၊ ကုန်ပစ္စည်းအရည်အသွေး၊ သယ်ပို့မည့်နည်းလမ်း၊ သယ်ပို့/ တင်ပို့မည့်ဆိပ်ကမ်း၊ ထုတ်ကုန် အမှတ်တံဆိပ်/ အမှတ်စဉ်၊ မော်ဒယ်၊ ထုတ်လုပ်သည့်ပင်ရင်းနိုင်ငံစသည့် အချက်အလက်များ ပါဝင်ရမည်ဖြစ်ပြီး ကုန်ပစ္စည်းအမျိုးအစားအလိုက် နောက်ထပ်လိုအပ်သည့် အချက်အလက်များကို ဆက်စပ်အဖွဲ့အစည်းများ၊ ဌာနများ၏ ဝက်ဘ်ဆိုဒ်များတွင် ဖော်ပြထားကြောင်း သိရပါသည်။

(ဆက်လက်ဖော်ပြပါမည်)

# အဆိပ်ဖုံးလွှမ်းနေသည့် စားသောက်ကုန်ပစ္စည်းများနှင့် စားသုံးသူပြည်သူများ

|crfv sepGf|









(၁)

ကျွန်တော်တို့ မြန်မာလူမျိုးများတစ်ယောက်နဲ့ တစ်ယောက်တွေ့ ဆုံတဲ့အခါ 'ထမင်းစား ပြီးပြီလား--' လို့မေးတတ်ကြပါတယ်။ ဒါဟာကျွန်တော်တို့ရဲ့ ချစ်စရာယဉ်ကျေးမှုတစ်ခုပါ။ တကယ်လို့ 'ထမင်း' နေရာမှာ 'အဆိပ်' အစားထိုးပြီး 'အဆိပ်စားပြီးပြီလား'လို့ မေးမယ်ဆိုရင် အမေးခံရတဲ့လူက အတော် စိတ်ဆိုးမှာ ရာနှုန်းပြည့်ပဲဖြစ်ပါတယ်။ တကယ့်လက်တွေ့မှာ လူအတော်များများဟာ အဆိပ်တွေစားနေ ကြရပါတယ်။ သိတဲ့လူကသိကြပြီးတော့ မသိတဲ့လူကတော့အများစုပဲ ဖြစ်ပါလိမ့်မယ်။

(၂)

ကျွန်တော်တို့နိုင်ငံဟာ စိုက်ပျိုးရေးကို အဓိကစီးပွားရေးလုပ်ငန်းအဖြစ် လုပ်ကိုင်ခဲ့တာ ယနေ့ထက်တိုင်ဖြစ်ပါတယ်။ စိုက်ပျိုးရေးနည်းစနစ်နဲ့ အထောက်အကူပြုပစ္စည်းများရဲ့ စွမ်းဆောင်ရည်ကလည်း အပြိုင်တိုးတက်လာခဲ့ပါတယ်။ ကောင်းတဲ့ဘက်က တိုးတက်လာတာရှိသလို သူ့ရဲ့ ဘေးထွက်ဆိုးကျိုးကလည်း မနည်းလှဘူး။ တစ်လောက ကျွန်တော်တို့နိုင်ငံက ထွက်တဲ့ဆန်ကို ဂျပန်နိုင်ငံကို ရောက်သွားတဲ့အခါမှာ ဓာတုဓာတ်ကြွင်းများလို့ဆိုပြီး စကားပြောခဲ့ရဖူးတယ်။ ကျွန်တော်တို့ ဆီ ဝင်လာတဲ့ မြေဆီတွေ(ဓာတ်မြေဩဇာ) ကြောင့် အပင်အတွက်အားဖြစ်ပေမယ့် သဘာဝမြေကြီး ပျက်စီးလာတယ်။ အသီးအနှံတွေက ဟိုတုန်းကလို မသန့်ရှင်းတော့ဘူး။ ဓာတုဓာတ်ကြွင်းတွေပါလာ တယ်။ အဆိုးဆုံးက ပိုးသတ်ဆေးတွေပဲဖြစ်ပါတယ်။ စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေး ဟောပြောပွဲတစ်ခုမှာ ဟာသနှောပြီး ကျွန်တော်ပြောခဲ့ဖူးတာရှိပါတယ် 'ယနေ့ ကျွန်တော်တို့ ဈေးတွေမှာရောင်းတဲ့ အသီးအရွက်တွေ ပိုးမကိုက်တော့တာ ကြည့်ခြင်းအားဖြင့် ရောင်းတဲ့လူတွေနဲ့ ပိုးကောင်တွေ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးထားတယ်ထင်ပါရဲ့ ' လို့ ပြောတဲ့အခါမှာ အားလုံးကဝါးကနဲပဲရယ်လိုက်ကြပါတယ်။ တကယ်လည်း ပိုးမကိုက်တော့တာ မြင်တွေ့နိုင်ပါတယ်။ ပိုးသတ်ဆေးတွေရဲ့ အစွမ်းတွေပဲဖြစ်ပါတယ်။ ဒါကြောင့်လည်း စားသုံး သူပြည်သူတွေဟာ စားသလောက် အာဟာရမဖြစ်ဘူး၊ ဝမ်းနဲ့ဆက်စပ်တဲ့ ရောဂါတွေရလာကြတယ်။ ပိုဆိုးတာက အခြား နာတာရှည်ရောဂါတွေ ရလာတာပါပဲ။ ငါးခြောက်၊ ငါးပိတွေဆိုရင်လည်း ယင်ကောင်နားတာ သိပ်မမြင် တွေ့ရတော့ဘူး။ ထိုနည်းအတိုင်းပဲဓာတုဆေးတွေ ဖြန်းထားတယ် လို့သိရပါတယ်။

(၃)

တစ်နေ့က ကျွန်တော်တို့ဌာနရဲ့ ရက် ၁၀၀ စီမံချက်အရ ထုတ်ကုန် လုံခြုံစိတ်ချရမှု စစ်ဆေးဖို့အတွက် အဖွဲ့စုံနဲ့ လှိုင်ကော်မြို့ သီရိမင်္ဂလာဈေးကို ရောက်ရှိခဲ့ပါတယ်။ ကျွန်တော်တို့ ဌာနက ခေါင်းဆောင်ဖြစ်တဲ့အခါမှာ အဖွဲ့ဝင်တွေကို လုပ်ရမယ့်လုပ်ငန်းစဉ်တွေ ချပြထားရပါတယ်။ နိုင်ငံတော်ကနေ တားမြစ်ထားတဲ့ ကုန်အမှတ်တံဆိပ်ပါ စားသောက်ကုန်ပစ္စည်းတွေ၊ ဆေးထိုးထားတဲ့ အသားဆိုင်တွေ၊ ရက်လွန်အိမ်သုံးဆေးဝါးတွေကို ရှာဖွေဖော်ထုတ်ဖို့ဆိုပြီး ရှင်းပြခဲ့ပါတယ်။ စည်ပင်သာယာက ဝန်ထမ်းတစ်ဦးက အသားဆိုင်တွေကိုတော့ ရှောင်တခင်စစ်ဆေးမှုရမယ်ဆရာ' လို့ ပြောတာကို နားမလည်လို့ ပြန်မေးတဲ့အခါမှာ 'အသားတွေ အလေးချိန်များအောင်ဆိုပြီး ရေထိုးတယ်။ အဲဒီ ရေထိုးထားတဲ့အသားတွေ မကုန်ရင်ကြာရှည် ခံအောင်ဆေးထိုးထားတယ်ဆရာ' လို့ပြောတဲ့အခါမှာ ကျွန်တော်မျက်လုံးပြူး သွားရပါတယ်။ ဩော်---မပုပ်မသိုးအောင် ဆေးထိုး သတဲ့လား---။ ကျွန်တော့်စိတ်ထဲမှာတော့ နာပြီ စားသုံးသူပြည်သူတွေနာပြီလို့ ရေရွတ်လိုက်မိပါတယ်။

(၄)

နောက်တစ်ဆိုင်ရောက်သွားတဲ့ အခါမှာတော့ တံဆိပ်မျိုးစုံနဲ့ အချိုရည်ပေါင်းစုံ၊ ရေသန့်ဘူးလေးများ အထုပ်လိုက်နေပူကြီးထဲမှာ လမ်းမပေါ်အထိ ခင်းကျင်းထားတာတွေ့လို့ ကျွန်တော်တို့နဲ့အတူ ပါလာတဲ့ဆရာဝန်က 'ဘူးနဲ့ထည့်ထားတဲ့အစားအစာတွေ နေပူထဲမှာ ထားလို့မရဘူးလေ၊ ပလတ်စတစ်ဘူးခွံဆိုတာ ဓာတုပစ္စည်းနဲ့လုပ်တာ အပူနဲ့တွေ့ရင် ဓာတ်ပြုပြီးအဆိပ်ဖြစ်မှာ၊ နေပူထဲ မထားနဲ့' လို့ ပြောတဲ့အခါမှာ ဆိုင်ရှင်အမျိုးသမီးက 'ဆရာမ အဲဒီပစ္စည်းတွေ မကောင်းတာတွေ၊ ကုမ္ပဏီက လာသိမ်းမယ့်ဟာတွေ' လို့ မတုံ့ဆိုင်းဘဲ ချက်ချင်း ဖြေလိုက်ပါတယ်။ ဈေးတာဝန်ခံက 'ခင်ဗျား အရင်တစ်ပတ်လာစစ်ဆေးတုန်းကလည်း ဒီလိုပဲပြောတာမဟုတ်လား' ဆိုပြီးပြောတဲ့အခါမှာ ဆိုင်ရှင်ခမျာ ဘာမှမငြင်းနိုင်ဘဲဖြစ်နေပါတယ်။ ကျွန်တော့်စိတ်ထဲမှာတော့ အော်နာပြန်ပြီ--- စားသုံးသူများ-- ဆိုပြီးတိုးတိုးလေးရွက်ဆိုမိပြန်ပါတယ်။

(၅)

ကျွန်တော်တို့အဖွဲ့ နောက်တစ်ဆိုင် ကုန်စုံဆိုင်ကြီးတစ်ဆိုင်ရောက်တဲ့အခါမှာ စားသုံးဆီတွေ ပုံးလိုက်တင်ထားတာ သတိထားမိပါတယ်။ နိုင်ငံတော်က ၂၀၁၅ ခုနှစ် စားသုံးရန်မသင့်ထုတ်ပြန်ထားတဲ့ 'စိန်- အမှတ်တံဆိပ် မြေပဲဆီသန့်' စားဆီကို တံဆိပ်ပြောင်းတပ်ပြီး 'စိန်-၁ စားသုံးဆီ' လို့ အမည်ပြောင်း ထုတ်လုပ်ရောင်းချတာတွေ့ရှိရတဲ့အတွက် စစ်ဆေးဖို့နမူနာဝယ်ယူပြီးတော့ ဓာတ်ခွဲခန်း အစစ်ဆေးခံဖို့ ကျန်းမာရေးဝန်ထမ်းကို အပ်လိုက်ပါတယ်။ ကျွန်တော်တို့ စားသုံးသူပြည်သူကို ဒုက္ခအပေးဆုံး ဤစားသုံး ဆီ၊ တစ်မျိုးနဲ့တစ်မျိုး ပါဝင်တဲ့အက်ဆစ် မတူတာကို ရောပြီး အပူပေးရင် ဓာတ်တိုး(အောက်စီဂျင်တိုး - ပါ ရောက်ဆိုဒ်ဖြစ်) လူ့အတွက် အဆိပ်အတောက်ဖြစ်သွားတယ်ဆိုတဲ့ ပညာရှင်တွေဟောပြောခဲ့တာတွေ စဉ်းစားမိပါတယ်။ နောက် စားဆီတစ်မျိုးကို တွေ့ရပြန်တယ်။ မေးကြည့်တဲ့အခါမှာတော့ 'တရုတ်က လာတဲ့ နှမ်းဆီသန့်'တဲ့ ။ သေသေချာချာကြည့်လိုက်တဲ့အခါမှာ တော့ တရုတ်စာသားအများစုဘားကုတ်နဲ့ ကိန်းဂဏန်းများသာ အင်္ဂလိပ်လိုရေးထားတာ တွေ့ရတယ်။ ဆိုင်ရှင်ကို 'ကျန်းမာရေး ထောက်ခံချက်ပါလား' လို့မေးတဲ့အခါမှာ ဆိုင်ရှင်က 'မူရင်းဆိုင် မန္တလေးမှာ တော့ရှိမှာပေါ့' လို့ ခပ်ပေါ့ပေါ့လေး သဘောထား ပြီးပြောတာကို ကျွန်တော်စိတ်ထဲမှာ သဘောမကျသလို ခံစားမိ ပါတယ်။ စိတ်ထဲမှာ တိုးတိုးလေးနဲ့ ' နာပြန်ပြီ --- စားသုံးသူပြည်သူများ --' လို့ရွတ်ဆိုမိပါတယ်။

(၆)

စစ်ဆေးတဲ့အဖွဲ့တွေဟာ နောက်တစ်ဆိုင်ကူးဖို့ မျက်စောင်းထိုးဆိုင်ဘက်ကို လှည့်လိုက်ကြပါ တယ်။ အဲဒီမှာတော့ အရောင်တင်မှုန့်၊ ငရုတ်သီးမှုန့်၊ ငါးပိ၊ ငါးခြောက်နဲ့ အချိုမှုန့်(ဟင်းချိုမှုန့်) စတာတွေ အစီအရီခင်းထားတာမြင်တွေ့ရပါတယ်။ အားလုံးကပဲ အလုအယက် တစ်ယောက်တစ်မျိုးစီ ကောက်ယူပြီး စစ်ဆေးနေကြတော့တယ်။ ဆိုင်ရှင်ကလည်း စားသုံးသူရဲ့ စိတ်ကို ဆွဲဆောင်လို့ရအောင် တံဆိပ်မျိုးစုံ၊ ခင်းကျင်းထားတာကိုး။ ဆိုင်ထဲကို ကြည့်လိုက်တဲ့အခါမှာတော့ မိန်းကလေးငယ် သုံးယောက်က ဆာလာအိတ်ကြီးနဲ့ ထည့်ထားတဲ့ အချိုမှုန့်တွေကို တံဆိပ်အမျိုးမျိုးနဲ့ ပြန်ထုပ်နေတာ တွေ့ရပါတယ်။ စည်ပင်တာဝန်ခံက 'ဆရာ့ကိုပြချင်လို့ သူတို့ကိုအသိမပေးဘဲ ဝင်ပြတာ' လို့ ပြောလာပါတယ်။ တကယ်တမ်းကျတော့ အချိုမှုန့်ကို တရားဝင်တင်သွင်း ခွင့်ပြုထားတာဖြစ်ပေမယ့် အခုလို အစစ်ဆေးခံခြင်းမရှိတဲ့ အချိုမှုန့် အထုတ်ကြီး၊ အထုတ်ငယ်တွေနဲ့ ပြန်ပြုပြင်ပြီး၊ မူလတင်သွင်းခွင့်ပြုထားတဲ့အတိုင်း မဟုတ်တော့တာ စားသုံးသူပြည်သူတွေ ဘယ်သိလိမ့်မလဲ။ အချိုမှုန့် အစစ်ကတော့ ပီလောပီနံ၊ ကြံရိုး၊ ပင်လယ်ရေညှိတို့ကနေ ထုတ်လုပ်ထားတာဖြစ်ပြီးတော့ တကယ်လည်း အရသာရှိ၊ လူကိုလည်း အာဟာရဓာတ်အပြည့်အဝပေးတာဖြစ်ပါတယ်။ နောက်ပိုင်းဈေးကွက်မှာ မလုံလောက်နိုင်တော့တဲ့အတွက် မြန်မြန်နဲ့များများ ထုတ်နိုင်မယ့်နည်းလမ်းရှာလာကြတော့ ဓာတုဗေဒပစ္စည်းအသုံးပြုပြီး အရောင်၊ အနံ့၊ အရသာကို ရအောင် လုပ်လာကြတဲ့အတွက် စားမိတဲ့ စားသုံးသူများရဲ့ ကျန်းမာရေးကို ဆိုးရွားစွာထိခိုက်လာခဲ့ပါတယ်။ ကျွန်တော်တို့က ဆိုင်ရှင်ကိုခေါ်ပြီး 'သွင်းကုန်လိုင်စင်ကိုပြပါ၊ အထောက်အထားတွေပြပါ' ဆိုတဲ့ အခါကျတော့ ကျွန်တော်တို့က လက်ခွဲ ရောင်းတာပါတဲ့။ ကျွန်တော့် စိတ်ထဲမှာ တိုးတိုးလေးရေရွတ်ရပြန်တယ်။ 'နစ်နာရပြန်ပြီ --- စားသုံးသူ ပြည်သူတွေ' ပေါ့။

(၇)

အဲဒီဆိုင်မှာပဲ နိုင်ငံတော်က စားသုံးရန်မသင့်ထုတ်ပြန်ထားတဲ့ ပစ္စည်းနှစ်မျိုးတွေ့ရပါတယ်။ တစ်မျိုးကတော့ 'ရွှေဟင်္သာ အမှတ်တံဆိပ်' အရောင်တင်မှုန့်ပဲဖြစ်ပါတယ်။ ဓာတုဆိုးဆေးကြောင့် အရောင်လှပလွန်းတဲ့ အရောင်တင်မှုန့်၊ နောက်တစ်မျိုးကတော့ 'မြင်းပျံအမှတ်တံဆိပ်' ဆီတို့ဘူးတွေပဲ ဖြစ်ပါတယ်။ ဒီပစ္စည်းတွေဆိုရင် အရောင်လှပရုံသက်သက်အတွက် ဓာတုဗေဒဆိုးဆေးသုံးထားခြင်း ဖြစ်ပြီးတော့ စားသုံးသူတွေအတွက် အလွန်အန္တရာယ်ဖြစ်စေကြောင်း သတင်းစာကြေညာချက်မှာ ပါရှိကြောင်း ဆိုင်ရှင်သိအောင် ရှင်းပြခဲ့ရသေးတယ်။ မြင်းပျံတံဆိပ် ဆီတို့ဟူးဆိုရင် Salicylic Acid တွေ ပါရှိနေသလို၊ ရွှေဟင်္သာ ငရုတ်အရောင်တင်မှုန့်ဆိုရင်လည်း Rhodamine B ဓာတ်ပါ ရှိတယ်လို့ FDA ရဲ့ ကြေညာချက်မှာ ပါရှိခဲ့ပါတယ်။ ကျွန်တော့်စိတ်ထဲမှာတော့ ဩော် 'နာရပြန်ပြီ စားသုံးသူပြည်သူများ' လို့။

(၈)

ကျွန်တော်တို့အဖွဲ့ တဖြည်းဖြည်းနဲ့ စုရပ်ဘက်ကို သွားတဲ့အခါမှာ အိမ်သုံးဆေးဝါးစစ်ဆေးတဲ့ အဖွဲ့က လာကြည့်ပေးပါဦးလို့ ခေါ်တဲ့အတွက် သွားရပြန်တယ်။ ကျွန်မတို့ကတော့ ဒီဆေးတွေသိမ်းလာပြီဆရာတဲ့။ မေးကြည့်တဲ့။ မေးကြည့်တဲ့အခါ ရက်လွန်ဆေးဝါးတွေကအများစု၊ စပ်ဆေးလို့ခေါ်တဲ့ ဆရာဝန်ညွှန်ကြားချက်မရှိဘဲ ဆေးနှစ်မျိုးသုံးမျိုးကို ပလတ်စတစ် အိတ်ကလေးတွေနဲ့ တွဲရောင်းတာတွေဖြစ်ပါတယ်။ နောက်တစ်မျိုးက ခွင့်ပြုချက်မပါတဲ့ ဆေးဝါးတွေပဲဖြစ်ပါတယ်။ အစားအသောက်နဲ့ ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ ဆရာဝန်က'မသိမ်းရင်ဆေးဝယ်သောက်တဲ့ လူနာတွေဒုက္ခရောက် နိုင်တယ်' လို့ပြောပြီး သိမ်းလာတယ်လို့ဆိုပါတယ်။

'ဩော် - နေမကောင်းရင်တောင်မှ ဆေးမဝယ်ရဲတဲ့ စားသုံးသူပြည်သူများရဲ့ ဘဝပါလား' လို့ စိတ်ထဲစဉ်းစားစရာထပ်တိုးလာရပြန်ပါတယ်။

➲ စာမျက်နှာ - ၂၀ သို့

# ကုန်စည်နှင့် ပတ်သက်သည့် သတင်းအချက်အလက်များကို မြန်မာဘာသာဖြင့် ဖြစ်စေ၊ မြန်မာနှင့် အခြား ဘာသာတွဲလျက်ဖြစ်စေ အမိန့်ကြော်ငြာစာထုတ်ပြန်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

စားသုံးသူရေးရာဦးစီးဌာန မန္တလေးတိုင်းဒေသကြီး တိုင်းဦးစီးမှူးရုံးမှကုန်စည်နှင့် ပတ်သက်သည့် သတင်းအချက်အလက်များကို မြန်မာဘာသာဖြင့်ဖြစ်စေ၊ မြန်မာနှင့်အခြား ဘာသာတွဲလျက်ဖြစ်စေ အမိန့်ကြော်ငြာစာ ထုတ်ပြန်နိုင်ရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို မေ ၁၀ ရက်က မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံး အစည်းအဝေးခန်းမမှာ ကျင်းပပြုလုပ်ခဲ့ပါတယ်။

အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် မန္တလေးတိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌပါမောက္ခ ဒေါက်တာအောင်မြင့် စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး ဦးကြည်စိန်နဲ့ ဌာနဆိုင်ရာများ၊ ကုန်သည်ကြီးများနှင့် စက်မှုလက်မှုလုပ်ငန်း ရှင်များအသင်းနဲ့ ညီနောင်အသင်းဥက္ကဋ္ဌများ၊ ပြည်ပမှ တင်သွင်းဖြန့်ဖြူးသော ကုမ္ပဏီများကိတ်မုန့်လုပ်ငန်းရှင်များ စုစုပေါင်းအင်အား ၅၀ ဦးခန့် တက်ရောက်ခဲ့ကြောင်း သတင်းရရှိခဲ့ပါတယ်။

မန္တလေးတိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာအောင်မြင့်က စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများမှာ ပြည်သူများ အတွက်လုပ်ရမည့်တာဝန်ဖြစ်သည့်အတွက် ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ၊ ထုတ်လုပ်သူများက ပြည်သူလူထုကို အန္တရာယ်မပေးမိစေရန် လိုအပ်ကြောင်း၊ မိမိတို့နိုင်ငံအတွင်းတွင် အစားအသောက်၊ ဆေးဝါး၊ဓာတ်မြေသြဇာများအစရှိသည့် ကုန်ပစ္စည်းများတွင် ပါဝါပွိုင့်ကားချပ်၌ ယခုဖော်ပြထားသော စားသောက်ကုန်များ ထုတ်လုပ်ရောင်းချရာတွင် ပါဝင်သင့် သည့်အခြေခံ ၁၇ ချက် အကုန်မပါရှိနိုင်သော်လည်း မိမိကုန်ပစ္စည်းနဲ့ ကိုက်ညီတဲ့ အချက်များ ထည့်သွင်းဖော်ပြပေးရန်၊ ၎င်းအချက်များကိုလည်း မြန်မာဘာသာ၊ မြန်မာ (သို့မဟုတ်) အခြားဘာသာတွဲ၍ ဖော်ပြပေးရန်စသည်တို့ကို အားသာချက်၊ အားနည်းချက်များဖြင့် ဆွေးနွေး ပေးစေလိုကြောင်း ပြောကြားခဲ့ပါတယ်။

ဆက်လက်၍ စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး ဦးကြည်စိန်က ပထမဦးစွာ ဌာန၏ လုပ်ငန်း ဆောင်ရွက်ချက်များရှင်းလင်းခဲ့ပြီးနောက် စားသုံးသူအကာအကွယ်ပေးရေးဗဟိုကော်မတီ အစည်းအဝေးဆုံးဖြတ်ချက်အရ လုံခြုံစိတ်ချရမှုရှိတဲ့ ကုန်ပစ္စည်းများ ပြည်သူတွေ လက်ထဲရောက်ရှိရန်အတွက် ပြည်ပမှ တင်သွင်းသော၊ ပြည်တွင်းမှထုတ်လုပ်သော ကုန်ပစ္စည်းများကို မြန်မာဘာသာဖြင့်ဖြစ်စေ၊ မြန်မာ (သို့မဟုတ်) အခြားဘာသာတွဲ၍ဖြစ်စေ ဖော်ပြရမည့် အမိန့်ကြော်ငြာစာထုတ်ပြန်သွားရမည် ဖြစ်သဖြင့်ယခုလိုဖိတ်ခေါ် ဆွေးနွေးရကြောင်း အစည်းအဝေး တက်ရောက်သူများကို ရှင်းလင်းပြောကြားခဲ့ပါတယ်။

ဆက်လက်၍ တက်ရောက်လာသူများက ဆွေးနွေးရာတွင် ကုန်ပစ္စည်းများထုတ်လုပ်ရာတွင် ပါဝင်သင့်တဲ့အချက် ၁၇ ချက်မှထည့်သွင်းသည့် အချက်များအနက် ထုတ်လုပ်သည့်ရက်စွဲ၊ နောက်ဆုံးသုံးစွဲရမည့် ရက်စွဲ၊ ဖွဲ့စည်းပုံ၊ ဘေးထွက်ဆိုးကျိုး၊ ထုတ်လုပ်သည့် ကုမ္ပဏီအမည်နဲ့ လိပ်စာ၊ ရောင်းချဖြန့်ဖြူးသူအမည်စသည့် အချက်များ ထည့်သွင်းဖော်ပြရန်လိုအပ်ကြောင်း၊ ဗဟိုကော်မတီမှ ကဏ္ဍတစ်ခုစီအလိုက်ခွဲဝေ တာဝန်ယူရန်လိုအပ်ပါကြောင်း၊ ယခုလို စည်းကမ်းချက်မထုတ်ခင်က ရိုက်နှိပ်ထားသဖြင့် ချက်ချင်းပြင်ရလျှင် မိမိတို့လုပ်ငန်းရှင် ဘက်မှများစွာနစ်နာနိုင်၍ မိမိတို့အတွက်ကန့်သတ်ပေးမည့်အချိန်ကာဘယ်လောက်ပေးနိုင်မည်ကို သိရှိလိုပါကြောင်း၊ မိမိတို့မှာ ကုန်ပစ္စည်းအမှတ်တံဆိပ်ထုတ်လုပ်လျှင် အနည်းဆုံးကုန်ကျစရိတ်မှာ သိန်း ၅၀ ခန့်ရှိကြောင်း၊ အင်္ဂလိပ်ဘာသာ၊ မြန်မာဘာသာနှစ်မျိုးစလုံး မတတ်နိုင်၍ အင်္ဂလိပ်ဘာသာ တစ်မျိုးထဲသာ ရိုက်နှိပ်ထားပါကြောင်း၊ မိမိတို့လုပ်ငန်းရှင်များအတွက် လုပ်ပြီးသား တံဆိပ်များ မဆုံးရှုံးစေရန်အချိန် မည်မျှပေးမည်ကိုလည်းသိချင်ပါကြောင်း၊ ဥပဒေပြင်ဆင်ချက်ကိုချက်ချင်းထုတ်ပြန်လျှင် ကုန်ကျစရိတ်တက်သွားနိုင်၍ စားသုံးသူနစ်နာနိုင်ပါကြောင်း၊ ပါဝင်ပစ္စည်းများတွင် ဖော်ပြထားသည့်အတိုင်း အမှန်တကယ်သုံး/ မသုံးစစ်ဆေးသင့်ပါကြောင်း၊ ထုတ်ကုန်များစစ်ဆေးရာတွင်မည်သည့် အပိုင်းကို မည်သည့်ဦးစီးဌာနမှ စစ်ဆေးပေးမည်ဆိုသည်ကို သတ်မှတ် နိုင်ရန်လိုအပ်ပါကြောင်း၊ အမိန့်ကြော်ငြာစာထွက်လာလျှင် သတင်းစာတစ်မျိုးထဲမဟုတ်ဘဲ တီဗွီ၊ ဂျာနယ်၊ ရေဒီယိုများဖြင့် ကျယ်ကျယ်ပြန့်ပြန့်ပြရန်လိုအပ်ပါကြောင်း၊ ဘယ်လိုထုတ်ကုန်များဆိုလျှင်ဘယ်သူခွင့်ပြုချက်နှင့် ဘယ်ဌာနမှ ထောက်ခံချက်ပြုလုပ်ပေးမည်ကို ထုတ်လုပ်သူများထံသို့ သတင်းအချက်အလက်များ ပြည့်စုံစွာဖြန့်ဝေပေးရန်လိုအပ်ပါကြောင်း စသည့်ဖြင့် လုပ်ငန်းရှင်အသီးသီးမှ ဆွေးနွေးပြောကြားခဲ့ကြောင်း သတင်းရရှိခဲ့ပါတယ်။

စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး ဦးကြည်စိန်က ဖော်ပြပါအချက် ၁၇ ချက်အကုန်ပါဝင်ရမည်ဟု မဆိုလိုဘဲ ကုန်စည်နဲ့ ဝန်ဆောင်မှုအားလုံးအတွက် ခြုံငုံပြဋ္ဌာန်းထားခြင်းဖြစ်ပါကြောင်း၊ စားသောက်ကုန်ပစ္စည်း ထုတ်လုပ်လျှင်အမည်၊ အသားတင်၊ အလေးချိန် (သို့မဟုတ်) ထုထည်၊ ဖွဲ့စည်းပုံ၊ ညွှန်ကြားချက်၊ ထုတ်လုပ်သည့်ရက်စွဲ၊ ထုတ်လုပ်သည့် အမှတ်စဉ်၊ နောက်ဆုံးသုံးစွဲရမည့်ရက်စွဲ၊ ဘေးထွက်ဆိုးကျိုး၊ ထုတ်လုပ်သည့် ကုမ္ပဏီအမည်၊ ထုတ်လုပ်သည့် ကုမ္ပဏီလိပ်စာ၊ ရောင်းချ၊ ဖြန့်ဖြူးသူအမည်၊ အမှတ်တံဆိပ်၊ ကြိုတင်သတိပေးချက်များကို ဖော်ပြသင့်ပါကြောင်း ရှင်းလင်းပြောကြားခဲ့ပါတယ်။

ဆက်လက်၍ စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌပါမောက္ခဒေါက်တာအောင်မြင့်က နောက်ပိုင်းတွင် ပြည်တွင်းထုတ်ပစ္စည်းမဆိုနှင့် အခြားနိုင်ငံမှတင်သွင်းသည့် ပစ္စည်းများမှာ မြန်မာဘာသာမပါလျှင် တင်သွင်းခွင့် မပြုနိုင်ပါကြောင်း၊ ယခု ချက်ချင်းဖြစ်ရမည်ဟု မဆိုပါ လုပ်ငန်းရှင်များနှင့် ညှိနှိုင်း၍ အကြံဉာဏ်ယူပြီးမှ အမိန့်ကြော်ငြာစာ ထုတ်မည်ဖြစ်ကြောင်း ရှင်းလင်း ပြောကြားခဲ့ကြောင်း သတင်းရရှိပါတယ်။

**မြို့ရိ**

**မန္တလေး (စားသုံးသူ)**

# စစ်ကိုင်းတိုင်းဒေသကြီးအတွင်း စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြောပွဲ မေ ၁ ရက်မှ ၁၁ ရက်အတွင်း ကျင်းပ



စစ်ကိုင်းတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာနအနေဖြင့် စားသုံးသူအကာအကွယ်ပေးရေး လုပ်ငန်းများအား တိုင်းဒေသကြီး ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးခင်ဇော်၏ဦးဆောင်မှုဖြင့် ခရိုင်ဦးစီးမှူးများ၊ မြို့နယ်တာဝန်ခံများ၊ တိုင်း၊ ခရိုင်၊ မြို့နယ်ပေါင်းစုံမှ ဝန်ထမ်းများက စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေး ဟောပြောပွဲများကို နှစ်ဆတိုး၍ ကွင်းဆင်းဆောင်ရွက်လျက်ရှိရာ မေ ၁ ရက်မှ ၁၁ ရက်အထိ မြို့နယ် ၂၆ မြို့နယ်တွင် အကြိမ်ပေါင်း ၁၅၈ ကြိမ်၊ တက်ရောက်သူ ၁၁၅၂၇ ဦးကို ဟောပြော ခဲ့ကြကြောင်း သိရှိရပါသည်။

ထိုသို့ဟောပြောခဲ့ကြရာတွင် ယခင်လယ်/ကျွန်း/ရှင်းမှ ယခု စားသုံးသူရေးရာဦးစီးဌာနအဖြစ် ဌာန၏ သမိုင်းကြောင်းပြောင်းလဲမှုကိုလည်းကောင်း၊ ဌာန၏မျှော်မှန်းချက် (vision)ဖြစ်တဲ့“စားသုံးသူများ လုံခြုံစိတ်ချရမှုရှိစေရန် ”နှင့် ရည်မှန်းချက်တာဝန်သုံးရပ်၊ လုပ်ငန်းတာဝန် ၁၄ ရပ်တို့ကိုလည်းကောင်း၊ အများပြည်သူတို့ အလွယ်တကူ နားလည်နိုင်စေမည့် စားသုံးသူအကာအကွယ်ပေးရေး ဥပဒေပါ အချက်အလက်များ၊ စားသုံးသူဆိုင်ရာ အဓိပ္ပာယ်ဖွင့်ဆိုချက်များနှင့် စားသုံးသူတို့ ရရှိမည့် အခွင့်အရေးများ၊ တိုင်းဒေသကြီး အတွင်းဖွဲ့စည်းထားသည့် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့များအကြောင်းတို့ကိုလည်းကောင်း၊ နံနက်မိုးလင်းချိန်မှစပြီး ညအိပ်ရာဝင်ချိန်အထိ နိစ္စဓူဝ စားသောက်သုံးစွဲလျက်ရှိကြသည့် အစားအစာအလိုက် ဘေးထွက်ဆိုးကျိုးဖြစ်စေသော ဆိုးဆေး၊ တာရှည်ခံဆေး၊ သီးနှံမှည့်ဆေးများပါဝင်သည့် အစားအစာများ၊ ပြန်ကြော်ဆီနှင့်ဟင်း ချိုမှုန့်၊ ကြက်သားမှုန့်၊ အသင့်ပြုလုပ်ထားသော အစားအစာများအကြောင်းတို့ကိုလည်းကောင်း၊ အာမခံချက်မရှိသောပြည်တွင်း/ ပြည်ပမှ ထုတ်လုပ်သည့် မုန့်များအစား ကျန်းမာရေးနှင့်ညီညွတ်သော မြန်မာမုန့်များ ထုတ်လုပ်စားသုံးသင့်ကြောင်းတို့ကိုလည်းကောင်း အသိပညာပေးဟောပြောခဲ့ကြပြီး စားသုံးသူများ ဗဟုသုတဖြစ်စေမည့် စားသုံးရေးရာအကြောင်း သိကောင်းစရာများ၊ အန္တရာယ်ရှိသော အစားအစာများ၊ ဘေးထွက်ဆိုးကျိုးများနဲ့ ဆောင်ရန်၊ ရှောင်ရန်များ၊ ဖော်ပြထားသည့် လက်ကမ်းစာစောင်များ၊ ကန့်သတ်ထားသော စားသုံးရန်မသင့်သည့် စားသောက်ကုန် ပစ္စည်းစာရင်းများကို ဖြန့်ဝေပေးခဲ့ကြောင်း သိရှိရပါသည်။

အဆိုပါဟောပြောပွဲများ ကျင်းပရာတွင် သက်ဆိုင်ရာမြို့နယ်/ ခရိုင်များရှိ စီမံခန့်ခွဲမှုကော်မတီများ၊ မိတ်ဖက်ဌာနများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပူးပေါင်းချိတ်ဆက်ဆောင်ရွက်ခဲ့ကြပြီး အနာဂတ်ပြည်သူများ၏ ကျန်းမာရေးလုံခြုံစိတ်ချရမှုရှိစေရန် ထုတ်လုပ်သူ၊ ရောင်းချသူ၊ ဖြန့်ဖြူးတင်သွင်းသူများအနေဖြင့် နိုင်ငံနှင့် လူမျိုးချစ် စိတ်အရင်းခံဆောင်ရွက်စေနိုင်ရန်နှင့် စားသုံးသူများအနေဖြင့် လုံခြုံစိတ်ချရသည့် အစားအသောက်နှင့် ဝန်ဆောင်မှုများကို အသိဉာဏ်ဖြင့် ဆင်ခြင်စားသုံးနိုင်ရန် စစ်ကိုင်းတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများမှ ပညာပေးဟောပြောပွဲများကို နှစ်ဆတိုးဆောင်ရွက်သွားကြမည်ဖြစ်ကြောင်း သိရှိရပါသည်။

**ထွန်းလှိုင်(မုံရွာ)**

## “စားသုံးသူအတွက် ---- ရက် တစ်ရာ”

နိုင်ငံသစ်ကို ----------------

ထုဆစ် ပုံဖော် ------- ရည်မှန်းမျှော်ကာ

“ ရက် -တစ်ရာ ” ခရီး ---- ချိန်မီပြီးဖို့

မောင်လည်းမပန်း ------- မယ်မနွမ်းဘဲ

လုပ်ငန်းနှစ်ဆ --------- ပြည့်စုံရအောင်

တူစွ လျှောက်လှမ်း ----- “ **စားသုံးလမ်း** ” ကို

ပန်းတိုင်ရောက်ထိ ------- ချီတက်မည် -----

ညီညာစေသော ----------ညီစေသော ---။

**လှိုင်ထွန်းဦး မုံရွာ**

## ပြောင်း



# မူဆယ်ကုန်သွယ်ရေးဇုန်မှ ပြောင်းတင်ပို့မှုအနည်းငယ်လျော့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ ဧပြီ ၃၀ ရက်မှ မေ ၆ ရက် သီတင်းပတ်တွင် ကန်ဒေါ်လာ ၁ ဒသမ ၄၉၂ သန်းတန်ဖိုးရှိ ပြောင်း ၅၈၅၀ တန်တင်ပို့ခဲ့ရာ ယခင်သီတင်းပတ်က ၆၅၅၀ တန်တင် ပို့ခဲ့လို့ ယခုတစ်ပတ် မူဆယ်မှ ပြောင်းတင်ပို့မှု တန် ၇၀၀ လျော့နည်းသွားခဲ့ပါတယ်။ ပြောင်းတစ်တန်ကို မူဆယ်ကုန်စည်ဒိုင်မှာ ယခင်တစ်ပတ်က ၂၉၇၄၂၀ ကျပ်ရှိခဲ့ရာမှ ယခုတစ်ပတ်တွင် ၂၉၈၄၈၂ ကျပ်သို့ ဈေးမြင့်တက်လာတာ တွေ့ရပါတယ်။ တရုတ်ဘက်ကလည်း ပြောင်းအရည်အသွေးပေါ် မူတည်ပြီး ဝယ်လိုအား ပုံမှန်ရှိနေကြောင်း မူဆယ်ကုန်စည်ဒိုင်မှ သိရပါတယ်။

**မြင့်မြင့်မာ**

# တရုတ်နိုင်ငံသို့ သကြားဖြူများ ပုံမှန်တင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိမူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ ဧပြီ ၃၀ ရက်မှ မေ ၆ ရက် သီတင်းပတ်အတွင်း တစ်ဖက်တရုတ်နိုင်ငံသို့ ကန်ဒေါ်လာ ၂၅ ဒသမ ၇၈၂ သန်းတန်ဖိုးရှိ သကြားဖြူ ၄၅၅၅၂ တန်ကျော် တင်ပို့ခဲ့ပါတယ်။ ယခင်သီတင်းပတ်ထက် ယခုသီတင်းပတ်မှာ သကြားဖြူ ၈၅၆ တန်ကျော် လျော့နည်းခဲ့ပါတယ်။ ထိုသို့လျော့နည်း ရခြင်းမှာ မေလဆန်းတွင် သကြားဈေးအနည်းငယ်ကျတာကြောင့် သကြားဝယ်ယူသည့် တရုတ်ကုန်သည်များက အဆွဲနည်းခဲ့တဲ့အတွက်ဖြစ်တယ်လို့ မူဆယ်ကုန်သည်များထံမှ သိရပါတယ်။

**မြင့်မြင့်မာ**

စာမျက်နှာ -၁၇ - အဆိပ်ဖုံးလွှမ်းနေသည့် ... မှ အဆက်

(၉)

ဈေးထဲပတ်လွန်းလို့ ခြေထောက်တွေတောင်နာလာလို့ ဈေး ကော်မတီအခန်းဘက်ကို ဦးတည်သွားနေတဲ့အချိန်မှာ ကျွန်တော် တပည့်တစ်ယောက်က 'ဆရာ ဟိုမှာဆေးထိုးထားတဲ့ အသီးတွေတဲ့' လှည့်ကြည့်လိုက်တဲ့အခါမှာတော့ သရက်သီးဖင်ရှုံ့နေတာတွေ၊ ငှက်ပျောသီးအသီးမှာထောင့်ချိုးတွေ ရှိသော်လည်း(နုနေသေး) မှည့်နေတဲ့ အသီးတွေမြင်နေရပါတယ်။ ကျွန်တော်က တပည့်တွေကို မေးလိုက်တယ်၊ မင်းတို့ဆေးထိုးတာတယ်ဆိုတာ ဘယ်လိုလုပ်သိလဲလို့ မေးတဲ့အခါမှာ တပည့်တစ်ယောက်က 'ဆိုင်ရှင်ကိုယ်တိုင်ပြောတာတဲ့'ပွင့်လင်းတဲ့ ဆိုင်ရှင်ကိုတော့ ချီးကျူးပေမယ့် သူ့လုပ်ရပ်ကိုရှုံ့ချလိုက်ရပါတယ်။ ဘာဆေးထိုးလဲမေးတဲ့အခါ ပြန်မပြောတတ်တဲ့အတွက် ဓာတ်ခွဲစစ်ဆေးဖို့နမူနာ ဝယ်လိုက်ရပြန်ပါတယ်။ ကျွန်တော်ကတော့ 'နှစ်နာလိုက်ရပြန်ပြီ။ - စားသုံးသူပြည်သူများ' လို့ နှုတ်ကနေ အသံထွက်ပြီး ရွတ်ဆိုမိပြန်ပါတယ်။

(၁၀)

စားသုံးသူရှုထောင့်ကနေ ဈေးထဲကို ကျွန်တော်အကြိမ်ကြိမ် စစ်ဆေးကြည့်ဖူးပါတယ်။ စာတွေမှာ အကြိမ်ကြိမ်ရေးဖူးပါတယ်။ ဟောပြောပွဲမှာ ဒီအကြောင်းအရာကိုပဲ အကြိမ်ကြိမ်ဟောဖူးပါတယ်။ ဒါပေမဲ့ ဒီတစ်ခေါက်မှာတော့ အတော်လေးကို ကြောက်လန့်သွားပါ တယ်။ ဈေးတာဝန်ခံတွေကလည်း စေတနာအပြည့်နဲ့ ဘယ်သူ့မျက်နှာကိုမှ မကြည့်ဘဲ ပူးပေါင်းပေးတာရယ်၊ အချို့ ဈေးဆိုင်ရှင်တွေကလည်း ဒီဆေးဆိုးတဲ့လုပ်ရပ်တွေဟာ လူသတ်တဲ့အပြစ်နဲ့ အတူတူပဲလို့ သူတို့ပါးစပ်ကနေ ဝန်ခံလာတာရယ်ကြောင့် အသိတစ်ခုတိုးလာရတဲ့ပွဲ တစ်ပွဲဖြစ်လာပါတယ်။ အရင်တုန်းက ကျွန်တော်အပေါ်ယံ လောက်သာ သိပြီးတော့ ဂျာနယ်တွေ၊ သတင်းစာတွေမှာ ရေးသားခဲ့ပါတယ်။ အခုတော့ ဆေးဆိုးတဲ့ လူကိုယ်တိုင်က ဝန်ခံလာပြီးနောင်တ တရားတွေရလာတဲ့လူတွေ တွေ့တဲ့အခါမှာ ကျွန်တော်ပိုပိုပြီး ကြောက်လာမိပါတယ်။ 'ကျွန်တော်တို့တတွေ နေ့စဉ်အဆိပ်တွေ စားသောက် နေရပါလား' ဆိုတဲ့ အသိအမြင်သင်ခန်းစာတစ်ခု တိုးလာရပါတယ်။ ဒါ့ကြောင့်လည်း ကျွန်တော့်တို့ ဦးစီးဌာနဟာ စားသုံးသူရေးရာ ဦးစီး ဌာနရယ်လို့ သီးသန့် လုပ်ဆောင်နေရခြင်း ဖြစ်ကြောင်း သဘောပေါက်နားလည်လာပါတယ်။ ခေတ်သစ် လူသတ်တဲ့ နည်းဗျူဟာကို စားသုံးသူအကာအကွယ်ပေး ရေး ရှုထောင့်ကနေ ဟောပြောဆွေးနွေးခြင်း၊ စစ်ဆေးခြင်းများ ဆောင်ရွက်ခြင်းဖြင့် ကာကွယ်ရမယ်ဆိုတဲ့ အသိတရားတွေလည်း တိုးလာပါကြောင်း တင်ပြလိုက်ပါတယ်။

## ရော်ဘာ

# ပင်လယ်ရေကြောင်းမှ ရော်ဘာတန်တစ်ထောင်ခြောက်ရာကျော်တင်ပို့

ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ မေ ၁ ရက်မှ ၇ ရက်အထိကာလအတွင်း ကန်ဒေါ်လာ ၁ ဒသမ ၇၅၀ သန်းတန်ဖိုးရှိ ရော်ဘာ ၁၆၂၇ တန်တင်ပို့ခဲ့ပါတယ်။ နိုင်ငံအလိုက်တင်ပို့မှုများမှာ မလေးရှားနိုင်ငံသို့ RSS-3တန် ၁၀၂၀၊ MSR-20 ၃၈၅ တန်၊ တောင်ကိုရီးယားနိုင်ငံသို့MSR-20(TSR-20) ၂၀၂တန်ခန့်၊ အိန္ဒိယနိုင်ငံသို့ MSR-10 တန် ၂၀ ကျော်တင်ပို့ခဲ့တာဖြစ်ပါတယ်။ ယခင်တစ်ပတ်တင်ပို့မှုထက် ၇၇၅ တန်လျော့နည်းခဲ့ပါတယ်။ ကုန်သွယ်ရေးစခန်းများမှ မေလပထမပတ်အတွင်း ကန်ဒေါ်လာ ၁ ဒသမ ၃၀၁ သန်း၊ တန်ဖိုးရှိ ရော်ဘာ တန် ၁၁၇၀ တင်ပို့ပြီး စခန်းအလိုက် တင်ပို့မှုများမှာ မူဆယ်ကုန်သွယ်ရေးဇုန်မှ RSS-3 ၇၅၁ တန်၊ MSR-20 ၂၀၃ တန်၊ RSS-1 ၆ တန်ခွဲမြိတ်ကုန်သွယ်ရေးစခန်းမှ Mixtures of Natural Rubber တန် ၂၁၀ ဖြစ်ပါတယ်။

ယခုတစ်ပတ်မှာ ရော်ဘာတင်ပို့မှု လျော့နည်းသလို ရော်ဘာဈေးလည်း အနည်းငယ်ကျဆင်းခဲ့ပါတယ်။ နိုင်ငံတကာ ရော်ဘာဈေး ၁ တန်လျင် ဒေါ်လာ ၅၀ ကျော်ခန့်ဈေးကျတဲ့အတွက် မြန်မာ့ရော်ဘာ FOB ဈေးလည်း တစ်တန်လျှင် ဒေါ်လာ ၅၀ ကျဆင်းခဲ့ပါတယ်။ မြန်မာနိုင်ငံ ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းမှ ထုတ်ပြန်ထားတဲ့ ရော်ဘာဈေးများကို ဖော်ပြလိုက်ပါတယ်-

| | | | |
|---|---|---|---|
| RSS 1 | တစ်တန်လျှင် | ဒေါ်လာ | ၁၄၀၀-၁၅၀၀ |
| RSS 2 | တစ်တန်လျှင် | ဒေါ်လာ | ၁၃၅၀-၁၄၅၀ |
| RSS 3 | တစ်တန်လျှင် | ဒေါ်လာ | ၁၃၀၀-၁၄၀၀ |
| RSS 4 | တစ်တန်လျှင် | ဒေါ်လာ | ၁၂၅၀-၁၃၅၀ |
| RSS 5 | တစ်တန်လျှင် | ဒေါ်လာ | ၁၂၀၀-၁၃၀၀ |
| MSR (3)L | တစ်တန်လျှင် | ဒေါ်လာ | ၁၅၅၀-၁၆၅၀ |
| MSR 10 | တစ်တန်လျှင် | ဒေါ်လာ | ၁၃၀၀-၁၄၀၀ |
| MSR 20 | တစ်တန်လျှင် | ဒေါ်လာ | ၁၂၅၀-၁၃၅၀ |
| MSR 50 | တစ်တန်လျှင် | ဒေါ်လာ | ၁၁၅၀-၁၂၅၀ |
| Crepe Rubber | တစ်တန်လျှင် | ဒေါ်လာ | ၁၁၀၀-၁၂၀၀ |
| Mixtures of Natural Rubber and Synthetic Rubber (99% RSS-3,1% SBR 1502) | တစ်တန်လျှင် | ဒေါ်လာ | ၁၃၅၀ -၁၄၅၀ |
| Concentrate Latex 60% DRC | တစ်တန်လျှင် | ဒေါ်လာ | ၉၆၀ - ၁၀၁၀ |

**ယဉ်ယဉ်အေး**

# ၂၀၁၆ ခုနှစ်တွင် ဗီယက်နမ်နိုင်ငံမှ ပြည်ပသို့ ရော်ဘာတင်ပို့မှု ယမန်နှစ်တင်ပို့မှုထက် ၁၂ ရာခိုင်နှုန်းကျော် လျော့နည်းနိုင်ဖွယ်ရှိ



ယခုနှစ် ဗီယက်နမ်နိုင်ငံမှ ပြည်ပသို့ ရော်ဘာတင်ပို့မှုသည် ယမန်နှစ်တင်ပို့မှုပမာဏထက် ၁၂ ရာခိုင်နှုန်းကျဆင်းနိုင်ချေရှိခဲ့ရာ လွန်ခဲ့တဲ့ ခြောက်နှစ်တာကာလအတွင်း တင်ပို့မှုပမာဏထက် တန်ချိန် တစ်သန်း ဝန်းကျင်လျော့နည်းနိုင်တယ်လို့ ခန့်မှန်းထားပါတယ်။ ယခုလိုတင်ပို့မှု လျော့နည်းရခြင်းမှာ ဈေးနှုန်းတည်ငြိမ်စေရန် ထုတ်လုပ်မှုကို ကန့်သတ်ထားတဲ့အတွက်ဖြစ်တယ်လို့ ရော်ဘာလုပ်ငန်း တာဝန်ရှိသူတစ်ဦးထံမှ သိရပါတယ်။

စင်ကာပူနဲ့ ဂျပန်နိုင်ငံတို့ရဲ့ ရော်ဘာတင်ပို့မှု အခြေအနေဟာလည်း ယခုနှစ် ဇန်နဝါရီလကစပြီး လျော့နည်းလျက်ရှိပါတယ်။ ထိုင်း၊ အင်ဒိုနီးရှား၊ မလေးရှားနိုင်ငံနဲ့ ဗီယက်နမ်နိုင်ငံတို့က ရော်ဘာတင်ပို့မှုကို လျှော့ချသွားရန် သဘောတူထားပြီးဖြစ်ကြောင်းနဲ့ ရော်ဘာကုမ္ပဏီများရဲ့ ရော်ဘာ ထုတ်လုပ်မှုပမာဏကိုလည်း လျှော့ချသွားရန် တိုက်တွန်းထားကြောင်း၊ ရော်ဘာအသင်းမှ အမည်မဖော်လိုသူ တစ်ဦးရဲ့ ပြောကြားချက်ကို ကိုးကားပြီး Customs online သတင်းမှာ ဖော်ပြထားပါတယ်။

၂၀၁၆ ခုနှစ် ပထမသုံးလပတ်မှာ ဗီယက်နမ်နိုင်ငံက ရော်ဘာတန်ချိန် ၃၁၂၀၀၀ တန် တင်ပို့ဖို့ ခန့်မှန်းထားပြီး ယခင်နှစ်နဲ့ နှိုင်းယှဉ်ပါက ၂၆ ရာခိုင်နှုန်းကျော် ပိုမိုခဲ့တယ်လို့ အစိုးရက ထုတ်ပြန်တဲ့ ကိန်းဂဏန်း အချက်အလက်များမှာ ဖော်ပြထားပါတယ်။

၂၀၁၆ ခုနှစ် ဗီယက်နမ်နိုင်ငံရဲ့ ရော်ဘာတင်ပို့မှုဟာ ၂၀၁၁ ခုနှစ်ကစပြီး တင်ပို့ခဲ့တဲ့ ပမာဏနဲ့ နှိုင်းယှဉ်လျှင် အနိမ့်ဆုံး ပမာဏဖြစ်ပါတယ်။ တရုတ်၊ အိန္ဒိယနဲ့ မလေးရှား သုံးနိုင်ငံဟာ ဗီယက်နမ် ရော်ဘာကို အများဆုံး ဝယ်ယူတဲ့ ထိပ်ဆုံးသုံးနိုင်ငံဖြစ်ပါတယ်။

အပြည်ပြည်ဆိုင်ရာ သုံးနိုင်ငံ ရော်ဘာကောင်စီ International Tripartite Rubber Council (ITRC) ရဲ့ အဖွဲ့ဝင် နိုင်ငံများအနေနဲ့ တစ်နှစ်ကို ရော်ဘာ တင်ပို့မှုအား တန်ချိန် ၆၁၅၀၀၀ သာ တင်ပို့ရန် ဖေဖော်ဝါရီလကတည်းက သဘောတူညီထားခဲ့ပြီးဖြစ်ပါတယ်။

ITRC ၏ပြည်ပသို့ ရော်ဘာတင်ပို့တဲ့ပမာဏ သတ်မှတ်ချက်အစီအစဉ်အရ သဘာဝရော်ဘာဈေးနှုန်းဟာ ၄ ရာခိုင်နှုန်းအထိ မြင့်တက်ခဲ့ပါတယ်။ ဧပြီ ၂၆ ရက်က ကမ္ဘာ့ဘဏ်ကထုတ်ပြန်တဲ့ ကုန်စည်ဈေးကွက် အစီရင်ခံစာ အရ တရုတ်နိုင်ငံအနေနဲ့ ရော်ဘာလိုအပ်ချက်မြင့်တက်နေသော်လည်း မလေးရှားနဲ့ ထိုင်းနိုင်ငံတို့ရဲ့ အထွက်နှုန်းမှာမူ ကျဆင်းနေပါတယ်။ ရော်ဘာဈေးနှုန်းများဟာ ၂၀၁၆ ခုနှစ် အတွင်း ဈေးနှုန်းမြင့် တက်လာဦးမှာမဟုတ်သေးဘဲ ၂၀၁၇ ခုနှစ်မှာတော့ အနည်းငယ်တက်လာနိုင်ဖွယ်ရှိတယ်လို့ ကုန်စည်ဈေးကွက်အစီရင်ခံစာမှာ ဖော်ပြထားပါတယ်။

**ပိတောက် - MIRT**




# ထိုင်းနိုင်ငံနှင့် မြန်မာနိုင်ငံတို့ပူးပေါင်း၍ တတိယအကြိမ်မြောက် ဟိုတယ်နှင့်စားသောက်ဆိုင်လုပ်ငန်းများဆိုင်ရာ စီးပွားရေးဆွေးနွေးပွဲကျင်းပ

ထိုင်းနိုင်ငံကုန်သွယ်ရေးဝန်ကြီးဌာနမှ ကြီးမှူးကျင်းပသည့် တတိယအကြိမ်မြောက် ထိုင်းနိုင်ငံနှင့် မြန်မာနိုင်ငံတို့ပူးပေါင်း၍ ဟိုတယ်နှင့်စားသောက်ဆိုင်လုပ်ငန်းများဆိုင်ရာ စီးပွားရေးတွေ့ဆုံဆွေးနွေးပွဲကို ရန်ကုန်မြို့ရှိ ချက်ထရီ ယံ ဟိုတယ်၌ မေ ၁၂ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါစီးပွားရေးတွေ့ဆုံဆွေးနွေးပွဲတွင် ထိုင်းနိုင်ငံကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး Mrs. Aumaporn Futrakul က ထိုင်းနိုင်ငံသည် ပြီးခဲ့သည့် ၂၀၁၅ ခုနှစ်က ခရီးသွားဧည့်သည်ပေါင်း သန်း ၃၀ ဝင် ရောက်ခဲ့ကြောင်း၊ ယခုနှစ်တွင် ခရီးသွားဧည့်သည် ၃၂ သန်း ဝင်ရောက်မည်ဟု မျှော်မှန်းထားပါကြောင်း၊ ထိုင်းနိုင်ငံ၏ ခရီးသွားလုပ်ငန်းများသည် တစ်နှစ်ထက်တစ်နှစ်တိုးတက်လျက်ရှိနေပါကြောင်း၊ တိုးတက်လာသည့်ခရီးသွားလုပ်ငန်းနှင့်အတူ ဟိုတယ်လုပ်ငန်းနှင့် စားသောက်ဆိုင်လုပ်ငန်းများလည်း ခေတ်မီတိုးတက်အောင်လုပ်ဆောင်လျက်ရှိပါကြောင်း၊ ယခုဆွေးနွေးပွဲတွင် ထိုင်းနိုင်ငံမှ ဟိုတယ်နှင့်စားသောက်ဆိုင်လုပ်ငန်းများမှ လုပ်ငန်းရှင်များနှင့် မြန်မာနိုင်ငံမှ လုပ်ငန်းရှင်များသည် အသီးသီးတွေ့ဆုံဆွေးနွေးကြခြင်းဖြင့် လုပ်ငန်းများ တိုးတက်အောင်မြင်အောင်လုပ်ဆောင်နိုင်လိမ့်မည်ဟု ယုံကြည်ပါကြောင်းဖြင့် ပြောကြားခဲ့သည်။

ကရင်တိုင်းရင်းသားရေးရာဝန်ကြီး ရန်ကုန်တိုင်းဒေသကြီး ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီး ဒေါ်နော်ပန်းသဉ္ဇာမျိုးက မြန်မာနိုင်ငံတွင် SME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန် လိုအပ်မှုများရှိနေသေးကြောင်း၊ မကြာမီတွင် နိုင်ငံတော်မှ Call Center ဖော်ဆောင်ပေးမည်ဖြစ်ရာ မြန်မာနိုင်ငံရှိ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းရှင်များနှင့် နိုင်ငံတကာမှ သက်ဆိုင်ရာကုမ္ပဏီများကို ချိတ်ဆက်ပေးနိုင်မည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ပွဲမျိုးကို ကျယ်ကျယ်ပြန့်ပြန့် လုပ်ပေးနိုင်ရန် လိုအပ်ကြောင်း ပြောကြားခဲ့သည်။

အဆိုပါစီးပွားရေးတွေ့ဆုံဆွေးနွေးပွဲကို မန္တလေးမြို့တွင် မေ ၁၁ရက်ကလည်း ကျင်းပခဲ့ကြောင်း သိရသည်။ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့တွင် ကျင်းပခဲ့သည့် အဆိုပါစီးပွားရေးတွေ့ဆုံဆွေးနွေးပွဲသို့ ရန်ကုန်မြို့နှင့် မန္တလေးမြို့အပါအဝင် အခြားဒေသများမှ ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်းရှင်များ တက်ရောက်ဆွေးနွေးခဲ့ကြ ကြောင်း သိရသည်။

ပြီးခဲ့သည့်၂၀၁၄ ခုနှစ်ဧပြီလအတွင်းက ထိုင်းနိုင်ငံမှ ပထမအကြိမ်ပြုလုပ်သည့်ပြပွဲ၌ မြန်မာနိုင်ငံမှ ကုမ္ပဏီပေါင်း ၃၀၀ ဝန်းကျင်ခန့် လာရောက်ဆွေးနွေးခဲ့ကြပြီး ဒုတိယအကြိမ်ပြသခဲ့သည့် ၂၀၁၅ခုနှစ်ပြပွဲတွင် မြန်မာနိုင်ငံမှ ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်းရှင်ပေါင်း ၄၅၀ ခန့် တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**မယ်သီတာ**


## ဝမ်းနည်းကြေကွဲခြင်း

Commerce Journal ၏အယ်ဒီတာအဖွဲ့ဝင်တစ်ဦးဖြစ်သူ ဒေါ်ကြည်ကြည်(ခ)ချယ်ရီမောင်၏ ဖခင်ဖြစ်သူ ဇေယျကျော်ထင် ဒုတိယဗိုလ်မှူးကြီး အုန်းမောင်(ငြိမ်း)၊ လွှတ်လပ်ရေးမော်ကွန်းဝင် ဒုတိယဆင့် (အသက်- ၉၀) သည် ၁၂-၅-၁၆ ရက်တွင် ဘဝတစ်ပါးသို့ ကူးပြောင်းကွယ်လွန်သွားခြင်းအတွက် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲမိပါသည်။

**Commerce Journal**

**အယ်ဒီတာအဖွဲ့နှင့်ဝန်ထမ်းများ**


# ကားဈေးအနည်းငယ်တက်သော်လည်း ကားလေးများ အရောင်းအဝယ်ရှိနေ

မေလလယ်ခန့် ရန်ကုန်မြို့တွင်း ကားဈေးကွက်အခြေအနေမှာကားပါကင်ထောက်ခံချက်များ ယာယီရပ်တန့်နေသဖြင့် ကနဦးပိုင်းတွင်ဈေးကွက်အေးသလိုဖြစ်နေရာမှ လတ်တလောကားလေးများနှင့် စလစ်ကပ်ကားများပါ ပြန်လည်ဈေးတန်းမြင့်တက်လာသည့်ကြားမှပြန်လည် အဝယ်လိုက်လာကြောင်း သိရသည်။

လက်ရှိတွင် ကားပါကင်ထောက်ခံချက် ပြန်လည်ချထားပေးမှု မရှိသေးသဖြင့် နံပါတ်ထွက်ပြီးသားကားများနှင့် ကားဈေးကွက်အတွင်းရှိပြီး/သုံးပြီးကားများ အဝယ်ပြန်ရှိလာကာနံပါတ်အနီတက္ကစီ/အငှားယာဉ်များပါ အဝယ်လိုက်လာကြောင်းလည်း သိရသည်။ စလစ်ကပ်ကားများမှာမူ ဈေးတန်းမူလကပင် ကြီးမြင့်ပြီး ယခုဇူလိုင် ၁ ရက်မှစ၍ အထူးကုန်သွယ်ခွန်ကောက်ခံမည့် ဥပဒေသက်ဝင်လာသည့်အတွက် နောက် ပိုင်းကာလများတွင် အင်ဂျင်ပါဝါကြီးကားများ ဈေးထပ်မြင့်လာနိုင်သည်ဟုသုံးသပ်ကာ ပေါက်ဈေးများဈေးမြင့်လာပြီး လက်ဝယ်ရှိထားသူများကလည်း အမေး/အဝယ်ရှိကာ ဈေးမြှင့်ခေါ်ကြကြောင်း ဇွန် ၁ ရက်စတင်သက်ဝင်မည့် အခွန်မူဝါဒအရလည်း ကားလေးများ ၁၅ ရာခိုင်နှုန်း ထပ်ဆောင်းမြင့်တက်လာနိုင်ကြောင်းလည်း သိရသည်။

ရန်ကုန်ကားဈေးကွက်အတွင်းတွင် လတ်တလောနယ်ဝယ်လက်များလည်း ဆင်းနေသဖြင့် ယခင်လကုန်ပိုင်းအခြေအနေနှင့်သိသိသာသာ ပြောင်းလဲသွားကာအရောင်းအဝယ်များ ပြန်ကောင်းလာကြောင်း၊ ထိုသို့ဖြစ်ရခြင်းမှာ ရှေ့တွင် လတ်တလောဆောင်ရွက်မည့် မူဝါဒများအရ အခွန်ကောက်ခံမှုနှုန်းထား သတ်မှတ်ချက် မြင့်တက်လာသဖြင့်လည်းကောင်း၊ ရန်ကုန်လိုင်စင်ဖြင့်သာ အဓိကရောင်းချရသောကားများမှာဈေးကွက်ငြိမ်သက်သွားသဖြင့် (ကားပါကင်ရပ်တန့်မှုအရ) ယခင်ရှိပြီး အကွာရာနိမ့်ကားများနှင့် အခြားကားများကိုသာ ရှာဖွေဝယ်ယူလာကြခြင်းဖြင့်ကြောင့်လည်းကောင်း ကားလေးဈေးတန်းမှာ ၁၀ သိန်း ၁၅ သိန်း ခန့်တက်လာသော်လည်း အရောင်းအဝယ်ဖြစ်ကြောင်း ဝါရင့်အကျိုးဆောင် ကိုမြင့်ကျော်မှပြောသည်။

ယာဉ်ဟောင်းအပ်နှံစလစ်ဈေးတန်းမှာလည်း အခွန်ကောက်ခံမှုပြဋ္ဌာန်းချက်အရမြင့်တက်လာသဖြင့် ယခုအမည်ပေါက် စလစ်တစ်စောင်လျှင် ၈၅ သိန်းခန့်ရှိနေကာ ရှေ့လျှောက် ဒီထက်ဈေးတန်းမြင့်လာနိုင်ကြောင်း၊ တဖြည်းဖြည်းအပ်ကားရှားပါးလာမှုကြောင့်ဖြစ်ကြောင်း၊ စလစ်ကပ်ကားများလည်းနယ်အဝယ်ရှိနေပြီး ယခင်ကထက် သိန်း ၃၀၊ ၄၀ ခန့်မြင့်တက်လာကြောင်း ၎င်းမှပြောသည်။

**SN**

## ရန်ကုန်မြို့ တစ်ပတ်အတွင်း မော်တော်ယာဉ်ဈေးနှုန်းများ

| စဉ် | အမျိုးအစား/MDL | အက္ခရာ | ဈေးနှုန်း | မှတ်ချက် |
|---|---|---|---|---|
| ၁။ | ပရိုဘောက် (၂၀၁၀) | ယာယီ | ၁၂၀ သိန်း | 1.5 ဓာတ်ဆီ |
| ၂။ | ကလူဂျာ (၂၀၀၂) | 9H/3I | ၂၃၅ သိန်း | 2.4 ဓာတ်ဆီ |
| ၃။ | ပါဂျဲရိုး (97) | ၅ခ | ၁၄၅ သိန်း | 2.4 ဓာတ်ဆီ |
| ၄။ | စူပါကပ်စတန် (97) | 8H | ၁၂၅ သိန်း | 1.5 ဓာတ်ဆီ |
| ၅။ | အေဒီဗင် (၂၀၁၀) | ယာယီ | ၁၁၅ သိန်း | 1.3 ဓာတ်ဆီ |
| ၆။ | အာအေဗီ (၄) | 3G | ၁၇၅ သိန်း | 2.0 ဓာတ်ဆီ |
| ၇။ | ဟွန်ဒါဖစ် (၂၀၁၀) | 1J | ၁၃၀ သိန်း | 1.3 ဓာတ်ဆီ |
| ၈။ | မတ်စ်အိပ်(စ်) (2004) | 3I | ၂၅၀ သိန်း | |
| ၉။ | အပ်ကား (နှစ် ၂၀) | - | ၇၈ သိန်း | |

# မန္တလေးတွင်ကျင်းပသည့် အလုပ်အကိုင်ပြပွဲတွင် ဆက်သွယ်ရေးနှင့် အင်ဂျင်နီယာအလုပ်အကိုင် လျှောက်ထားသူများ များပြားခဲ့

မန္တလေးမြို့တွင် ပြီးခဲ့သည့် မေလ ၇ရက်နှင့် ၈ ရက်တို့တွင်ကျင်းပခဲ့သည့် အလုပ်အကိုင်ရှာဖွေရေးဝက်ဘ်ဆိုက်တစ်ခုဖြစ်သည့် work.com.mm ၏ အလုပ်အကိုင်ပြပွဲတွင် ဆက်သွယ်ရေးနှင့်အင်ဂျင်နီယာအလုပ်အကိုင်လျှောက်ထားသူများ များပြားခဲ့ကြောင်း work.com.mm ၏သတင်းထုတ်ပြန်ချက်များအရ သိရသည်။

အဆိုပါအလုပ်အကိုင်ပြပွဲတွင် ကုမ္ပဏီပေါင်း ၁၄ ခုမှ ဝန်ထမ်းများ ခေါ်ယူခဲ့ပြီး အလုပ်အကိုင်ပြပွဲသို့ တက်ရောက်သူပေါင်း နှစ်ထောင်ကျော် ရှိခဲ့ကြောင်းသိရသည်။ လာရောက်လေ့လာသူနှစ်ထောင်ကျော်အနက် စာရင်းသွင်းလျှောက်ထားသူပေါင်းမှာ ၁၅၃၁ ဦးရှိပြီး လေ့လာသူပေါင်းမှာ ငါးရာကျော်ရှိကြောင်း သိရသည်။

ယင်းအလုပ်အကိုင်ပြပွဲကြီးအား တယ်လီနောမြန်မာမှ အဓိကပံ့ပိုးကူညီပေးခဲ့ပြီး အရောင်းကျွမ်းကျင်နှင့်ဈေးကွက်ရှာဖွေရေးဝန်ထမ်းများကိုလည်း ခေါ်ယူခဲ့ကြောင်း သိရသည်။

မန္တလေးမြို့အနီးဝန်းကျင်မှလုပ်ငန်းများသာမက ရန်ကုန်၊နေပြည်တော်နှင့် မန္တလေးအခြေစိုက်လုပ်ငန်းကြီးများမှလည်း ဝန်ထမ်းများ ခေါ်ယူခဲ့ကြောင်း သိရသည်။

မန္တလေးမှ အလုပ်ရှာဖွေသူများအနေဖြင့် ဆက်သွယ်ရေးနှင့်အင်ဂျင်နီယာလုပ်ငန်းများအား စိတ်ဝင်စားမှုအများဆုံးဖြစ်ခဲ့ပြီး တိုက်ရိုက်အင်တာဗျူးပြီး အလုပ်ခန့်အပ်မှုများပင်ရှိခဲ့ကြောင်း သိရသည်။

“အခုလို အလုပ်အကိုင်ပြပွဲကျင်းပရတဲ့ ရည်ရွယ်ချက်ကတော့ work.com.mm ဆိုတာ ဝက်ဘ်ဆိုက်တစ်ခုဖြစ်တဲ့အတွက်ကြောင့် အွန်လိုင်းအသုံးပြုသူတွေပဲ အလုပ်အကိုင်ရှာဖွေမှုပိုများပါတယ်။ ဒါကြောင့် အွန်လိုင်းမှာသာမက ပြင်ပမှာပါ အလုပ်အကိုင်ရှာဖွေနိုင်ဖို့ ဆောင်ရွက်ပေးတာဖြစ်ပါတယ်။ အလုပ်အကိုင်ရှာဖွေကြတဲ့ လူငယ်တွေအနေနဲ့ ကုမ္ပဏီတွေ အများကြီးကို တစ်နေရာတည်းမှာ တစ်ပြိုင်နက်ထဲ အလုပ်ရှာဖွေလို့ရအောင် စီစဉ်ပေးတာဖြစ်ပါတယ်”ဟု work.com.mm မှ သတင်းပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးမန်နေဂျာ မဇင်မာသက်မွန်က ပြောကြားခဲ့သည်။

**မယ်သီတာ**



AGRO MYANMAR 2016
မြန်မာ့ စိုက်ပျိုးရေး ဓာတုဆေးများဆိုင်ရာ နိုင်ငံတကာ ကုန်စည်ပြပွဲ
နှင့် ဟောပြောပွဲအခမ်းအနား
ဇွန်လ ၈ရက် နှင့် ၉ရက်၊ ၂၀၁၆ခုနှစ်
မြန်မာကွန်ဗင်းရှင်းစင်တာ၊ MCC ခန်းမ၊ ရန်ကုန် မြန်မာ
ဖွင့်ချိန် မနက် ၉း၀၀ နာရီမှ ညနေ ၅း၀၀ နာရီထိ
၂၀၁၆ မြန်မာ့ စိုက်ပျိုးရေး ဓာတုဆေးများဆိုင်ရာ နိုင်ငံတကာ ကုန်စည်ပြပွဲသည် မြန်မာစိုက်ပျိုးရေးကဏ္ဍအတွက် အရေးပါသော ပြပွဲတစ်ခုဖြစ်ပြီး စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ၊ ဈေးကွက်သစ် ထိုးဖောက်နိုင်ရန် အခွင့်အလမ်း များနှင့်အတူ ဆန်းသစ်သော အတွေးအခေါ်များ ၊ အရေးပါသော ဈေးကွက်သတင်းအချက်အလက်များကို ထိရောက်စွာ ဖလှယ် နိုင်ကြမည်ဖြစ်ပါသည်။
တရုတ်၊ အိန္ဒိယ၊ မြန်မာ၊ ဗီယက်နမ်၊ စင်ကာပူ စသည့် နိုင်ငံများအပါအဝင် နိုင်ငံပေါင်း ၉၀ ကျော်မှ ဓာတ်မြေသြဇာ၊ ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေး၊ မှိုသတ်ဆေး ထုတ်လုပ်ဖြန့်ဖြူးသည့် ကုမ္ပဏီများ အပါအဝင် စိုက်ပျိုးရေးသုံး စက်ပစ္စည်းဆိုင်ရာ ထုတ်လုပ်ဖြန့်ချိရောင်းချကြသူများ ပါဝင်ပြသကြမည် ဖြစ်ပါသည်။
အီးမေးလ် - jasmine.ttm@veas-exhibitions.com/ jasmine.veas@gmail.com
ဖုန်းနံပါတ် ၀၉-၄၂၀၀၂၅၆၈၄ (Ms.Jasmine)
ဆီသို့ကြိုတင်စာရင်းပေးသွင်းနိုင်ပါသည်။
www.agriculture-exhibition.com/agro-myanmar-a90.html
www.myanmar.agrochemexworld.com
ကံစမ်းမဲ အစား လာရောက်လည်ပတ်သူများကို
တစ်ရက်လျှင် လက်ဆောင် အခု၅၀၀ ပေးမည့်အစီအစဉ်။
စီစဉ်သူ
CCPIA
CNCIC
VEAS
ထောက်ပံ့ထားသူများ
MFVP
AGROW
ထောက်ပံ့သူ
MIO
OCC
မီဒီယာပံ့ပိုးပေးသူများ
THE Farmer




New Magnate Co., Ltd.
YANGON : No.50 G-1(A), Shwe Bon Tha Street, Pabedan Township, Yangon.
Office: +95-1-253163, +95-9-5506142, +95-9-73045775
MANDALAY : No. 34, 25th Street (Between of 80x81 Street) Mandalay.
Office: +95-9-31885461
RHYDZOLE
Rabeprazole Sodium 20mg
RHYDLOSART - 50
RHYDAMLO - 5
Amlodipine 5mg
RHYDAMLO -10
Amlodipine 10mg
RHYDRIL-5
Enalapril 5mg
RIFIBURG - 10
RIFIBURG - 20
RHYDCARB
RHYDLOSART - 25
REPEP
RHYDRIL-10
Enalapril 10mg
DICLON-M
M-Spas
BET - N Skin Cream
BET - GM Skin Cream
RHYDZIT 500
REROX
RHYOF
REMET
RECIP
Quadrim
REMOL




Sealite
Avlite
SOLAR-LED TECHNOLOGY TRADING CO.Ltd
www.sealite.com.au
www.hnnbiz.myanmarseashine.com
ဩစတေးလျနိုင်ငံမှ ထုတ်လုပ်သော နေရောင်ခြည်စွမ်းအင်သုံး LED အချက်ပြမီးလုံးများ
* လေကြောင်းဆိုင်ရာ နေရောင်ခြည်စွမ်းအင်သုံး Emergency Runway & Airfield Lighting Systems များ
* Telecom Tower တိုင်များတွင် အသုံးပြုသောနေရောင်ခြည်စွမ်းအင်သုံး LED Obstruction Lightများ
* ပင်လယ်ရေကြောင်းဆိုင်ရာ Marine Lanterns, Bridge Light, Barge Light, Area Lighting, Monitoring & Control Systems, Marine Buoys, Monitoring Systems & Accessories များကို ကျွန်တော်များ SOLAR-LED TECHNOLOGY TRADING CO.,LTD မှ တိုက်ရိုက်တင်သွင်းရောင်းချပေးနေပါသည်။
Obstruction Light (Solar/AC)
Area Light (Solar)
Area Light (Solar)
Obstruction Light
Obstruction Light
AUTHORIZED DISTRIBUTOR: HNN MARINE RESOURCES (YANGON) LTD
SALES CENTER : NO.10 12, 1ST FLOOR, BOGALAY ZAY ST, BOTAHTAUNG TOWNSHIP, YANGON, MYANMAR.
PH : 01-392210, 392278
FAX: 01-392208

# မြန်မာ့သရက်သီးများကို တိုးမြှင့်တင်ပို့ခြင်းဖြင့် ပို့ကုန်တိုးမြှင့်ရေးကို အထောက်အကူပြုမည်

မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်တွင်ရှိသော သစ်သီးပွဲရုံများသို့ ဧပြီလဆန်းမှစ၍ မြန်မာပြည်အနယ်နယ်အရပ်ရပ်မှ သရက်သီးမှည့်များ စတင်ဝင်ရောက်လာကာ တစ်ဖက်တရုတ်နိုင်ငံသို့ ဧပြီလဆန်း ပထမတစ်ပတ်အတွင်း ကားကြီး နှစ်စီး၊ သုံးစီးဖြင့် စတင်၍ တင်ပို့နိုင်ခဲ့သည်။ ဧပြီလလယ်တွင် ကားအစီးရေ ၃၀ မှ ၅၀ အထိတင်ပို့နိုင်ခဲ့ပြီး၊ ဧပြီလ နောက်ဆုံးတစ်ပတ်တွင် ကားစီးရေ ၈၀ မှ ၁၀၀ အထိ တိုးတက်တင်ပို့လာနိုင်သဖြင့် ဧပြီလ တစ်လလုံးအနေဖြင့် ကားအစီးရေ ၈၂၀ စီး၊ တန်ချိန်အားဖြင့် ၄၂၅၃ တန်၊ တန်ဖိုးအမေရိကန်ဒေါ်လာ ၁ ဒသမ ၄၄၉ သန်း တင်ပို့နိုင်ခဲ့သည်။ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်ရှိ သစ်သီးပွဲရုံသို့ ဝင်ရောက်လာသော သရက်သီးများမှာ အများအားဖြင့် အမရပူရ၊ စဉ့်ကိုင်၊ ကျောက်ဆည်၊ စစ်ကိုင်း၊ အုံးချော ဒေသထွက်များ ဖြစ်ကြောင်း၊ အရောင်းအဝယ်ဖြစ်သော သရက်သီးအမျိုးအစားများမှာ စိန်တလုံး၊ ရင်ကွဲ၊ ချဉ်ပေါင်း၊ ပတ္တမြား-ငမောက်၊ ဟသ်ာတို့ပါဝင်လာကြောင်း သိရှိရပါသည်။

တစ်ဖက်နိုင်ငံသို့ တင်ပို့ရာတွင် ၁၅ ကီလိုဂရမ်၊ ၁၆ ကီလိုဂရမ် ဝင်ဆံ့သော ခြင်းများဖြင့် ထည့်ပြီးတင်ပို့ရကြောင်း၊ သယ်ယူပို့ဆောင်ခမှာ မန္တလေးမှပို့ပါက သရက်သီးတစ်ခြင်းလျှင် ၁၃၀၀ ကျပ်မှ ၁၄၀၀ ကျပ်၊ ရွှေဘိုမှပို့ပါက တစ်ခြင်းလျှင် ၁၇၀၀ ကျပ်မှ ၁၈၀၀ ကျပ်အထိ၊ တောင်ကြီးမှ ပို့ပါက သရက်သီးတစ်ခြင်းလျှင် ၂၀၀၀ ကျပ်ပေးရကြောင်း၊ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်တွင် အရှေ့မြောက်တံခါး၊ ခွာညို၊ နေလ၊ အောင်သရဖူ၊ ထွန်းတောက်ကြယ်၊ တက်နေဝင်း၊ မရှမ်း၊ စိန်တလုံး၊ ထိုင်ဝမ်၊ ရွှေမေတ္တာ၊ လင်းထွန်း၊ ရွှေမင်းသား၊ ဝေယံဦး၊ ရွှေနား၊ ရွှေတြိဂံ၊ ရှမ်း-မြန်မာ စသည်ဖြင့် သစ်သီးပွဲရုံ ၂၀ ရုံခန့်ရှိကြောင်း၊ သစ်သီးပွဲရုံသို့ရောက်ရှိလာသော သရက်သီးကားများအား အလုပ်သမားခအဖြစ် ကားပေါ်မှချခ ဒိုင်နာ ကားတစ်စီးလျှင် ၃၅၀၀ ကျပ်၊ ခြောက်ဘီးကားတစ်စီးလျှင်၆၀၀၀ ကျပ်၊ ၁၂ဘီးကားတစ်စီးလျှင် ၁၁၀၀၀ ကျပ်နှုန်းဖြင့် အလုပ်သမားခ(အချ) ကို ကားများကပေးရပြီး၊ ကားပေါ်ပြန်တင်လျှင်အလုပ်သမားခ(အတင်) အား ပွဲရုံမှတစ်ခြင်း ၁၅ ကျပ်နှုန်းဖြင့် ပေးချေရကြောင်း သစ်သီးပွဲရုံများ မှ ဝန်ဆောင်ခ ငါးရာခိုင်နှုန်း ယူကြောင်း သိရှိရပါသည်။

သစ်သီးပွဲရုံများမှ သရက်သီး ခြံရှင်များအား သရက်သီးမထွက်မီ အပွင့်ပွင့်ချိန်မှစပြီး ကြိုတင်ငွေ ငါးသိန်းမှ ၁၅ သိန်းအထိ ထုတ်ပေးထားရကြောင်း၊ အသီးထွက်လျှင် ငွေတင်ကြိုယူထားသည့် ပွဲရုံသို့ သရက်သီးများ ပို့ပေးရကြောင်း၊ ပွဲရုံမှ အိတ်စွပ်ရန်အတွက် အိတ်များကို သရက်ခြံသို့ ရောင်းချပေးကြောင်း ယခင်နှစ်က သရက်သီး အိတ်စွပ်ရန် အိတ်များကို သရက်ခြံသို့ ရောင်းချပေးကြသဖြင့် ယခင်နှစ်က သရက်သီး အိတ်စွပ်ရန် အိတ်တစ်လုံးလျှင် ၁၈ ကျပ်နှုန်းဖြင့် အိတ်အလုံး ၅၀၀၀ ကို ငွေ ၉၀၀၀၀ ကျပ်ပေးရကြောင်း၊ ယခုနှစ်တွင် အလုံး ၅၀၀၀ ကို ကျပ် ၁၈၀၀၀၀ ကျပ်ပေးရသဖြင့် တစ်အိတ်လျှင် ၃၆ ကျပ်ပေးရကြောင်း၊ ခြံရှင်တစ်ဦး၏ ပြောပြချက်အရ သိရှိရပါသည်။ အိတ်စွပ်သီးများမှာ အလုံးညီ၊ အရောင်လှသဖြင့် ရောင်းပန်းလှပြီး အိတ်မစွပ်သော (အလွတ်သီး) များမှာ ရောင်းပန်းမလှဘဲ ဈေးမရကြောင်း သိရှိရပါသည်။ သရက်သီးမှည့်ချိန်တွင် ဈေးကောင်းရရှိပါက သရက်ခြံပိုင်ရှင်များကို မူလပေးထားသည့် ငွေကိုခုနှိမ်ပြီး ပိုငွေများကိုပွဲရုံမှပြန်ပေးကြောင်း သိရှိရပါသည်။

မေ ၆ ရက်တွင်သစ်သီးပွဲရုံများ၌ ဖြစ်ပေါ်နေသော သရက်သီးပေါက်ဈေးမှာ စိန်တလုံး(တစ်ခြင်း) လျှင်ယွမ် ၉၀ မှ ယွမ်၁၆၀၊ ရင်ကွဲတစ်ခြင်းလျှင် ယွမ် ၇၀ မှ ယွမ် ၁၅၀၊ ချဉ်ပေါင်းတစ်ခြင်းလျှင် ယွမ်၉၀၊ ဟသ်ာတစ်ခြင်းလျှင် ယွမ် ၃၅ မှ ယွမ် ၁၆၀ အသီးသီးဈေးနှုန်းပေါက်ကြောင်း သိရှိရပါသည်။

သစ်သီးပွဲရုံများမှ ပြောကြားချက်အရ ဇွန်လဆန်းတွင် စိန်တလုံးသရက်များ တောင်ကြီး၊ ရပ်စောက်ဘက်မှ ဝင်မည်ဖြစ်ကြောင်း၊ သို့သော် (အညာ) သီးလောက်မချိုကြောင်း သိရှိရပါသည်။

မြန်မာ့သရက်သီးများသည် တစ်ဖက်နိုင်ငံမှ ဝယ်လိုအားရှိသော သစ်သီးဝလံတစ်မျိုးဖြစ်ပြီး မြန်မာနိုင်ငံဒေသ အတော်များများတွင် စိုက်ပျိုးဖြစ်ထွန်းသော အပင်လည်းဖြစ်သဖြင့် သရက်သီးမျိုးကောင်းမျိုးသန့်များ (ဈေးကွက်ဝင်ဈေးကောင်းရမျိုးများကို) ခေတ်မီနည်းစနစ်များဖြင့် စနစ်တကျ ဈေးကွက်ဝင် စိုက်ပျိုးထုတ်လုပ်တင်ပို့ခြင်းအားဖြင့် နိုင်ငံခြားဝင်ငွေ တိုးတက်လာစေရုံမက ပြည်ပပို့ကုန်တိုးမြှင့်ရေးအတွက်လည်း အထောက်အကူဖြစ်နိုင်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

**ကြည်ကြည်မြင့်-(မူဆယ်)**

## မန္တလေးမြို့၊ ပွဲစားကုန်သည် စက်ပိုင်များ မဟာကထိန်တော်အသင်း (ကုန်စည်ဒိုင်)တွင် ကုန်သွယ်ရေးဦးစီးဌာနမှ ကုန်သွယ်မှုဆိုင်ရာ ကိစ္စရပ်များဆွေးနွေး

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန၊ ပို့ကုန်သွင်းကုန်ရုံး (မန္တလေး) တာဝန်ခံ ဦးအေးမင်းထွန်း (လက်ထောက်ညွှန်ကြားရေးမှူး)နှင့် အဖွဲ့သည် မေ ၁၀ ရက် ၁၁း၀၀ နာရီချိန်တွင် မန္တလေးမြို့ ပွဲစားကုန်သည် စက်ပိုင်များ မဟာကထိန်တော်အသင်း (ကုန်စည်ဒိုင်)သို့ သွား ရောက်၍ အသင်း ဥက္ကဋ္ဌ ဦးသက်တင်နှင့် အလုပ်အမှုဆောင်များကို တွေ့ဆုံ၍ မန္တလေးတိုင်းဒေသကြီး ပို့ကုန်သွင်းကုန်ရုံး၏ ကုန်သွယ်မှုဆိုင်ရာ ကိစ္စရပ်များ၊ ပို့ကုန်သွင်းကုန်လိုင်စင်ဆိုင်ရာ ကိစ္စရပ်များ၊ ပို့ကုန်သွင်းကုန်ရုံး (မန္တလေး)၌ ကုန်သွယ်မှုအခြေခံ သင်တန်း ဖွင့်လှစ်ပို့ချမည့် ကိစ္စရပ်များ၊ မန္တလေးကုန်စည်ဒိုင်၌ ရောင်းဝယ်ဖောက်ကားလျက်ရှိသော လယ်ယာထွက်ကုန်ပစ္စည်းများ၏ ဈေးကွက်အခြေအနေနှင့် ကုန်စည်စီးဆင်းမှုသတင်းများ အချိန်နှင့် တပြေးညီရယူခွင့်ပြုရေးကိစ္စရပ်များ၊ ကဏ္ဍစုံဖြင့် ပြောင်းလဲလာသည့် Commerce Journal (စီးပွားရေးသတင်း ဂျာနယ်) အား ကုန်စည်ဒိုင် ဥက္ကဋ္ဌနှင့်တကွ အသင်းသူ/ သား များအား ကျယ်ကျယ်ပြန့်ပြန့် ရှင်းလင်းပြောကြား၍ အမှန်တကယ်သုတ/ရသ စုံလင်စွာဖြင့် ပြောင်းလဲလာမှုအားလက်တွေ့ချပြနိုင်ခဲ့သောကြောင့် အသိပညာပေးဖြန့်ဝေမည့် အစီအစဉ်အား ဆွေးနွေးပြောကြားခဲ့ပါသည်။

မန္တလေးမြို့ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း၏ ဥက္ကဋ္ဌ ဦးသက်တင်ကလည်း ၂၀၁၆ ခုနှစ်တွင် မိမိတို့က အသင်းအား တာဝန်ယူပြီးနောက်ပိုင်း ပထမဦးဆုံးလာရောက်သည့် ကုန်သွယ်ရေးဦးစီးဌာနမှ တာဝန်ခံ ဦးအေးမင်းထွန်း (လက်ထောက်ညွှန်ကြားရေးမှူး)နှင့် အဖွဲ့အား ဝမ်းမြောက်စွာကြိုဆိုပါကြောင်း၊ မိမိတို့အသင်းအနေဖြင့်လည်း အသင်းသား လူငယ်များအား ပို့ကုန်သွင်းကုန်ရုံးမှ သင်ကြားပို့ချမည့် သင်တန်းများအား တက်ရောက်ရန် စည်းရုံးပေးမည်ဖြစ်ကြောင်း၊ သင်တန်းဖွင့်မည့် ရက်၊ အချိန်၊ နေရာတို့ကို သိရှိပါက ဆော်ဩပေးမည်ဖြစ်ကြောင်း၊ မိမိတို့အသင်းမှ ရရှိသည့် သတင်းများအား ရယူနိုင်ပါကြောင်း၊ စီးပွားရေးသတင်းဂျာနယ်အား စိတ်ဝင်စားပါကြောင်း၊ အသင်း၏စာကြည့်တိုက်တွင်လည်းထားရှိပြသသွား မည်ဖြစ်ကြောင်း ပြောကြားသွားပါသည်။

ဆက်လက်၍ အတွင်းရေးမှူး ဦးအောင်ဆွေဟိန်းမှလည်း မိမိတို့သည် လိုင်စင်လုပ်ရန် လက်လှမ်းမမှီဘဲ ရန်ကုန်ရှိ ကုန်သည်ပွဲစားများအား တစ်ဆင့်ဝယ်ယူပေးရသည့် အခြေအနေသာ ရှိနေပါကြောင်း၊ မိမိတို့အနေဖြင့် ဆန်၊ ပဲပြောင်းစသည့် ကုန်စည်များအား တရုတ်နိုင်ငံသို့ တိုက်ရိုက်တင်ပို့ရာတွင် တရုတ်ဘာသာစကား မကျွမ်းကျင်သည့်အတွက် အခက်အခဲများရှိပါကြောင်း၊ တိုက်ရိုက်လုပ်ကိုင်နိုင်မည့် အခွင့်အလမ်းများအား ရှိပါက ပြောကြားပေးစေလိုကြောင်း၊ မိမိတို့ကုန်စည်ဒိုင်၏ လက်ရှိ အရောင်းအဝယ်ဖြစ်နေသောဈေးနှုန်းများနှင့် ဈေးကွက်အခြေ အနေများ သတင်းများသိရှိလိုပါက ကူညီဆောင်ရွက်ပေးသွား မည်ဖြစ်ကြောင်း၊ ယခုလိုလာရောက်သည့်အတွက် ဝမ်းသာဂုဏ်ယူမိပါကြောင်း ဆွေးနွေးပြောကြားခဲ့ပါသည်။

မန္တလေးတိုင်း၏ ကုန်သွယ်မှုအခြေအနေနှင့် သင်တန်း ပို့ချနိုင်ရေး အမြန်ဆောင်ရွက်သွားမည် ဖြစ်ကြောင်းနှင့် ယခု အသင်းမှ ဆွေးနွေးမှုများကိုလည်း ရုံးချုပ်သို့ အမြန်တင်ပြ၍ ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း တာဝန်ခံ ဦးအေးမင်းထွန်း (လက်ထောက်ညွှန်ကြားရေးမှူး)မှ ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သတင်းရရှိခဲ့ပါသည်။

**( မိုးသီတာ ၊ DOT - MDY )**

## ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ Trade Promotion and Information Service(TPIS) များ၏ Contact Points များ

| | | |
|---|---|---|
| (၁) | ရန်ကုန်တိုင်းဒေသကြီး | ၂၂၈/၂၄၀၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့။ Fax:01-254023, Ph:01-250270,254019 email: ygnmapt@gmail.com |
| (၂) | ပဲခူးတိုင်းဒေသကြီး(အနောက်) | ရတနာမာန်အောင်ဘုန်းကြီးကျောင်းအနီး၊ ပြည်မြို့။ Fax : 053-28220, Ph : 053-28032,28020 |
| (၃) | ပဲခူးတိုင်းဒေသကြီး(အရှေ့) | အောင်မြေသာရပ်ကွက်၊ ပိုလန်ဝင်း၊ ပဲခူးမြို့။ Ph : 052-2221844, 2221108, 2221036 |
| (၄) | ဧရာဝတီတိုင်းဒေသကြီး | ပုသိမ်မြို့။ Fax : 042-21811, Ph: 042-24520,24522 email: yiyinaingwin@gmail.com |
| (၅) | မန္တလေးတိုင်းဒေသကြီး | မန္တလေးမြို့။ Fax : 02-36340, Ph: 02-36342,36339 email: mdymapt@gmail.com |
| (၆) | ရခိုင်ပြည်နယ် | စစ်တွေမြို့။ Fax:043-23426,Ph:043-23426 |
| (၇) | မကွေးတိုင်းဒေသကြီး | အစိုးရရပ်ကွက်၊အနော်ရထာလမ်း၊မကွေးမြို့။ Fax : 063-23199, Ph : 063-23196,23197 |
| (၈) | ရှမ်းပြည်နယ်(တောင်ပိုင်း) | အရှေ့မြို့ပတ်လမ်း၊ ရေအေးကွင်းရပ်ကွက်၊ အမှတ်(၅)ဈေးမြောက်ဘက်၊ တောင်ကြီးမြို့။ Ph:081-2121615, Fax:081-2121627, email:dtptaunggyi@gmail.com |
| (၉) | ရှမ်းပြည်နယ်(အရှေ့ပိုင်း) | ရပ်ကွက်(၁)၊ နောင်ရေး၊ ကျိုင်းတုံမြို့။ Fax:084-21034,Ph:084-21034 |
| (၁၀) | ရှမ်းပြည်နယ်(မြောက်ပိုင်း) | အမှတ်(၉)၊ လေယာဉ်ကွင်းလမ်း၊ ထပရတပ်ရင်း(၆၂၆)နှင့် မျက်နှာချင်းဆိုင်၊ လားရှိုးမြို့။ Fax:082-23493,Ph:082-23039 |
| (၁၁) | ကရင်ပြည်နယ် | ဘားအံမြို့။ Fax:058-21666,Ph:058-21041 |
| (၁၂) | တနင်္သာရီတိုင်းဒေသကြီး | ကမ်းနားလမ်း၊ ဆိပ်ငယ်ရပ်ကွက်၊ မြိတ်မြို့။ Fax:059-41012,Ph:059-41012 |
| (၁၃) | ကချင်ပြည်နယ် | အမှတ်(၁၉၉)၊ မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့။ Fax:074-22459,Ph:074-22459 |
| (၁၄) | ကယားပြည်နယ် | (၈/၉)လမ်းကြား၊ ကန္တာရဝတီလမ်းနှင့် သီရိဒေါလမ်းကြား၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့။ Fax:083-21005,Ph:083-21005 |
| (၁၅) | မွန်ပြည်နယ် | အမှတ်(၄)ကမ်းနားလမ်း၊ ရွှေတောင်ရပ်၊ ဘုရင့်ရုံရှေ့ မော်လမြိုင်မြို့။ Fax:057-24728, Ph:057-24318 |
| (၁၆) | စစ်ကိုင်းတိုင်းဒေသကြီး | သာစည်လမ်း၊ ဒေါနခြံရပ်၊ မီးရထားသံလမ်းနှင့် ဗိုလ်ချုပ်ကြေးရုပ်ကြား၊ မုံရွာမြို့။ Fax : 071-23630, Ph:071-23630,22924 |

## (၇) နေ့ သားသမီးများအတွက်
## စီးပွားရေး အကြံပေး ဟောကိန်း
### ၁၆-၅-၂၀၁၆ မှ ၂၂-၅-၂၀၁၆ ရက်နေ့ထိ
### ဒေါ်မြတ်မြတ်အေး
### (မြန်မာနိုင်ငံ ဝေဒသုတေသနအဖွဲ့)



**တနင်္ဂနွေသားသမီးများအတွက်** အတ္တတွေကိုယ်စီနှင့် နင်းခြေကျော်တက်နေသောစီးပွားရေးဝန်းကျင်တွင် ရိုးသားပွင့်လင်းမှုကို မတွေ့ရတတ်ပါ။ သဟဇာတသိပ်မဖြစ်ရှိနေမည်။ စီးပွားရေးတွင် စားသောက်ကုန်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများ၊ ဆက်သွယ်ရေးပစ္စည်းများ အကျိုးပေးမည်။ ပညာရေးတွင် စီးပွားရေးအနှောင့်အယှက်ကြောင့် ပညာရေးအခက်အခဲအချို့ဖြစ်နေတတ်ပါသည်။ အချစ်ရေးတွင် ငယ်ချစ်ဟောင်းနဲ့ပြန်လည်ဆုံတွေ့ရခြင်းရှိနေမည်။ ကျန်းမာရေးတွင် အကြောဝေဒနာ၊ လေရောဂါတို့ သတိရှိသင့်သောကာလဖြစ်နေတတ်ပါ သည်။

**ယတြာ။ ။ သံဃာတော်နှင့် သီလရှင်များကို နှမ်းမနဲ့လောင်းလှူပါ။**



**တနင်္လာသားသမီးများအတွက်** လူအေးသည်ဟုထင်ရသော်လည်း စိတ်ခတ်ပြင်းထန်သူဖြစ်နေမည်။ အရာရာကိုအေးဆေးတည်ငြိမ်စွာဖြင့် ပြတ်သားစွာဆောင်ရွက်တတ်သူဖြစ်နေမည်။ လယ်ယာသုံးပစ္စည်းရောင်းဝယ်ရေးနှင့် ရေထွက်ပစ္စည်းများ အကျိုးပေးကောင်းနေလိမ့်မည်။ အချစ်ရေးတွင်အဝေးရောက်ချစ်သူ၏ လက်ထပ်ခွင့်တောင်းခြင်းကို ခံရလိမ့်မည်။ ပညာရေးတွင် အောင်မြင်မှုများရရှိပြီး ထူးချွန်နိုင်ပါသည်။ ကျန်းမာရေးအနေဖြင့် နုန်းချိခွေယိုင်၍ ထုံနာကျင်နာရောဂါဝေဒနာခံစားရမှုရှိနေတတ်သည်ကို သတိရှိသင့်ပါသည်။

**ယတြာ။ ။ နံ့သာဖြူမွှေးတုံး ဘုရားလှူပါ။**



**အင်္ဂါသားသမီးများအတွက်** မည်သို့ပင်ဖြစ်စေ ကြံ့ကြံ့ခံ၍ အောင်မြင်မှုများရရှိအောင်ကြိုးစား၍ လုပ်ကိုင်ဆောင်ရွက်ရပါမည်။ စွမ်းရည်ကိုချိန်ဆ၍ လုပ်နိုင်သလောက်သာ လုပ်ကိုင်ဆောင်ရွက်နေရတတ်ပါသည်။ ခရီးသွားပို့ဆောင်ရေးလုပ်ငန်း၊ မြေတူးလုပ်ငန်း၊ မြေတူးစက်ရောင်းဝယ်ရေးလုပ်ငန်းများ အကျိုးပေးပါသည်။ ပညာရေးကံကောင်းနေတတ်ပါသည်။ အချစ်ရေးတွင် သစ္စာရှိသူ၏ မေတ္တာတရားကိုရရှိလိမ့်မည်။ တူနှစ်ကိုယ် လက်တွဲဖြစ်လိမ့်မည်။ ကျန်းမာရေးတွင် ဆီးကျဉ်ခြင်း၊ ဆီးပိတ်ခြင်း၊ ဆီးနှင့်ပတ်သက်သောဝေဒနာ ခံစားရတတ်ပါသည်။

**ယတြာ။ ။ သံဃာ့ဆေးရုံတွင် ငွေကြေးလှူဒါန်းပါ။**



**ဗုဒ္ဓဟူးသားသမီးများအတွက်** လူမှုဝန်းကျင်နှင့် စီးပွားရေးဝန်းကျင်တွင် သင့်အားအထင်ကြီးနေတတ်သည်။ ရင်းနှီးမြှုပ်နှံမှုငွေကြေးအတိုင်းအတာနှင့်ချိန်ဆ၍ စီးပွားရေးစီမံကိန်းချနေရတတ်သည်။ ရုပ်ရှင်လုပ်ငန်းရိုက်ကူးရေး၊ အကျိုးဆောင်လုပ်ငန်းများ အကျိုးပေးကောင်းပြီး ဝင်ငွေအားကောင်းနေမည်။ ပညာရေးတွင် ရည်မှန်းချက်လွဲတတ်သည်။ အချစ်ရေးတွင် ရည်ညွှန်းသူကတစ်ဦး ရရှိသူကတစ်ဦး ဖြစ်နေမည်။ ကျန်းမာရေးတွင် အဖျားရောဂါ သတိထားသင့်ပါသည်။

**ယတြာ။ ။ ဂုဏ်တော် ကိုးပါးရွတ်ဖတ်ပူဇော်ပါ။**



**ကြာသပတေးသားသမီးများအတွက်** ဆွေမျိုးညီအကိုမောင်နှမများနှင့်တွဲဖက်၍ စီးပွားရေးလုပ်ကိုင်ရတတ်သည်။ ဘယဆေးရောင်းဝယ်ရေးလုပ်ငန်း၊ ယာဉ်ရောင်းဝယ်ရေးလုပ်ငန်း ရေရှည်လုပ်မည့်လုပ်ငန်းနှင့် ရေတိုလုပ်မည့်လုပ်ငန်းနှစ်မျိုးစလုံး အကျိုးပေးအားကောင်းတတ်ပါသည်။ ပညာရေးတွင် ဝေဝါးမှုများရှိနေတတ်သည်။ အချစ်ရေးတွင် မိမိစိတ်တိုင်းကျသူကိုမှ လက်ထပ်ဖြစ်လိမ့်မည်။ ကျန်းမာရေးတွင် အပူကြောင့်ဖြစ်သောအနာများဖြစ်တတ်သည်ကို သတိရှိသင့်ပါသည်။

**ယတြာ။ ။ မုန့်လုံးရေပေါ်လှူဒါန်းပါ။**



**သောကြာသားသမီးများအတွက်** ကုမ္ပဏီလုပ်ငန်း၊သွင်းကုန်ထုတ်ကုန်လုပ်ငန်းများနှင့် မင်္ဂလာပန်းပြုပြင်ခြင်း၊ ဝတ်စားမှုအလှပြင်လုပ်ငန်းများအထူးအကျိုးပေးအားကောင်းပြီး ဝင်ငွေကောင်းနေတတ်ပါသည်။ ဇိမ်ခံပစ္စည်းမွေ့ယာကုတင်ရောင်းဝယ်ခြင်း၊ ခန်းဝင်ပစ္စည်းများနှင့် ပတ်သက်၍ အထူးအကျိုးပေးအားကောင်းနေတတ်ပါသည်။ ပညာရေးတွင်ထူးချွန်နေ မည်။ ဝီရိယအားနည်းနေတတ်သည်။ ကျန်းမာရေးမှာ အဆီအဆိမ့်အစားများခြင်းကြောင့် သွေးတိုးခြင်း၊ ဆီးချိုဝေဒနာခံစားရမှုရှိနေတတ်ပါသည်။ အချစ်ရေးကံကောင်းနေမည်။ ပျော်ရွှင်စရာများနှင့် ကြုံတွေ့ရတတ်သည်။

**ယတြာ။ ။ ရွှေရင်အေးလှူပါ။**



**စနေသားသမီးများအတွက်** လုပ်ငန်းခွင် အတိုက်အခံများနေတတ်သည်။ စီးပွားရေးသင့်တင့်နေသော အခြေအနေရှိနေမည်။ ခတ်ငွေ့၊ ရေနံရောင်းဝယ်ရေးအားကောင်းနေပြီး အကျိုးပေးသင့်နေတတ်ပါသည်။ ပညာရေးကံအားကောင်းနေမည်။ ပညာရေး ထူးချွန်နေမည်။ အချစ်ရေးတွင် အခက်အခဲများရှိနေမည်။ စိတ်ပျော်ရွှင်ရမှုအားနည်းနေ တတ်သည်။ ကျန်းမာရေး တွင် အဆစ်အမြစ်နာကျင်ကိုက်ခဲသော ဝေဒနာခံစားရမှုရှိနေတတ်သည်။ လေ့ကျင့်ခန်းများများလုပ်သင့်သည်။

**ယတြာ။ ။ အုန်းဆီလှူဒါန်းပါ။**

# Food & Hotel Myanmar 2016 ပြပွဲ ပြသမည်



အစားအသောက်နှင့် ဟိုတယ်လုပ်ငန်းနယ်ပယ်အတွက် အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုပြပွဲကြီးတစ်ခုဖြစ်သည့် Food & Hotel Myanmar 2016 ပြပွဲကို ရန်ကုန်မြို့ရှင်စောပုလမ်းရှိ Myanmar Even Park တွင် ဇွန် ၁ ရက်မှ ၃ ရက် အထိကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပြပွဲတွင် နိုင်ငံပေါင်း ၂၇ နိုင်ငံမှ ပါဝင်ပြသသူပေါင်း ၂၂၀ ကျော်တို့ ပါဝင်ပြသကြမည်ဖြစ်ပြီး တောင်ကိုရီးယား၊ မလေးရှား၊ စင်ကာပူ၊ တရုတ်(တိုင်ပေ)၊ ထိုင်းနှင့် တူရကီနိုင်ငံတို့မှ ပြခန်းကြီး ၆ခန်းတို့ဖြင့် ပါဝင်ပြသကြမည်ဖြစ်ကြောင်း သိရသည်။

ယင်းပြပွဲတွင် ကွဲပြားခြားနားသော ထုတ်ကုန်နှင့် ဝန်ဆောင်မှုအမျိုးအစားပေါင်း ၁၂၀၀ ကျော်ကို ပြသမည်ဖြစ်ပြီး ယခင်နှစ်က ပြသသည်ထက် ၂၅ ရာခိုင်နှုန်းခန့် ပိုမိုများပြားလာမည်ဖြစ် ကြောင်း သိရသည်။

"မြန်မာနိုင်ငံရဲ့အစားအစာ၊ ဟိုတယ်၊ စားသောက်ဆိုင်နဲ့ ဧည့်ခံကျွေးမွေးရေးလုပ်ငန်းဟာ တိုးတက်လျက်ရှိတဲ့ ခရီးသွားလုပ်ငန်းနဲ့ ပြည်တွင်းဈေး ကွက်ကြောင့် အလျင်အမြန်တိုးတက်လျက်ရှိပါတယ်။ ပြီးခဲ့တဲ့ ၂၀၁၅ခုနှစ် နိုဝင်ဘာလအတွင်းက မှတ်တမ်းများအရ နိုင်ငံခြားခရီးသွားဧည့်သည် ၄ ဒသမ ၂သန်းရှိခဲ့ပြီး Food & Hotel Myanmar 2016 ပြပွဲကျင်းပချိန်တွင် ငါးသန်းအထိ ရှိလာနိုင်မယ်လို့ ခန့်မှန်းထားပါတယ်။ အခုကျင်းပမယ့် ပြပွဲဟာမြန်မာနိုင်ငံရဲ့အကြီးမားဆုံးပြပွဲဖြစ်တာကြောင့် Food & Hotel Myanmar ဟာ အစားအသောက်နဲ့ ဧည့်ခံကျွေးမွေးရေးဆိုင်ရာ လုပ်ငန်းတွေက ၎င်းတို့ရဲ့ အမှတ်တံဆိပ်ကို တည်ထောင်နိုင်ဖို့ တိုးတက်လာတဲ့ နိုင်ငံတကာစံချိန်စံညွှန်းတွေနဲ့ ကိုက်ညီစေအောင် ဝယ်ယူသူ အသစ်၊ နည်းပညာအသစ်တွေ တွေ့မြင်နိုင်ဖို့၊ ထုတ်ကုန်အသစ်တွေရဲ့အရင်းအမြစ်တွေရနိုင်ဖို့၊ အဲဒီကတစ်ဆင့် သူတို့ရဲ့ယှဉ်ပြိုင်နိုင်မှုကို တိုးတက်လာစေနိုင်မှာဖြစ်ပါတယ်"ဟု Bangkok Exhibition Service မှ အထွေထွေမန်နေဂျာ မစ္စတာဂျပ်စတင်ပေါလ်က ပြောကြားခဲ့သည်။

အဆိုပါပြပွဲတွင် တတိယအကြိမ်မြောက် မြန်မာ့အချက်အပြုတ်ဆိုင်ရာ ပြပွဲနှင့်တတိယအကြိမ်မြောက် မြန်မာနိုင်ငံလုံးဆိုင်ရာ ဘာရီစတာတံခွန်စိုက်ပြိုင်ပွဲတို့ကိုလည်း ထည့်သွင်းကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာ့အချက်အပြုတ်ဆိုင်ရာ ပြပွဲသည် မြန်မာနိုင်ငံ၏ အကောင်းဆုံး နိုင်ငံတကာဟင်းချက်ပြိုင်ပွဲဖြစ်ပြီး ကမ္ဘာ့စားဖိုမှူးအသင်းများအစည်းအရုံးနှင့် ကမ္ဘာ့နယ်စည်းမထားစားဖိုမှူးများအသင်းတို့မှ ထောက်ပံ့ပေးထားကြောင်း သိရသည်။

မြန်မာနိုင်ငံလုံးဆိုင်ရာ ဘာရီစတာ တံခွန်စိုက်ပြိုင်ပွဲသည် ကျွမ်းကျင်မှုနှင့် အတွေ့အကြုံတို့ကို တိုးတက်စေလိုသော ဘာရီစတာများနှင့် ကော်ဖီဆိုင်ရာ ကျွမ်းကျင်သူများအတွက် ကျင်းပပေးသည့်ပြိုင်ပွဲတစ်ရပ်ဖြစ်ပြီး Element Coffee Consulting & Machine Supplies နှင့် Bangkok Exhibition Services တို့မှ မြန်မာနိုင်ငံဘာရီစတာအသင်း၏ ထောက်ပံ့မှုဖြင့် ပူးပေါင်းကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**မယ်သီတာ**

# Myanmar Int'l Building, Lighting, Woodworking, Machine Tools Industrial Fair ပြပွဲ ပြသ

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်မှကြီးမှူး၍ မြန်မာနိုင်ငံစက်မှုလုပ်ငန်းရှင်များအသင်း၏ကူညီ ပံ့ပိုးမှုဖြင့် Myanmar Int'l Building, Lighting, Woodworking, Machine Tools Industrial Fair ပြပွဲကို ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိတပ်မတော် ခန်းမတွင် မေလ ၁၂ရက်မှ ၁၅ ရက် အထိ ခင်းကျင်းပြသခဲ့ကြောင်း သိရသည်။

အဆိုပါပြပွဲသို့ နိုင်ငံပေါင်း ဩစတြေးလျ၊ တရုတ်၊ အိန္ဒိယ၊ ဂျာမနီ၊ အင် ဒိုနီးရှား၊ အီတလီ၊ ဂျပန်၊ တောင်ကို ရီးယား၊ မလေးရှား၊ ဖိလစ်ပိုင်၊ နယူး ဇီလန်၊ စင်ကာပူ၊ တရုတ်(တိုင်ပေ)၊ ထိုင်းနှင့်ဗီယက်နမ်နိုင်ငံတို့မှ ကုန်သည် လုပ်ငန်းရှင်ပေါင်း ၁၂၀တို့က သက်ဆိုင် ရာကုန်ပစ္စည်းများကို ခင်းကျင်းပြသခဲ့ကြောင်း သိရသည်။

ထို့ပြင် မြန်မာနိုင်ငံမှ ကုမ္ပဏီကြီး ၁၁ ခုတို့ကလည်း ယင်းပြပွဲတွင် ပါဝင် ခင်းကျင်းပြသခဲ့ကြောင်း သိရသည်။

ယင်းပြပွဲသည် ပြပွဲကြီးလေးခုကို တစ်နေရာတည်းတစ်ချိန်တည်းတွင် စုစည်း၍ ပြသခဲ့ခြင်းဖြစ်သည်။ အဆိုပါပြပွဲကြီးလေးခုမှာ Myanmar International Wood Processing Exhibition (MYANMAR WOOD)၊ Myanmar International Building material, Hardware & Tool Exhibition (MYANMAR BUILD)၊ Myanmar International Lighting Exhibition (MYANMAR LIGHT)နှင့် Myanmar International Machine Tool & Automation Exhibition (MYANMAR MACHTOOL) တို့ ကို စုစည်း၍ ပြသထားခြင်းဖြစ်သည်။

**မယ်သီတာ**

# ကသာခရိုင်အတွင်းဆီစားနေကြာ စတင်ရိတ်သိမ်းချိန် ဈေးကောင်းရ

ကသာခရိုင် စိုက်ပျိုးရေးထုတ်ကုန် နေကြာသီးနှံ စိုက်ဧက ၄၈၆၂၀ ရှိပါတယ်။ လှော်နေကြာမျိုးကို အများအပြားစိုက်ပျိုးပေမယ့် ဆီစားနေကြာ စိုက်ပျိုးသူ ရာခိုင်နှုန်းနည်းနေတာ တွေ့ရပါတယ်။ လှော်နေကြာထက် ဆီစားနေကြာစိုက်ပျိုးပါက အကျိုးအမြတ် ပိုမိုရရှိကြောင်း သက်ဆိုင်ရာဌာနများက အသိပညာပေးမှုများကြောင့် နေကြာတောင်သူများက ဆင်းရွှေကြာ၊ ဆီစားနေကြာတို့ကို ပြောင်းလဲ စိုက်ပျိုးလာတာတွေ့ရပါတယ်။ ဒီနှစ်ဆီ စားနေကြာ စတင်ရိတ်သိမ်းချိန်ဈေးနှုန်းမှာ တင်းတစ်ရာကို ၁၅ သိန်းမှ သိန်း၂၀ ကြားရှိလို့ ဆီစားနေကြာစိုက် တောင်သူများ ဈေးကောင်းရနေကြောင်း ဈေးကွက်အတွင်း မှ သိရပါတယ်။

မေ ၁၂ ရက်က လှော်နေကြာ တစ်ဧကကိုအထွက်တင်း ၅၀ ထွက်ရှိပြီး၊ ပေါက်ဈေး တစ်တင်းတစ်သောင်းနဲ့ တွက်ချက်ရင် ငါးသိန်းဝင်ငွေရပါတယ်။ ဆီစားနေကြာ တစ်ဧကအထွက် တင်း ၃၀ထွက်ရှိပြီး၊ ပေါက်ဈေးတစ်တင်း နှစ်သောင်းနဲ့တွက်ရင် ခြောက်သိန်းဝင်ငွေရှိ ပါတယ်။ ဆီကြိတ်ရောင်းပါက ဆီစားနေကြာ အဆန်သုံးတင်း၊ ဆီ ဆယ်ပိဿာထွက်ရှိပါတယ်။ မေ ၁၂ ရက်က နေကြာဆီ တစ်ပိဿာရှစ်ထောင်ကျပ်ရပါတယ်။ တစ်ဧကအထွက် တင်းသုံးဆယ်ကိုဆီကြိတ်ပါက နေကြာဆီပိဿာတစ်ရာအတွက် မေ ၁၂ ရက်ဈေးနဲ့ ရှစ်သိန်းကျော် ဝင်ငွေရပါတယ်။ နေကြာဆီက စားသုံးဆီထဲမှာ အကောင်းဆုံးဖြစ်တယ်လို့ စားသုံးသူအကာအကွယ်ပေးရေး ဟောပြောပွဲများကလည်း သိရပါတယ်။ ဆီစားနေကြာ၊ ဆင်းရွှေကြာကို ဈေးကောင်း လည်းရ ကျန်းမာရေးနဲ့ ညီညွတ်တဲ့ ဆီလည်းစားရလို့ စိုက်ပျိုးတာပါလို့ နေကြာတောင်သူများထံက သိရပါ တယ်။

**ကြည်နိုင်ဦး (အင်းတော်)**

## မြို့ကြီးများ၏ ၁၆-၅-၂၀၁၆ မှ ၂၀-၅-၂၀၁၆ နေ့အထိ မိုးလေဝသခန့်မှန်းချက်

| မြို့ | တနင်္လာ(၁၆-၅-၂၀၁၆) | အင်္ဂါ(၁၇-၅-၂၀၁၆) | ဗုဒ္ဓဟူး(၁၈-၅-၂၀၁၆) | ကြာသပတေး(၁၉-၅-၂၀၁၆) | သောကြာ(၂၀-၅-၂၀၁၆) |
|---|---|---|---|---|---|
| နေပြည်တော် | နေသာ ၄၂°C/၁၀၇°F | နေသာ ၄၁°C/၁၀၅°F | နေသာ ၃၉°C/၁၀၃°F | နေသာ ၃၉°C/၁၀၃°F | နေသာ ၃၈°C/၁၀၀°F |
| ရန်ကုန်မြို့ | နေသာ ၄၁°C/၁၀၅°F | နေသာ ၄၀°C/၁၀၄°F | နေသာ ၃၉°C/၁၀၃°F | နေသာ ၃၉°C/၁၀၂°F | နေသာ ၃၈°C/၁၀၀°F |
| မန္တလေးမြို့ | နေသာ ၄၂°C/၁၀၇°F | နေသာ ၄၁°C/၁၀၅°F | နေသာ ၄၁°C/၁၀၅°F | နေသာ ၄၀°C/၁၀၄°F | နေသာ ၃၉°C/၁၀၃°F |
| မြစ်ကြီးနား | ၃၀% ၃၁°C/၈၈°F | ၄၀% ၃၁°C/၈၇°F | ၅၀% ၃၁°C/၈၈°F | ၆၀% ၃၀°C/၈၆°F | ၅၀% ၃၁°C/၈၈°F |
| လားရှိုး | နေသာ ၃၂°C/၉၀°F | နေသာ ၃၁°C/၈၈°F | ၅၀% ၃၂°C/၈၉°F | ၈၀% ၃၁°C/၈၈°F | ၆၀% ၃၃°C/၉၁°F |
| ကျိုင်းတုံ | ၈၀% ၃၁°C/၈၈°F | ၄၀% ၃၂°C/၈၇°F | ၈၀% ၃၁°C/၈၈°F | ၆၀% ၃၂°C/၈၉°F | ၈၀% ၃၂°C/၉၀°F |
| လွိုင်ကော် | နေသာ ၃၄°C/၉၄°F | နေသာ ၃၃°C/၉၂°F | နေသာ ၃၃°C/၉၁°F | နေသာ ၃၃°C/၉၁°F | ၄၀% ၃၂°C/၉၀°F |
| တောင်ကြီး | နေသာ ၂၈°C/၈၂°F | နေသာ ၂၈°C/၈၂°F | နေသာ ၂၇°C/၈၁°F | ၅၀% ၂၇°C/၈၁°F | ၄၀% ၂၇°C/၈၀°F |
| မော်လမြိုင် | နေသာ ၃၈°C/၁၀၁°F | နေသာ ၃၇°C/၉၉°F | ၈၀% ၃၇°C/၉၈°F | ၆၀% ၃၆°C/၉၆°F | ၅၀% ၃၅°C/၉၅°F |
| ဘားအံ | နေသာ ၃၉°C/၁၀၃°F | နေသာ ၃၈°C/၁၀၀°F | နေသာ ၃၆°C/၉၇°F | ၈၀% ၃၆°C/၉၆°F | ၆၀% ၃၅°C/၉၅°F |
| တောင်ငူ | နေသာ ၄၂°C/၁၀၈°F | နေသာ ၄၁°C/၁၀၆°F | နေသာ ၄၁°C/၁၀၅°F | နေသာ ၄၀°C/၁၀၄°F | နေသာ ၃၉°C/၁၀၂°F |
| မုံရွာ | နေသာ ၄၁°C/၁၀၆°F | နေသာ ၄၂°C/၁၀၇°F | နေသာ ၄၁°C/၁၀၆°F | နေသာ ၄၁°C/၁၀၆°F | ၄၀% ၄၀°C/၁၀၄°F |
| ပုသိမ် | နေသာ ၃၈°C/၁၀၁°F | နေသာ ၃၈°C/၁၀၁°F | နေသာ ၃၈°C/၁၀၁°F | ၄၀% ၃၇°C/၉၈°F | ၈၀% ၃၆°C/၉၇°F |
| မြိတ် | ၈၀% ၃၄°C/၉၃°F | ၆၀% ၃၄°C/၉၃°F | ၆၀% ၃၄°C/၉၃°F | ၄၀% ၃၃°C/၉၂°F | ၈၀% ၃၃°C/၉၁°F |
| စစ်တွေ | နေသာ ၃၄°C/၉၃°F | ၃၀% ၃၄°C/၉၃°F | ၅၀% ၃၃°C/၉၂°F | ၃၀% ၃၃°C/၉၂°F | ၈၀% ၃၄°C/၉၃°F |
| မကွေး | နေသာ ၄၁°C/၁၀၅°F | နေသာ ၄၂°C/၁၀၆°F | နေသာ ၄၁°C/၁၀၅°F | နေသာ ၄၀°C/၁၀၄°F | နေသာ ၃၈°C/၁၀၁°F |
| ဖလမ်း | နေသာ ၂၇°C/၈၀°F | နေသာ ၂၇°C/၈၀°F | နေသာ ၂၇°C/၈၀°F | နေသာ ၂၇°C/၈၀°F | ၈၀% ၂၆°C/၇၉°F |



## တရုတ်နိုင်ငံတောင်ပိုင်းတွင် မိုးသည်းထန်စွာရွာသွန်း၍ လူ ၆၆ ဦး သေဆုံး၊ လူသန်းပေါင်းများစွာထိခိုက်

တရုတ်နိုင်ငံအရှေ့ပိုင်း၊ တောင်ပိုင်းနှင့် အနောက်တောင်ပိုင်းတို့တွင် မေ ၁၀ ရက်က မိုးသည်းထန်စွာရွာသွန်းခဲ့ရာ လူပေါင်း ၆၆ ဦးသေဆုံးခဲ့ပြီး လူသန်းပေါင်းများစွာ ထိခိုက်ခဲ့ကြောင်း အယ်လ်ဂျာဇီးယားသတင်းတွင် ဖော်ပြထားသည်။

မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မြေပြိုမှုများ ဆက်တိုက်ဖြစ်ပွားခဲ့ရာ လူသေဆုံးမှုများ မြင့်တက်လာနိုင်သည်ဟု တရုတ်နိုင်ငံ ပြည်ထဲရေးဝန်ကြီးဌာန မှတာဝန်ရှိသူတစ်ဦးက ဆိုသည်။

တရုတ်နိုင်ငံတောင်ပိုင်း ဖူကျန့်ပြည်နယ်တွင် မြေပြိုကျမှုကြောင့် လူပေါင်း ၃၄ ဦး သေဆုံးခဲ့ကြောင်း၊ မြေပြိုကျသည့်နေရာများသို့ ကယ်ဆယ်ရေးလုပ်သားများကို စေလွှတ်၍ ကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ဆောင်လျက်ရှိသော်လည်း မိုးသည်းထန်စွာ ဆက်လက်ရွာသွန်းနေမှုကြောင့် လုပ်ငန်းများနှောင့်နှေးကြန့်ကြာလျက်ရှိနေကြောင်း သတင်းများတွင် ဖော်ပြထားသည်။

တရုတ်နိုင်ငံသမ္မတ ရှီကျင့်ဖျင်က မြေပြိုကျသည့်ဒေသများအနက် အဆိုးရွားဆုံးဒေသတစ်ခုဖြစ်သည့် ဖူကျန့်ပြည်နယ်တွင် ကယ်ဆယ်ရေးလုပ်ငန်းများကို အားသွန်ခွန်စိုက် တိုးမြှင့်လုပ်ဆောင်ကြရန်လိုအပ်ကြောင်း တိုက်တွန်းပြောကြားခဲ့သည်။

ထို့ပြင် မိုးသည်းထန်စွာ ရွာသွန်းမှုများကြောင့် စိုက်ဧကဟက်တာပေါင်း ၂၆၈၀၀၀ ဟက်တာ ပျက်စီးခဲ့ရသည်။ အဆိုပါပျက်စီးခဲ့ရသည့် စိုက်ဧကများအနက် ဟက်တာပေါင်း ၂၈၃၀၀ ဟက်တာမှာ လုံးဝပျက်စီးခဲ့ရကြောင်း အဆိုပါ သတင်းတွင် ဖော်ပြထားသည်။

မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ပျက်စီးဆုံးရှုံးမှု တန်ဖိုးမှာ ၅ ဒသမ ၃၃ ဘီလီယံယွမ် (အမေရိကန်ဒေါ်လာ သန်း ၈၂၀ခန့်) ရှိကြောင်း တရုတ်နိုင်ငံ ပြည်ထဲရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ခဲ့သည်။

ထို့ပြင် လူပေါင်း ၆၈၀၀၀ မှာ အစားအစာနှင့် အဝတ်အထည်များ စသည့်အကူအညီများလိုအပ်လျက်ရှိနေကြောင်း၊ နေအိမ်ပေါင်း ၅၂၀၀မှာ လုံးဝပြိုကျပျက်စီးသွားခဲ့ပြီး နေအိမ် ပေါင်း ၇၄၀၀၀ မှာ ပျက်စီးသွားခဲ့ကြောင်း၊ ဒေသခံပြည်သူပေါင်း သုံးသိန်းနီးပါးမှာ ရေလွှမ်းမိုးမှုဒဏ်နှင့် မြေပြိုကျမှုဒဏ်ကို ခံစားနေရကြောင်း အဆိုပါသတင်းတွင် ဖော်ပြထားသည်။

**မယ်သီတာ**

## ရဝမ်ဒါနိုင်ငံတွင် မိုးသည်းထန်စွာရွာသွန်း၍ မြေပြိုမှုများဖြစ်ပွားကာ လူ ၅၀ နီးပါး သေဆုံး

ပြီးခဲ့သည့် မေ ၁၀ ရက်က ရဝမ်ဒါနိုင်ငံတွင် မိုးသည်းထန်စွာ ရွာသွန်းခဲ့သဖြင့် မြေပြိုကျမှုများ ဖြစ်ပွားခဲ့ရာ လူပေါင်း ၄၉ ဦး သေဆုံးခဲ့ကြောင်း အောလ်အာဖရိကသတင်းတွင်ဖော်ပြထားသည်။

ရဝမ်ဒါနိုင်ငံ မြောက်ပိုင်းရှိဒေသများတွင် နေထိုင်ကြသည့်ပြည်သူများသည် မိုးသည်းထန်စွာရွာသွန်းသည့်ဒဏ်ကို ခံစားခဲ့ကြရပြီးနောက် မြေပြိုမှုများ ဆက်တိုက်ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ရဝမ်ဒါနိုင်ငံ သဘာဝဘေးအန္တရာယ် တားဆီးကာကွယ်ရေးနှင့် ကယ်ဆယ်ရေးဝန်ကြီးဌာန၏ ထုတ်ပြန်ကြေညာချက်အရ သေဆုံးသူ ၄၉ ဦးရှိပြီး ဒဏ်ရာရရှိသူပေါင်းမှာ ၂၆ ဦးရှိကြောင်း၊



ကယ် ဆယ်ရေးလုပ်ငန်းများကို ဆက်လက်လုပ်ဆောင်လျက်ရှိကြောင်း၊ နေအိမ်ပေါင်း ၅၀၀ ကျော်မှာ မြေပြိုကျမှုကြောင့် ပျက်စီးဆုံးရှုံးခဲ့ရပြီး မွေးမြူရေးလုပ်ငန်း ရာပေါင်းများစွာလည်း ပျက်စီးဆုံးရှုံးခဲ့ရကြောင်း အဆိုပါသတင်းတွင် ဖော်ပြထားသည်။

နှစ်ရက်ကြာ သည်းထန်စွာရွာသွန်းခဲ့သည့်မိုးကြောင့် ရဝမ်ဒါနိုင်ငံတောင်ပိုင်းနှင့် မြောက်ပိုင်းကို ဆက်သွယ်ထားသည့် Kigali-Muhanga လမ်းမကြီးကို ပိတ်ထားခဲ့ရကြောင်း၊ ထို့ပြင် နရာဘာရွှန်ဂိုမြစ်ကမ်းပါးပြိုကျမှုကြောင့်လည်း လမ်းများကို ပိတ်ထားရခြင်းဖြစ်ကြောင်း ကယ်ဆယ်ရေးဌာနက ထုတ်ဖော်ပြောကြားခဲ့သည်။

အဆိုးရွားဆုံး မြေပြိုကျမှုဖြစ်ပွားသည့်ဒေသမှာ မြောက်ပိုင်းရှိ ပြည်နယ်တစ်ခုဖြစ်သည့် Gakenke ပင်ဖြစ်သည်ဟု ဆိုသည်။

"ဒုက္ခသည်တွေအတွက် ကူညီကယ်ဆယ်ရေးတွေ လုပ်ဆောင်ဖို့ အများကြီးလိုအပ်နေပါတယ်။ ဒုက္ခသည်တွေအတွက် ရွက်ဖျင်တဲတွေ၊ စားနပ်ရိက္ခာတွေ စတဲ့လိုအပ်ချက်တွေကို ဖြည့်ဆည်းပေးနိုင်ဖို့ ရန်ပုံငွေလိုအပ်ပါတယ်။ ရန်ပုံငွေကရှိပေမယ့်သူတို့ကို အပြည့်အဝထောက်ပံ့ပေးဖို့ မလုံလောက်ပါဘူး"ဟု ရဝမ်ဒါနိုင်ငံဘဏ္ဍာရေးဌာန မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

သို့သော်လည်း ရဝမ်ဒါအစိုးရအနေဖြင့်မူ ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို အတတ်နိုင်ဆုံးလုပ်ဆောင်ပေးသွားမည်ဟု ဝန်ကြီးချုပ် Anastase Murekezi က ပြောကြားခဲ့သည်။

**မယ်သီတာ**

Domestic Sport News
Vol: 16, No.17 Monday May 16 2016

## ဗိုလ်ချုပ်အောင်ဆန်းဒိုင်းရှုံးထွက်ဘောလုံးပြိုင်ပွဲအတွက် ပွဲစဉ်များမဲနှိုက်ရေးဆွဲ ပထမအဆင့် ပွဲစဉ်များကို မေလ ၁၈ ရက်တွင် စတင်ကျင်းပမည်




မြန်မာနေရှင်နယ် လိဂ်-၁နှင့် လိဂ်-၂မှကလပ်အသင်းများ ဝင်ရောက်ယှဉ်ပြိုင်မည့် ဗိုလ်ချုပ်အောင်ဆန်းဒိုင်း (General Aung San Shield 2016) ရှုံးထွက်ဘောလုံးပြိုင်ပွဲ ပွဲစဉ်များ၏ ပွဲစဉ်များ မဲနှိုက်ရေးဆွဲခြင်း အခမ်းအနားကို မေ ၁၂ရက်က မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တည်ရှိရာ Goal ဟိုတယ်၏ အစည်းအဝေးခန်းမတွင် ကျင်းပခဲ့ကြောင်း သိရသည်။

အသင်းများ မဲနှိုက်ရွေးချယ်မှုကို ဖွဲကပင်ယူနိုက်တက်အသင်း ပိုင်ရှင် ဦးလှရွှေ၊ ရှမ်းယူနိုက်တက်အသင်း ဒုတိယဥက္ကဋ္ဌ ဦးခွန်နောင်မြင့်ဝေ၊မြန်မာနေရှင်နယ်လိဂ်စီမံခန့်ခွဲရေး အရာရှိချုပ် ဦးစိုးမိုးကျော်၊ ချင်းယူနိုက်တက်အသင်း ဒုတိယဥက္ကဋ္ဌ ဦးဒိုခန်ခုပ်၊ မြန်မာ့လက်ရွေးစင် အသင်းနည်းပြချုပ် မစ္စတာ ဂတ်ဆီဇီနှင့် ဖူဆယ်ကော်မတီ ဥက္ကဋ္ဌ ဦးကြည်မင်းသိန်းတို့က ပြုလုပ်ပေးခဲ့ကြသည်။

ပြိုင်ပွဲကို ရှုံးထွက်ပုံစံဖြင့် ပထမအဆင့် ရှုံးထွက်ပြိုင်ပွဲ၊ ၁၆သင်းဆင့် ရှုံး ထွက်ပြိုင်ပွဲ၊ ကွာတားဖိုင်နယ်၊ ဆီမီးဖိုင်နယ်၊ ဗိုလ်လုပွဲ စသည်ဖြင့် အဆင့်များခွဲကာ ကျင်းပသွားရန်စီစဉ်ထားကြောင်း သိရသည်။

ပြိုင်ပွဲကို ပိုမိုအကြိတ်အနယ်ရှိစေရန်အတွက် ဆီမီးဖိုင်နယ်ပွဲစဉ်များကို နှစ်ကျော့ကျင်းပသွားမည်ဖြစ်ပြီး ယင်းအဆင့်သို့ တက်ရောက်လာသည့် ကလပ်အသင်းများ၏ အိမ်ကွင်းများတွင် သွားရောက်ကျင်းပမည်ဖြစ်သည်။ အိမ်ကွင်းမရှိသည့်အသင်းများ တက်ရောက်လာခဲ့ပါက ရန်ကုန်မြို့၌ပင် ကျင်းပသွားမည်ဖြစ်ကြောင်းသိရသည်။

အဆိုပါပြိုင်ပွဲတွင် ဆုကြေးများအဖြစ် ပထမဆု ကျပ်သိန်း ၃၀၀နှင့် ဒုတိယဆုအဖြစ် ကျပ်သိန်း ၁၅၀ ချီးမြှင့်သွားမည်ဖြစ်ပြီး တတိယဆုကို ချီးမြှင့်သွားမည်မဟုတ်ကြောင်း သိရသည်။

ယင်းပွဲစဉ်များကို MWD Variety Channel နှင့် MWD Shopping Channel များတွင် တိုက်ရိုက်ထုတ်လွှင့်ပြသသွားမည်ဖြစ်ပြီး ကွာတားဖိုင်နယ်သို့ ရောက်ရှိပါက ယင်းရုပ်သံလိုင်းများအပြင် MWD Free to Air Channel တွင်ပါ ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

## အာဆီယံယူ-၁၉ပြိုင်ပွဲဝင်မည့် မြန်မာယူ-၁၉ အသင်းအတွက် ပဏာမ လူစာရင်းထွက်ပေါ်

လာမည့်စက်တင်ဘာ ၁၁ရက်မှ ၂၄ ရက်အထိ ဗီယက်နမ်နိုင်ငံတွင် ကျင်းပမည့် အာဆီယံယူ-၁၉ပြိုင်ပွဲ (AFF U-19 Championship 2016) ပြိုင်ပွဲကိုဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာ့လက်ရွေးစင်ယူ-၁၉အသင်း၏ ပဏာမ လူစာရင်းကို မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ထုတ်ပြန်ကြေညာလိုက်ကြောင်း သိရသည်။

အဆိုပါ မြန်မာ့လက်ရွေးစင် ယူ-၁၉ အသင်းအား နည်းပြချုပ်အဖြစ် ဦးမျိုးလှိုင်ဝင်း၊ လက်ထောက်နည်းပြအဖြစ် ဦးအောင်ကျော်ထွန်း၊ ဂိုးနည်းပြအဖြစ် ဦးဇော်ဝင်းနိုင်တို့က တာဝန်ယူသွားကြမည်ဖြစ်သည်။

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်က ရွေးချယ်ထားသည့် မြန်မာ ယူ-၁၉ ကစားသမားများမှာ (ဂိုး) ဘုန်းသစ္စာမင်း(ရှမ်း)၊ဆန်းဆက်နိုင်(MFF Youth)၊ ထွန်းအောင်ကျော်(Horizon)၊ ဟိန်းထက်အောင်(ရတနာပုံ)၊ (နောက်)ဟိန်းဖြိုးဝေ၊ ရဲမင်းသူ၊ မြတ်မင်းသူ(ရှမ်း)၊ မင်းရဲထွဋ်(ရခိုင်)၊ သူရိန်စိုး(ရန်ကုန်)၊ ရဲရင့်အောင်၊ ကျော်သူထွန်း(ရတနာပုံ)၊ စိုးမိုးထွန်း(MFF Youth)၊ဝင်းမိုးကျော်၊ ချမ်းမြေ့ထွန်း(မကွေး)၊ ထိုးရယ်(နေပြည်တော်)၊ ကျော်စွာဝင်း(ဖွဲကပင်)၊ (ရှေ့) အောင်ကောင်းမာန် (ဧရာဝတီ)၊ စအောင်ပြည့်ကို(ရှမ်း)၊ ဖွဲ့သက်ပိုင် (MFF Youth)၊ ဇော်ပေါက်(ဇေယျာရွှေမြေ)၊ ချမ်းငြိမ်း(ဆောက်သမ်းမြန်မာ) တို့ဖြစ်ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲတွင် မြန်မာယူ-၁၉ အသင်းသည် အုပ်စု(ခ)တွင် လက်ရှိချန်ပီယံထိုင်း၊ ဩစတြေးလျ၊ လာအို၊ ကမ္ဘောဒီးယား အသင်းတို့နှင့်အတူ အုပ်စုတစ်ခုတည်းတွင် ကျရောက်လျက်ရှိသည်။

အုပ်စု(က)တွင် ဗီယက်နမ်၊ မလေးရှား၊ တီမောလက်စလေ၊စင်ကာပူနှင့် ဖိလစ်ပိုင်နိုင်ငံတို့ ပါဝင်ကြသည်။

**မြန်မာယူ-၁၉ အသင်း၏ပွဲစဉ်များ**

၁၂-၉-၁၆ လာအို - မြန်မာ
၁၆-၉-၁၆ မြန်မာ-ကမ္ဘောဒီးယား
၁၈-၉-၁၆ ဩစီ - မြန်မာ
၂၀-၉-၁၆ မြန်မာ - ထိုင်း

## လေ့ကျင့်ရေးကွင်းနှင့် တစ်နှစ်ကြာ ဝေးကွာနေခဲ့သည့် ငြိမ်းချမ်းအောင် ပထမဆုံးအကြိမ်လေ့ကျင့်ခန်း ပြန်လည်ပြုလုပ်



ဒူးအရွတ် ဆုတ်ပြဲဒဏ်ရာကြောင့် ကာလရှည် အနားယူနေခဲ့ရသည့် မြန်မာ့လက်ရွေးစင် ကွင်းလယ်ကစားသမား ငြိမ်းချမ်းအောင်သည် လေ့ကျင့်ရေးကွင်းနှင့် တစ်နှစ်ကျော် ဝေးကွာနေခဲ့ရာမှ မေ ၁၀ ရက်က ပထမဦးဆုံးအကြိမ်အဖြစ် လေ့ကျင့်ခန်းများ ပြန်လည်လုပ်ဆောင်နေပြီ ဖြစ်ကြောင်း သိရသည်။

ငြိမ်းချမ်းအောင်သည် မေ ၁၀ ရက် ညနေပိုင်းက ပြုလုပ်ခဲ့သည့် မြန်မာ့လက်ရွေးစင်အသင်း၏ လေ့ကျင့်ခန်းအစီအစဉ်တွင် အသင်းနှင့်အတူ ပူးတွဲလေ့ကျင့်မှုများ ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

ငြိမ်းချမ်းအောင်သည် ဒဏ်ရာမှသက်သာလာပြီးနောက် ကြံ့ခိုင်မှုအပြည့်အဝ ပြန်လည်ရရှိရန်အတွက် မြန်မာ့လက်ရွေးစင်အသင်း၏ဆေးမှူးနှင့်အတူ အပေါ့စားလေ့ကျင့်ခန်းများ သီးသန့်ပြုလုပ်နေခဲ့သည်မှာ ကြာပြီဖြစ်သော်လည်း ယခုကဲ့သို့ အသင်းနှင့်တွဲကာ လေ့ကျင့်ခန်းများ ပြန်လည်လုပ်ဆောင်ခြင်းမှာ တစ်နှစ်ကျော်အတွင်း ပထမဦးဆုံးဖြစ်ကြောင်း သိရသည်။

ယခုကဲ့သို့ ငြိမ်းချမ်းအောင် လေ့ကျင့်ခန်း ပြန်လည်ပြုလုပ်လာနိုင်ခြင်းနှင့် ပတ်သက်၍ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၏ ဆေးမှူးချုပ်ဖြစ်သူ ဒေါက်တာအောင်ကျော်ဦးက "ကစားသမားက စိတ်အားအရမ်းထက်သန်နေသလို ဒဏ်ရာကလည်း အခြေအနေကောင်းနေလို့ လေ့ကျင့်ခွင့်ပေးထားတာပါ။ ဒါ ပေမယ့် လုံးဝပျောက်ကင်းဖို့တော့ အချိန်လိုပါသေးတယ်။ ငြိမ်းချမ်းအောင် အနေနဲ့ AYA Bank Cup ပြိုင်ပွဲမှာ ဝင်ရောက်ကစားနိုင်မှာမဟုတ်ပေမယ့် ဆူဇူကီးဖလားမှာတော့ ပါဝင်ကစားနိုင်မှာပါ။ လက်ရှိမှာတော့ သူ့ရဲ့စိတ်ပိုင်း ရုပ်ပိုင်း တိုးတက်မှုရှိလာအောင် အဓိကထားပြီး လုပ်ပေးနေပါတယ်"ဟု ပြောကြားခဲ့သည်။

ငြိမ်းချမ်းအောင်သည် ၂၀၁၅ ခုနှစ်က နယူးဇီလန်နိုင်ငံတွင် ကျင်းပခဲ့သည့် ယူ-၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိခဲ့သည့် ယူ-၂၀ အသင်း၏ အဓိကကွင်းလယ်လူဖြစ်ခဲ့သော်လည်း ဒဏ်ရာကြောင့် တစ်ပွဲမှ ဝင်ရောက်ကစားခြင်း မပြုနိုင်ခဲ့ပေ။ ထိုသို့ဝင်ရောက်ကစားခြင်းမပြုနိုင်ခဲ့သော်လည်း ကမ္ဘာ့ဖလားဝင်ခွင့်ရရှိရေး အဆုံးအဖြတ်ပွဲဖြစ်သည့် ယူအေအီးနှင့်ပွဲတွင် ယူအေအီးဘက်သို့ တစ်လုံးတည်းသောသမိုင်းဝင်ဂိုးကို ဖန်တီးပေးနိုင်ခဲ့သူတစ်ဦးဖြစ်သည်။

## မြန်မာ့လက်ရွေးစင်အသင်းအတွက် ပဏာမကစားသမား ၂၆ ဦးကို ရွေးချယ်

လာမည့် မေ ၂၈ ရက်တွင် မလေးရှားလက်ရွေးစင်အသင်းနှင့် ချစ်ကြည်ရေးခြေစမ်းပွဲအဖြစ် ယှဉ်ပြိုင်ကစားမည့် မြန်မာ့လက်ရွေးစင်အသင်း၏ ပွဲစဉ်အပြင် ဇွန် ၃ ရက်မှ ၆ ရက်အထိကျင်းပမည့် AYA Bank Cup 2016 ပြိုင်ပွဲအတွက် မြန်မာ့လက်ရွေးစင်အသင်းပဏာမလူစာရင်း ၂၆ ဦးကို မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ထုတ်ပြန်ကြေညာလိုက်ပြီဖြစ်သည်။

အဆိုပါလူစာရင်းတွင် မြန်မာနေရှင်နယ်လိဂ် နိုင်ငံခြားသားများအသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့သော လူစာရင်းအပြင် မကွေးအသင်းမှ နိုင်လင်းထွန်းနှင့် ဖွဲကပင်ယူနိုက်တက်အသင်းမှ ကိုကိုဟိန်းတို့ကို ထပ်မံရွေးချယ်ခေါ်ယူပြီး ကစားသမား ၂၆ ဦးဖြင့်ရွေးချယ်ဖွဲ့စည်းခဲ့ကြောင်း သိရသည်။

ပဏာမမြန်မာ့လက်ရွေးစင်အသင်းသည် မေ ၁၀ ရက်နှင့် ၁၁ ရက်တို့တွင် ပထမအကြိမ် လေ့ကျင့်မှုကို ပြုလုပ်ခဲ့ကြပြီး မေ ၁၇ ရက်နှင့် ၁၈ ရက်တို့တွင် ထပ်မံလေ့ကျင့်သွားမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် မေ ၂၄ ရက်မှ စတင်၍ AYA Bank Cup 2016 ပြိုင်ပွဲပြီးဆုံးသည်အထိ စခန်းသွင်းလေ့ကျင့်မှုများ ပြုလုပ်သွားမည်ဖြစ်သည်။

ရွေးချယ်ထားသည့် ပဏာမမြန်မာ့လက်ရွေးစင်အသင်းတွင် (ဂိုး) ကျော်ဇင်ဖြိုး(မကွေး)၊ ပြည့်ဖြိုးအောင် (ဆောက်သမ်းမြန်မာ)၊ ရန်အောင်လင်း(ရတနာပုံ)၊ (နောက်) ကျော်ဇင်လွင်၊ နန္ဒကျော်၊ နိုင် လင်းထွန်း(မကွေး)၊ ဇော်မင်းထွန်း၊ ဒေးဗစ်ထန်၊ သီဟထက်အောင် (ရန်ကုန်)၊ အောင်ဇော်(ဟံသာဝတီ)၊ ဟိန်းသီဟဇော်(ရှမ်း)၊ ဖြိုးကိုကိုသိန်း(ဧရာဝတီ)၊ ကိုကိုဟိန်း(ဖွဲကပင်)၊ (လယ်)လှိုင်းဘိုဘို၊ ရဲကိုဦး၊အောင်သူ၊မျိုးကိုထွန်း(ရတနာပုံ)၊ ရန်အောင်ကျော်၊ ကြည်လင်း(ရန်ကုန်)၊ သီဟဇော်(ဧရာဝတီ)၊ မောင်မောင်လွင် (ဟံသာဝတီ)၊ ရန်နိုင်ဦး(ရှမ်း)၊ (ရှေ့) ကျော်ကိုကို၊ သန်းပိုင်(ရန်ကုန်)၊ ဆမ်လန်မန်(ချင်း)၊ ဝင်းနိုင်စိုး (ရတနာပုံ)တို့ဖြစ်ကြောင်း သိရသည်။

## ဒူးဒဏ်ရာကြောင့် ကာလအတန်ကြာအနားယူနေခဲ့ရသည့် ရန်ကုန်ယူနိုက်တက်အသင်းမှ ကစားသမား ကျော်မင်းဦး၏ဒူးဒဏ်ရာအား ခွဲစိတ်ကုသ



မြန်မာနေရှင်နယ်လိဂ်ရာသီတွင် ဒူးဒဏ်ရာရရှိခဲ့သဖြင့် ကာလအတန်ကြာ အနားယူနေရသည့်ကျော်မင်းဦးသည် ပြီးခဲ့သည့် မေ ၉ ရက်က ပန်းလှိုင်စီလုံဆေးရုံကြီးတွင် ခွဲစိတ်ကုသမှုခံယူခဲ့ရာ အောင်မြင်မှုရရှိခဲ့ကြောင်း ရန်ကုန်ယူနိုက်တက်အသင်းက သတင်းထုတ်ပြန်ခဲ့သည်။

ကျော်မင်းဦး၏ ဒူးဒဏ်ရာအား ခွဲစိတ်ကုသမှုအောင်မြင်ခဲ့သော်လည်း ဘောလုံးကစားနိုင်ရန် အနည်းဆုံး သုံးလမှ ၆လခန့် အနားယူရန် လိုအပ်လိမ့်မည်ဖြစ်ကြောင်း ရန်ကုန်ယူနိုက်တက်အသင်း၏ ကြံ့ခိုင်ရေးနည်းပြ ကိုင်ရိုကဆိုသည်။

"ကျော်မင်းဦးရဲ့ဒဏ်ရာကို တရုတ် (တိုင်ပေ)ဆေးရုံမှာ လုပ်သက် နှစ် ၃၀ ကျော်ရှိတဲ့ အရိုးအကြောအထူးကုသမားတော်ကြီး ချမ်းစံဝင်းက ခွဲစိတ်ကုသပေးခဲ့တာပါ။ ပြတ်သွားတဲ့အရွတ်နေရာကို အခြားမလိုအပ်တဲ့နေရာက အရွတ်တစ်ခုနဲ့ အစားထိုးခွဲစိတ်ကုသခဲ့တာဖြစ်ပါတယ်။ ဆရာဝန်ကြီးတွေကိုယ်တိုင်ကလည်း နိုင်ငံလက်ရွေးစင် ကစားသမားတစ်ယောက်ဖြစ်လို့ ပုံမှန်အတိုင်း ဘောလုံးကစားနိုင်အောင် အကောင်းဆုံး လုပ်ဆောင်ပေးကြပါတယ်"ဟု ရန်ကုန်ယူနိုက်တက်အသင်းမန်နေဂျာ ဦးစောခရစ်ယာန်လောက ပြောကြားခဲ့သည်။



## မန်ချက်စတာယူနိုက်တက်အသင်းအား ဝက်စ်ဟမ်းအသင်းဥက္ကဋ္ဌ ဒေးဗစ်ဆူလီဗန်က တောင်းပန်စကားဆို

ဝက်စ်ဟမ်းအသင်း၏ဥက္ကဋ္ဌ ဒေးဗစ်ဆူလီဗန်က မန်ချက်စတာယူနိုက်တက်အသင်းအား မန်ယူအသင်း၏ဘတ်စ်ကားကို တိုက်ခိုက်ခဲ့မှုနှင့်ပတ်သက်၍ တောင်းပန်စကားဆိုခဲ့ကြောင်း စကိုင်းစပို့စ်နှင့်တွေ့ဆုံခန်းတွင် ပြောကြားခဲ့သည်။

ပြီးခဲ့သည့်မေလ ၁၁ ရက်က ယှဉ်ပြိုင်ကစားခဲ့သည့် ပရီးမီးယားလိဂ်ပွဲစဉ်တစ်ပွဲဖြစ်သည့် ဝက်စ်ဟမ်းနှင့်မန်ယူတို့၏ ပွဲစဉ်တွင် ဝက်စ်ဟမ်းအသင်းပရိသတ်များက မန်ယူအသင်းမှကစားသမားများ စီးနင်းလာသည့် ဘတ်စ်ကားအား ခဲများဖြင့်ပစ်ပေါက်ခဲ့သည့်အတွက် ကားမှန်များပျက်စီးခဲ့ရသည်။

အဆိုပါပွဲတွင် ဝက်စ်ဟမ်းအသင်းက မန်ယူအသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သဖြင့် အလွန်အကျူး အောင်ပွဲခံခဲ့ကြရာမှ ယခုကဲ့သို့ဖြစ်ပွားရခြင်းဖြစ်သည်ဟု ဆိုသည်။

စကိုင်းစပို့စ်နှင့်တွေ့ဆုံခန်းတွင် ဆူလီဗန်က "အဲဒီလိုဖြစ်သွားတာကို ကျွန်တော် မသိခဲ့ပါဘူး။ ကျွန်တော့်ပရိသတ်တွေရဲ့ အလွန်အကျူးအောင်ပွဲခံခဲ့တာကြောင့် အခုလိုဖြစ်သွားခဲ့တာပါ။ ကျွန်တော့်အသင်းပရိသတ်တွေရဲ့ကိုယ်စား ကျွန်တော် တောင်းပန်ပါတယ်။ ပျက်စီးခဲ့ရတာတွေအတွက်လည်း ကျွန်တော်တကယ် စိတ်မကောင်းပါဘူး"ဟု အသက် ၆၇ နှစ်အရွယ်ရှိသည့် ဝက်စ်ဟမ်းအသင်းဥက္ကဋ္ဌ ဆူလီဗန်က ပြောကြားခဲ့သည်။

ထို့ပြင် ဆူလီဗန်က ယင်းအဖြစ်အပျက်နှင့်ပတ်သက်၍ ဘတ်စ်ကားကို ဖျက်ဆီးခဲ့သူများအား ဖော်ထုတ်ရန် ရဲတပ်ဖွဲ့သို့ မေးမြန်းထားပြီးဖြစ်ကြောင်း၊ ၎င်းတို့သည် ဆိုးသွမ်းပရိသတ်များဖြစ်ဟန်တူကြောင်း၊ နောက်နောင်ယခုကဲ့သို့ ထပ်မံမဖြစ်ပွားရန်အတွက် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ထပ်မံပြောကြားခဲ့သည်။

## အနားမယူမီ လက်ဝှေ့နှစ်ပွဲထိုးသတ်ရန် အေမီယာခန်း ဆန္ဒရှိ ကယ်လီဘရွတ်နှင့် ဘယ်တော့မှထိုးသတ်တော့မည်မဟုတ်ဟုဆို



ဘော်လတွန်မြို့သား အေမီယာခန်းက လက်ဝှေ့လောကမှ အနားမယူမီ နောက်ထပ်လက်ဝှေ့နှစ်ပွဲ ထိုးသတ်ချင်ကြောင်း မီဒီယာများမှ တစ်ဆင့် ပြောကြားခဲ့သည်။

သို့သော် အဆိုပါထိုးသတ်မည့်သူနှစ်ဦး၏စာရင်းတွင် ကယ်လီဘရွတ်ကို ထည့်သွင်းခြင်းမပြုရန် တားမြစ်ထားကြောင်း သိရသည်။

"ကျွန်တော် အနားမယူမီ လက်ဝှေ့နှစ်ပွဲလောက် ထိုးချင်ပါသေးတယ်။ ဒါပေမယ့်ကယ်လီဘရွတ်နဲ့တော့ မထိုးပါဘူး။ သူနဲ့ ဒီနှစ်လည်း မထိုးသလို နောက်နှစ် နောက်နှစ်တွေမှာလည်း မထိုးပါဘူး။ အရှင်းဆုံးပြောရမယ်ဆိုရင် သူနဲ့ ဘယ်တော့မှ ထိုးသတ်မှာမဟုတ်ပါဘူး။ ကျွန်တော်သူ့ရဲ့ပုံစံအနေအထားတွေကို မကြိုက်ပါဘူး။ သူက သူ့ကိုယ်သူ တော်တော်လေးကို အထင်ကြီးနေတာ"ဟု အေမီယာခန်းက ပြောကြားခဲ့သည်။

အေမီယာခန်းသည် ပြီးခဲ့သည့်လအတွင်းက ကာနယ်လိုအဲဗရက်ဇ်နှင့် ယှဉ်ပြိုင်ထိုးသတ်ခဲ့ရာ အလဲထိုးဖြင့် အေမီယာခန်းက အရှုံးပေးခဲ့ရသည်။

"ကျွန်တော့်အမေနဲ့ဇနီးသည်က ကျွန်တော့်ကို ထိပ်ဆုံး ရောက်စေချင်တာ။ သူတို့ရဲ့ဆန္ဒကိုလည်းဖြည့်ဆည်းပေးချင်ပါတယ်။ ကျွန်တော် နှစ်ပွဲထိုးသတ်ဦးမှာပါ။ တကယ်ဆိုရင်တော့ လေးပွဲလောက်ထိုးချင်ပါတယ်။ ဒါပေမယ့် ဒါဟာ ဘယ်လိုမှ မဖြစ်နိုင်တော့ပါဘူး"ဟု ခန်းက ပြောကြားခဲ့သည်။

ပြီးခဲ့သည့် မေ ၇ ရက်က အဲဗရက်ဇ်နှင့်ထိုးသတ်ခဲ့သည့်ပွဲကို ရုပ်သံမှတစ်ဆင့်ကြည့်ရှုခဲ့သည့် အေမီယာခန်း၏ ဇနီးနှင့်မိခင်ဖြစ်သူတို့က သားဖြစ်သူ၏ အောင်ပွဲကိုသာ မြင်တွေ့လိုသည်ဟု ပြောကြားခဲ့သည်။

အဆိုပါထိုးသတ်ပွဲတွင် အေမီယာခန်းသည် ခြောက်ချီအရောက်တွင် ပြိုင်ဘက်ဖြစ်သူ အဲဗရက်ဇ်၏အလဲထိုးခြင်းကိုခံခဲ့ရပြီး အရှုံးပေးခဲ့ရသည်။

"အဲဒီပွဲမှာတုန်းက ကျွန်တော့်အမှားတွေ အများကြီးပါခဲ့တယ်။ အဲဗရက်ဇ်ရဲ့ ပင့်လက်သီးတွေကို မရှောင်နိုင်တာရယ်၊ နောက်ဆုံးလက်သီးတစ်ချက်က ကျွန်တော့်ကို အငိုက်မိသွားစေတာရယ်ကြောင့် ကျွန်တော် သူ့ကိုအရှုံးပေးခဲ့ရတာပါ။ အဲဒီရှုံးပွဲကြောင့် ကျွန်တော့်အမေနဲ့ဇနီးသည်တို့ရဲ့မျှော်လင့်ချက်ကို ပျက်စေခဲ့တဲ့အတွက် ကျွန်တော်တောင်းပန်ပါတယ်။ ဒါကြောင့် ကျွန်တော် နောက်ထပ်နှစ်ပွဲထိုးသတ်ပြီးရင် ကျွန်တော် လက်ဝှေ့လောကကနေအနားယူတော့မှာပါ"ဟု ခန်းက ဒေးလီးမေးလ်သတင်းစာသို့ ပြောကြားခဲ့သည်။ ယခုလက်ရှိအချိန်တွင် အေမီယာခန်းသည် ဖိလစ်ပိုင်လက်ဝှေ့ကျော် မန်နီပက်ကွီအိုနှင့် ထိုးသတ်ရန်အတွက် ညှိနှိုင်းမှုများ ပြုလုပ်နိုင်ရန် နီးစပ်နေပြီဖြစ်သည်ဟု လက်ဝှေ့အသိုင်းအဝိုင်းမှ ပြောကြားလျက်ရှိသည်။

ထို့ပြင် ပက်ကွီအိုနှင့်ထိုးသတ်ရန် အလားအလာကောင်းများကို ရရှိနေပြီဟုလည်း ခန်းက ပြောကြားခဲ့သည်။

ယခုအခါတွင် ပက်ကွီအိုနှင့်ခန်းတို့နှစ်ဦးစလုံးသည် နည်းပြဖြစ်သူဖရက်ဒရစ်ရော့ချ်ထံတွင် လေ့ကျင့်သင်ကြားလျက်ရှိသည်ဟု သတင်းများက ဆိုသည်။

## ပေါင်သန်း ၅၀ လိုချင်သည့် ချဲလ်ဆီးအသင်းနှင့် အဲဒီးဒတ်စ်တို့ လမ်းခွဲပြီး ချဲလ်ဆီးအသင်းကို စပွန်ဆာပေးရန် ကမ်းလှမ်းမှုများရှိလာ




အဲဒီးဒတ်စ် အားကစားပစ္စည်းထုတ်လုပ်ရေးကုမ္ပဏီသည် ချဲလ်ဆီးအသင်းနှင့် စာချုပ် ချုပ်ဆိုထားခြင်းအား ဖျက်သိမ်းခဲ့ပြီး မန်ချက်စတာယူနိုက်တက်အသင်းနှင့် စာချုပ်ချုပ်ဆိုခဲ့ကြောင်း ဒေးလီးမေးလ်တွင် ဖော်ပြထားသည်။

ချဲလ်ဆီးနှင့် အဲဒီးဒတ်စ်တို့သည် အားကစားဝတ်စုံစပွန်ဆာအဖြစ် လက်တွဲခဲ့ပြီးမှ ခြောက်နှစ်စောကာလက်တွဲဖြုတ်ရန် သဘောတူညီခဲ့ကြောင်းသိရသည်။

အဲဒီးဒတ်စ်သည် မန်ယူ၊ ရီးရဲလ်မက်ဒရစ်၊ ဘိုင်ယန်မြူးနစ်၊ ဂျူဗင်တပ်နှင့် ကစားသမားသစ်များကို ပိုမိုအာရုံစိုက်လာခဲ့သဖြင့် ချဲလ်ဆီးအသင်းနှင့် လာမည့်ရာသီကုန်တွင်လမ်းခွဲရန် သဘောတူညီခဲ့ခြင်းဖြစ်သည်။

ချဲလ်ဆီးအသင်းသို့ အဲဒီးဒတ်စ်ကပေးသည့် ဝတ်စုံစပွန်ဆာတန်ဖိုးမှာ ပေါင်သန်း ၃၀ သာရှိပြီး မန်ချက်စတာယူနိုက်တက်အသင်းသို့ ပေးသည့်ဝတ်စုံစပွန်ဆာတန်ဖိုးမှာ ပေါင် ၇၅ သန်းတန်ကြေးရှိသဖြင့် ချဲလ်ဆီးအသင်းက ပေါင်သန်း ၅၀ ပေးရန် အဲဒီးဒတ်စ်သို့ တောင်းဆိုခဲ့သည်။

အဲဒီးဒတ်စ်ကမူ ပေါင်သန်း ၄၀သာပေးရန် သဘောတူညီခဲ့သဖြင့် ယခုကဲ့သို့ လမ်းခွဲရန် သဘောတူညီခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

သို့သော်လည်း ချဲလ်ဆီးအသင်းအား ၂၀၁၇-၁၈ ဘောလုံးရာသီအတွက် နစ်ကီအားကစားဝတ်စုံကုမ္ပဏီက စပွန်ဆာပေးရန် ပေါင်သန်း ၅၀ ဖြင့် ကမ်းလှမ်းဖွယ်ရှိကြောင်း သိရသည်။

ချဲလ်ဆီးအသင်းအနေဖြင့် ယခုအခါတွင် ဂျပန်ကုမ္ပဏီတစ်ခုဖြစ်သည့် ယိုကိုဟားမား တာယာကုမ္ပဏီက တစ်နှစ်လျှင် ပေါင်သန်း ၄၀ တန်ကြေးရှိသည့် ရင်ပတ်စပွန်ဆာကို ပေးအပ်ထားသည်။ ထို့ပြင် တရုတ်ကုမ္ပဏီတစ်ခုဖြစ်သည့် လီနင်ကုမ္ပဏီကလည်း ဝတ်စုံစပွန်ဆာပေးရန် ဆွေးနွေးညှိနှိုင်းလျက်ရှိကြောင်း သိရသည်။

နစ်ကီကုမ္ပဏီသည် ၂၀၁၇-၁၈ ဘောလုံးရာသီတွင် ဝင်ဘာလေကွင်း ကို အိမ်ကွင်းအဖြစ် ချဲလ်ဆီးအသင်းနှင့် ပူးတွဲအသုံးပြုမည့်တော့တင်ဟမ်အသင်းကိုလည်း ဝတ်စုံစပွန်ဆာပေးရန် သဘောတူညီမှုရရှိရန် နီးစပ်နေပြီဖြစ်ကြောင်း သိရသည်။



## ခွေးစာများစားမိ၍ နေမကောင်းဖြစ်ခဲ့သည့် ဆီရီနာဝီလျံ အီတလီအိုးပင်းတင်းနစ်ပြိုင်ပွဲ၏ ကွာတားဖိုင်နယ်အဆင့်သို့ ရောက်ရှိ

ခွေးစာများစားမိသဖြင့် နာရီပေါင်းများစွာ နေထိုင်မကောင်းဖြစ်ခဲ့ရသည့် ဆီရီနာဝီလျံသည် ယခုတစ်ပတ်အတွင်း ကျင်းပလျက်ရှိသည့် အီတလီအိုးပင်းတင်းနစ်ပြိုင်ပွဲ၏ ကွာတားဖိုင်နယ်အဆင့်သို့ရောက်ရှိလာခဲ့ကြောင်း ဘီဘီစီသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

ကမ္ဘာ့တင်းနစ်မယ်စာရင်းတွင် အဆင့်တစ်သို့ ပြန်လည်ရောက်ရှိရန် ကြိုးစားနေသူ ဆီရီနာဝီလျံသည် ပြီးခဲ့သည့်တစ်ပတ်အတွင်းက ခွေးစာများကို တစ်ဇွန်းအပြည့်စားမိခဲ့သဖြင့် နာရီပေါင်းများစွာကြာအောင် နေထိုင်မကောင်းဖြစ်ခဲ့ရသည်ဟု ဆိုသည်။

"စပြီးစားကာစတုန်းကတော့ သိပ်ပြီး မသိသာသေးဘူး။ ဒါပေမယ့် နှစ်နာရီလောက်ကြာတဲ့အခါကျတော့ ဘယ်လိုမှမနေနိုင်တော့ဘူး။ အိမ်သာထဲကို တန်းပြေးရတော့တာပဲ။ ကျွန်မ ထင်လိုက်တာက ကျွန်မတော့သေပြီလို့ ထင်လိုက်တာ။ သူ့ရဲ့အရသာက တော်တော်လေးကို ဆိုးဆိုးရွားရွားပဲ။ ဘာနဲ့တူသလဲဆိုတော့ အိမ်တွေမှာ သန့်ရှင်းရေးလုပ်တဲ့အခါသုံးတဲ့ ပစ္စည်းရဲ့ အနံ့လိုမျိုးပဲ။ အဲဒါတွေက ခွေးစာတွေဆိုတာ ကျွန်မ မသိခဲ့ဘူး"ဟု ဆီရီနာက ပြောကြားခဲ့သည်။

ထိုသို့ နေမကောင်းဖြစ်ခဲ့သော်လည်း ဆီရီနာသည် ခရစ္စတီနာမက်ခ်် ဟေးလ်ကို ၇-၆၊ ၉-၇၊ ၆-၁ နှစ်ပွဲ သုံးပွဲဖြင့် အနိုင်ရရှိခဲ့ကာ ကွာတားဖိုင်နယ်သို့ တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။

# ပခုက္ကူခရိုင်အတွင်း စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေး ဟောပြောပွဲများ ဆက်လက်ဆောင်ရွက်

မကွေးတိုင်းဒေသကြီး၊စားသုံးသူရေးရာဦးစီးဌာန၊ပခုက္ကူခရိုင်ဦးစီးမှူးရုံးရှိ ခရိုင်ဦးစီးမှူးဦးသန်းဦးနဲ့ ဝန်ထမ်းများက မေလ ၇ ရက်တွင် ပခုက္ကူခရိုင်အတွင်း ရေစကြိုမြို့နယ်ရှိ ကျောက်လှေခါး၊ဥက္ကံ၊ ထန်းငယ်တော၊သဲတော ကျေးရွာများသို့ သွားရောက်၍ စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေး ဟောပြော ဆွေးနွေးပွဲများကို ကွင်းဆင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိပါတယ်။

ဟောပြောဆွေးနွေးပွဲတွင် ခရိုင်ဦးစီးမှူးဦးသန်းဦးနှင့်ဝန်ထမ်းများသည် ကျောက်လှေခါးကျေးရွာတွင် ဟောပြောဆွေးနွေးခဲ့ရာ ခရိုင်ဦးစီးမှူးက စားသုံးသူအကာအကွယ်ပေးရေး ဥပဒေပြဋ္ဌာန်းချက်များအကြောင်းကို လည်းကောင်း၊ အကြီးတန်းစာရေး ဒေါ်တင်တင်မော်နဲ့ ဒေါ်နွယ်နွယ်အေးတို့ကလည်း သတ်မှတ်ထားသည့်သတင်းအချက်အလက်မပြည့်စုံသည့်ထုတ်ကုန်များ၊ စံချိန်စံညွှန်းမမီသည့် အိမ်သုံး၊လူသုံး၊လုပ်ငန်းသုံး၊လျှပ်စစ်ပစ္စည်းများကြောင့် စားသုံးသူများ ထိခိုက်မှုအခြေအနေများကိုလည်းကောင်း အကြီးတန်းစာရေးဦးဇော်မင်းဦးက ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားတဲ့ တားမြစ်ကုန်ပစ္စည်းများ၊ စံမညီမြေပဲဆီ ၁၈ မျိုးနဲ့ ရတနာတံဆိပ်ပါသည့် ငါးပိများ ရောင်းချခြင်း ရှိ/မရှိကို လိုက်လံကွင်းဆင်းဆောင်ရွက်နေမှုများကိုလည်းကောင်း ရှင်းလင်း ဆွေးနွေးဟောပြောပြီး လက်ကမ်း စာစောင်များကို ဖြန့်ဝေခဲ့ကြောင်းသိရှိ ရပါတယ်။

တစ်ချိန်တည်းမှာပဲ ဥက္ကံကျေးရွာရှိ ဓမ္မာရုံပေါ်မှာလည်း ဆွေးနွေးပွဲများကို ပြုလုပ်ဆောင်ရွက်ခဲ့ကြရာ ဦးစီးမှူး ဦးမြင့်ဦးက ဦးဆောင်ပြီးဟောပြောခဲ့ပါတယ်။ ဒုတိယဦးစီးမှူးဒေါ်ကြည်ကြည်စိုးက ဆေးဝါးများကြောင့် စားသုံးသူများ ထိခိုက်မှုရှိပုံများကိုလည်းကောင်း ဟောပြောဆွေးနွေးခဲ့ပါတယ်။

ဆက်လက်ပြီး စာရင်းကိုင်(၃) ဦးမြတ်မင်းနဲ့ အဖွဲ့ဝင်များက ထန်းငယ်တောကျေးရွာတွင် ဟောပြောဆွေးနွေးခဲ့ရာ ဦးမြတ်မင်းက ကွမ်း၊အရက်၊ဆေးလိပ်များအကြောင်းကိုလည်းကောင်း၊ အကြီးတန်းစာရေး ဦးသိန်း၊ ဒေါ်စိုးယုဆွေ၊ ဒေါ်ခင်သူဇာတို့က အချိုမှုန့်တွင် ပါဝင်သော ဓာတုပစ္စည်းများ၊ အချိုရည်၊ ဂျယ်လီ၊ ပါဝါသကြားတို့ရဲ့ ဆိုးကျိုးများကိုလည်းကောင်း ဟောပြောဆွေးနွေးခဲ့ပါတယ် ။

ဆက်လက်ပြီး သဲတောကျေးရွာသုခဝတီဘုန်းကြီးကျောင်းတွင် ကျေးရွာသူ/သားများအား စားသုံးသူအကာအကွယ်ပေးရေးအသိပညာပေးဟောပြောဆွေးနွေးပွဲကို ပြုလုပ်ဆောင်ရွက်ခဲ့ရာ ဒုတိယ ဦးစီးမှူးဦးဇော်ထွန်းဦးက ကြွပ်ကြွပ် အိတ်နှင့်ဖော့ဗူးများကြောင့် စားသုံးသူများဘေးဥပါဒ်အန္တရာယ်ရှိနိုင်ကြောင်းကိုလည်းကောင်း၊ ဒုတိယဦးစီးမှူးဒေါ်မျိုးသန္တာဝင်းက စားသုံးသူဆိုတဲ့အဓိပ္ပာယ်နဲ့ စားသုံးသူများရသင့်ရထိုက်တဲ့ အခွင့်အရေးများကိုလည်းကောင်း၊ အကြီးတန်းစာရေးဒေါ်ပပရွှေ၊ ဒေါ်လှိုင်ဥမ္မာဦးနှင့် စာရင်းကိုင်(၃) ဦးသက်မင်ခိုင် တို့ကလည်း စံမညီအလှကုန်ပစ္စည်းများနှင့်ပတ်သက်ပြီး ဆပ်ပြာ၊ ခေါင်းလျှော်ရည်၊သွားတိုက်ဆေးစတဲ့ ပစ္စည်းများ၊ ပြည့်ဝဆီနဲ့ မပြည့်ဝဆီ၊ မြောင်းဆီအစရှိတဲ့ဆီအမျိုးမျိုးအကြောင်းကိုလည်းကောင်းအသိပညာပေး ဟောပြောဆွေးနွေးခဲ့ကြောင်း သိရပါ တယ်။

အဆိုပါ ဆွေးနွေးပွဲသို့ ကျောက်လှေခါးကျေးရွာမှ ကျေးရွာသူ/သား ၇၀ ဦး၊ဥက္ကံကျေးရွာမှ ကျေးရွာသူ/သား ၁၁၀ ဦး၊ ထန်းငယ်တောကျေးရွာမှကျေးရွာသူ/သား ၈၀ ဦး၊သဲတောကျေးရွာမှ ကျေးရွာသူ/သား ၇၉ ဦး အသီးသီး တက်ရောက်၍ လက်ကမ်းစာစောင်များလည်း ဖြန့်ဝေခဲ့ကြောင်း သတင်းရရှိပါတယ်

**ပပရွှေ (ပခုက္ကူ)**

## စစ်ကိုင်းခရိုင် စားသုံးသူရေးရာဦးစီးဌာနတွင် ကုန်စည်နှင့် ပတ်သက်သည့် သတင်းအချက် အလက်များကို မြန်မာဘာသာဖြင့်ဖြစ်စေ၊ မြန်မာနှင့် အခြားဘာသာတွဲလျှက်ဖြစ်စေ၊ ဖော်ပြသည့် အမိန့်ကြော်ငြာစာထုတ်ပြန်နိုင်ရေး သဘောထားမှတ်ချက်များ ဆွေးနွေးသည့် အခမ်းအနားကျင်းပ

စစ်ကိုင်းခရိုင်စားသုံးသူရေးရာ ဦးစီးဌာနတွင် ကုန်စည်နှင့်ပတ်သက် သည့် သတင်းအချက်အလက်များကို မြန်မာသာဖြင့်ဖြစ်စေ၊ မြန်မာနှင့် အခြားဘာသာတွဲလျှက်ဖြစ်စေ ဖော်ပြသည့် အမိန့်ကြော်ငြာစာထုတ်ပြန်နိုင်ရေး သဘောထားမှတ်ချက်ပေးရေးကိစ္စနှင့် ပတ်သက်၍ စီးပွားရေးလုပ်ငန်းရှင်များ ၏ သဘောထားရယူခြင်း အခမ်းအနားကို ကျင်းပပြုလုပ်ခဲ့ပါသည်။

အခမ်းအနားသို့စစ်ကိုင်းခရိုင် စီမံ ခန့်ခွဲမှုကော်မတီ၊ မြို့နယ်စီမံခန့်ခွဲမှု ကော်မတီ၊ ခရိုင်ပညာရေးဦးစီးဌာန၊ စစ်ကိုင်းခရိုင်ကျန်းမာရေးဦးစီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ စည်ပင်သာယာရေး ကော်မတီ၊ ဥက္ကဋ္ဌ မြို့နယ်အထောက်အကူပြု ကော်မတီ၊ ဆီစက်လုပ်ငန်း ရှင်များ၊ ခေါက်ဆွဲစက်လုပ်ငန်းရှင်များ၊ ဂစ်တာလုပ်ငန်း ရှင်များ၊ ကျောက်စိမ်းအချော ထည်လုပ်ငန်းရှင်များ၊ အိုး လုပ်ငန်းရှင်များ၊ ရက်ကန်းလုပ်ငန်းရှင်များ၊ စစ်ကိုင်းမြို့ ရှိ စားသောက်ကုန်လုပ်ငန်းရှင်များအားသဘောထား မှတ်ချက်ရယူရန် ဖိတ်ကြားခဲ့ရာ စုစုပေါင်း ၂၆ ဦး တက်ရောက်ခဲ့ပါသည်။

အဆိုပါအခမ်းအနားတွင် စစ်ကိုင်း ခရိုင်စီမံခန့်ခွဲမှုကော်မတီကိုယ်စား ခရိုင် ပညာရေးမှူး ဒေါ်ငွေးရီက အဖွင့်အမှာ စကားပြောကြားပြီး စစ်ကိုင်းခရိုင်စားသုံးသူရေးရာဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးမြင့်စိုးက အစည်းအဝေးကျင်းပရခြင်း အကြောင်းအရင်းများကို အကျယ်တဝင့် ဆွေးနွေးပြောကြားခဲ့ပါသည်။ အခမ်းအနားသို့ တက်ရောက်လာသော ဌာနဆိုင်ရာများ၊ စီးပွားရေးလုပ်ငန်းရှင်များ မှလည်း မြန်မာနိုင်ငံမှထုတ်လုပ်သော ကုန်စည်များတွင် မြန်မာနိုင်ငံမှ ဖြန့်ဖြူးမည်ဆိုပါက မြန်မာဘာသာဖြင့်ထုတ်ဝေသင့်ပြီး မြန်မာနိုင်ငံအနေဖြင့် မြန်မာ ဘာသာစကားနှင့် တင်ပို့မည့်နိုင်ငံ၏ ဘာသာစကားအသုံးအနှုန်းစသည့်ဖြင့် နှစ်ဘာသာတွဲလျှက်ဖော်ပြရန်အတွက် သဘောထားမှတ်ချက်များ ချမှတ်ခဲ့ကြပြီး အစည်းအဝေးကိုညနေတွင် အောင်မြင်စွာရုပ်သိမ်းကြောင်းသတင်းရရှိခဲ့ကြပါသည်။

**ကေသီအောင် (စစ်ကိုင်း)**

# မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ သီရိမာလာဈေးတွင် စားသုံးသူအကာအကွယ်ပေးရေး၊ ကျန်းမာရေးအသိပညာပေး ဟောပြောဆွေးနွေးပွဲနဲ့ ကွင်းဆင်းဆောင်ရွက်မှုပြုလုပ်

မန္တလေးတိုင်းဒေသကြီး၊ စားသုံး သူအကာအကွယ်ပေးရေးနဲ့ ကျန်းမာရေး အသိပညာပေး ဟောပြောဆွေးနွေးပွဲနဲ့ ဈေးအတွင်း ရောင်းချနေတဲ့ ဟင်းသီးဟင်းရွက်၊ အသား၊ ငါး၊ စားသောက်ကုန်များ ကွင်းဆင်းစစ်ဆေးခြင်းကို အောင်မြေသာစံမြို့နယ်၊ သီရိမာလာဈေးတွင် မေ၅ ရက်က အဆိုပါဈေးအတွင်း ကျင်းပပြုလုပ်ခဲ့ပါတယ်။

အသိပညာပေးဟောပြော ဆွေးနွေးပွဲတွင် မန္တလေးတိုင်းဒေသကြီး၊ စားသုံးသူရေးရာဦးစီးဌာန၊ ဒုတိယတိုင်းဒေသကြီးဦးစီးမှူး ဦးကျော်ဦး၊ စားသုံးသူရေးရာဌာနမှ ဌာနခွဲတာဝန်ခံ ဦးဇော်မင်း၊ ထုတ်ကုန်လုံခြုံစိတ်ချရမှု ဌာနခွဲတာဝန်ခံ ဦးမျိုးထွန်းနဲ့ ဝန်ထမ်း များ၊ မန္တလေးတိုင်းဒေသကြီးနဲ့ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဦးစီးအရာရှိဒေါက်တာမျိုးသီရိထွန်း နဲ့ဝန်ထမ်းများ၊ အောင်မြေသာစံမြို့နယ်၊ အုပ်ချုပ်ရေးမှူးရုံး၊ ဒုတိယဦးစီးမှူးဒေါ်နှင်းမွန်မွန်ဝင်း၊ မြို့နယ် စည်ပင်သာယာရေး ကော်မတီမှသီရိ မာလာဈေးတာဝန်ခံနဲ့ ဝန်ထမ်းများ တက်ရောက်ဆွေးနွေးဟောပြောခဲ့ကြ ပါတယ်။

ဟောပြောပွဲတွင် မန္တလေးတိုင်းဒေသကြီး၊ စားသုံးသူရေးရာဦးစီးဌာန၊ ထုတ်ကုန်လုံခြုံစိတ်ချရမှုဌာနခွဲ တာဝန်ခံ ဦးမျိုးထွန်းက “စားသုံးသူ အကာအကွယ်ပေးရေးသိကောင်းစရာများ” ခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးရာ အစားအစာများအား ခွင့်မပြုဓာတုဆိုးဆေးများ၊ တာရှည်ခံဆေး (Formalin) များ အသုံးပြု လာကြခြင်းအတွက် ခံစားရတဲ့ နောက်ဆက်တွဲဘေးထွက် ဆိုးကျိုးများအကြောင်း၊ အာဟာရပြည့်ဝပြီးကျန်းမာရေးနှင့် ညီညွတ်သော လုံခြုံ စိတ်ချရမှုရှိတဲ့ အစားအစာများကို ခွဲခြားရွေးချယ်စားသုံးတတ်စေရေး၊ အစားအသောက်သာမက ဝန်ဆောင်မှု၊ လူသုံးကုန်ပစ္စည်းများမှ အစ စားသုံးသူများမနစ်နာစေရန် မှန်မှန်ကန်ကန်ရွေးချယ်သုံးစွဲ တတ်စေရန်၊ အမှန် တကယ်နစ်နာမှုများရှိပါက စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့သို့ တိုင်ကြားနိုင်ကြောင်းစသည့်ဖြင့် အကျယ်တဝင့် ဆွေးနွေးဟောပြောခဲ့ပါတယ်။

အောင်မြေသာစံမြို့နယ်၊ ပြည်သူ့ ကျန်းမာရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါက်တာမျိုးသီရိထွန်းက ကျန်းမာရေးနှင့်ပတ်သက်သော သိကောင်းစရာခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးရာတွင် အစားအသောက်များတွင် သုံးစွဲတဲ့ခွင့်ပြုဆိုးဆေး၊ ခွင့်မပြုဆိုးဆေးများရှိကြောင်း၊ ခွင့်မပြုဆိုးဆေး များ အသုံးပြုခြင်းကြောင့် အစာအိမ်၊ အသည်း၊ နှလုံးတို့ပျက်စီးပြီး ကင်ဆာရောဂါများ အများဆုံး ဖြစ်ပွားကြောင်း၊ ခွင့်မပြုဆိုးဆေးများအား လက်ဖက်၊ ငရုတ်သီးမှုန့်၊ အရောင်တင်မှုန့်၊ နနွင်းမှုန့်၊ ငပိ စသည့် အစားအသောက်များတွင် အများဆုံး အသုံးပြုကြကြောင်း၊ ဒါကြောင့် အဆိုပါ ခွင့်မပြုဆိုးဆေးများအား ရှောင်ကြဉ်စေလိုကြောင်း၊ ကျန်းမာရေးအသိရှိစေရန် ဟောပြောဆွေးနွေးသွားပါတယ်။

အဆိုပါဟောပြောဆွေးနွေးပွဲသို့ ဈေးအကျိုးတော်ဆောင်များ၊ ဈေးသူ၊ ဈေးသားများ၊ အခြားစိတ်ပါဝင်စားသူ များ၊ စုစုပေါင်း ၇၀ ဦးတက်ရောက်ခဲ့ပြီး တက်ရောက်လာသူများအား စားသုံးသူရေးရာဦးစီးဌာနမှ ထုတ်ဝေတဲ့ “စားသုံးသူအကာအကွယ်ပေးရေး သိကောင်းစရာ” လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ပါတယ်။

ဟောပြောဆွေးနွေးပွဲအပြီးတွင် ဈေးအတွင်းစားသုံးရန်မသင့်တဲ့ စားသောက်ကုန်များရောင်းချခြင်း ရှိ/မရှိ စားသုံးသူရေးရာဦးစီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ မြို့တော်စည်ပင်သာယာရေးအဖွဲ့၊ အောင်မြေသာစံမြို့နယ် အုပ်ချုပ်ရေး အဖွဲ့နှင့်ဈေးအကျိုးတော်ဆောင် ကော်မတီဝင်များ ပူးပေါင်းပါဝင် စစ်ဆေးခဲ့ကြောင်းသိရပါတယ်။

မန္တလေးတိုင်းဒေသကြီး၊ စားသုံး သူရေးရာဦးစီးဌာနအနေဖြင့် စားသုံးသူ အကာအကွယ်ပေးရေးအသိပညာပေး ဟောပြောဆွေးနွေးပွဲများနဲ့ ကွင်းဆင်း စစ်ဆေးခြင်းလုပ်ငန်းများအား အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိရာမေ ၂ ရက်မှ ၅ရက်အထိ ပြည်ကြီးတံခွန်မြို့နယ် စက်မှု ဇုန်(၂)ဈေး၊ ကျောက်ဆည်ခရိုင် သပိတ်ကျင်းမြို့နယ် မြို့မဈေး၊ စဉ့်ကူးမြို့နယ် မြို့မဈေး၊ မြင်းခြံခရိုင်၊ တောင်သာမြို့နယ်၊ နန်းမြင့်ကျေးရွာ၊ ကျောက်ပန်းတောင်းမြို့နယ်၊ ရွာလုကျေးရွာနဲ့ မိတ္ထီလာမြို့နယ် တောမရွာ၊ သာစည်မြို့နယ် စည်ပင်ဈေးတို့တွင်လည်း အသိပညာပေး ဟောပြောဆွေးနွေးပွဲနဲ့ ကွင်းဆင်း စစ်ဆေးခြင်းလုပ်ငန်းများအား သက်ဆိုင်ရာဌာနဆိုင်ရာများနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိပါတယ်။ **မြင့်နိုင်** (MDY)

# ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ မြောက်ဥက္ကလာပမြို့နယ် ရတနာသိင်္ဂီဈေးတွင် စားသုံးသူအကာအကွယ်ပေးရေးအသိပညာပေး ဟောပြောဆွေးနွေးပွဲကျင်းပ

စားသုံးသူရေးရာဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ အရာထမ်း၊ အမှုထမ်းများသည် မေလ ၉ ရက်တွင် အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (ရန်ကုန်ရုံးခွဲ)၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတို့မှ တာဝန်ရှိသူများနှင့် ပူးပေါင်း၍ ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရတနာသိင်္ဂီဈေးတွင် စားသုံးသူအကာအကွယ်ပေးရေး အကြောင်း သိကောင်းစရာများ ဟောပြောဆွေးနွေးပွဲ ကျင်းပပြုလုပ်ခဲ့ပါတယ်။



ဟောပြောဆွေးနွေးပွဲတွင် စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ ဦးစီးအရာရှိဒေါ်ထား ထားလှိုင်က စားသုံးသူအကာအကွယ်ပေးရေး ဥပဒေပါ ပြဋ္ဌာန်းချက်နှင့်အညီ ကုန်စည်နှင့် ဝန်ဆောင်မှုများ ဝယ်ယူသုံးစွဲရာတွင် လိမ်လည်လှည့်ဖြားမှု မခံရစေရန်၊ စားသုံးသူများသည် မိမိ၏အခွင့်အရေး နှင့်တာဝန်များ သိရှိနိုင်ရေး၊ စီးပွားရေးလုပ်ငန်းရှင်အတွက် တားမြစ်ချက်များနှင့် ပြစ်မှုပြစ်ဒဏ်များအကြောင်း၊ ပဋိဇီဝဆေးယဉ်ပါးမှုအန္တရာယ်ကင်းရှင်းရေးအတွက် အစားအသောက် ဝယ်ယူသုံးစွဲရာတွင် သတိပြုဝယ်ယူစားသုံးရန်၊ "စားသုံးသူများ လုံခြုံစိတ်ချမှုရှိစေရန်" ဆိုသည့် စားသုံးသူရေးရာ ဦးစီးဌာန၏ မျှော်မှန်းချက်နှင့်အညီ ပြည်နယ်/ တိုင်းဒေသအသီးသီးတွင် စားသုံးသူအကာအကွယ်ပေးရေး ကွင်းဆင်း ဟောပြောပွဲဆောင်ရွက်နေပါကြောင်းနှင့် စားသုံးသူပြည်သူများ အမှုမဲ့အမှတ်မဲ့ မနေထိုင်ဘဲစားသုံးသူအကာအကွယ်ပေးရေး ဥပဒေ ပါအကြောင်းအရာများအပေါ် မှတ်သားလိုက်နာ ဆောင်ရွက်ပေးစေလိုကြောင်း ဆွေးနွေးပြောကြား သွားပါတယ်။

အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန(ရန်ကုန်ရုံးခွဲ)မှ ဦးစီးအရာရှိ ဒေါက်တာအိဇင်ဖြိုးကလည်း အစားအသောက်၊ ဆေးဝါး၊ အလှကုန်တို့ကိုဘေးအန္တရာယ်ကင်းရှင်းစေရန် ထောက်ခံချက်ထုတ်ပေးနေမှု၊ စားသောက်ရန်နှင့် သုံးစွဲရန်မသင့်သည့် ကုန်ပစ္စည်းများကိုနိုင်ငံပိုင်သတင်းစာများတွင် ထည့်သွင်းကြော်ငြာပေးခဲ့မှုနှင့် ကျန်းမာရေးနှင့်ညီညွတ်စွာ စားသောက်နေထိုင်မှုပုံစံများကို ရှင်းလင်းဆွေးနွေးခဲ့ပါတယ်။ စားသုံးသူရေးရာ ဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမင်းသိန်းက ဈေးသူ/ဈေးသားများအနေဖြင့် မိမိတို့ရောင်းချသည့် ကုန်ပစ္စည်းများနှင့် ပတ်သက် ၍ တာဝန်ယူရန်လိုအပ်သကဲ့သို့ မိမိတို့ဝယ်ယူသုံးစွဲသည့် ကုန်ပစ္စည်းများနှင့်ပတ်သက်၍လည်း စားသုံးသူတစ်ဦး၏ အခွင့်အရေးနှင့် တာဝန်များကိုလည်း ရယူလိုက်နာသွားရန် လိုအပ်ကြောင်း၊ ဈေးသူ/ဈေးသားများကလည်း စားသုံးသူတစ်ဦး အနေဖြင့် ဆုံးရှုံးနစ်နာမှုရှိပါက စားသုံးသူတိုင်ကြားမှုလက်ခံဆောင်ရွက်ရေးကော်မတီသို့ အချက်အလက်ပြည့်စုံစွာဖြင့် တိုင်ကြားနိုင်ပါကြောင်း၊ စားသုံးသူအကာအကွယ်ပေးရေး လုပ်ငန်းများနှင့် ပတ်သက်၍ အပြုသဘော ဆောင်သည့် ဆွေးနွေးအကြံပြုချက်များကိုလည်း ဆွေးနွေးပေးပါရန် ဖိတ်ခေါ်ခဲ့ကြောင်း သိရှိရပါတယ်။

ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး ကွပ်ကဲမှုအောက်ရှိ တွံတေးခရိုင်ဦးစီးမှူးရုံးမှလည်း တွံတေးမြို့နယ်၊ ပေါ်ကုန်းကျေးရွာ၊ ကော့မှူးမြို့နယ်၊ ထန်းပင်ချောင်ကျေးရွာ၊ ကွမ်းခြံ ကုန်းမြို့နယ်၊ ကော့ခနိန်ကျေးရွာ၊ဆိပ်ကြီးခနောင် တိုမြို့နယ်၊ ခနောင်တို အနောက်ရပ်ကွက်တွင်လည်းကောင်း၊ လှည်းကူးခရိုင်ဦးစီးမှူးရုံးမှလည်း လှည်းကူးမြို့နယ်၊ အောင်မင်္ဂလာရပ်ကွက်၊ ပုညာကာရီ ဓမ္မာရုံ၊ တိုက်ကြီးမြို့နယ်၊ ဈေးရပ်ကွက် ရွှေတောင်လမ်း၊ ထန်းတပင်မြို့နယ် အမှတ် (၅) ရပ်ကွက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၊ မှော်ဘီမြို့နယ် မြောင်းတကာကျေးရွာတွင်လည်းကောင်း၊ သန်လျင်ခရိုင် ဦးစီးမှူးရုံးမှလည်းသန်လျင်မြို့နယ်၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံး၊ သန်လျင်မြို့နယ်၊ ဘုရား ကြီးဈေး၊ သုံးခွမြို့နယ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီး ဌာနရုံး၊ သုံးခွမြို့နယ် ကြံကြိတ်ကျေးရွာ၊ ခရမ်းမြို့ နယ်၊ ကံဘဲ့ကျေးရွာ၊ ကျောက်တန်းမြို့နယ်၊ မြို့မအထကတွင်လည်းကောင်း၊ အင်းစိန်ခရိုင်ဦးစီးမှူးရုံးမှလည်း လှိုင်သာယာမြို့နယ်၊ ကစင်ကျေးရွာ၊ ရွှေပြည်သာမြို့နယ်၊ ည/၁၁ ရပ်ကွက် ဓမ္မာရုံ၊ အင်းစိန် မြို့နယ်၊ နယ်မြေ ၁၅ ဓမ္မာရုံ(ရွာမအနောက်) ဖွဲ့နုဆီစက်လမ်း၊ ဒေါပုံမြို့နယ်၊ ဗိုလ်ထွန်းဇံရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ (၁) ရပ်ကွက် လူမှုကူညီရေးအသင်း ဓမ္မာရုံတို့တွင် လည်းကောင်း စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေး ဟောပြော ဆွေးနွေးပွဲနှင့် ကွင်းဆင်း စစ်ဆေး အသိပညာပေးခြင်းများကို မေ ၉ ရက်မှ မေ ၁၅ ရက်အတွင်း ဆောင်ရွက်ခဲ့ကြောင်း သိရှိရပါတယ်။ ဟောပြောဆွေးနွေးပွဲများတွင်တက်ရောက်လာသည့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဈေးသူ/ဈေးသားများ၊ စားသုံးသူ ပြည်သူများအား "စားသုံးသူပြည်သူများအန္တရာယ် ကင်းစေဖို့ သတိပြုလိုက်နာဆောင်ရွက်စို့" စာတမ်းပါ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးကြောင်း သိရှိရပါတယ်။

**ခင်မြဦး (စားသုံးသူ) ရန်ကုန်**

## ညောင်တုန်းမြို့၊ တာကွေ့ဈေးနှင့် ပန်းတနော်မြို့မဈေးတို့တွင် စားသုံးရန်မသင့် စံချိန်မညီမြေပဲဆီ (Hi plus) တံဆိပ်များတွေ့ရှိ

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင်ဦးစီးမှူး ဦးဇော်မင်းနှင့်အဖွဲ့သည် မေ ၃ ရက်တွင် စားသုံးသူရေးရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ကွင်းဆင်းစစ်ဆေးရာ ညောင်တုန်းမြို့နယ် တာကွေ့ဈေးနှင့် ပန်းတနော်မြို့မဈေး တို့တွင် ကျန်းမာရေးဝန်ကြီးဌာန အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (FDA) မှ ထုတ်ပြန်ထားသော စားသုံးရန်မသင့်သည့် စံမညီမြေပဲဆီ အမျိုးအစား ၂၈ မျိုး ထုတ်ပြန်ကြော်ငြာထားသည့်အနက်မှ (Hiplus) တံဆိပ်မြေပဲဆီ အမျိုးအစားများအား ရောင်းချနေသည်ကို တွေ့ရှိခဲ့ရကြောင်း သတင်းရရှိသည်။

**မင်းမင်းဦး၊ ပုသိမ်မြို့**

# ရှမ်းပြည်နယ် (မြောက်ပိုင်း)တွင် စားသုံးသူအကာအကွယ်ပေးရေး ဟောပြောပွဲများအရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိ

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့တွင် စားသုံးသူရေးရာဦးစီးဌာန ဒုတိယပြည်နယ်ဦးစီးမှူးရုံးမှ စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြောပွဲကို လားရှိုးမြို့၊ ဟိုပိတ်ကျေးရွာအုပ်စု ကျေးရွာအုပ်ချုပ်ရေးမှူးရုံးတွင် မေ၃ ရက်တွင် တက်ရောက်သူ ၉၄ ဦးဖြင့် လည်းကောင်း၊ လားရှိုးမြို့နယ်၊ ဆုံကွယ်ကျေးရွာအုပ်စု ရှမ်းစာပေခန်းမတွင် တက်ရောက်သူ ၁၂၂ ဦးဖြင့်လည်းကောင်း၊ လားရှိုးမြို့နယ်၊ ရှမ်းကုန်းကျေးရွာ၊ ဓမ္မာရုံတွင် တက်ရောက်သူ ၈၂ဦးဖြင့် လည်းကောင်း တက်ရောက်လာသူများကို လက်ကမ်းစာစောင်များပေးဝေ၍ စားသုံးသူရေးရာ အသိပညာပေးဟောပြောပွဲများ ကျင်းပပြုလုပ်ခဲ့ပါသည်။

ရှေးဦးစွာ ဒုတိယပြည်နယ်ဦးစီးမှူး ဦးဇော်မင်းသန်းက စားသုံးသူအကာအကွယ်ပေးရေးဥပဒေကို ၂၀၁၄ ခုနှစ် မတ် ၁၄ရက်တွင် ပြည်ထောင်စု လွှတ်တော်အမှတ် (၁၀)ဖြင့် ပြဋ္ဌာန်းခဲ့ကြောင်း၊ စားသုံးသူအကာအကွယ်ပေးရေး ဥပဒေအရ အခန်း၁၂ခန်း၊ ပုဒ်မ၃၁ခုပါရှိကြောင်း၊ အစားအသောက်၊ ဆေးဝါးသာမက ဝန်ဆောင်မှုလုပ်ငန်းများပါ အကျုံးဝင်ကြောင်း၊ စံမမီ စားသောက်ကုန်များအကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာန မှစားသုံးရန်မသင့်သော အစား အသောက်များနှင့် ပက်သက်၍ အများပြည်သူသိရှိရန် အသိပေး ကြေညာချက်နှင့်ပြည်တွင်းပြည်ပတွင် လက်ရှိဖြစ်ပေါ်နေသည့် အစားအသောက်ဆေးဝါး၊ ရောဂါအခြေအနေများအား သိရှိရန် သတင်းစာ၊ ဂျာနယ်များအား ဖတ်ရှုရန်နှင့် တိုင်းဒေသကြီး/ပြည်နယ် ခရိုင်များတွင် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၊ တိုင်ကြားမှု လက်ခံဆောင်ရွက်ရေးကော်မတီ၊ ထုတ်ကုန်လုံခြုံစိတ်ချရမှုဆိုင်ရာလုပ်ငန်း ကော်မတီ၊ စားသုံးသူတိုင်ကြားမှုများ ပုံစံများပါရှိကြောင်း စီးပွားရေးလုပ်ငန်းရှင်များကလည်း မိမိလုပ်ငန်းအပေါ်တွင်သာ လုပ်ငန်းရှင်အဖြစ် ရပ်တည်သော်လည်း စားသုံးသူပင်ဖြစ်ပါကြောင်း၊ စားသုံးသူ၏ အခွင့်အရေး၊ တာဝန်နှင့် တားမြစ်ချက်များကို ကျယ်ကျယ်ပြန့်ပြန့် ဟောပြောဆွေးနွေးခဲ့ပါသည်။

ဆက်လက်၍ အဖွဲ့ဝင်ဦးသန်းထွန်းက အစားအသောက်များနဲ့ ပတ်သက်၍ ဆိုးဆေးအန္တရာယ်၊ သဘာဝဆိုးဆေး၊ ဓာတုဆိုးဆေးများအကြောင်း အစားအသောက်တွင် သုံးစွဲရန် ခွင့်မပြုသော ဓာတုဆိုးဆေးများကို လုံးဝအသုံးမပြုရန်၊ FDA ထောက်ခံချက် အမှတ်တံဆိပ်ပါ အချက်များအား သတိပြုရောင်းဝယ်ကြပါရန်၊ ထုတ်လုပ်ရောင်းချသူ စီးပွားရေး လုပ်ငန်းရှင်များအနေနဲ့လည်း မိမိတို့ရဲ့ တာဝန်နဲ့ တားမြစ်ချက်များကို လိုက်နာဆောင်ရွက်ကြပါရန်လိုအပ်ကြောင်း ဆွေးနွေးဟောပြောခဲ့ပါသည်။

အဖွဲ့ဝင်ဦးသိန်းဌေးဦးက အိမ်တွင်းမီးဖိုချောင်သုံးစားသုံးဆီနှင့်ဟင်းချိုမှုန့်များကိုလွန်ကဲစွာ စားသုံးခြင်း၊ ကလေးငယ်များအား တရုတ်နိုင်ငံထုတ် အစပ်ထုပ်များစားသုံးခြင်း၊ စားသုံးရန်မသင့်တဲ့ ရက်လွန်ပြီး မှိုတက်နေသော မုန့်မျိုးစုံနဲ့ ဓာတုဆေးပါ အချိုရည်များအကြောင်းနှင့် ပတ်သက်၍ သိသင့်သိထိုက်သော အချက်များကို အကျယ်တဝင့် ရှင်းလင်းဟောပြောခဲ့ကြောင်း သတင်းရရှိသည်။

**အောင်ကျော်မြင့်**
**လားရှိုး**

Organizations News
Vol: 16, No.17 Monday May 16 2016

# ရုရှား-အာဆီယံထိပ်သီးဆွေးနွေးပွဲက ရုရှားနိုင်ငံ အရှေ့ဖျားဒေသ မဟာဗျူဟာရဲ့ အရေးပါတဲ့ အစိတ်အပိုင်းဖြစ်

ရုရှားနိုင်ငံနဲ့ အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ) တို့ရဲ့ ထိပ်သီးဆွေးနွေးပွဲက ရုရှားနိုင်ငံရဲ့ အရှေ့ဖျားဒေသမဟာဗျူဟာ "U-turn to the East" ရဲ့ အရေးပါတဲ့ အစိတ်အပိုင်းတစ်ခုဖြစ်လာကြောင်း ရုရှားနိုင်ငံအရှေ့ဖျားဒေသလေ့လာရေး သိပ္ပံအကယ်ဒမီရဲ့ ဗီယက်နမ်နဲ့ အာဆီယံလေ့လာရေးစင်တာမှ သုတေသီတစ်ဦးဖြစ်သူဂရီဂိုရီလော့ရှင်က ရုရှားသတင်းစာ "တပ်စ်"နဲ့ တွေ့ဆုံမေးမြန်းခန်းမှာ ပြောပါတယ်။

ရုရှား-အာဆီယံ ထိပ်သီးဆွေးနွေးပွဲကို ရုရှားနိုင်ငံတောင်ပိုင်းအပန်းဖြေစခန်းတစ်ခုဖြစ်တဲ့ ဆိုချီမြို့မှာ မေ ၁၉ ရက်နဲ့ ၂၀ ရက်တို့တွင် ကျင်းပမှာဖြစ်ပါတယ်။ ရုရှားနိုင်ငံက ပစိဖိတ်ဒေသနိုင်ငံတစ်နိုင်ငံဖြစ်ပြီး ဒီဒေသမှာ ရုရှားနိုင်ငံရဲ့ ရှည်လျားတဲ့ကမ်းရိုးတန်းဒေသရှိကြောင်း ရုရှား-ဗီယက်နမ်ချစ်ကြည်ရေးအသင်းရဲ့ ဒုတိယဥက္ကဋ္ဌလည်းဖြစ်သူလော့ရှင်က ပြောပါတယ်။

ကျွန်တော်တို့နိုင်ငံရဲ့ အစိတ်အပိုင်းအတော်များများက အာရှတိုက်ထဲမှာရှိနေပြီး နိုင်ငံရေး၊ စစ်ရေးနဲ့ စီးပွားရေးတွေဟာ ဒီဒေသနဲ့ဆက်စပ်နေပါတယ်။ ဒီဒေသရဲ့ ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနဲ့ သာယာဝပြောရေးအတွက် စိတ်ဝင်စားမှုရှိတဲ့ နေရာမှာ ကျွန်တော်တို့က တခြားနိုင်ငံတွေထက် မနည်းပါဘူး"လို့ သူကပြောပါတယ်။

ရုရှားနဲ့ အာဆီယံအဖွဲ့ဝင်နိုင်ငံများရဲ့ ထိပ်သီးအစည်းအဝေးကို ဆိုချီမြို့မှာ မေ ၁၉ ရက်နဲ့ ၂၀ ရက်မှာ ကျင်းပမှာဖြစ်ပြီး ၂၀၁၆ ခုနှစ်အတွင်းမှာ ရုရှားနိုင်ငံအတွက် ကြီးမားတဲ့ အပြည်ပြည်ဆိုင်ရာ ပွဲတစ်ပွဲ ဖြစ်နိုင်ပါတယ်။ ရုရှားနိုင်ငံက ၁၉၉၆ ခု ဇူလိုင်မှစပြီး အာဆီယံရဲ့ ဆွေးနွေးဖက်နိုင်ငံတစ်နိုင်ငံဖြစ်ပါတယ်။ ရုရှား-အာဆီယံထိပ်သီး ဆွေးနွေးပွဲကို ကွာလာလမ်ပူမြို့မှာ ၂၀၀၅ ခုနှစ်ဒီဇင်ဘာက ကျင်းပခဲ့ပါတယ်။ ထိပ်သီးဆွေးနွေးပွဲကို တက်ရောက်လာသူတို့က ကြေညာချက်တစ်စောင်ထုတ်ပြန်ခဲ့ပြီး ရုရှား-အာဆီယံဆက်ဆံရေးရှေ့လုပ်ငန်းစဉ်ကိုလည်း အတည်ပြုခဲ့ပါတယ်။ အလားတူ ထိပ်သီးဆွေးနွေးပွဲတွေကို ပုံမှန်အားဖြင့် အာဆီယံအဖွဲ့ဝင်တွေရဲ့ နယ်မြေတွေမှာပဲ ကျင်းပပါတယ်။ ဆိုချီမြို့ကိုရွေးချယ်ရတဲ့ရည်ရွယ်ချက်က ရုရှား-အာဆီယံဆက်ဆံရေးအနှစ် ၂၀ပြည့်အထိမ်းအမှတ်အဖြစ် ထူးထူးခြားခြား ကျင်းပဖို့ဖြစ်ပါတယ်။

# နိုင်ငံရေးအခြေအနေအပေါ် အရှေ့တောင်အာရှနိုင်ငံများရဲ့ နိုင်ငံတော် ချေးငွေသတ်မှတ်ချက်အပေါ် အကျိုးသက်ရောက်မှုရှိ

ဖိလစ်ပိုင်နိုင်ငံ အမျိုးသားရွေးကောက်ပွဲနဲ့ မလေးရှားနိုင်ငံဆာရာဝပ်ပြည်နယ်ရွေးကောက်ပွဲများကျင်းပပြီးနောက်ချေးငွေအဆင့်သတ်မှတ်ရေးကုမ္ပဏီများက နိုင်ငံရေးအရစွန့်စားမှုအန္တရာယ်များနဲ့ အရှေ့တောင်အာရှဒေသတစ်လွှားရှိနိုင်ငံတော်ချေးငွေများအပေါ် နိုင်ငံရေးအခြေအနေရဲ့ အကျိုးသက်ရောက်မှုတွေကို သုံးသပ်ခဲ့ကြောင်း အာရှနီကေးသတင်းမှာ ဖော်ပြပါတယ်။

ဖိလစ်ပိုင်နိုင်ငံသမ္မတ ရွေးကောက်ပွဲမှာ အပြတ်အသတ်အနိုင်ရရှိခဲ့တဲ့ Rodrigo Duterte က အမျိုးသားနိုင်ငံရေးမှာ အတွေ့အကြုံနည်းသေးတဲ့အတွက် နိုင်ငံရေးအရစွန့်စားမှုတွေမြင့်တက်လာနိုင်တယ်လို့ စတန်းဒတ်အင်ပူးဝါးကမ္ဘာ့ချေးငွေအဆင့်သတ်မှတ်ရေးကုမ္ပဏီက ခန့်မှန်းပါတယ်။

ဖိလစ်ပိုင် တောင်ပိုင်းဒေသရှိ ဒါဗောင်းမြို့တော်ဝန်ဖြစ်သူ Duterte က ဖက်ဒရယ်စနစ်ကို အလေးပေးသူဖြစ်တဲ့ အတွက် ပြည်နယ်အစိုးရတွေ အင်အားတောင့်တင်းလာနိုင်ပါတယ်။ သမ္မတ ဘင်နစ်ဂနိုအာကွီနို သမ္မတတာဝန်ထမ်းဆောင်ခဲ့တဲ့ ၂၀၁၀ ပြည့်နှစ်နောက်ပိုင်းနိုင်ငံရေးတည်ငြိမ်မှုရှိခဲ့ပါတယ်။နောက်ပိုင်းမှာတော့ နိုင်ငံရေးအရထိပ်တိုက် ရင်ဆိုင်မှုတွေရှိ လာပြီး နိုင်ငံတော်ချေးငွေအဆင့်သတ်မှတ်ချက်ကို ထိခိုက်လာနိုင်ကြောင်း စတန်းဒတ်အင် ပူးဝါးက သုံးသပ်ပါတယ်။

မလေးရှားနိုင်ငံမှာ ငွေကြေးနဲ့ဆိုင်တဲ့ကောလာဟလတွေဖြစ်ပေါ်ခဲ့ပြီးနောက်ပိုင်းဝန်ကြီးချုပ်နာဂျစ်ရာဇတ်ကို နုတ်ထွက်ပေးဖို့တောင်းဆိုခဲ့ပါတယ်။ နာဂျစ်ပါဝင်တဲ့ အာဏာရညွန့်ပေါင်းအစိုးရက မေလ ဆန်းက ကျင်းပတဲ့ ဆာရာဝပ်ပြည်နယ်ရွေးကောက်ပွဲမှာ အပြတ်အသတ်အနိုင်ရထားပါတယ်။ ဒါပေမယ့် နာဂျစ်နုတ်ထွက်ပေးဖို့ အစိုးရကိုပြင်းပြင်းထန်ထန်ဖိအားပေးလာရင် နိုင်ငံရေးအရစွန့်စားမှုတွေမြင့်တက်လာပြီး ရင်းနှီးမြှုပ်နှံမှုနဲ့ စားသုံးသူယုံကြည်မှုတွေ ကျဆင်းနိုင်ပါတယ်။

၂၀၁၄ ခုနှစ် စစ်တပ်ကအာဏာသိမ်းပြီးအုပ်ချုပ်ခဲ့တဲ့ ထိုင်းနိုင်ငံမှာ နိုင်ငံရေးအရ မတည်ငြိမ်မှုတွေရှိနေသေးကြောင်း စတန်းဒတ်အင်ပူဝါးက သုံးသပ်ပါတယ်။ ထိုင်းအထက်လွှတ်တော်ကို စစ်တပ်က ထိန်းချုပ်နိုင်စေမယ့် ဖွဲ့စည်းပုံအခြေခံ ဥပဒေကို ဩဂုတ်လမှာဆန္ဒခံယူပွဲပြုလုပ်ပြီး ၂၀၁၇ ခုနှစ်မှာ ရွေးကောက်ပွဲကျင်းပဖို့ ကတိပြုထားပါတယ်။ထိုင်းနိုင်ငံမှာ ထိပ်တိုက်ရင်ဆိုင်မှုတွေ မဖြစ်တဲ့တိုင်အောင် စီးပွားရေးထပ်မံနှေးကွေးကျဆင်းမယ့် အလားအလာကြောင့် လာမယ့်နှစ်အနည်းငယ်အတွင်း နိုင်ငံတော်ချေးငွေအဆင့်သတ်မှတ်ချက် နိမ့်ကျနေဦးမယ်လို့ စတန်းဒတ်အင်ပူးဝါးက သုံးသပ်ပါတယ်။

# အာဆီယံမှာ ဂျပန်နိုင်ငံရဲ့ အခန်းကဏ္ဍကိုမြှင့်တင်ပြီး ဩဇာအာဏာကြီးထွားလာတဲ့ တရုတ်နိုင်ငံကို စိန်ခေါ်



အရှေ့တောင်အာရှ နိုင်ငံများအသင်း (အာဆီယံ) အဖွဲ့ဝင် ၁၀ နိုင်ငံမှာ တရုတ်နိုင်ငံက သူ့ရဲ့အခန်းကဏ္ဍမြှင့်တင်ဖို့အတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ အရှေ့တောင်အာရှစီးပွားရေးဖွံ့ဖြိုးမှုကို ကာလရှည်ကြာစွာ အားပေးထောက်ခံခဲ့တဲ့ ဂျပန်နိုင်ငံကလည်း ဒေသတွင်း ဆက်ဆံရေးကို တိုးမြှင့်ဖို့ကြိုးပမ်းနေကြောင်း ဗွီအိုအေသတင်းမှာဖော်ပြပါတယ်။ ဂျပန်နိုင်ငံက အရှေ့တောင်အာရှလုံခြုံရေးဆွေးနွေးပွဲတွေမှာ အထူးသဖြင့် တောင်တရုတ်ပင်လယ်အငြင်းပွားမှုကို ဥပဒေနဲ့အညီဆောင်ရွက်ပြီး အင်အားသုံးဖြေရှင်းမှုကိုရှောင်ကြဉ်ဖို့ ပြောကြားလျက်ရှိပါတယ်။

မေပထမရက်သတ္တပတ်ကလည်း ဗီယက်နမ်၊ လာအိုနဲ့ ထိုင်းနိုင်ငံတို့ပါဝင်တဲ့ မဟာမဲခေါင်ဒေသခွဲအခြေခံအဆောက်အအုံ တိုးတက်ရေးသုံးနှစ်စီမံကိန်းအဖြစ် အမေရိကန်ဒေါ်လာ ၆ ဒသမ ၈ ဘီလီယံထောက်ပံ့ပေးမှာဖြစ်ကြောင်း ဂျပန်နိုင်ငံက ကြေညာခဲ့ပါတယ်။ ဂျပန်-မဲခေါင် ဆက်သွယ်ရေးကနဦး အစီအစဉ်ရဲ့ရည်ရွယ်ချက်က တံတား၊ မီးရထားကွန်ကရက်တို့ပါဝင်တဲ့ အခြေခံအဆောက်အအုံ၊ လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးအတွက်ကြိုးပမ်းဆောင်ရွက်ရေး မူဘောင်ချမှတ်ဖို့နဲ့ မဲခေါင်းမြစ်ဝှမ်းဒေသကို ကူညီထောက်ပံ့ဖို့ဖြစ်ကြောင်း ဗန်ကောက်ရှိ တက္ကသိုလ်တစ်ခုမှာ ဂျပန်နိုင်ငံခြားရေးဝန်ကြီး ဖူမီယိုကီရှီဒါက ပြောပါတယ်။

ဂျပန်နိုင်ငံက ၂၀၁၃ ခုနှစ်ကစပြီး အိုဒီအေ အကူအညီ (Official Development Assistance) အဖြစ် ယန်းနှစ်ထရီလီယံကို ပေးခဲ့ပြီးနောက်ပိုင်းယခုအစီအစဉ်ဆက်လက်ဆောင်ရွက်ခဲ့တာ ဖြစ်ပါတယ်။ ဂျပန်နိုင်ငံက အာဆီယံဒေသတွင်း ပေါင်းစည်းမှုအတွက် အမေရိကန်ဒေါ်လာ သန်း ၁၀၀ ထောက်ပံ့ပေးခဲ့ပါတယ်။ ဂျပန်နိုင်ငံက နှစ်ကာလရှည်ကြာစွာဆောင်ရွက်ခဲ့တဲ့ ဖွံ့ဖြိုးရေး အကူအညီတွေနဲ့ သံတမန်ရေးရာအထောက်အပံ့တွေက ဒေသတွင်းမှာ ကြီးထွားလာတဲ့ တရုတ်နိုင်ငံရဲ့ ဩဇာလွှမ်းမိုးမှုအောက်ကို ကျရောက်ခဲ့ရကြောင်း ထိုင်းနိုင်ငံရေးသိပ္ပံပညာရှင် သီတီနန်ပွန်ဆူဒီယက်က ပြောပါတယ်။

ဂျပန်နိုင်ငံမှ ထောက်ပံ့မှုကို ကာလရှည်ကြာစွာရယူထားတဲ့ အေဒီဘီဘဏ်က ဒေသတွင်းအခြေခံအဆောက်အအုံအတွက် ဖွံ့ဖြိုးရေးအကူအညီတွေပေးရာမှာ အဓိကအခန်းကဏ္ဍမှပါဝင်လျက်ရှိပါတယ်။ တရုတ်နိုင်ငံက တည်ထောင်ထားတဲ့ အာရှအခြေခံအဆောက်အအုံ ရင်းနှီးမြှုပ်နှံမှုဘဏ် (အေအိုင်အိုင်ဘီ) မှာ ဂျပန်၊ အမေရိကန်နဲ့ ကနေဒါတို့ပါဝင်ခြင်းမရှိပါဘူး။

ဉာဏ်တင်-စုစည်းတင်ပြသည်

# အေဒီဘီက အာဆီယံစီမံကိန်းများအတွက် ကိုးနှစ်အအတွင်း အမေရိကန်ဒေါ်လာ ၁၈ ဘီလီယံကျော်ထောက်ပံ့

အာရှဖွံ့ဖြိုးရေးဘဏ် (အေဒီဘီ)က အာဆီယံဒေသတွင်းရှိ စီမံကိန်းများအတွက် အမေရိကန်ဒေါ်လာ ၁၅ ဒသမ ၄ ဘီလီယံ ကို ထောက်ပံ့မှု သို့မဟုတ် ပူးပေါင်းထောက်ပံ့မှုချေးငွေများအဖြစ် ဆောင်ရွက်ပေးခဲ့ကြောင်း အေဒီဘီမှနောက်ဆုံးထုတ်ပြန်တဲ့ အစီရင်ခံစာကို ကိုးကားပြီး ဘီဇနက်မိုင်ယာသတင်းမှာ ဖော်ပြပါတယ်။

ယခုထောက်ပံ့ခဲ့တဲ့ ငွေပမာဏက ၂၀၀၆ ခုနှစ်မှ ၂၀၁၅ ခုနှစ်အတွင်းဆောင်ရွက်ခဲ့တဲ့ စီမံကိန်းပေါင်း ၃၇၆ ခု အတွက် သုံးစွဲခဲ့ခြင်းဖြစ်ကြောင်း အေဒီဘီ ဘဏ်ကထုတ်ပြန်တဲ့ "အာဆီယံ အသိုက်အဝန်းတည်ဆောက်ရေး အာဆီယံ-အေဒီဘီပူးပေါင်းဆောင်ရွက်မှု" အစီရင်ခံစာမှာ ဖော်ပြထားပါတယ်။

စီမံကိန်းစုစုပေါင်းအနက် ၁၁၇ ခုကချေးငွေနဲ့ အာမခံ ချေးငွေများဖြစ်ပြီး တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၁၅ ဘီလီယံရှိပါတယ်။ ကျန်စီမံကိန်း ၂၅၉ ခုက နည်းပညာဆိုင်ရာအကူအညီတွေဖြစ်ပြီး တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၃၅၇ သန်းရှိပါတယ်။ အာဆီယံ စီမံကိန်းများအတွက် အေဒီဘီကပူးတွဲပြီးချေးငွေအကူအညီပေးတာ အမေရိကန်ဒေါ်လာ ၃ ဒသမ ၇ ဘီလီယံရှိပါတယ်။ စီမံကိန်းများရဲ့ ၂၀ ရာခိုင်နှုန်းနဲ့ နည်းပညာအကူအညီအတွက် ၆၃ ရာခိုင်နှုန်းပါဝင်ထောက်ပံ့ပေးတာ ဖြစ်ပါတယ်။

ချေးငွေများနဲ့ အာမခံချေးငွေများအနက် အမျိုးသားစီမံကိန်း ၉၂ ခုအတွက်ချေးငွေက အမေရိကန်ဒေါ်လာ ၁၂ ဒသမ ၄ ဘီလီယံရှိပြီး ဒေသခွဲစီမံကိန်းများအတွက် ချေးငွေက အမေရိကန်ဒေါ်လာ ၂ ဒသမ ၆ ဘီလီယံရှိပါတယ်။ နည်းပညာအကူအညီပေးရာမှာ အမျိုးသားစီမံကိန်း ၁၂၆ ခုအတွက် အမေရိကန်ဒေါ်လာ သန်း ၂၉၀ ရှိပြီးဒေသဆိုင်ရာနဲ့ ဒေသခွဲစီမံကိန်းများအတွက် အမေရိကန်ဒေါ်လာ ၆၇ သန်းရှိပါတယ်။

အေဒီဘီစီမံကိန်းများအတွက် အေဒီဘီ အထောက်အပံ့ကို အများဆုံးရတဲ့ နိုင်ငံများမှာ ကမ္ဘောဒီးယား၊ မြန်မာ၊ လာအိုနဲ့ ဗီယက်နမ် (CLMV) နိုင်ငံ များဖြစ်ပြီး စုစုပေါင်းချေးငွေအကူအညီရဲ့ ၆၈ ရာခိုင်နှုန်းရှိပါတယ်။

## ပြန်ပြည့်မြဲစွမ်းအင်ကို ဦးစားပေးအသုံးပြုဖို့ ဗီယက်နမ်အစိုးရကို တိုက်တွန်း

ဗီယက်နမ် အမျိုးသားစွမ်းအင် ဖွံ့ဖြိုးရေးအစီအစဉ်အရ ၂၀၃၀ ပြည့်နှစ်မှာ ရေ၊ လေ၊ နေနဲ့ ဇီဝဒြပ်ထုအပါအဝင် ပြန်ပြည့်မြဲစွမ်းအင်မှ ထုတ်လုပ်တဲ့ စွမ်းအင်အမျိုးအစားကို မြှင့်တင်အသုံးချဖို့ချမှတ်ထားပေမယ့် ရည်မှန်းချက်ကိုပြည့်မီအောင်ထုတ်လုပ်နိုင်ခြင်း မရှိသေးကြောင်း ဗီယက်နမ်ရေရှည်တည်တံ့တဲ့ စွမ်းအင်မဟာမိတ်အဖွဲ့ (VSEA) ရဲ့ ပြောကြားချက်ကို ကိုးကားပြီးနေးရှင်းသတင်းမှာ ဖော်ပြပါတယ်။

စီမံကိန်းအရ အပူစွမ်းအင်ထုတ်လုပ်မှု (Thermal Energy) က စုစုပေါင်းထုတ်လုပ်မှုစွမ်းအားရဲ့ ရာခိုင်နှုန်း ၅၀ ကျော်ရှိမှာဖြစ်ကြောင်း VSEA ရဲ့ ပေါင်းစပ်ညှိနှိုင်းရေးမှူး ငုယင်သူထရန်ကပြောပါတယ်။ အပူစွမ်းအင်သုံးစက်ရုံ ၅၂ ရုံမှာ အသုံးပြုဖို့အတွက် ၂၀၃၀ ပြည့်နှစ်မှာ ဗီယက်နမ်ကကျောက်မီးသွေးတန် ၈၅ သန်း တင်သွင်းရမှာဖြစ်ကြောင်း ထရန်ကပြောပါတယ်။ စက်ရုံအရေအတွက်ကလက်ရှိ ၁၂ ရုံကနေ တိုးတက်လာမှာ ဖြစ်ပါတယ်။

အပူစွမ်းအင်သုံး လျှပ်စစ်ထုတ်လုပ်ရေးစက်ရုံများက ထုတ်လုပ်တဲ့ လျှပ်စစ်စွမ်းအင်စျေးနှုန်းတွေက ပြန်ပြည့်မြဲစွမ်းအင်ရင်းမြစ်တွေက ထုတ်လုပ်တဲ့လျှပ်စစ်စွမ်းအားထက် ကုန်ကျစရိတ် သက်သာတယ်ဆိုပေမယ့် ဒီစျေးနှုန်းထဲမှာ သဘာဝပတ်ဝန်းကျင်၊ ကျန်းမာရေးနဲ့ ကာဗွန်အကောက် အခွန်စတဲ့ စရိတ်တွေမပါဝင်သေးပါဘူး။ အစိုးရအနေနဲ့ ပြန်ပြည့်မြဲစွမ်းအင်ကို အသုံးပြုပြီး လျှပ်စစ်စွမ်းအားထုတ်လုပ်မယ့် ရင်းနှီးမြှုပ်နှံသူတွေအတွက် မျှမျှတတဖြစ်အောင် ဆောင်ရွက်ပြီး သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးပါ ထည့်သွင်းစဉ်းစားသင့်တယ်လို့ ထရန်ကပြောပါတယ်။

အစိုးရကချမှတ်ထားတဲ့ အမျိုးသားစီမံကိန်းအရ ၂၀၂၀ ပြည့်နှစ်မှာ ရေအားလျှပ်စစ်စီမံကိန်းတွေရဲ့ ထုတ်လုပ်မှုစွမ်းအားက မီဂါဝပ် ၂၁၆၀၀၊ ၂၀၃၀ ပြည့်နှစ်မှာ မီဂါဝပ် ၂၇၈၀၀ အထိရှိမယ်လို့ ခန့်မှန်းထားပါတယ်။ လောလောဆယ်ထုတ်လုပ်မှုက မီဂါဝပ် ၁၇၀၀၀ ရှိပါတယ်။ ရေအား လျှပ်စစ်စီမံကိန်းတွေရဲ့ ထုတ်လုပ်မှုစွမ်းအားက ၂၀၂၀ ပြည့်နှစ်မှာ မီဂါဝပ် ၈၀၀ မှ ၂၀၃၀ ပြည့်နှစ်မှာ မီဂါဝပ် ၆၀၀၀ ရှိမယ်လို့ ခန့်မှန်းပါတယ်။ နေစွမ်းအင်ထုတ်လုပ်မှုစီမံကိန်းမှ မီဂါဝပ် ၈၅၀ ရှိရာမှ ၂၀၂၀ ပြည့်နှစ်မှာ မီဂါဝပ် ၄၀၀၀ နဲ့ ၂၀၃၀ ပြည့်နှစ်မှာ မီဂါဝပ် ၁၂၀၀၀ ရှိမယ်လို့ ခန့်မှန်းပါတယ်။

## လာမယ့် ငါးနှစ်အတွင်း ကုန်သွယ်ရေးအဖွဲ့အစည်းများနဲ့ ကုန်သည်ကြီးအသင်းအတွက် အသုံးပြုရန် စင်ကာပူအစိုးရက စင်ကာပူဒေါ်လာသန်း ၉၀ အရန်ထား

ပြည်တွင်း စီးပွားရေးလုပ်ငန်းများနဲ့အသင်းများ ဖွံ့ဖြိုးတိုးတက်ရေး (Local Enterprise and Association Development-LEAD) အစီအစဉ်အရ လာမယ့်ငါးနှစ်အတွင်း ကုန်သွယ်ရေးအဖွဲ့အစည်းများနဲ့ ကုန်သည်ကြီးများအသင်းအတွက်အသုံးပြုရန် စင်ကာပူအစိုးရက စင်ကာပူဒေါ်လာသန်း ၉၀ ကို အသုံးပြုမှာဖြစ်ကြောင်း IE Singapore နဲ့ SPRING Singapore တို့ ပူးပေါင်းပြီး မေ ၁၀ ရက်က ပြုလုပ်တဲ့ သတင်းထုတ်ပြန်ချက်ကို ကိုးကားပြီး စီအင်န်အေသတင်းမှာ ဖော်ပြပါတယ်။

ဖော်ပြပါ ငွေကြေးပမာဏမှာ ၂၀၀၅ ခုနှစ်က စတင်အကောင်အထည်ဖော်ခဲ့တဲ့ LEAD အစီအစဉ်အတွက် အသုံးပြုဖို့ ထုတ်ပေးတဲ့ စီးပွားရေးလုပ်ငန်းဖွံ့ဖြိုးရေး ရန်ပုံငွေရဲ့ ပဉ္စမမြောက်အသုတ်အဖြစ် ထုတ်ပေးမယ့်ငွေကြေးပမာဏဖြစ်ပါတယ်။ ယခုရရှိငွေက ယခင်ငါးနှစ်ခန့်က ရရှိခဲ့တဲ့ အမေရိကန်ဒေါ်လာ ၇၅ သန်းနဲ့ နှိုင်းယှဉ်ရင် ၂၀ ရာခိုင်နှုန်းကျော်ပိုမိုခဲ့ပါတယ်။

ယခုအစီအစဉ်တွေက စက်မှုလုပ်ငန်းဖွံ့ဖြိုးဖို့နဲ့ စီးပွားရေးလုပ်ငန်းတွေတိုးချဲ့ဖို့အတွက် ကုန်သွယ်ရေးအသင်းအဖွဲ့တွေနဲ့ ကုန်သည်ကြီးများအသင်းတွေရဲ့ကြိုးပမ်းမှုကို အထောက်အကူပေးသွားမှာဖြစ်ကြောင်း အေဂျင်စီနှစ်ခုက ပြောပါတယ်။ အကောင်အထည်ဖော်နေတဲ့ အစီအစဉ်တွေထဲမှာ ကုန်ထုတ်လုပ်မှု တိုးတက်ကောင်းမွန်ရေး၊ တီထွင်ဖန်တီးရေး၊ စွမ်းဆောင်ရည်မြှင့်တင်ရေးနဲ့ အပြည်ပြည်ဆိုင်ရာအဆင့်သို့ ဝင်ရောက်နိုင်ရေး စတဲ့ ရည်မှန်းချက်တွေပါဝင်ပါတယ်။ ကုန်သွယ်ရေးအဖွဲ့အစည်းတွေနဲ့ ကုန်သည်ကြီးများ အသင်းတွေက ဆောင်ရွက်နေတဲ့ ဖွံ့ဖြိုးရေးလုပ်ငန်းတွေကို စင်ကာပူအစိုးရက ထောက်ပံ့ပေးသွားမှာဖြစ်ကြောင်း ကုန်သွယ်ရေးနဲ့ စက်မှုဝန်ကြီး အက်စ် အစ္စဝါရန်က ပြောပါတယ်။

## ဖိလစ်ပိုင်နိုင်ငံသို့ အသားတင်အက်ဖ်ဒီအိုင် ဝင်ရောက်မှု နှစ်လအတွင်း အမေရိကန်ဒေါ်လာ သန်းကိုးရာကျော်ရှိ




မကြာသေးမီက ပြုလုပ်ခဲ့တဲ့ သမ္မတရွေးကောက်ပွဲကြောင့် မရေရာမှုများဖြစ်ပေါ်စေခဲ့ပေမယ့် ယခုနှစ်ပထမနှစ်လအတွင်း ဖိလစ်ပိုင်နိုင်ငံအတွင်းသို့ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု (အက်ဖ်ဒီအိုင်) စီးဝင်ငွေတိုးတက်မှု ၅၀ ဒသမ ၆ ရာခိုင်နှုန်းရှိခဲ့ကြောင်း ဖိလစ်ပိုင်စတားသတင်းမှာ ဖော်ပြပါတယ်။

ဖိလစ်ပိုင်ဗဟိုဘဏ်မှ ထုတ်ပြန်တဲ့စာရင်းများအရ ဇန်နဝါရီနဲ့ ဖေဖော်ဝါရီမှာ အက်ဖ်ဒီအိုင်စီးဝင်မှုက အမေရိကန် ဒေါ်လာ ၉၃၆ သန်းရှိပြီး ယခင်နှစ်ကာလတူနဲ့နှိုင်းယှဉ် ပါက ၃၁၄ သန်းပိုမိုခဲ့တာကို တွေ့ရပါတယ်။

"တိုင်းပြည်ရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအလားအလာနဲ့ မေခရိုစီးပွားရေးအခြေခံတွေ တိုးတက်ကောင်းမွန်မှုကြောင့် ရင်းနှီးမြှုပ်နှံသူတွေရဲ့ ယုံကြည်မှုမြင့်တက်ခဲ့ပါတယ်။ ဒါကြောင့် အက်ဖ်ဒီအိုင်မှတ်ပုံတင်အရေအတွက်က မြင့်တက်လာခဲ့ပါတယ်" လို့ ဗဟိုဘဏ်က ပြောပါတယ်။

ယခုနှစ် ပထမနှစ်လအတွင်းမှာ အီကွိတီရှယ်ယာစီးဝင်မှုကိုကြည့်ပါက ယခင်နှစ်ကာလတူကရှိခဲ့တဲ့ အမေရိကန်ဒေါ်လာ ၂၀၅ သန်းနဲ့ နှိုင်းယှဉ်ရင် နှစ်ဆမြင့်တက်ပြီး အမေရိကန်ဒေါ်လာ ၄၄၉ သန်းရှိခဲ့ပါ တယ်။

မတည်ရင်းနှီးငွေအများစုကို ဟောင်ကောင်၊ စပိန်၊ ဘဟားမား၊ တရုတ်(တိုင်ပေ)နဲ့ ဂျပန်တို့ကရရှိပြီး လယ်ယာစိုက်ပျိုးရေး၊ သစ်တော၊ ငါးဖမ်းလုပ်ငန်း၊ ဘဏ္ဍာရေးနဲ့ အာမခံလုပ်ငန်း၊ ဆောက်လုပ်ရေး၊ ကုန်ချောထုတ်လုပ်ရေးနဲ့ အိမ်ခြံမြေလုပ်ငန်းတွေမှာ အသုံးပြုပါတယ်။ ပင်လယ်ရပ်ခြားရှိ မိခင်ကုမ္ပဏီများက ဖိလစ်ပိုင်နိုင်ငံရှိ လက်အောက်ခံလုပ်ငန်းတွေကို ထောက်ပံ့ငွေက ၁၉ ဒသမ ၈ ရာခိုင်နှုန်းမြင့်တက်ပြီး အမေရိကန်ဒေါ်လာ ၃၅၅ သန်းရှိခဲ့ကြောင်း ဗဟိုဘဏ်ကိန်းဂဏန်းများအရ သိရပါတယ်။

အမေရိကန်ပြည်ထောင်စုရဲ့ ဗဟိုဘဏ်အတိုးနှုန်းပြောင်းလဲမှုနဲ့ တရုတ်နိုင်ငံစီးပွားရေးနှေးကွေးကျဆင်းမှုတို့ကြောင့် မတည်ရင်းနှီးငွေများက ဖွံ့ဖြိုးဆဲ စျေးကွက်တွေကနေ ဖွံ့ဖြိုးပြီးစျေးကွက်များသို့ ပြောင်းလဲခဲ့ပါတယ်။ ဒါပေမယ့် ဖိလစ်ပိုင်နိုင်ငံရဲ့ မေခရိုစီးပွားရေးအခြေခံကောင်းမွန်မှုကြောင့် ဂယက်ရိုက်ခတ်မှုကို ကြံ့ကြံ့ခံနိုင်ခဲ့ပါတယ်။

ဘဏ်တင်-စုစည်းတင်ပြသည်

## ၂၀၁၈ ခုနှစ်မှစတင်ကာ စီမံကိန်းနဲ့ ဘတ်ဂျက်များရေးဆွဲရာမှာ အီလက်ထရွန်းနစ်စနစ်ကို အင်ဒိုနီးရှား ကျင့်သုံးမည်

၂၀၁၈ ခုနှစ်မှစ၍ စီမံကိန်းရေးဆွဲခြင်း၊ ဘတ်ဂျက်ရေးဆွဲခြင်းလုပ်ငန်းများတွင် အင်ဒိုနီးရှားအစိုးရက အီလက်ထရွန်းနစ်စနစ်ကို အသုံးပြုတော့မှာဖြစ်ကြောင်း အမျိုးသားဖွံ့ဖြိုးရေးစီမံကိန်းဝန်ကြီး ဆော့ဖရန်ဂျာလီရဲ့ ပြောကြားချက်ကို ကိုးကားပြီး အန်တာရာနယူးစ်သတင်းမှာ ဖော်ပြပါတယ်။

"၂၀၁၇ ခုနှစ်အတွက် အစိုးရရဲ့ရှေ့လုပ်ငန်းစဉ်မူကြမ်းကို ရေးဆွဲတဲ့အခါ လုပ်ငန်းစဉ်တွေကို တိုးတက်ကောင်းမွန်အောင်ကျွန်တော်တို့ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ အီလက်ထရွန်းနစ်ကို အသုံးပြုဆောင်ရွက်တဲ့ e-budgeting နဲ့ e-planning စနစ်တွေကို အသုံးပြုဖို့ အတွက် ဆောင်ရွက်ရာမှာ ဒီအဆင့်ကကနဦးအဆင့် ဖြစ်ပါတယ်" လို့ အမျိုးသားဖွံ့ဖြိုးရေးစီမံကိန်းဘုတ်အဖွဲ့ရဲ့ ဥက္ကဋ္ဌလည်းဖြစ်သူ ဝန်ကြီးဂျာလီက မေ ၁၁ ရက်ကပြောပါတယ်။

၂၀၁၆ ခုနှစ် အမျိုးသားဖွံ့ဖြိုးရေးစီမံကိန်းအရ အကောင်အထည်ဖော် ဆောင်ရွက်မှုတွေကလည်း အီလက်ထရွန်းနစ် အသုံးပြုရေးလုပ်ငန်းတွေ ပိုမိုထိရောက်အောင် ဆောင်ရွက်ရာမှာ အထောက်အကူဖြစ်စေကြောင်း သူကပြောပါတယ်။ အစိုးရရဲ့ ၂၀၁၈ ခုနှစ်ရှေ့လုပ်ငန်းစဉ်ကိုပြင်ဆင်တဲ့အခါ အနေအထားအကောင်းဆုံးဖြစ်ဖို့အတွက် ဒေသဆိုင်ရာအစိုးရအဆင့်ဆင့်မှာ ဆွေးနွေးသွားမှာဖြစ်ကြောင်းလည်း သူကပြောပါတယ်။

အစိုးရက စီမံကိန်းစနစ်တွေဆောင်ရွက်တဲ့အခါမှာ လုပ်ငန်းအလိုက် ငွေကြေးသုံးစွဲတဲ့စနစ်ကနေ ပရိုဂရမ်အစီအစဉ်ကိုအခြေခံပြီးငွေကြေးသုံးစွဲတဲ့စနစ် ကို ပြောင်းလဲသုံးစွဲမှာဖြစ်ကြောင်း သူကပြောပါတယ်။ လုပ်ငန်းအလိုက် ငွေကြေးသုံးစွဲတဲ့စနစ်ကို အသုံးပြုဆောင်ရွက်တဲ့အခါ အစီအစဉ်တွေ တစ်ခုနဲ့တစ်ခု ရောထွေးမှုတွေရှိတတ်ကြောင်း သူကပြောပါတယ်။

၂၀၁၇ ခုနှစ်အတွက်အစိုးရရဲ့ရှေ့လုပ်ငန်းစဉ်ကို အကောင်အထည်ဖော်တဲ့အခါ အစီအစဉ်တွေကို အခြေခံတဲ့ ငွေကြေးသုံးစွဲတဲ့စနစ်ကို သုံးစွဲမှာဖြစ်ကြောင်း ဝန်ကြီးကပြောပါ တယ်။ ဒေသအသီးသီးမှာ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးအထူးရန်ပုံငွေများ လျာထားဆောင်ရွက်မှာဖြစ်ကြောင်းလည်း သူကပြောပါတယ်။

# ရက်သတ္တပတ်အတွင်း စီးပွားရေး သတင်းတိုများ

**နယူးယောက်**

အိန္ဒိယနိုင်ငံရဲ့ ဝယ်လိုအားမြင့်တက်လာမှုကြောင့် ယခုနှစ် ပထမသုံးလပတ်မှာ ကမ္ဘာ့ရေနံစိမ်းဝယ်လိုအား မြင့်တက်လာခဲ့ပါတယ်။ အလားတူ တစ်နှစ်လုံးအတွက် ဝယ်လိုအားမြင့်တက်လာပြီး ၂၀၁၆ ခုနှစ် ဒုတိယနှစ်ဝက်မှာ ရေနံစိမ်းလက်ကျန်နည်းလိမ့်မယ်လို့ အပြည်ပြည်ဆိုင်ရာစွမ်းအင်အေဂျင်စီက ခန့်မှန်းတဲ့အတွက် အမေရိကန်ရေနံ စိမ်းဈေးနှုန်းတွေ မေ ၁၂ ရက်မှာ မြင့်တက်ပြီး နယူးယောက်ဈေးကွက်မှာ တစ်စည်ကို အမေရိကန်ဒေါ်လာ ၄၆ ဒသမ ၇၀ နှုန်းရှိခဲ့ကြောင်း အေအက်ဖ်ပီသတင်းမှာ ဖော်ပြပါတယ်။

**တိုကျို**

ငွေကြေးဖောင်းပွမှုနှုန်းကို မူလရည်မှန်းချက်အတိုင်းနှစ်ရာခိုင်နှုန်းရရှိအောင် ဆောင်ရွက်ရာမှာ လိုအပ်တဲ့မူဝါဒလက်နက်များကို အသုံးချသွားမှာဖြစ်ကြောင်းနဲ့ ယခင်က ဆောင်ရွက်ခဲ့တဲ့ငွေကြေးဖြေလျှော့မှုများရဲ့ အကျိုးသက်ရောက်မှုများကိုလည်း စောင့်ဆိုင်းနေမှာမဟုတ်ကြောင်း ဂျပန်ဗဟိုဘဏ်အုပ်ချုပ်ရေးမှူး ဟာရူဟိကိုကူရိုဒါရဲ့ မေ ၁၃ ရက်ကပြောကြားချက်ကို ကိုးကားပြီးရိုက်တာသတင်းမှာ ဖော်ပြပါတယ်။

**ဟိုချီမင်းစီးတီး**

အမေရိကန်ပြည်ထောင်စုနဲ့ အီးယူမှာ အော်ဂဲနစ်အစားအစာများအတွက် ဝယ်လိုအားကနှစ်စဉ် ၁၀ ရာခိုင်နှုန်းမှ ၁၅ ရာခိုင်နှုန်းအထိ ကြီးထွားလျက်ရှိရုံသာမက ဆက်လက်တိုးတက်မယ့် အလားအလာများရှိနေတဲ့အတွက် အော်ဂဲနစ်လယ်ယာထွက်ကုန်များရဲ့ ဝယ်လိုအားမှာ ဗီယက်နမ်နဲ့ ကမ္ဘာ့ဈေးကွက်များလည်း ထူးထူးခြားခြားတိုးတက်လျက်ရှိရာ ဒီနယ်ပယ်မှာ ရင်းနှီးမြှုပ်နှံသူတို့အတွက် အလားအလာကောင်းများရှိကြောင်း ဟိုချီမင်းစီးတီးမှာကျင်းပတဲ့ နှီးနှော ဖလှယ်ပွဲကို တက်ရောက်သူတို့က ပြောပါတယ်။

**လန်ဒန်**

ဗြိတိန်နိုင်ငံ အီးယူမှထွက်ခွာရေးအတွက် ဇွန်လမှာ ကျင်းပမယ့် ဆန္ဒခံယူပွဲရလဒ်က မရေရာမှုရှိနေတဲ့အတွက် ဗြိတိန်နိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်မှုအပေါ် ဖိအားပေးမှုများရှိနေကြောင်း အင်္ဂလန်ဘဏ်ရဲ့ မေ ၁၂ ရက်က ထုတ်ပြန်ချက်ကို ကိုးကားပြီး အေအက်ဖ်ပီသတင်းမှာ ဖော်ပြပါတယ်။

## Middle East

### အစိုးရအဖွဲ့ အပြောင်းအလဲက ဆော်ဒီနိုင်ငံရဲ့ စီးပွားရေးပြုပြင်ပြောင်းလဲမှုအတွက် ဆုံးဖြတ်ချက်ကို ပြသ

အစိုးရအဖွဲ့အတွင်း အဓိက အပြောင်းအလဲများ ပြုလုပ်တာကို ကြည့်ခြင်းအားဖြင့် ဆော်ဒီနိုင်ငံရဲ့ စီးပွားရေးကို ရေနံအပေါ် မှီခိုနေတဲ့ ဘဝမှ စွန့်ခွာဖို့ ဆော်ဒီဘုရင် ဆာလ်မန်နဲ့ သူရဲ့သားတော်တို့ရဲ့ ဆုံးဖြတ်ချက်ကို ပြသလိုက်တာဖြစ်ကြောင်း ကျွမ်းကျင်သူတွေရဲ့ ပြောကြားချက်ကို ကိုးကားပြီး အေအက်ဖ်ပီသတင်းမှာ ဖော်ပြပါတယ်။

ဆော်ဒီအာရေးဗီးယား နန်းတော်က ဒီဂရီအမိန့်အများအပြားကို မေ ၇ ရက်မှာ ထုတ်ပြန်ခဲ့ပါတယ်။ အဆိုပါ ဒီဂရီအမိန့်များဟာ ဘုရင့်သားတော်ဖြစ်တဲ့ ဒုတိယအိမ်ရှေ့မင်းသား မိုဟာမက်ဘင်ဆာလ်မန် လွန်ခဲ့တဲ့ ရက်သတ္တပတ်နှစ်ပတ်က ထုတ်ပြန်ခဲ့တဲ့ ၂၀၃၀ ပြည့်နှစ်ရည်မှန်းချက်ပါ ဦးစားပေးလုပ်ငန်းများကို ထင်ဟပ်ပြသလျက်ရှိနေပါတယ်။

"သူတို့ လေးလေးနက်နက် စဉ်းစား ဆောင်ရွက်နေတယ်ဆိုတာကို ပြသနေပါတယ်။ အားလုံးက မှန်ကန်တဲ့ ဦးတည်ချက်ဆီကို သွားနေပါတယ်။ ပြောင်းလဲဖို့သူတို့ကြိုးစားနေပါတယ်"လို့ အစိုးရအပြောင်းအလဲနဲ့ ပတ်သက်ပြီး ဝါရင့်ဘဏ်လုပ်ငန်းရှင်တစ်ဦးက ပြောပါတယ်။

စီးပွားရေးရာ ဖွံ့ဖြိုးတိုးတက်ရေးကောင်စီကို ဦးဆောင်လျက်ရှိတဲ့ မင်းသားမိုဟာမက်က စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ဆော်ဒီအာရေးဗီးယားနိုင်ငံရဲ့ စီးပွားရေးကို ဘက်စုံဖြန့်ကြက်ဆောင်ရွက်မှာဖြစ်ကြောင်း ကာလကြာမြင့်စွာကတည်းကပင် ပြောကြားခဲ့ကြပါတယ်။ ဒါပေမယ့် လွန်ခဲ့တဲ့နှစ်နှစ်လောက်ကတည်းက ရေနံဈေးနှုန်းတွေကျဆင်းခဲ့တဲ့အတွက် ကြိုးပမ်းမှုအရာမထင်ဖြစ်ခဲ့ရပါတယ်။ ၂၀၃၀ ပြည့်နှစ် ရည်မှန်းချက်အရ ဆော်ဒီအာရေးဗီယားနိုင်ငံမှာ အကြီးမားဆုံးနိုင်ငံတော်ပိုင် ကုမ္ပဏီဖြစ်တဲ့ ဆော်ဒီအရမ်ကိုကုမ္ပဏီရဲ့ ရှယ်ယာငါးရာခိုင်နှုန်းကို ကနဦးကမ်းလှမ်းချက် (အိုင်ပီအို) အဖြစ် ရောင်းချသွားမှာ ဖြစ်ပါတယ်။ ဆော်ဒီအာရေးဗီးယား ကုမ္ပဏီရဲ့ ကနဦး ကမ်းလှမ်းချက်က ကမ္ဘာပေါ်မှာ အများဆုံးဖြစ်တယ်လို့ တာဝန်ရှိသူများက ပြောပါတယ်။

## EU

### အီးယူမှ ဗြိတိန်နိုင်ငံနုတ်ထွက်ပါက မမျှော်လင့်တဲ့ အကျိုးဆက်တွေဖြစ်ပေါ်လာနိုင်ကြောင်း ဥရောပကော်မရှင်ဥက္ကဋ္ဌကပြော

ဥရောပသမဂ္ဂ (အီးယူ)မှ ဗြိတိန်နိုင်ငံ နုတ်ထွက်သွားမယ်ဆိုရင် ဥရောပပူးပေါင်း ဆောင်ရွက်ရေးအတွက် မမျှော်မှန်းနိုင်တဲ့ အကျိုးဆက်တွေဖြစ်ပေါ်လာနိုင်ကြောင်း ဂျာမန်သတင်းဌာနတစ်ခုနဲ့ တွေ့ဆုံမေးမြန်းခန်းမှာ ဥရောပကော်မရှင်ဥက္ကဋ္ဌ ယွန်းကလောဂျန်ကာရဲ့ ပြောကြားချက်ကို ကိုးကားပြီး အေအက်ဖ်ပီသတင်းမှာ ဖော်ပြပါတယ်။ နိုင်ငံပေါင်း ၂၈ နိုင်ငံပါဝင်တဲ့ အီးယူအဖွဲ့မှာ ဗြိတိန်နိုင်ငံဆက်လက်ပါဝင်ဖို့ သင့်မသင့်ကို ဇွန် ၂၃ ရက်မှာ ပြည်သူ့ဆန္ဒခံယူပွဲ ကျင်းပမှာဖြစ်ပါတယ်။ သဘောထားစစ်တမ်းကြိုတင်ကောက်ယူချက်များအရ ဒီပြဿနာနဲ့ ပတ်သက်ပြီးရလဒ်က ပြတ်ပြတ်သားသားမရှိသေးတာကို တွေ့ရပါတယ်။




"အီးယူအဖွဲ့မှ ဗြိတိန်နိုင်ငံနုတ်ထွက်မယ်ဆိုရင်ဥရောပပူးပေါင်းဆောင်ရွက်မှုအတွက် မမျှော်မှန်းနိုင်တဲ့ အကျိုးဆက်တွေပေါ်ပေါက်လာနိုင်ပါတယ်။ ဒါပေမယ့် ဗြိတိသျှလူမျိုးတွေက ကြိုးကြောင်းညီညွတ်တဲ့ ဆုံးဖြတ်ချက်ကို ပေးလိမ့်မယ်လို့ ယုံကြည်တဲ့အတွက် ဒီအကျိုးဆက်တွေကို ကြိုတင်ပြောမထားချင်သေးပါဘူး"လို့ ဂျာမန်သတင်းစာ Funke Medingruppe နဲ့ တွေ့ဆုံမေးမြန်းခန်းမှာ ဂျန်ကာက သတိပေးစကားပြောပါတယ်။

ဥရောပသမဂ္ဂမှ ဗြိတိန်နိုင်ငံရဲ့ ထွက်ခွာမှုအပါအဝင်အဖွဲ့ရဲ့ စီးပွားရေးဖွံ့ဖြိုးမှုကို အဟန့်အတားဖြစ်စေတဲ့ အကြောင်းတရားများကြောင့် ယခုနှစ်အတွက် အီးယူရဲ့စီးပွားရေးဖွံ့ဖြိုးမှုနှုန်းကို လျှော့ချခန့်မှန်းခဲ့ပါတယ်။ အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့၊ ဂျီ-၂၀နဲ့ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနဲ့ ဖွံ့ဖြိုးရေးအဖွဲ့ (အိုအီးစီဒီ) တို့ကလည်း အီးယူမှ ဗြိတိန်နိုင်ငံနုတ်ထွက်ပါကတွေ့ကြုံရမယ့် စီးပွားရေး အန္တရာယ်များကို သတိပေးခဲ့ပါတယ်။

## East Asia

### ပို့ကုန်ကျဆင်းမှုကြောင့် တောင်ကိုရီးယားစီးပွားရေးကို ပြင်းပြင်း ထန်ထန်ထိခိုက်

ပြည်တွင်းစားသုံးမှုနဲ့ ဆောက်လုပ်ရေးလုပ်ငန်းတွေမှာ ရင်းနှီးမြှုပ်နှံမှုတွေက အကောင်းဘက်ကို ဦးတည်လျက်ရှိနေပေမယ့် တောင်ကိုရီးယားနိုင်ငံရဲ့ ပို့ကုန်လုပ်ငန်းတွေက ခန့်မှန်းထားတာထက် ပိုမိုကျဆင်းလျက်ရှိတာကြောင့် တောင်ကိုရီးယားနိုင်ငံရဲ့ စီးပွားရေးက ကျဆင်းနေဆဲဖြစ်ကြောင်း မေ ၉ ရက်က ထုတ်ပြန်တဲ့ ကိုရီးယားဖွံ့ဖြိုးရေးအဖွဲ့ (KDI) ရဲ့ထုတ်ပြန်ချက်ကို ကိုးကားပြီး ယွန်းဟပ်သတင်းမှာ ဖော်ပြပါတယ်။

"တချို့စီးပွားရေးညွှန်ကိန်းတွေက အနည်းငယ်တိုးတက်ကောင်းမွန်လာတယ်ဆိုပေမယ့် တောင်ကိုရီးယားနိုင်ငံရဲ့ စီးပွားရေးဖွံ့ဖြိုးမှုတစ်ခုလုံးကို ခြုံကြည့်ရင် ကျဆင်းနေဆဲ ဖြစ်ပါတယ်"လို့ တောင်ကိုရီးယားစီးပွားရေးအခြေအနေကိုလစဉ်သုံးသပ်ဖော်ပြပေးနေတဲ့ KDI ရဲ့ အစီရင်ခံစာမှာ ဖော်ပြထားပါတယ်။

ပို့ကုန်ကျဆင်းမှုအပေါ် အများကြီးမှီခိုနေရတဲ့ကုန်ထုတ်လုပ်ငန်း ရင်းနှီးမြှုပ်နှံမှုတွေက ကိုရီးယားစီးပွားရေးဖွံ့ဖြိုးမှုအပေါ် အရှိန်အဟုန် ပြင်းစွာဂယက်ရိုက်ခတ်မှုရှိခဲ့ကြောင်းလည်း ဖော်ပြထားပါတယ်။

မော်တော်ကားရောင်းချမှုက ၂၁ ဒသမ ၅ ရာခိုင်နှုန်းမြင့်တက်ခဲ့တဲ့အတွက် တောင်ကိုရီးယားနိုင်ငံမှ လက်လီအရောင်းလုပ်ငန်းတွေရဲ့ မတ်လအတွင်းတိုးတက်မှုနှုန်းက နှစ်အလိုက်နှိုင်း ယှဉ်ရင် ၅ ဒသမ ၇ ရာခိုင်နှုန်းမြင့်တက်ခဲ့ပါတယ်။

ဆောက်လုပ်ရေးလုပ်ငန်းမှာ ရင်းနှီးမြှုပ်နှံမှုကလည်း မတ်လမှာ မှန်မှန်တိုးတက်ခဲ့ပါတယ်။ ဆောက်လုပ်ရေးလုပ်ငန်းတွေရဲ့ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့တဲ့တန်ဖိုးက မတ်မှာ ၂၃ ဒသမ ၃ ရာခိုင်နှုန်းမြင့်တက်ခဲ့ပါတယ်။

ပို့ကုန်ကျဆင်းမှုက စီးပွားရေးတစ်ခုလုံးရဲ့စွမ်းဆောင်ရည်ကို ကျဆင်းစေတဲ့အတွက် တခြားစီးပွားရေးညွှန်းကိန်းတွေကတော့ မဆိုသလောက်သာ တိုးတက်မှုရှိခဲ့ပါတယ်။

## South Asia

### ဒစ်ဂျစ်တယ် စီးပွားရေးမှရရှိတဲ့ အကျိုးကျေးဇူးကို ခံစားရာမှာ အိန္ဒိယနိုင်ငံ၌ ကွာဟချက်ရှိ

အိန္ဒိယနိုင်ငံက ကမ္ဘာ့အိုင်တီစွမ်းအားကြီးနိုင်ငံတစ်ခုဖြစ်ပေမယ့် ဒစ်ဂျစ်တယ်စီးပွားရေးမှ ထွက်ပေါ်လာတဲ့ အကျိုးစီးပွားများကို အိန္ဒိယနိုင်ငံသားအများစုက ခံစားခွင့်မရသေးကြောင်း ကမ္ဘာ့ဘဏ်ရဲ့ မေ ၁၀ ရက်ကထုတ်ပြန်ချက်ကို ကိုးကားပြီး အေအက်ဖ်ပီသတင်းမှာ ဖော်ပြပါတယ်။ အိန္ဒိယနိုင်ငံမှာ ထွန်းကားလျက်ရှိတဲ့ Outsourcing စီးပွားရေးလုပ်ငန်းတွေကို အိန္ဒိယနိုင်ငံရဲ့ ဘင်္ဂါလိုနဲ့ ဟိုက်ဒရာဘတ်ဒေသတွေမှာ အခြေပြုဆောင်ရွက်လျက်ရှိပြီး အိုင်တီဝန်ဆောင်မှုနဲ့ ကျွမ်းကျင်လုပ်သားတွေပြည်ပကို စေလွှတ်ပေးရာမှာ ဖွံ့ဖြိုးဆဲကမ္ဘာကို ဦးဆောင်လျက်ရှိပါတယ်။

ဒါပေမယ့် အိန္ဒိယနိုင်ငံမှာ အင်တာနက်ဆက်သွယ်မှုမရရှိသူဦးရေက တစ်ဘီလီယံရှိကြောင်း ၂၀၁၆ ခုနှစ် ကမ္ဘာ့ဖွံ့ဖြိုးရေးအစီရင်ခံစာမှာ ဖော်ပြထားပါတယ်။ အိန္ဒိယစီးပွားရေးလုပ်ငန်း ငါးခုအနက် နှစ်ခုမျှသာ အွန်လိုင်းကို အသုံးပြုလျက်ရှိရာ သုံးပုံနှစ်ပုံခန့်က အွန်လိုင်းကိုအသုံးပြုလျက်ရှိတဲ့ တရုတ်စီးပွားရေးလုပ်ငန်းများနဲ့ နှိုင်းယှဉ်ပါက အလွန်မတန်နည်းပါးနေတာကို တွေ့ရပါတယ်။

အိန္ဒိယနိုင်ငံက လူတိုင်းတတ်နိုင်တဲ့ အင်တာနက်ဆက်သွယ်မှု ဆောင်ရွက်ခြင်း၊ နည်းပညာသစ်တွေကျွမ်းကျင်ဖို့ လုပ်သားများလေ့ကျင့်ပေးခြင်းနဲ့ ယှဉ်ပြိုင်နိုင်မှုစွမ်းရည် မြင့်တက်ဖို့အတွက် စည်းမျဉ်းဥပဒေများရဲ့ ရေးဆွဲခြင်းတို့ကို ဆောင်ရွက်ခြင်းဖြင့် အိန္ဒိယနိုင်ငံက ဒစ်ဂျစ်တယ်စီးပွားရေး အခြေခံများခိုင်မာအောင် လုပ်ဖို့လိုကြောင်း အစီရင်ခံစာမှာ ဖော်ပြပါတယ်။

"ကျွမ်းကျင်မှုနဲ့ အင်တာနက်အဆက်အသွယ်ကောင်းမွန်မှုက အဓိကကျပါတယ်။ အိန္ဒိယနိုင်ငံမှာ အခြားအခြေခံအချက်တွေ ပြည့်စုံပါတယ်။ ဒါပေမယ့် ဒီနှစ်ချက်ကတော့ အိန္ဒိယနိုင်ငံရဲ့ အလုံးစုံပါဝင်ရမယ့် တော်လှန်ရေးရဲ့ အဓိက လိုအပ်တဲ့အချက်တွေဖြစ်ပါတယ်"လို့ အိန္ဒိယနိုင်ငံဆိုင်ရာဌာနေကိုယ်စားလှယ် အွန်နိုရူးက ပြောပါတယ်။

ဘာသာပြန်: **ဉာဏ်တင်-စုစည်းတင်ပြသည်**



# မြန်မာ့ကုန်သွယ်ဖက်နိုင်ငံများရဲ့ ငွေကြေး ရက်သတ္တပတ်

တရုတ်နိုင်ငံ စီးပွားရေးနာလန်ထူမှုနှေးကွေး ကျဆင်းနေတာကြောင့် ကမ္ဘာ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုနှုန်းမှာလည်းနှေးကွေးနေဆဲဖြစ်တဲ့အတွက် ထွန်းသစ်စ အာရှငွေကြေးအများစုမှာ ရက်သတ္တပတ်အလိုက် တန်ဖိုးကျဆင်းဦးမယ့်လက္ခဏာကို ပြသနေပါတယ်။ စီးပွားရေးအရ ကမ္ဘာမှာဒုတိယနေရာမှာရှိနေတဲ့ တရုတ်နိုင်ငံရဲ့ ပို့ကုန်သွင်းကုန်လုပ်ငန်းတွေက ဧပြီမှာ မူလခန့်မှန်းထားတာထက်အများကြီးကျဆင်းခဲ့ပါတယ်။

အမေရိကန် ပြည်ထောင်စုရဲ့ အလုပ်သမားဈေးကွက် အားကောင်းလာပြီး၊ ငွေကြေးဖောင်းပွမှုနှုန်းကလည်း ရည်မှန်းထားတဲ့အတိုင်း တိုးတက်လာမယ်ဆိုရင် အမေရိကန်ပြည်ထောင်စု ဗဟိုဘဏ်က အတိုးနှုန်းကိုထပ်မံတိုးမြှင့်ပေးသင့်ကြောင်း ဘော့စတွန်ဗဟိုဘဏ်ဥက္ကဌအီးရစ်ရိုဆင်ဂရင်းက မေ ၁၂ရက်က ဝေဖန်ပြောကြားချက်ကြောင့် အမေရိကန်ဒေါ်လာတန်ဖိုးကို မြင့်တက်စေခဲ့ပါတယ်။ ရင်းနှီးမြှုပ်နှံသူများကတော့ ဧပြီလအတွက်ထုတ်ပြန်မယ့် အမေရိကန်စီးပွားရေး ကိန်းဂဏန်းများကို စောင့်ကြည့်နေဆဲဖြစ်ပါတယ်။

တောင်ကိုရီးယားဗဟိုဘဏ်က အတိုးနှုန်းကိုလျှော့ချပေးမယ့် အလားအလာရှိနေတဲ့အတွက် ရက်သတ္တပတ်အလိုက်နှိုင်းယှဉ်ကြည့်ရင် တောင်ကိုရီးယားဝမ်တန်ဖိုးက အာရှငွေကြေးများအနက် တန်ဖိုးကျဆင်းမှုအများဆုံးဖြစ်ခဲ့ပါတယ်။

**တရုတ်ယွမ်**

တရုတ်ဗဟိုဘဏ်ရဲ့ နေ့အလိုက်ရည်ညွှန်းဖလှယ်နှုန်းကို မေ ၁၃ ရက်မှာ လျှော့ချသတ်မှတ်ပေးခဲ့ပါတယ်။ အမေရိကန်ဒေါ်လာနဲ့ တရုတ်ယွမ်ငွေကြေးဖလှယ်နှုန်းမှာ မေ ၁၂ ရက်က တစ်ဒေါ်လာကို ၆ ဒသမ ၄၉၄၉ ယွမ်နှုန်းရှိခဲ့ရာမှ နောက်တစ်နေ့မှာ တစ်ဒေါ်လာကို ၆ ဒသမ ၅၂၄၆ ယွမ်နှုန်းရှိခဲ့ရာ မတ် ၅ ရက်နောက်ပိုင်း အနိမ့်ဆုံးနှုန်းဖြစ်ခဲ့ပါတယ်။ ဗဟိုဘဏ်က ယွမ်ငွေကြေးဖလှယ်နှုန်းကို သတ်မှတ်ပေးပြီးနောက်ပိုင်းပြည်မကြီးဈေးကွက်မှာ ယွမ်ငွေကြေးဖလှယ်နှုန်းက တစ်ဒေါ်လာကို ၆ ဒသမ ၅၄၆၁ ယွမ်နှုန်းရှိပြီး ရှန်ဟဲလက်ငင်းဈေးကွက်မှာ တစ်ဒေါ်လာ ၆ ဒသမ ၅၂၁၀ ယွမ်နှုန်းရှိခဲ့တဲ့အတွက် ကွာဟချက်နည်းလာခဲ့ပါတယ်။

**အိန္ဒိယရူပီး**

ပြည်တွင်းရှယ်ယာဈေးကွက်တွေကျဆင်းနေချိန်မှာ သွင်းကုန်လုပ်ငန်းရှင်များရဲ့ အမေရိကန်ဒေါ်လာဝယ်လိုအားမြင့်တက်လာတဲ့အတွက် မေ ၁၃ ရက်နံနက်ပိုင်းဈေးကွက်မှာ အိန္ဒိယရူပီးတန်ဖိုးက သုည ဒသမ ၁၇ ရူပီးနှုန်းကျဆင်းပြီး တစ်ဒေါ်လာကို ၆၆ ဒသမ ၇၉ ရူပီးနှုန်းရှိခဲ့ပါတယ်။

အိန္ဒိယနိုင်ငံရဲ့ ကုန်ထုတ်လုပ်မှုက မတ်မှာ သုည ဒသမ ၁ ရာခိုင်နှုန်းကျဆင်းပြီး ဧပြီငွေကြေးဖောင်းပွမှုနှုန်းက ၅ ဒသမ ၃၉ ရာခိုင်နှုန်းမြင့်တက်မှုကလည်း ရူပီးတန်ဖိုးကျဆင်းစေခဲ့တဲ့အကြောင်းရင်းများဖြစ်ခဲ့ကြောင်းငွေကြေးဝယ်ရောင်းသမားတွေက ပြောပါတယ်။ ဒါပေမယ့် ပြည်ပဈေးကွက်မှာ အချို့ငွေကြေးတွေနဲ့ဖလှယ်တဲ့အခါ အမေရိကန် ဒေါ်လာတန်ဖိုးကျဆင်းမှုကရူပီးတန်ဖိုးကျဆင်းမှုကို သက်သာရာရစေခဲ့ပါတယ်။

**ဂျပန်ယန်း**

အမေရိကန်စီးပွားရေး ကိန်းဂဏန်းများထုတ်ပြန်မှုကို ကုန်သည်တွေက စောင့်ကြည့်အကဲခတ်နေတဲ့အတွက် မေ ၁၃ ရက်က အမေရိကန်ဒေါ်လာတန်ဖိုး အနည်းငယ်ကျဆင်းပြီး တစ်ဒေါ်လာကို ၁၀၈ ဒသမ ၅ ယွမ်နှုန်းအထက်ဝန်းကျင်မှာ ရှိနေပါတယ်။

အမေရိကန်ဒေါ်လာနဲ့ ယန်းငွေဖလှယ်နှုန်းက မေ ၁၂ ရက်ညနေ ၅ နာရီက နယူးယောက်ဈေးကွက်မှာ တစ်ဒေါ်လာကို ၁၀၈ ဒသမ ၉၅ ယန်းနှုန်းနဲ့တိုကျိုဈေးကွက်မှာ ၁၀၈ ဒသမ ၉၂ ယန်းနှုန်းရှိခဲ့ရာမှ နောက်တစ်နေ့မွန်းတည့်ချိန်မှာ တစ်ဒေါ်လာကို ၁၀၈ ဒသမ ၇၈ ယန်းနှုန်းရှိခဲ့ပါတယ်။

ယူရိုငွေကြေးဖလှယ်နှုန်းမှာ မေ ၁၂ ရက်ညနေက နယူးယောက်ဈေးကွက်မှာတစ်ယူရိုကို အမေရိကန်ဒေါ်လာ ၁ ဒသမ ၁၃၇၃ နဲ့ ၁၂၃ ဒသမ ၉၇ ယန်းနှုန်းဖြင့်လည်းကောင်း၊ တိုကျိုဈေးကွက်မှာ ၁ ဒသမ ၁၄၀၇ ဒေါ်လာ နဲ့ ၁၂၄ ဒသမ ၂၅ ယန်းနှုန်းဖြင့်လည်းကောင်းရှိခဲ့ရာမှ နောက်တစ်နေ့နံနက်တိုကျိုဈေးကွက်မှာ ၁ ဒသမ ၁၃၆၉ ဒေါ်လာနဲ့ ၁၂၄ ဒသမ ၂၅ ယန်းနှုန်းရှိခဲ့ပါတယ်။

**မလေးရှားရင်းဂစ်**

ပြန်လည်ဦးမော့လာတဲ့ အမေရိကန်ဒေါ်လာနဲ့ ဖလှယ်ရာမှာ မေ ၁၃ ရက်နံနက်ပိုင်းမှာ ရင်းဂစ်တန်ဖိုးကျဆင်းခဲ့ပါတယ်။ အမေရိကန်ဒေါ်လာနဲ့ ရင်းဂစ်ဖလှယ်နှုန်းက မေ ၁၂ ရက်ဈေးပိတ်ချိန်မှာ တစ်ဒေါ်လာကို ၄ ဒသမ ဝ၂၀၀ ရင်းဂစ်နှုန်း ရှိခဲ့ရာမှ နောက်တစ်နေ့ နံနက် ၉ နာရီ ၁၂ မိနစ်မှာ တစ်ဒေါ်လာကို ၄ ဒသမ ဝ၂၈၅ ရင်းဂစ်နှုန်းရှိခဲ့ကြောင်း ဝယ်ရောင်းသမားတစ်ဦးကပြောပါတယ်။

အခြားငွေကြေးများနဲ့ ဖလှယ်ရာမှာ ရင်းဂစ်တန်ဖိုးက အတက်အကျအမျိုးမျိုးရှိခဲ့ပါတယ်။

**တောင်ကိုရီးယားဝမ်**

နည်းပညာနဲ့ သံမဏိလုပ်ငန်းများကျဆင်းလာတဲ့အတွက် တောင်ကိုရီးယားစတော့ရှယ်ယာတန်ဖိုးများ မေ ၁၃ ရက်မှာ သုည ဒသမ ၅၃ ရာခိုင်နှုန်းကျဆင်းခဲ့ပါတယ်။ အမေရိကန်ဒေါ်လာနဲ့ဖလှယ်ရာမှာ ပြည်တွင်းဝမ်ငွေကြေးတန်ဖိုးက ယမန့်နေ့ကနဲ့ နှိုင်းယှဉ်ရင် ၈ ဒသမ ၈ ဝမ်နှုန်းကျဆင်း ပြီး တစ်ဒေါ်လာကို ၁၁၇၁ ဒသမ ၄ ဝမ်နှုန်းရှိခဲ့ပါတယ်။

**ထိုင်းဘတ်**

မေ ၁၁ ရက်က ကျင်းပတဲ့ ထိုင်းငွေကြေးမူဝါဒကော်မတီအစည်းအဝေးမှာ ထိုင်းဗဟိုဘဏ် မူဝါဒအတိုးနှုန်းကို ၁ ဒသမ ၅ ရာခိုင်နှုန်းအတိုင်းဆက်လက်ထားရှိဖို့ ဆုံးဖြတ်ခဲ့ပါတယ်။ အမေရိကန်ဗဟိုဘဏ်က အတိုးနှုန်းကို မကြာမီမြှင့်တင်ပေးတော့မှာ ဖြစ်တဲ့အတွက် ထိုင်းဗဟိုဘဏ်အတိုးနှုန်းကို မြှင့်တင်မပေးရင် ရင်းနှီးမြှုပ်နှံသူတွေက ရင်းနှီးမြှုပ်နှံတော့မှာ မဟုတ်ဘူးလို့ စီးပွားရေးပညာရှင်တွေက ပြောပါတယ်။ ရိုက်တာသတင်းဌာနက ပြုစုထားတဲ့ စာရင်းအရ ဘတ်ငွေဖလှယ်နှုန်းက သုည ဒသမ ၁၆ ရာခိုင်နှုန်းကျဆင်းပြီး တစ်ဒေါ်လာကို ၃၅ ဒသမ ၃၆ ဘတ် နှုန်းရှိခဲ့ပါတယ်။

ညဏ်တင်-စစည်းတင်ပြသည်

## ယန်းငွေတန်ဖိုးအဆမတန်မတည်မငြိမ်ဖြစ်လာပါက ဂျပန်အစိုးရကဝင်ရောက်စွက်ဖက်ဖို့အသင့်ရှိ

ယန်းတန်ဖိုး အတက်အကျက တိုင်းပြည်ကုန်သွယ်မှုနဲ့ စီးပွားရေးကို ထိခိုက်လောက်တဲ့အထိ မတည်မငြိမ်ဖြစ်လာပါက ငွေကြေးဈေးကွက်ထဲကို ဝင်ရောက်စွက်ဖက်ဖို့ ဂျပန်အစိုးရက အသင့်ရှိကြောင်း မေ ၉ ရက် ဂျပန်ဘဏ္ဍာရေးဝန်ကြီး တာရိုအာဆိုရဲ့ ပြောကြားချက်ကို ကိုးကားပြီး အေအက်ဖ်ပီသတင်းမှာ ဖော်ပြပါ တယ်။

ဂျပန်နိုင်ငံရဲ့ ငွေကြေးမူဝါဒသင့်တော်မှုမရှိဘူးလို့ အမေရိကန်ပြည်ထောင်စုက ဆုံးဖြတ်လိမ့်မယ်လို့ မထင်မိပေမယ့် ယန်းငွေတန်ဖိုးဘယ်လောက်အထိ မြင့်တက်ရင်ဝင်ရောက်စွက်ဖက်သင့်တယ်ဆိုတဲ့ အချက်ကို စဉ်းစားရာမှာတော့ နှစ်နိုင်ငံရဲ့ အမြင်ချင်းတူမှာမဟုတ်ဘူးဆိုတဲ့ အချက်ကိုတော့ အာဆိုက ဝန်ခံပြောကြားပါတယ်။

"ဂျပန်နိုင်ငံ အတွက်ကတော့ ယန်းငွေတန်ဖိုး ကျတာကြောင့်ဖြစ်စေ မြင့်တက်တာကြောင့်ဖြစ်စေ ဂျပန်နိုင်ငံရဲ့ ကုန်သွယ်ရေး၊ စီးပွားရေးနဲ့ ဘဏ္ဍာရေးမူဝါဒတွေကို ထိခိုက်လာမယ်ဆိုရင် လက်သင့်ခံနိုင်မှာ မဟုတ်ပါဘူး။ အဲဒီလိုအဖြစ်မျိုးနဲ့ကြုံလာရင်တော့ အစိုးရက ဝင်ရောက်စွက်ဖက်ဖို့ အသင့်ပါပဲ" လို့ အာဆိုကဂျပန်လွှတ်တော်မှာ ပြောပါတယ်။

အမေရိကန်နိုင်ငံက နိုင်ငံခြားငွေကြေးဖလှယ်ရေးမူဝါဒတွေကို စောင့်ကြည့်ရမယ့် နိုင်ငံတွေစာရင်းမှာ ဂျပန်နိုင်ငံကို ထည့်သွင်းခဲ့ပြီးနောက်ပိုင်း မေပထမ ရက်သတ္တပတ်အတွင်းမှာ အမေရိကန်ဒေါ်လာနဲ့ ယန်းငွေဖလှယ်နှုန်းက တစ်ဒေါ်လာကို ၁၀၅ ဒသမ ၅၅ ယန်း အထိရောက်ရှိကာ ဒေါ်လာတန်ဖိုးက ၁၈ လအတွင်း အနိမ့်ဆုံးကိုရောက်ရှိခဲ့ပါတယ်။



အမေရိကန်အစိုးရရဲ့ ဆောင်ရွက်မှုကို ယန်းငွေရောင်းချရေးဈေးကွက်မှာ ဂျပန်အစိုးရကဝင်ရောက်စွက်ဖက်လာစေမယ့် သတိပေးအချက်ပြတစ်ခုအဖြစ် အချို့ရင်းနှီးမြှုပ်နှံသူတွေက အဓိပ္ပာယ်ဖွင့်ဆိုခဲ့ကြပါတယ်။

## ထိုင်းဗဟိုဘဏ် အတိုးနှုန်းကိုမူလအတိုင်း ဆက်လက်ထိန်းထားမည်

လက်ရှိကျင့်သုံးနေတဲ့ ငွေကြေးမူဝါဒက စီးပွားရေးနာလန်ထူဖို့အတွက် အထောက်အကူဖြစ်နေတယ်လို့ သုံးသပ်ပြီးနောက် ထိုင်းဗဟိုဘဏ်က အတိုးနှုန်းကို မပြောင်းလဲဘဲဆက်လက်ထိန်းထားဖို့ မေ ၁၁ ရက်က ဆုံးဖြတ်ခဲ့ပါတယ်။

ဗဟိုဘဏ်ရဲ့ တစ်ရက်အတွင်းပြန်လည်ဝယ်ယူမှုအတိုးနှုန်းကို ၂၀၁၅ ခုနှစ် ဧပြီကသတ်မှတ်ထားတဲ့ ၁ ဒသမ ၅၀ ရာခိုင်နှုန်းအတိုင်း ဆက်လက်ထားရှိဖို့ ငွေကြေးမူဝါဒကော်မတီ (MPC) က ကန့်ကွက်သူမရှိ သဘောတူဆုံးဖြတ်ခဲ့ပါတယ်။ ဖော်ပြပါနှုန်းက ကမ္ဘာ့ဘဏ္ဍာရေးအကျပ်အတည်းဖြစ်စဉ်က သတ်မှတ်ပေးတဲ့နှုန်းထက် သုည ဒသမ ၂၅ ရာခိုင်နှုန်းပိုမိုပါတယ်။

"ထိုင်းစီးပွားရေးက ယခင်အစည်းအဝေးကျင်းပစဉ်ကနှုန်းအတိုင်း ဆက်လက်မြင့်တက်နေတယ်။ ဒါပေမယ့် ပြည်တွင်းမျက်နှာစာမှာတော့ တိုးတက်မှုနှုန်းကျဆင်းနိုင်တဲ့ အန္တရာယ်တွေရှိနေပါတယ်လို့ ကော်မတီကဆုံးဖြတ်ခဲ့ပါတယ်"လို့ MPC က ပြောပါတယ်။

ငွေကြေးမူဝါဒတစ်ခုတည်းကြောင့် ဖြစ်ပျက်နေတာမဟုတ်တဲ့အတွက် ဗဟိုဘဏ်ရဲ့မူဝါဒအတိုးနှုန်းလျှော့ချပေးရုံသက်သက်ဖြင့် စားသုံးမှုနဲ့ ရင်းနှီးမြှုပ်နှံမှုတွေ တိုးတက်မလာနိုင်ပါဘူးလို့ ထိုင်းဗဟိုဘဏ် လက်ထောက်အုပ်ချုပ်ရေးမှူး ဂျာတူ ရောင်းဂျန်တာရန်းက ပြောပါတယ်။


ဝန်းရံခ
CAR SALE CENTER
WUN YAN KHA SERVICES COMPANY LIMITED
ဂျပန်နိုင်ငံမှတိုက်ရိုက်တင်သွင်းလာသည့် အရည်အသွေးမြင့် ကားကောင်း၊ကားသန့်များကို ကြည့်ရှုဝယ်ယူလိုသူများအတွက်
"ဝန်းရံခ" ကားအရောင်းစင်တာမှ ဝယ်ယူသူများစိတ်တိုင်းကျ ဝန်ဆောင်မှုပေးနေပါသည်။
Website : www.wykmotors.com
G-mail : wunyankha.autocentre@gmail.com
Facebook page : Wun Yan Kha Service Company Limited
ဝန်းရံခ ကားအရောင်းစင်တာမှ ဝယ်ယူသူ မိတ်ဟောင်း / မိတ်သစ်များအား
လိပ်စာ - အမှတ် (၁)၊ ဗဟိုလမ်းမကြီး၊ လှိုင်ရတနာပရိယတ္တိစာသင်တိုက်အား၊ ဘုတာရုံလမ်းနှင့် ပါရမီလမ်းကြား၊ သံလမ်းမှတ်တိုင်အနီး၊ (၇) ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့
ဖုန်း - ၀၉-၈၆၃၈၅၈၅၊ ၀၉-၇၃၇၃၈၅၈၅၊ ၀၉-၉၇၃၇၃၈၅၈၅၊ ၀၉-၅၀၃၁၄၈၀၊ ၀၉-၅၀၂၂၅၇၇၊ ၀၉-၉၇၇၁၀၉၈၉၃


Min Dhama
Company Ltd.
one stop construction services company.
CONSTRUCTION
Products and Services
Civil Engineering «
Infrastructure «
Industrial Buildings «
Steel Structure Fabrication & Installation
Products and Services
Welded H-Beams «
Fuel Storage Tanks «
Road Side Guard Rails «
Roof & Wall Colour Panels «
ALUMINUM, GLASS CURTAIN WALL INSTALLATION & INTERIOR DECORATION
Products and Services
» Aluminum & Composite
» Glass Curtain
» Interior/Exterio Decoration
No. (88) Myawaddy Min Gyi Road, Industrial Zone (4), Shwe Pyi Thar Township, Yangon, Myanmar.
Tel: +95 1 618826, 618827, 618828, 618829, 618392, 618252, 618321, 618214
Fax: +95 1 618250
Email: info@mottamaholdings.com

CB BANK

EASi Mobile
Your Nearest Bank

Bank Account ရှိစရာမလို Mobile Phone တစ်လုံးရှိရုံဖြင့်
လူပေါင်း ၁၈ သန်းကို CB Bank's Mobile Banking ၏
**P2P Service** ဖြင့် ငွေလွှဲပေးပို့နိုင်ပါပြီ . . .




(95)01 371 848, (95)01 372 646

www.cbbank.com.mm

CBBankMobileBanking

# ထိုင်းသိုလှောင်ဆန်များ ရောင်းချမယ့် အစီအစဉ်ကြောင့် ဗီယက်နမ်စိုးရိမ်

အစိုးရသိုလှောင်ဆန် တန် ၁၁ ဒသမ ၄ သန်းကို ထိုင်းနိုင်ငံက နှစ်လအတွင်း အရှိန်မြှင့်ပြီး ရောင်းချသွားမှာ ဖြစ်တဲ့အတွက် ဗီယက်နမ်ဆန်ရဲ့ ဈေးနှုန်းနဲ့ ပြည်ပတင်ပို့မှုထိခိုက်မှာကို စိုးရိမ်လျက်ရှိကြောင်း နေးရှင်းသတင်း မှာဖော်ပြပါတယ်။ ဒါပေမယ့် ထူးထူးခြားခြား ဂယက်ရိုက်ခတ်မှုဖြစ်လာမှာ မဟုတ်ဘူးလို့ တချို့က ယုံကြည်လျက်ရှိနေကြပါတယ်။

ထိုင်းနိုင်ငံက ယခုလိုအလုံး အရင်းနဲ့ ထုတ်ရောင်းလိုက်လို့ရှိရင် ရောင်းလိုအားနဲ့ ဝယ်လိုအားသဘောတရားအရ ကမ္ဘာ့ဆန်ဈေးကွက်ကို ဂယက် ရိုက်ခတ်လာနိုင်သကဲ့သို့ ဗီယက်နမ်ဆန်ဈေးကွက်ကိုလည်း ထိခိုက်မှုရှိနိုင်ကြောင်း ဗီယက်နမ် လယ်ယာ၊ သားငါးလုပ်ငန်းနဲ့ ဆားထုတ်လုပ်ရေးဌာနမှ ညွှန်ကြားရေးမှူး လေဘင်ဘန်းက ပြောပါတယ်။ ဒါပေမယ့် ဗီယက်နမ် ဆန်ပို့ကုန်လုပ်ငန်းကိုတော့ အနည်းဆုံး ရေတိုမှာထူးထူးခြားခြား ထိခိုက်မှုမရှိနိုင်ဘူးလို့ ဘန်းက ပြောပါတယ်။ နှစ်လ အတွင်း ဆန် ၁၁ ဒသမ ၄ သန်းကို ထုတ်ရောင်း



ဖို့ကလည်း ဖြစ်နိုင်တဲ့ အလားအလာမရှိဘူးလို့ သူကပြောပါ တယ်။ ထိုင်းနိုင်ငံရဲ့ လစဉ်ပျမ်းမျှရောင်းအားက တန် ၄၀၀၀၀၀နဲ့ ၅၀၀၀၀၀ ကြားမှာ ရှိပါတယ်။

ဗီယက်နမ်နိုင်ငံက ၂၀၁၅ ခုနှစ် နောက်ဆုံးသုံးလပတ်မှာ အရောင်းအဝယ်စာချုပ်အတော်များများကို ချုပ်ဆိုထားပြီးဖြစ်တဲ့အတွက် ၂၀၁၆ ခုနှစ်ပထမသုံးလပတ်နဲ့ ဒုတိယသုံးလ ပတ်အတွင်း ဗီယက်နမ်ဆန်တင်ပို့မှုကို ကြီးကြီးမားမား မထိခိုက်နိုင်ကြောင်းနဲ့ လက်ရှိစာချုပ်များအရ ပြည်ပသို့တင်ပို့ရန်ကျန်ရှိနေသေးတဲ့ ဆန်တန်ချိန်က ၁ ဒသမ ၄ သန်းရှိကြောင်း ဗီယက်နမ်စားနပ်ရိက္ခာအသင်းက ပြောပါတယ်။

ထိုင်းနိုင်ငံက ရှင်းထုတ်မယ့်ဆန်တွေက ၂၀၁၂-၂၀၁၃ ခုနှစ် ဆန်အပေါင်ထားအစီအစဉ်အရ ဝယ်ယူထားတဲ့ ဆန်တွေဖြစ်ပြီး အများအားဖြင့် အဆင့်နိမ့်ဆန် (Substandard) တွေ ဖြစ်ကြောင်းနဲ့ ထိုင်းနိုင်ငံက ဦးတည်ချက်ထားမယ့်ဈေးကွက်က အရည်အသွေးမြင့်ဖို့မလိုတဲ့ အာဖရိကရှိဈေးကွက်အချို့သာဖြစ်နိုင်ကြောင်း ဘန်းက ပြောပါတယ်။ ဗီယက်နမ်ဆန်ကို အဓိကတင်သွင်းတဲ့ဈေးကွက်တွေက တရုတ်၊ ဖိလစ်ပိုင်နဲ့ မလေးရှားတို့ဖြစ်ပြီး အရည်အသွေးမြင့်ဆန်နဲ့ ဗီယက်နမ်ဆန်သစ်များကိုသာ ပိုမိုနှစ်သက်ကြောင်း ဘန်းကပြောပါတယ်။

ကမ္ဘာ့ဆန်ဈေးကွက်ကို မျက်ခြေမပြတ် လေ့လာထားရန်နဲ့ အထူးသဖြင့် ထိုင်းနိုင်ငံရဲ့ ဆန်ရောင်းချမှုအခြေ အနေကို အချိန်နဲ့တစ်ပြေးညီလေ့လာထားရန် ဗီယက်နမ် လယ်ယာစိုက်ပျိုးရေးနဲ့ ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနက ဗီယက်နမ်စားနပ်ရိက္ခာအသင်း၊ ဆန်ကုမ္ပဏီများနဲ့ လယ်သမားများကို တိုက်တွန်းထားကြောင်း ဘန်းက ပြောပါတယ်။ **UNT**




Japan, Korea,Singapore,Thailand နိုင်ငံများမှ မော်တော်ယာဉ်တင်သွင်းသူများအတွက် အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရန်
SINOR LINES RO/RO Services ကားသင်္ဘောရောက်ရှိမှု အချိန်ဇယားများကို အောက်ပါအတိုင်းဖော်ပြအပ်ပါသည်။

SINOR LINES RO/RO Service for Myanmar

Date : 16th May 2016

<< April And May Sailing Schedule >>

* SUBJECT TO CHANGE WITH OR WITHOUT NOTICE

JAPAN / MYANMAR

| VESSEL | Height (m) | | | | | | JAPAN | | | | | | | MYANMAR | THAILAND |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | A | B | C | D | E | SHANGHI | YOKOSUKA | KOBE | NAGOYA | YOKOHAMA | SAKAI SENBOKU | MASAN | SINGAPORE | YANGON | LAEM CHABANG |
| MV.CITY OF MUMBAI V.30 | 1.55 | 1.90 | 2.20 | 3.50 | | | | 29.4.2016 | 28.4.2016 | 27.4.2016 | | | 9.5.2016 | 13.5.2016 | |
| | S/O CUT | | | | | | | 25.4.2016 | 24.4.2016 | 23.4.2016 | | | | | |
| MV.HOEGH CHENNAI V.24 | 1.55 | 1.90 | 2.20 | 3.50 | | | | | 17.5.2016 | 16.5.2016 | 19.5.2016 | | 29.5.2016 | 3.6.2016 | |
| | S/O CUT | | | | | | | | 13.5.2016 | 12.5.2016 | 15.5.2016 | | | | |
| MV.CITY OF MUMBAI V.31 | 1.55 | 1.90 | 2.20 | 3.50 | | | | 6.6.2016 | 7.6.2016 | 8.6.2016 | | | 18.6.2016 | 22.6.2016 | |
| | S/O CUT | | | | | | | 2.6.2016 | 3.6.2016 | 4.6.2016 | | | | | |
| MV.HOEGH CHENNAI V.24 | 1.55 | 1.90 | 2.20 | 3.50 | | | | | | | | | | | |
| | S/O CUT | | | | | | | | | | | | | | |

Yangon (Myanmar)
GOLDEN LAND EXPRESS LIMITED
Dagon Center II, Pyay Road, No. 268, Room 14 (C), 14 th Floor.Sanchaung Township,Yangon, Myanmar.
Tel : +95 1 2305542,2306027,2306028
Mobile : + 95 9 250289802
Fax : + 95 1 2305543
Hot Line : + 95 9 254010441
Email : gleltd.office@gmail.com ( Management ), gleltd.mktg@gmail.com ( Operation ), docs.gle@gmail.com ( Document )
gleltd.marketing@gmail.com ( Marketing ), goldenland.gle@gmail.co m ( Marketing )

Loading address (YOKOHAMA DAIKOKU)
Daikoku T-3/4/5/6/7/8, Public Berth, Yokohama
Loading address (SAKAI SENBOKU)
Shiond Wharf 5-A/B/C
Business Development Manager : Mr.Aung Myintta (95 9 250724445)
Management Secretary : Ms. Nway Ei Phyu ( 95 9 253036301)
Operation : Mr. Aung Swe Myint (95 9 86 22887)
Documention : Ms. Mar Mar Cho (95 9 421018250)
Marketing:Ms. Aye Kyar Phyu ( 95 9 250724446)
Marketing : Mr. Thiha Thiek ( 95 9 5145801 )
Marketing:Ms. Ja Seng Eain ( 95 9 402794677 )

ဥရောပနိုင်ငံများမှ တင်သွင်းလိုပါက စင်္ကာပူနိုင်ငံမှတဆင့် ချိတ်ဆက်ဆောင်ရွက်ပေးနေပါသည်။